ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အာဘော်

# ပြည်သူ့အာဏာ

၁၉၈၈ ခုနှစ် မတ်လ ၂၈ ရက်

လက်နက်ကိုင်တော်လှန်ရေးအနှစ် ၄၀ ပြည့်နေ့

## ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုင်းပြည်သို့ တင်ပြချက်

## ပါတီဥက္ကဋ္ဌ၏ လူထုအစည်းအဝေးပွဲ မိန့်ခွန်း

### ရဲဘော်ဖေသာ်စီတုန်း

သိနားလည်မှုသဘောတရားနှင့် အနုပဋ္ဌိလောမနည်းကိုလေ့လာခြင်း

နယ်ချဲ့ဝါဒနှင့် ဖောက်ပြန်ရေးသမား အားလုံးသည် စက္ကူကျားအစစ်ဟုတ်မဟုတ်ဆိုသည့် ပြဿနာ

လက်ရှိခေတ်ကာလနှင့် ပတ်သက်သောပြဿနာအချို့

ဗမာပြည်လူမျိုးပေါင်းစုံ ပြည်သူများ၏ လက်နက်ကိုင်တိုက်ပွဲများ

တဘိယအကြိမ် ကွန်ဂရက်၏ စိတ်ဓာတ်ကို မိမိရရဆုပ်ကိုင်ရေး

ပါတီဝင်များသံမှ ထင်မြင်ချက်

အမှတ်

၂

အခါနှင့် ဝ အမျိုးသားများ၏ တော်လှန်ရေးရုပ်ပုံလွှာ

ဗမာပြည်နှင့် ဖွံ့ ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများ အဆင့်

စစ်အစိုးရ၏ အပြောင်းအလဲ တရပ်

ဗမာပြည်ကွန်မြူနစ်ပါတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

---

အမှတ် ၂

၁၉၈၈

မတ်လ ၂၈

# လက်နက်ကိုင်တော်လှန်ရေးအနှစ်(၄၀)မြောက်နေ့တွင်
# ဗမာပြည်ကွန်မြူနစ်ပါတီ၏တိုင်းပြည်သို့တင်ပြချက်

## (၁)

ဗမာပြည် လက်နက်ကိုင် တော်လှန်ရေး၏ သက်တမ်းသည် အနှစ် (၄၀) တင်းတင်း ပြည့်ခဲ့ပြီ။ ဗမာပြည် " **လွတ်လပ်ရေး** " ၏သက်တမ်းသည်လည်း အနှစ် (၄၀) ပင်ဖြစ်သည်။ ဤသို့ " လွတ်လပ်ရေး " ဆိုသည်နှင့် မရှေးမနှောင်း လက်နက်ကိုင် တော်လှန်ရေး ပေါ်ပေါက်လာရခြင်းမှာ အုပ်စိုးသူ လူတန်းစားများက ပြည်သူများကို ငြိမ်းချမ်းစွာ ပြုမူလှုပ်ရှားခွင့် မပေး၊ နိုင်ငံရေးအရ လွတ်လပ်မှု မပေးဘဲ ပြည်သူများကို လက်နက်ကိုင်ကာ အကြမ်းဖက်ဖိနှိပ်ခဲ့၍ ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် အုပ်စိုးသူ လူတန်းစားက လက်နက်ကိုင် တန်ပြန် တော်လှန်ရေးကို စတင်လုပ်ဆောင် သောကြောင့် ပြည်သူများက လက်နက်ကိုင် တော်လှန်ရေးကို မလွှဲမရှောင်သာ ဆင်နွှဲရခြင်း ပင်ဖြစ်သည်။

ကုန်လွန်ခဲ့သော အနှစ် (၄၀) အတွင်းတွင် လက်နက်ကိုင် တော်လှန်ရေးက ဦးတည် ဆန့်ကျင်ရသော အုပ်စိုးသူများကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ခွဲခြား သတ်မှတ် နိုင်ပေသည်။ ပထမ ၁၀ နှစ်သည် ဖဆပလ အစိုးရကို ဦးတည် ဆန့်ကျင်တိုက်ခိုက် ရခြင်းဖြစ်ပြီး၊ ဒုတိယ အနှစ် ၃၀ နီးပါးသည် မဆလ စစ်အစိုးရကို ဦးတည်ဆန့်ကျင်တိုက်ခိုက်ရခြင်း ဖြစ်သည်။ ပထမ (၁၀) နှစ်ခရီး ဖြစ်သော ဖဆပလ အစိုးရကို ဦးတည် ဆန့်ကျင် နေရသော ကာလတွင်လည်း၊ နောင်တွင် စစ်အစိုးရ ဖြစ်လာမည့် ဦးနေဝင်း ဦးစီးသော စစ်အုပ်စုသည် ဖဆပလ အစိုးရ၏ အဓိက ဒေါက်တိုင် အခန်းက ပါဝင်နေခဲ့ပေသည်။ ထို့ကြောင့် နေဝင်း စစ်အုပ်စုသည် တလျှောက်လုံးပင် လက်နက်ကိုင် တော်လှန်ရေး၏ ပစ်ကွင်း ဖြစ်ခဲ့ပေသည်။

## (၂)

ဗမာပြည် ကွန်မြူနစ်ပါတီ သည် ပြည်တွင်းစစ် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရန် အကြိမ်ကြိမ် အဆိုပြုခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တကြိမ်၊ ၁၉၈၀—၈၁ ခုနှစ်တွင် တကြိမ် ၂ ကြိမ်တိုင်တိုင် ပြည်တွင်းစစ် ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ဘို့ စစ်အစိုးရနှင့် စေ့စပ် ဆွေးနွေးခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ က ပြည်သူလူထု၏ အခြေခံ အကျိုးစီးပွါးကို ထောက်ထားကာ၊ လိုအပ်သော လိုက်လျောမှုများ ပြုခဲ့သည်။ အလုပ်သဘောဆန်ဆန်၊ အလေးထားမှုရှိရှိ၊ စေ့စပ် ဆွေးနွေးခဲ့သည်။ သို့သော် စစ်အစိုးရသည် မဆလ တပါတီ အာဏာရှင်စနစ်ကို လက်ခံရန်နှင့် ကွန်မြူနစ်ပါတီကို ဖျက်သိမ်းရန် လက်နက်ကိုင်တပ်နှင့် အခြေခံဒေသများကို ဖျက်သိမ်းရန် တို့ကိုသာတင်းတင်းမာမာတောင်းဆို ခဲ့သည်။စစ်မြေပြင်တွင်ရအောင်နှစ်ပေါင်းများစွာ လုပ်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့သော အရာများကို စေ့စပ်ဆွေးနွေးရေး စားပွဲပေါ်တွင် ရရန် ကြိုးစားခဲ့ခြင်း ပင်ဖြစ်သည်။ ဘယ်တော့မှ မရနိုင်သော အရာများကို စစ်အစိုးရက ဘာ့ကြောင့် ဤသို့တောင်းဆို နေပါသနည်း။ ရှင်းပါသည်။ စစ်အစိုးရသည် မဆလ တပါတီ အာဏာရှင်စနစ် ကို နောက်ဆုံးအထိ ခေါင်းမာစွာ ကိုင်စွဲသွားရန်နှင့် ပြည်တွင်းစစ် ပြဿနာကို **စစ်**ရေးနည်းလမ်းဖြင့်သာ ဖြေရှင်းသွားရန် စိတ်ကူးယဉ်ပြီး ဆုံးဖြတ်ထားသော ကြောင့်ဖြစ်သည်။

၁၉၈၀—၈၁ ခုနှစ် စေ့စပ်ဆွေးနွေးပွဲတွင် စစ်အစိုးရက စေ့စပ်ဆွေးနွေးပွဲကို အပြီးအပိုင် ဖျက်သိမ်းကြောင်း တဖက်သတ် ကြေညာကာ စေ့စပ်ဆွေးနွေးပွဲကို ရပ်စဲပစ်ခဲ့သည်။ ထိုစဉ်အခါက ဗမာပြည် ကွန်မြူနစ်ပါတီ က စေ့စပ်ဆွေးနွေးပွဲကို ဆက်လက် လုပ်သွားလိုကြောင်း — စေ့စပ်ဆွေးနွေးပွဲ လုပ်ရေး တံခါးကို အပြီးအပိုင် ပိတ်မပစ်သင့်ကြောင်းကို အကျိုးအကြောင်းပြကာ ပြောဆိုခဲ့သည်။ သို့သော်လည်း မဆလ တပါတီအာဏာရှင်စနစ် ကျင့်သုံး

အချပ်ပို

ရေး၊ ပြည်တွင်းစစ်ခင်းရေး ဟူသည့် ဖောက်ပြန်ရေး လမ်းအတိုင်း လျှောက်လှမ်းရန် ဆုံးဖြတ်ထားသော စစ်အစိုးရ ကြောင့် မည်သို့မှ အရာမရောက်ခဲ့ပေ။

ထိုသို့ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားပြီးသည့် နောက်တွင်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ သည် အခါအခွင့်သင့် တိုင်း စေ့စပ်ဆွေးနွေးပွဲလုပ်ရန် စစ်အစိုးရအား အကြိမ်ကြိမ် ကမ်းလှမ်းခဲ့သည်။ စစ်အစိုးရက လက်ရှိကျင့်သုံးနေ သော ဖောက်ပြန်သည့် လမ်းစဉ် ပေါ်လစီများကို ပြောင်းလဲပါက၊ ဗမာပြည်ကွန်မြူနစ်ပါတီ သည် စေ့စပ်ဆွေး နွေးရန် အဆင်သင့်ပင် ဖြစ်ပေသည်။ သို့သော် စစ်အစိုးရသည် တပါတီ အာဏာရှင်စနစ် ကျင့်သုံးရေး၊ ပြည်တွင်း စစ်တိုက်ရေးကိုသာ သွေးရူးသွေးတမ်း လုပ်ဆောင် နေပေသည်။ မကြာသေးခင်ကပင် စစ်အစိုးရ အနေနှင့် ကရင်၊ ကချင် စသော လက်နက်ကိုင် တော်လှန်ရေး အင်အားစုများနှင့် စေ့စပ်ဆွေးနွေးရေး မလုပ်နိုင်ကြောင်း စစ်ရေးအရ အပြုတ်တိုက်ပစ်မည် ဖြစ်ကြောင်း ရမ်းချမ်းကားကား ပြောဆိုခဲ့ပြန်ပါသည်။ စစ်အစိုးရက ဖောက်ပြန်သော ပြည် တွင်းစစ်ဖြင့် အရူးအမူး ဆက်လက်တိုက်ခိုက် နေလေသမျှ၊ ဗမာပြည် ကွန်မြူနစ်ပါတီ သည် တရားသော ပြည်သူ့စစ် ပွဲဖြင့် ပြတ်ပြတ်သားသား မိမိကိုယ်ကို ခုခံကာကွယ် ရမည်သာဖြစ်ပေသည်။

လက်နက်ကိုင် တော်လှန်ရေး အင်အားစုများကို စစ်ရေးအရ အနိုင်ယူရန် နှစ်ပေါင်း (၄၀) ကာလပါတ်လုံး အရူးအမူး ကြိုးစားခဲ့သော်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြပ်ခဲ့ရသည်ကိုမှ သင်္ခန်းစာ မယူနိုင်သောက်အောင် စစ်အစိုးရကား မိုက်တွင်းနက်လှပေသည်။

(၃)

ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူတို့သည် လွတ်လပ်ရေးရရှိရန်အတွက် ရာစုနှစ်နှင့်ချီ၍ တိုက်ပွဲဝင်ခဲ့ကြသည်။ အင်္ဂလိပ် နယ်ချဲ့သမားနှင့် ဂျပန်ဖက်ဆစ် နယ်ချဲ့သမားတို့ကို လက်နက်ကိုင် တိုက်ခဲ့ကြသည်။ ထောင်ပေါင်းများစွာ သော မျိုးချစ်ပြည်ချစ် သားသမီး ရတနာများ၏ အသက်သွေးချွေးများ ပေးလှူခဲ့ကြရသည်။ နယ်ချဲ့စနစ် ဆန့် ကျင်ရေးအရေးတော်ပုံကြီးအတွင်းမှ ရှေ့တန်းရောက်သူများနှင့် ဖွဲ့စည်းခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီ သည်လည်း ပါတီတည်ထောင်စ ကတည်းကပင် လွတ်လပ်ရေး အရေးတော်ပုံကြီး အတွင်းတွင် ရှေ့တန်းရောက်သော တက်ကြွ သောအခန်းက ပါဝင်ဆင်နွှဲခဲ့သည်။ မြောက်မြားလှစွာသော ကွန်မြူနစ် ပါတီဝင်များသည် ဤအရေးတော်ပုံကြီး အတွင်းဝယ် အခြားအခြားသော မျိုးချစ်ပြည်ချစ် သားသမီးရတနာ တို့နည်းတူ စွန့်လွှတ် အနစ်နာခံကာ သွေးမြေ ကျခံ၍ တိုက်ပွဲဝင်ခဲ့ကြသည်။

သွေးချွေးတို့ကို ပေးလှူ၍ လွတ်လပ်ရေး တိုက်ပွဲဝင် ခဲ့ကြစဉ်အခါက တိုက်ပွဲဝင် အရေးတော်ပုံ တပ် သား တိုင်းသည် "လွတ်လပ် သော ဗမာပြည်" တခုကို စိတ်ကူးနှင့် မျှော်မှန်း တည်ဆောက် ခဲ့ကြသည်။ သွေး စည်းညီညွတ်ပြီး တပေါင်းတစည်း တည်းရှိသော ငြိမ်းချမ်းစည်ပင် သာ ယာတိုးတက်သော ဗမာပြည်သစ် တခုကို မည်သို့မည်ပုံ တည်ဆောက်လိုက်မည် ဟူသောစိတ်ကူးဖြင့် မောရပမ်းရမှန်းမသိ၊ မည်သို့သော စွန့်လွှတ်မှု မျိုးကိုမ ဆို စွန့်လွှတ်ရန် ဝန်မလေးသော စိတ်ဓာတ်ဖြင့် ချီတက်ခဲ့ကြသည်။

အနှစ်နှစ် အလလ တောင့်တခဲ့ရသော ပြည်သူမြောက်မြားစွာတို့၏ သွေးချွေးတို့ဖြင့် သွန်းလောင်းပြီး ရယူ ခဲ့ရသော "လွတ်လပ်ရေး" ကား ရခဲ့ပါပြီ။ ယခုအနှစ်(၄၀) ပင် ပြည့်လွန်ခဲ့ပါပြီ၊ အာဏာရ လူတန်းစားများ အ နှစ် (၄၀) တိုင်တိုင် စိတ်ကြိုက် တည်ဆောက် လိုက်သော ဗမာပြည်သည်လည်း ယခုရုပ်လုံးပေါ် လာခဲ့ပါပြီ။ "လွတ်လပ်ပါသည် ဟုဆိုသော" ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူတို့၏ စားဝတ်နေရေး ဘဝရုပ်လုံးသည်လည်း ကြွတက်လာခဲ့ပါပြီ။ မည် သို့မြင်ကြတွေ့ကြရပါသလဲ ? ကမ္ဘာ့အမွဲဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်သော၊ ၁၈ ရာစုနှစ် က အဆင့်တွင် ကျောက်ချရပ်နားနေသော၊ ယိုယွင်းရုံမက ပြိုကျ ပျက်စီးနေသော၊ ဗမာပြည် တခုကိုင်း၊ စား ဝတ်နေရေး လူမှုရေးဘာ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းနေပြီး စစ်သံခွါ အောက် ပြားပြားမှောက်ကျ ရောက်နေရ သည့် ပြည်သူလူထု ကိုင်း မြင်တွေ့ရပါသည်။

ဤ သို့သော အခြေအနေ ဖြစ်နေသည့်အတွက် မည်သူတွေကျေနပ်ဂုဏ်ယူနေကြပါသလဲ ? နယ်ချဲ့သမားများက ကျေနပ်နေကြပြီး၊ ဦးနေဝင်းတို့ စစ်အုပ်စုကသာ ဂုဏ်ယူနေနိုင်ကြပါသည်။ ပြည်သူလူထု ရောမ အများစုကြီးကမူ

ဤသို့သောအခြေအနေကို အမြန်ဆုံး ပြောင်းလဲပစ်ချင်ကြပါသည်။

## (၄)

ဗမာပြည်ကွန်မြူနစ်ပါတီသည် လက်ရှိအခြေအနေကို အမြန်ပြောင်းလဲပစ်ရန် ၁၉၇၅ ခုနှစ်မှစပြီး တတိုင်းပြည်လုံးရှိ ပြည်သူလူထုကြီးသို့၎င်း၊ မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များသို့၎င်း၊ တင်ပြခဲ့ပါသည်။ ထိုတင်ပြချက်သည် ပြည်သူလူထုကြီး၏ လိုအင်ဆန္ဒနှင့် တထပ်တည်း ကျသောကြောင့် ပြည်သူလူထုကြီးက အပြောင်းအလဲ လုပ်ရန်ဟူသော တင်ပြချက်ကို လိုလားနှစ်သက် တောင်းဆိုလာကြပါသည်။

ဤသို့သော အခြေအနေတွင် ဦးနေဝင်းကလည်း ၁၉၇၇ ခုနှစ်၊ နှစ်လည်ပိုင်းတွင် "အပြောင်းအလဲ" လုပ်ရေးကို ပြောလာပါသည်။ စီးပွါးရေးကိစ္စ တွင်သာမက နိုင်ငံရေးစနစ်တွင်ပါ အပြောင်းအလဲ လုပ်မလိုလို လေသံပစ်လာပါသည်။ ဦးနေဝင်း၏ "နေဝင်း နည်း နေဝင်း ဟန်" ကို နောကြေနေကြသော ပြည်သူများက သံသယဖြင့် စောင့်ကြည့်နေကြပါသည်။ "နေဝင်း နည်း — နေဝင်း ဟန်" ဆိုသည်မှာ — ခေတ်စားနေသော၊ ရေဘန်းစားနေသောဝါဒ — (သို့မဟုတ်) စနစ် (သို့မဟုတ်) အရာကိစ္စတခုခုကို ကောက်ကိုင်လိုက်ပြီးနောက်၊ ၎င်းအရာကိစ္စအတွင်းရှိ တော်လှန်သောတိုးတက်သော အနှစ်သာရနှင့်သချကို ဖယ်ထုတ်ပစ်လိုက်ကာ၊ ဖောက်ပြန်သော နောက်ပြန်ဆွဲသော အနှစ်သာရကို ထည့်သွင်းပေး၍ လက်တွေ့အကောင်အထည် ဖော်ခြင်းပင် ဖြစ်ပါသည်။ ဥပမာ ပြရန် သာဓကများကား များပြားလှပါသည်။ ဆိုရှယ်လစ်စနစ်၏ တော်လှန်သော တိုးတက်သော အနှစ်သာရကို ဖယ်ထုတ်ပစ်ပြီး ဖက်ဆစ်ဆန်သော ဗျူရိုကရက် အရင်းရှင်စနစ် အနှစ်သာရကို ထည့်သွင်းပေးကာ — မြန်မာ့နည်း မြန်မာ့ဟန် "ဆိုရှယ်လစ်စနစ်" တည်ဆောက်နေမှုများကို ကြည့်ပါ၊ စစ်အစိုးရခေတ်တွင် ပေါ်လာသည့် "ဆိုရှယ်လစ်" အမည် ရှေ့ကတပ်ထားသည့် (သို့မဟုတ်) "ပြည်သူ" ဟူသောအမည် ရှေ့ကတပ်ထားသည့် "ဆိုရှယ်လစ်ဒီမိုကရေစီ" "ဆိုရှယ်လစ်စီးပွါးရေး" စသည်များနှင့် "ပြည်သူ့လွှတ်တော်" မှသည် "ပြည်သူ့စစ်" အဆုံး "ပြည်သူ" ဟု ရှေ့ကအမည်တပ်ထားသည့် အဆောက်အဦ အဖွဲ့အစည်းများကို ကြည့်ပါက ထင်ရှားလှပါသည်။

မကြာလှသေးခင်က ဦးနေဝင်း ၏ အသံလွှင့်မိန့်ခွန်းတခု တိုင်းပြည်သို့ ထုတ်လွှင့်ခဲ့ပါသည်။ ထိုအထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီက အနှစ် ၄၀ လုံးလုံးတင်ပြပြောဆိုလာသည့် စကားလုံးတခုကို ကောက်ယူသုံးစွဲလိုက်သည်ကို ကြားလိုက်ရပါသည်။ ထိုစကားမှာ "နိုင်ငံရေးအရ လွတ်လပ်ပြီး၊ စီးပွါးရေးအရ မလွတ်လပ်" ဟူသော စကားလုံးဖြစ်ပါသည်။ ထိုစကားလုံးကို ဦးနေဝင်းက ကောက်ယူသုံးစွဲလိုက်ပြီး "နေဝင်းနည်း နေဝင်းဟန်" အတိုင်း အနှစ်သာရကို ပြောင်းပစ်လိုက် ပါသည်။ ကွန်မြူနစ်များ ပြောဆိုသော ထိုစကားလုံး၏ အနှစ်သာရသည် နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်ကို ဆန့်ကျင်သော အမှီခိုကင်း၍ အခြေခံ အုတ်မြစ်ခိုင်မာသော အမျိုးသား စီးပွားရေးစနစ်တခု တည်ဆောက်ရေး ဖြစ်ပါသည်။ ထိုတော်လှန်တိုးတက်သော အနှစ်သာရကို ဦးနေဝင်းက ဖယ်ထုတ်ပစ်လိုက်ပြီး ဖက်ဆစ်ဆန်သော၊ ရှော်ဗင်ဝါဒဆန်သော လူမျိုးရေးဝါဒ အနှစ်သာရကိုထည့်သွင်း ပေးလိုက်ပါသည်။ တနေရာတွင်မူ "ဘေးတွေ့သွားမည်" ဟူ၍ပင် ခြောက်ခြိမ်းချောက်လိုက်ပါသေးသည်။

နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်တို့ကိုမူ၊ မည်သို့မှ ထိပါးပြောဆိုခြင်း မရှိခဲ့ပါ။ မိမိလူမျိုးကိုတော့ "အပျင်းကထူသူ" ဆိုပြီး မျိုးရိုးနှင့်ချီကာ စော်ကားရဲပါသည်။

ထိုသာဓကများအရ၊ ဦးနေဝင်းက "အပြောင်းအလဲ" ဟူသည့် စကားကို ပြောနေသော်လည်း ဦးနေဝင်းတို့တွင် အပြောင်းအလဲကို လုပ်လိုစိတ်လည်းမရှိ လုပ်နိုင်စွမ်းလည်းမရှိ ဆိုသည်မှာ သိသာလှပါသည်။ ပြည်သူလူထု၏ ဒေါသကို လမ်းလွှဲပေးရန်နှင့် ထုံထိုင်းသွားစေရန်သာ အပြောင်းအလဲဟု ပြောနေကြောင်း ထင်ရှားနေပါပြီ။

အချုပ်ပို

ပြည်သူ့အာဏာ ★

# (၂)

ဗမာပြည် ကွန်မြူနစ်ပါတီ က ပြည်သူလူထု အပေါင်းထံသို့၎င်း၊ မျိုးချစ်စိတ် ပြည်ချစ်စိတ် ရှိကြသော ရဟန်းသံဃာ လူပုဂ္ဂိုလ်များထံသို့၎င်း၊ လေးနက်တည်ကြည်စွာ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ လက်ရှိ မဆလ တပါတီအာဏာရှင် စစ်အစိုးရ ကို ဖျက်သိမ်းပြီး၊ ယာယီအစိုးရတရပ် ဖွဲ့စည်းရေး။

၂။ လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်သိမ်း၍ ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးနှင့် လိုလား တောင်းဆိုချက် များကို အကာအကွယ်ပေးနိုင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တရပ် ရေးဆွဲရေး။

၃။ နောင်ပေါ်ပေါက်လာမည့် ယာယီအစိုးရသည် အောက်ပါအခြေခံလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်သွားရေး။

(က) ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရေး။
(ခ) ပြည်သူများ၏ ဒီမိုကရေစီ အခွင့်အရေးများကို အပြည့်အဝ ပြန်လည်ပေးအပ်ရေး။
(ဂ) အမျိုးသားများ၏ သွေးစည်းညီညွတ်ရေးကို ပြန်လည်တည်ဆောက်ရေး။
(ဃ) အမျိုးသားစီးပွါးရေးကို ဖွံ့ဖြိုးတိုးတက်စေပြီး၊ ပြည်သူများ၏နေထိုင်မှုဘဝကို တစတစမြှင့်တင်ပေးရေး။
(င) နိုင်ငံခြားဆက်ဆံရေးတွင် အမှီခိုကင်းသော ကြားနေရေး ပေါ်လစီကို ကျင့်သုံးရေး ........... တို့ကိုအကောင်အထည် ဖော်ရန်အတွက် နည်းမျိုးစုံဖြင့် အားထုတ်လုံးပမ်း သွားကြရန်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြသော တင်ပြချက်များ အောင်မြင် ထမြောက် ရေးအတွက် ဗမာပြည် ကွန်မြူနစ်ပါတီသည် တက်ကြွစွာ အပြုသဘောဆောင်သည့် အကြံပြုချက်များဖြင့် ပါဝင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁၉၄၉ ခုနှစ် တနခူးလဆန်း ၁၁ ရက်။
၁၉၈၈ ခုနှစ် မတ်လ ၂၈ ရက်။

ဗဟိုကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

# အနှစ်(၄၀)မြောက်လက်နက်ကိုင်တော်လှန်ရေးနေ့တွင် ပြောကြားသည့် ပါတီဥက္ကဋ္ဌ၏ မိန့်ခွန်း

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထုအပေါင်းတို့

[၁]

ပထမဦးဆုံး လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲခဲ့တဲ့ အနှစ် ၄၀ အတွင်းမှာ အသက်သွေးတွေ ပေးလှူခဲ့ကြတဲ့ အာဇာနည်ရဲဘော်အပေါင်းနဲ့ လူမျိုးပေါင်းစုံ ပြည်သူလူထုအပေါင်းကို အလေးပြုလိုက်ပါတယ်။

[၂]

ဒီနေ့ဟာ အုပ်စိုးသူလူတန်းစားက ပြုလုပ်ခဲ့တဲ့ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို ရင်ဆိုင်ဘို့အတွက် ကျနော်တို့ပါတီနဲ့ပြည်သူများက မိမိတို့ကိုယ်ကို ခုခံကာကွယ်တဲ့ တော်လှန်တဲ့ ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ရတာဟာ အနှစ် ၄၀ ရှိပါပြီ။

ဒီပြည်တွင်းစစ်ကို ကျနော်တို့ပါတီက စတင်ခဲ့တာမဟုတ်ဘူးဆိုတာကို ပြည်သူလူထုအားလုံးက သိကြပြီးဖြစ်ပါတယ်။

ဗမာပြည်မှာ အုပ်စိုးသူလူတန်းစားက အင်္ဂလိပ်နယ်ချဲ့သမားနဲ့ စေ့စပ်ပြီး "လွတ်လပ်ရေး" ဆိုတာကို ရရှိပြီးတဲ့နောက် ကျနော်တို့ပါတီနဲ့ ပြည်သူတွေကို နိုင်ငံရေးအရလွတ်လပ်စွာ ပြုမူလှုပ်ရှားခွင့်မပေးဘဲ လက်နက်ကိုင်ကာ အကြမ်းဖက်ဖိနှိပ်ခဲ့ပါတယ်။ နယ်ချဲ့သမားများရဲ့ အလိုကျ ဖဆပလ အစိုးရဟာ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်ခဲ့ပါတယ်။ အုပ်စိုးသူလူတန်းစားက ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်လုပ်ဆောင်တာကြောင့် ကျနော်တို့ပါတီနဲ့ပြည်သူများဟာ မိမိကိုယ်ကို ခုခံကာကွယ်ဘို့အတွက် တခြားလမ်းမရှိတော့ပါဘူး။ တော်လှန်တဲ့ပြည်တွင်းစစ်၊ တနည်းအားဖြင့်ပြောရရင် လက်နက်ကိုင်တော်လှန်ရေးကို မလွှဲမရှောင်သာ ဆင်နွှဲခဲ့ရပါတယ်။

ဒီပြည်တွင်းစစ်ကို စတင်လုပ်ဆောင်တဲ့အချိန်ကစပြီး ကျနော်တို့ပါတီနဲ့တကွ အခြားလက်နက်ကိုင် အင်အားစုတွေ အဖွဲ့အစည်းတွေကိုကော၊ လူမျိုးပေါင်းစုံ ပြည်သူလူထုတွေကိုကော နည်းမျိုးစုံနဲ့ ရက်စက်ကြမ်းကြုတ်စွာဖိနှိပ်၊ သတ်ဖြတ် ညှင်းဆဲခဲ့ရာမှာ ဖဆပလ အစိုးရကြီးစိုးခဲ့တဲ့ ပထမ ၁၀ နှစ်ကာလအတွင်းမှာ စစ်ရေးအရ လူသတ်ပါးကွက်အာဏာသား အခန်းကပါဝင်ပြီး တာဝန်ခံ ဦးဆောင်ပြီး လုပ်ခဲ့သူဟာ ဦးနေဝင်း နဲ့ သူရဲ့စစ် အုပ်စုပါဘဲ။ နောင်စစ်အစိုးရ ဖြစ်လာတဲ့အခါမှာတော့ ဒီစစ်အုပ်စုဟာ တိုင်းပြည်မှာ အစစအရာရာ ချယ်လှယ်ကြိုးကိုင်ပြီး ပြည်သူတွေကို ရက်ရက်စက်စက် ဖိနှိပ်သွေးစုပ် လုယက်သတ်ဖြတ်နေတာဟာ ခုအချိန် အထိဖြစ်ပါတယ်။

အနှစ် ၄၀ ဆို တဲ့ကာလဟာမနည်းပါဘူး။ မျိုးဆက် ၂ ဆက်ပါဘဲ။ ဒီကာလဟာ ကျနော်တို့ ပါတီနဲ့ ပြည်သူလူထုရဲ့သမိုင်းမှာ ထာဝစဉ် ဂုဏ်ရောင်ပြောင်နေမဲ့ ကဏ္ဍတခုပ်ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်မှာ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်လိုက်ပြီးတဲ့နောက်၊ ဖဆပလ အစိုးရဟာ သောင်းကျန်းသူတွေကို ၃ လထဲနဲ့ "ချေမှုန်းပစ်မယ်"၊ နောက်တခါ ၆ လထဲနဲ့ "ချေမှုန်းပစ်မယ်"၊ နောက်တကြိမ်ကျပြန်တော့ တနှစ်ထဲနဲ့ "ချေမှုန်းပစ်မယ်။" လို့ အကြိမ်ကြိမ် ကြွေးကြော်ပြီး တိုက်ခဲ့ပါတယ်။ အခုအနှစ် ၄၀ ပြည့်တဲ့အခါမှာလဲ သောင်းကျန်းသူတွေကို "အမြစ်ပြတ် ချေမှုန်းမယ်" လို့ စစ်အစိုးရက အော်ဟစ် ကြွေးကြော်နေတုန်းပါဘဲ။

တကယ်လက်တွေ့က ဘယ်လိုပါလဲ ? သူတို့ကြွေးကြော်နေသလို မှန်ပါသလား ? အဖြေက ရှင်းရှင်းလေး ထွက်နေပါတယ်။

အချုပ်ပို

ကျနော်တို့ပါတီနဲ့ လူမျိုးပေါင်းစုံပြည်သူတွေက အနှစ် ၄၀ တိုင်တိုင် မိမိကိုယ်ကိုခုခံကာကွယ်တဲ့၊ တော်လှန်တဲ့ ပြည်တွင်းစစ်ကို ကြံ့ကြံ့ခိုင် ဆင်နွှဲနေနိုင်တာကိုကဘဲ သူတို့ရဲ့ကြွားလုံးတွေကို ချေဖျက်ပြီးသားဖြစ်နေပါတယ်။

အုပ်စိုးသူဖေါက်ပြန်ရေးသမားတွေရဲ့ မှန်းချက်နဲ့နှမ်းထွက်ဟာမကိုက်ဘဲ၊ ညှိမ်းမရတဲ့ပြည်သူ့စစ်ပွဲ မီးတောက်မီးလျှံဟာ ဆက်လက်တောက်လောင်လျက်ရှိနေပါတယ်။

ဒီလိုအနှစ် ၄၀ တိုင်တိုင် လက်နက်ကိုင်တော်လှန်တဲ့ ပြည်သူ့စစ်ပွဲ တည်တန့်နိုင်ခဲ့တာက ဘာကိုဖော်ပြနေပါသလဲ ?

အုပ်စိုးသူဖောက်ပြန်တဲ့ လူတန်းစားက လက်နက်ကိုင်ကာ အကြမ်းဖက်ဖိနှိပ်တဲ့ ဖောက်ပြန်တဲ့ပြည်တွင်းစစ်ပေါ်လစီကို ကျင့်သုံးနေသမျှ၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ လူမျိုးပေါင်းစုံ ပြည်သူတွေဟာ တရားတဲ့ တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့ မိမိကိုယ်ကိုခုခံကာကွယ် နိုင်စွမ်းရှိတယ်ဆိုတာကို ပြသလိုက်တာဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီလိုမိမိကိုယ်ကို ခုခံကာကွယ်ဖို့လဲ လိုအပ်တယ်ဆိုတာကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ကျနော်တို့ပါတီနဲ့ ရဲစွမ်းသတ္တိရှိပြီး၊ ဂုဏ်ရောင်ပြောင်တဲ့ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အနိုင်မခံအရှုံးမပေးတဲ့ ဇွဲသတ္တိ၊ သူရသတ္တိ၊ အနစ်နာခံမှု၊ စွန့်လွှတ်မှုတွေဟာ စွမ်းပကားအင်အား ဘယ်လောက်ကြီးမား ထက်မြက်တယ် ဆိုတာကိုလဲ ထုတ်ဖော်လိုက်တာ ဖြစ်ပါတယ်။

ဖောက်ပြန်တဲ့အစိုးရ အဆက်ဆက်ဟာ နှစ်ပေါင်း ၄၀ ကာလပတ်လုံး ဖောက်ပြန်တဲ့ပြည်တွင်းစစ်နည်းနဲ့ လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေအပေါ် အနိုင်ယူဖို့ ကြိုးစားခဲ့သော်လည်း၊ အချည်းနှီးဖြစ်ခဲ့တာကိုမှ သင်ခန်းစာမယူနိုင်ဘဲ၊ စစ်အစိုးရကဆက်လက်ပြီး မိုက်တွင်းနက်နေအုံးမယ်ဆိုရင်၊ အဆုံးသတ်မှာ ပြည်သူ့စစ်ပွဲမီးတောက်မီးလျှံထဲမှာ ၎င်းတို့သာ ဝါးမျိုခံရလိမ့်မယ်ဆိုတာ ပြည်သူများရဲ့တော်လှန်ရေးသမိုင်းက အထင်အရှား ပြပါလိမ့်မယ်။ နောက်ဆုံးအောင်ပွဲဟာ ပါတီနဲ့လူမျိုးပေါင်းစုံပြည်သူတွေအတွက်သာ ဖြစ်တယ်ဆိုတာကို ကျနော်တို့ တထစ်ချပြောနိုင်ပါတယ်။

[၃]

ဗမာပြည်တပြည်လုံးကို အင်္ဂလိပ်နယ်ချဲ့သမားက သိမ်းပိုက်ပြီးတဲ့အချိန်ကစပြီး လွန်ခဲ့တဲ့အနှစ် ၁၀၀ ကျော် ဗမာပြည် တော်လှန်ရေးသမိုင်းအတွင်းမှာ ကျနော်တို့တိုင်းပြည်မှာရှိကြတဲ့ လူမျိုးပေါင်းစုံ အလုပ်သမား၊ လယ်သမားတွေ၊ ကျောင်းသားတွေ၊ မြို့နေဆင်းရဲသားတွေ၊ စာရေးစာချီ ကုန်သည်ပွဲစားတွေ၊ မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေ ရဟန်းသံဃာတွေဟာ အင်္ဂလိပ်နယ်ချဲ့သမားကို နည်းမျိုးစုံနဲ့ ရှုပ်ရှုပ်ချချ တိုက်ခဲ့ကြပါတယ်။ လူမျိုးစုံပြည်သူတွေဟာ ဂျပန်ဖက်ဆစ်တွေကိုလဲ အတန်းအချုန်း ကျဆုံးအောင် လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ကျနော်တို့ပါတီရဲ့ သားကောင်းသမီးကောင်း ရတနာအမြောက်အမြားဟာ အခြားမျိုးချစ်ပြည်ချစ် သားသမီးရတနာတွေလိုဘဲ နယ်ချဲ့ဆန့်ကျင်တဲ့ တိုက်ပွဲတွေအတွင်းမှာဘဲဖြစ်စေ၊ ပြည်တွင်းရှိ အုပ်စိုးသူလူတန်းစားရဲ့ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို တုန့်ပြန်တိုက်ခိုက် ရာမှာဘဲဖြစ်စေ၊ မိမိတို့ရဲ့ အတိုးမဖြတ်နိုင်တဲ့ အသက်သွေးပေါင်း မြောက်မြားစွာကို သူရဲကောင်းပီသစွာ စွန့်လွှတ်ခဲ့ကြပါတယ်။

ဒီလိုတိုက်ပွဲဆင်ရာမှာ ကျနော်တို့ ကွန်မြူနစ်ပါတီဟာ မိမိတို့ရဲ့ရည်ရွယ်ချက်ကို ဘယ်တော့မှ ဖုံးကွယ်မထားခဲ့ပါဘူး။ ကျနော်တို့ပါတီရဲ့ နောက်ဆုံးရည်မှန်းချက်ဟာ လူလူချင်းဖိနှိပ်မှု သွေးစုပ်မှု မရှိတဲ့၊ လူတန်းစားက လူတန်းစားအပေါ် ဖိနှိပ်မှုသွေးစုပ်မှုမရှိတဲ့၊ လူတန်းစားဆိုတာလဲမရှိတဲ့ ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ထူထောင်ဖို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက်ဟာ ရှည်ကြာတဲ့သမိုင်းကာလကို ဖြတ်သန်းပြီးမှသာ ဆိုက်ရောက်နိုင်မှာ ဖြစ်ပါတယ်။

ဗမာပြည်တော်လှန်ရေးရဲ့ လှုပ်ရှားမှုဖြစ်စဉ်မှာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနဲ့ ဆိုရှယ်လစ်တော်လှန်ရေး ဆိုတဲ့ အဆင့် ၂ ခုပါဝင်ပါတယ်။

ကျနော်တို့ ယခုချက်မှောက်ပြုနေတဲ့ ပထမ အဆင့်ရဲ့ ရည်မှန်းချက်ကို ရှင်းလင်းလွယ်ကူအောင် ပြောရရင် ကျနော်တို့ပါတီဟာ သွေးစည်းညီညွတ်ပြီး တပေါင်းတစည်းတည်း ရှိတဲ့၊ ငြိမ်းချမ်းသာယာတဲ့ စည်ပင်ဝပြောပြီး ဖြစ်ထွန်းတိုးတက်တဲ့ ဗမာပြည်သစ်တခုကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။ ကျနော်တို့ပါတီရဲ့ ဒီရည်မှန်းချက်ဟာ ဗမာပြည်မှာရှိကြတဲ့ လူမျိုးစုံပါဝင်တဲ့ လုပ်သားပြည်သူတရပ်လုံးရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီတယ်လို့မြင်ပါတယ်။ ဒီ

ညီမှန်းချက်ကို အကောင်အထည်ဖော်ဘို့ဆိုရင်၊ ကနေ့ကျနော်တို့တိုင်းပြည်ရှိ ပြည်သူလူထုတရပ်လုံးကို ဖိနှိပ်သွေးစုတ်နေတဲ့ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ဗျူရိုကရက်အရင်းရှင်စနစ် ဆိုတဲ့စနစ်ဆိုးကြီး ၃ ခုကို ဖယ်ရှားပစ်ဘို့လိုပါတယ်။

ဒါနဲ့ပြောင်းပြန်ပါဘဲ၊ ဗမာပြည်မှာရှိတဲ့ အုပ်စိုးသူလူတန်းစားတွေဟာ ပြည်သူလူထုရဲ့လိုအင်ဆန္ဒကို ကျောခိုင်းပြီး အနှစ်နှစ်အလလက ပြည်သူတွေ သွေးချွေးတွေနဲ့ အရင်းတည်ပြီး ရယူခဲ့ရတဲ့ တော်လှန်ရေး အောင်သီးအောင်နှံတွေကို မိမိတို့အုပ်စု လူလက်တဆုပ်စာကသာ အပိုင်စီးပြီး လုယူနိုင်ဘို့အတွက် ဖောက်ပြန်တဲ့ပြည်တွင်းစစ်လမ်းစဉ်ပေါ်လစီကို အနှစ် ၄၀ တိုင်တိုင် ကျင့်သုံးအကောင်အထည် ဖော်ခဲ့ကြပါတယ်။ အဘူးသဖြင့် အကောက်ကျစ်ဆုံးအဆိုးရွားဆုံးဖြစ်တဲ့ စစ်အစိုးရရဲ့မဆလတပါတီအာဏာရှင်စနစ် အောက်မှာပြည်သူတွေရဲ့ဘဝဟာမှောင်အတိဖုံးလွှမ်းနေပါတယ်။ ဘယ်အချိန်ကာလတက်မဆို၊ မကြုံစဘူးအောင် ဆိုးရွားလှတဲ့ ဆိပ်သုဉ်းမှုကြီး ၃ မျိုးနဲ့ ကြုံတွေ့နေကြရပါတယ်။ ပြည်သူလူထုကြီးတရပ်လုံးဟာ ပြည်တွင်းငြိမ်းချမ်းရေး ဆိပ်သုဉ်းလျက်ရှိတယ်။ လူတန်းစားအသီးသီး လူ့အလွှာအသီးသီးမှာ ဒီမိုယရေစီအခွင့်အရေးတွေဟာ ဆိပ်သုဉ်းလျက်ရှိတယ်။ တတိုင်းတပြည်လုံးရှိ အမျိုးသားတွေအကြား ပြည်သူတွေအကြားမှာ သွေးစည်းညီညွတ်မှုဟာ ဆိပ်သုဉ်းလျက်ရှိတယ်။

ဒီလိုခကြုံဘူးလောက်အောင် ဆိပ်သုဉ်းမှုကြီးများ ဖြစ်ပေါ်နေတဲ့အောက်မှာ တိုင်းပြည်ရဲ့ စီးပွါးရေးဘဝ တခုလုံးဟာ ချွတ်ချုံကျပြီး ပြိုကွဲပျက်စီးနေပါပြီ။

ဆန်ရေစပါးပေါများတဲ့ တိုင်းပြည်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့တဲ့ ကျနော်တို့တိုင်းပြည်ဟာ ပြည်တွင်းမှာ ဆန်မလုံလောက်လို့တကြောင်း၊ ခါတ်ဆီ၊ ဒီဇယ်ဆီ ရှားပါးပြီး သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့်တကြောင်း၊ ဆန်ဖြန့်ဖြူးရေးစနစ် ဘချမ်းဘတာဖြစ်မှုကြောင့်ရင်း၊ တချို့နေရာတွေမှာ လူဘယောက်ကို တလမှာ ဆန် ၆ ပြည် ရောင်းချပေးဘို့ သတ်မှတ်ထားရာက၊ နောက် ၄ ပြည်ဘဲ ရောင်းပေးနိုင်တော့တယ်။ နောက်တကြိမ်မှာ ဆန်ဆိုင်တွေပိတ်ပစ်ပြီး ဆန်လုံးလုံးရောင်းမပေးနိုင်တဲ့အထိ ဖြစ်ခဲ့ရတယ်။ ဆန်ဈေးဟာ တပြည်ကို ၁၂ ကျပ်အထိဖြစ်သွားခဲ့တယ်။ ကျနော်တို့သိရသလောက် အထက်ဗမာပြည်ရဲ့ မြို့တမြို့မှာဆိုရင် လူထုဟာ ဇင်တွန်း — ဇွန်းတင် နေရတာ တနှစ်ကျော်ပြီတဲ့။ ဆိုလိုတာကတော့ ဆန်ပြတ်နေလို့ ထမင်းမစားနိုင်ဘဲ ဇွန်းကိုအားကိုးပြီး ဆန်ပြုတ်ချည်းသောက်နေရလို့ပါဘဲ။

ဒီလိုဆန်စပါး ရှားပါးမှုကြောင့်တကြောင်း၊ လယ်သမားတွေရဲ့ ဝမ်းစာမျိုးစပါးမကျန် စပါးအတင်းအကြပ်ဝယ်ယူမှုကြောင့်တကြောင်း၊ ပဲခူး၊ တောင်ငူ ဘက်မှာဆိုရင် လယ်သမားတွေဟာ မခံမရပ်နိုင်ဖြစ်ပြီး ဆန်လုပွဲတွေ ဖြစ်ခဲ့ပါတယ်။ ပေါင်းတည်တို့ ဝက်ပုတ်တို့ ဘက်မှာဆိုရင် လူဆောင်အချို့ပါဝင်တဲ့ လယ်သမားတွေဟာ ဆန်သယ်လာတဲ့ကားမှန်သမျှကို ညမှာဖမ်းဆီးကာ ဆန်တွေကိုပေါက်ဈေးတာက်နဲ့ ဝယ်ယူတဲ့သူပ်ရှားမှုတွေ ဖြစ်ခဲ့ပါတယ်။ ဒါတင်မက မနှစ်ကမေလနဲ့ဇွန်လ စိုက်ပျိုးချိန်မှာ လယ်သမားများက ထွန်ယက်စိုက်ပျိုးဘို့ ငြင်းဆန်မှုကြောင့် ဧရာဝတီဘိုင်းမှာဆိုရင် စပါး ဧက အနဲဆုံး ၅သောင်းလောက်ဟာ လယ်ကောများ ဖြစ်ကုန်တယ်လို့ သိရပါတယ်။ မင်္ဂလာဒုံမြို့နယ်မှာဆိုရင် မနှစ်ကစက်ဘင်ဘာလမှာ လယ်သမားတွေက စိုက်ပြီးသားလယ်တွေကို ဒါးစက်နဲ့ခုတ်ပစ်တဲ့အထိ ဖြစ်ခဲ့ပါတယ်။

လောင်စာဆီရှားပါးမှုဟာလဲ သယ်ယူပို့ဆောင်ရေးဘက်မှာ ကြီးမားတဲ့ အခက်အခဲဖြစ်စေပါတယ်။ ဥပမာပြောရရင် ၁၉၈၆ ခုနှစ်မှာ တပြည်လုံးမှာ ရေနံစိမ်းအထွက်ဟာ တနေ့ကို စည်ပေါင်း ၃ သောင်း ၅ ထောင်ကျော်ထွက်မယ်လို့ စစ်အစိုးရက ခန့်မှန်းထားပါတယ်။ တကယ်ထွက်တာကတော့ တနေ့ကို စည် ၇ ထောင်မှ ၉ ထောင်လောက်ဘဲ ရှိတယ်လို့ဆိုပါတယ်။ ရေနံစိမ်းထုတ်လုပ်မှုဟာ တနှစ်ထက်တနှစ် ကျဆင်းခဲ့လို့ နိုင်ခြားဈေးငွေတွေနဲ့ ပြည်ပမှ ရေနံစိမ်းတင်သွင်းဘို့ စီစဉ်ခဲ့ရပါတယ်လို့၊ ဒီလလွှတ်တော်အစည်းအဝေးမှာ ဝန်ကြီးချုပ်ဦးမောင်မောင်ခ ကထုတ်ဖေါ်ပြောခဲ့ပါသေးတယ်။ ခါတ်ဆီအတွက် မလုံလောက်တာကြောင့် မီသနော ဆိုတဲ့ခါတ်ငွေ့က ၂ ဆ၊ ခါတ်ဆီ ၁ ဆ ရောစပ်ပြီး ကားတွေမောင်းနေရတယ်။ ခါတ်ဆီဈေးနှုန်းဟာ အစိုးရဈေးနှုန်းအရ ပြောရင် ၁ ဂါလံကို ၃ ကျပ်နဲ့ ပြား ၅၀ ပါဘဲ။ ဒါပေမဲ့ မှောင်ခိုဈေးကတော့ ၁ ဂါလံကို ၅၂ ကျပ်ဖြစ်ပါတယ်။ မန္တလေးမှာဆိုရင် ၇၀ ကျပ် ဖြစ်ပြီး တချို့နေရာတွေမှာ ၁ ဂါလံကို ၁၅၀ ကျပ် အထိ ပေးဝယ်နေရပါတယ်။

ကျနော်တို့တိုင်းပြည်ရဲ့ အဓိက ထွက်ကုန်ပစ္စည်းတွေဟာ ဆန်နဲ့လယ်ယာထွက်ပစ္စည်းတွေ၊ သစ်တောနဲ့ ခါတ်

အချုပ်မို

သတ္တုပစ္စည်းတွေဖြစ်ပါတယ်။ အရင်က ဗမာပြည်ကဆန်ဆိုရင် နိုင်ငံခြားမှာ လူကြိုက်များပြီး အရောင်းသွက်ပါတယ်။ အခုဆိုရင် ဆန်အရည်အချင်းကလည်း၊ ဆန်အပြိုင်အဆိုင် ရောင်းချသူတွေက များလာပြီး ကမ္ဘာ့ဆန်ဈေးကွက် ကျဉ်းမြောင်းလာလို့တကြောင်း၊ အဓိက ပို့ကုန်ပစ္စည်းများရဲ့ ဈေးနှုန်းတွေဟာ ကျဆင်းလျက် ရှိတာကြောင့်တကြောင်း၊ နိုင်ငံခြားသို့ပို့ကုန်မှ ဝင်ငွေဟာ တနှစ်ထက်တနှစ် လျော့နဲ့ကျဆင်း လာခဲ့ပါတယ်။ ဥပမာ ပြောရရင် ၁၉၇၁ ခုနှစ်မှာ ဗမာပြည်ရဲ့ စုစုပေါင်းပို့ကုန်တန်ဘိုးဟာ ကျပ် သန်းပေါင်း ၃၅၀၀ ခန့်ရှိရာက ၁၉၇၆ ခုနှစ်ကျတော့ ကျပ်သန်း ၂၂၀၀ အထိ ကျဆင်းသွားခဲ့တယ်။ ဒီနှစ်မှာလဲ ပြည်ပပို့ကုန်မှဝင်ငွေဟာ များစွာလျော့နဲ့ဆဲပါဘဲ။ နိုင်ငံခြားမှ သွင်းကုန်ပစ္စည်းရဲ့ ဈေးနှုန်းတွေကျတော့ ဆက်လက်ပြီးတက်နေပါတယ်။ ဒီလိုအခြေအနေ အောက်မှာ ဗမာပြည်ရဲ့ စီးပွားရေးအကြပ်အတည်း တွေထဲမှာ "နိုင်ငံခြားငွေရှားပါးမှုဟာ အခြေခံပြဿနာပါဘဲ" လို့ မနှစ်ကအောက်တိုဘာလအတွင်းမှာ ပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေးတခုမှာ ဝန်ကြီးချုပ်ဖြစ်သူ ဦးမောင်မောင်ခက အတိအလင်းဘဲ ဝန်ခံထားပါတယ်။ နိုင်ငံခြားငွေရှားပါးမှု အခြေအနေဟာ ဘယ်လောက် ဆိုးရွားနေသလဲဆိုရင် ၁၉၇၁ ခုနှစ်မှာ စစ်အစိုးရရဲ့ နိုင်ငံခြားငွေဟာ အမေရိကန်ဒေါ်လာ ၂၁၅.၇ သန်းရှိရာက ၁၉၇၇ ခုနှစ်မှာကျတော့ အမေရိကန်ဒေါ်လာ ၂၄ သန်းဘဲ ကျန်ပါတော့တယ်။

နိုင်ငံခြားငွေရှားပါးမှုကြောင့် စက်ရုံတွေလည်ပတ်ဘို့ လိုအပ်တဲ့ကုန်ကြမ်းတွေ၊ အရံပစ္စည်းတွေ၊ စက်ကိရိယာပစ္စည်းတွေကိုဝယ်ယူပြီး မတင်သွင်းနိုင်တော့ပါဘူး။ အစိုးရဟာစက်ရုံတွေက လိုအပ်နေတဲ့နိုင်ငံခြားငွေရဲ့ ၃ ပုံ ၁ ပုံ လောက်သာပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ စက်ရုံထုတ်လုပ်ရေးတွေဟာ အကြီးအကျယ် ထိခိုက်ကျဆင်းသွားပါတယ်။ ဖန်ချက်စက်ရုံဆိုရင် ရပ်ဆိုင်းထားရတယ်။ လူသုံးကုန်ပစ္စည်း စက်ရုံတွေဖြစ်တဲ့၊ စီးကရက်စက်ရုံ၊ ချည်ထည်စက်ရုံနဲ့ ဂုံနီစက်ရုံတွေဟာ ပြတ်တောင်း ပြတ်တောင်း လည်နေရပါတယ်။

နိုင်ငံခြားငွေနဲလာတာကို ဖြည့်ဘို့အတွက် နိုင်ငံခြားမှ ငွေချေးရပြန်တယ်။ ဒီလလွှတ်တော် အစည်းအဝေးမှာ ပြောဆိုချက်အရကြည့်ရင်၊ နိုင်ငံခြားအကြွေးဟာ ဒေါ်လာ သန်း ၃ ထောင်ကျော်ရှိပြီး၊ အဓိက ငွေကြေးများရဲ့ လဲလှယ်ရေးနှုန်းတွေ အပြောင်းအလဲဖြစ်တာကြောင့် အဲဒီအကြွေးဟာ ဒေါ်လာငွေ သန်းပေါင်း ၄ ထောင်ခန့်အထိ ဖြစ်သွားခဲ့တယ်လို့ စစ်အစိုးရကဝန်ခံထားပါတယ်။ ဒီအကြွေးတွေကို နှစ်စဉ်ဆပ်ရတဲ့အတိုးနှင့် အရင်းပေါင်းဟာ နိုင်ငံခြားပို့ကုန်မှ ရရှိတဲ့ဝင်ငွေရဲ့ ၇၅ % ခန့်ရှိတယ်လို့ နိုင်ငံခြားသတင်းတရပ်က ဆိုထားပါသေးတယ်။

ဒီလိုယိုယွင်းပျက်စီးနေတဲ့ စီးပွါးရေးအခြေအနေအောက်မှာ ပြည်သူတွေရဲ့စားဝတ်နေရေးဘဝဟာ လွန်စွာဘဲ ဆိုးရွားလှပါတယ်။ အခြေခံလူသုံးကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေဟာ တရှိန်ထိုးတက်လာခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းဟာ ၂၆ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဆန်နဲ့ဆန်ဈေးအခြေအနေကို ကျနော်တို့ပြောခဲ့ပြီးပြီ။ ဂျပန်ခေတ်တုံးက လဘက်ရည်တခွက်ဆိုရင် တကျပ်အထိပေးခဲ့ရတယ်။ အခု လဘက်ရည်တခွက် ဆိုရင် ၃ ကျပ် ပြား ၅၀ ဖြစ်နေပါပြီ။ ဒူးယားစီးကရက်တလိပ်ကို ၂ ကျပ် ပြား ၅၀ ပေးရတယ်။ စကော့ဈေးမှာ ကဇွန်းရွက် ၁ စည်းဆိုရင် ၂ ကျပ်ခွဲ ပေးရပါတယ်။ အဲဒီတော့ အရင်က ဆင်းရဲသားတွေမှီဝဲရတဲ့ ကဇွန်းရွက်ကြော်ဟာ ကနေ့ဇိမ်ခံသူဌေးတွေရဲ့ အစားအစာ စာရင်းထဲဝင်သွားပြီ။ ကနေ့မြို့ပေါ်မှာနေတဲ့ လူ ၅ ယောက် တအိမ်ထောင်ဟာ တလမှာ အနိမ့်ဆုံး ဝင်ငွေ ကျပ် ၁၅၀၀ လောက် ရှိဘို့လိုပါတယ်။ အဲဒီတော့ ဒီငွေကိုရဘို့အတွက် လာဘ်ပေးလာဘ်ယူလုပ်ကြတာဟာတတိုင်းတပြည်လုံးမှာဘဲ သမာအာဇီဝ လုပ်ငန်းလိုဖြစ်နေပါပြီ။ ကနေ့စစ်အစိုးရရဲ့ ဗျူရိုကရေစီစက်ယန္တယားဟာ လာဘ်ပေးလာဘ်ယူမပါရင် မလည်ပတ်နိုင်တဲ့အခြေအထိ ဆိုက်ရောက်နေပါပြီ။ ဝန်ကြီးရုံးအချင်းချင်းလဲ လာဘ်ပေးရတယ်။ ဘဏ်ငွေသွင်းရင်လဲ လာဘ်ပေးရတယ်။ လေဆိပ်မှာ လာဘ်ပေးလာဘ်ယူသာလုပ်ရင် ဇနောက်ထပ်လူတယောက်ပါ လေယာဉ်ပျံစီးပြီး ခရီးသွားနိုင်တယ်လို့ သိရပါတယ်။

အဲသလို စီးပွါးရေး၊ နိုင်ငံရေး၊ လူမှုရေး ဘက်ပေါင်းစုံမှာဘဲ ပြိုကျပျက်စီးနေတဲ့ တိုင်းပြည်ကိုကယ်တင်ဘို့ စစ်အစိုးရက ဘယ်လိုနည်းနာတွေလုပ်ခဲ့ပါသလဲ ?

နယ်ချဲ့သမားများရဲ့ ဖိအားပေးမှုအောက်မှာ၊ ၎င်းတို့နဲ့ကြိုတင်ညှိနှိုင်း စီစဉ်ထားတဲ့အတိုင်း၊ ဗမာပြည်ကို ကမ္ဘာ့အမွဲဆုံးနိုင်ငံများ စာရင်းဝင်အဖြစ်ခံယူဘို့ ကမ္ဘာ့ကုလသမဂ္ဂမှာ လျှောက်လွှာတင်သွင်းခဲ့ပါတယ်။ ဒီလိုလုပ်လိုက်တာကို တချို့ကတော့ ရင်သပ်ရှုမော အံ့သြကြရပါတယ်။ ကျနော်တို့တိုင်းပြည်ဟာ သယံဇာတပစ္စည်း အလွန်ကြွယ်ဝတဲ့ တိုင်းပြည်တခု ဖြစ်ပါလျက် ကမ္ဘာ့အမွဲဆုံး နိုင်ငံတခုအဖြစ် ခံယူလိုက်ရတယ်ဆိုတာဟာ ကြားလို့မ

ယုံနိုင်စရာပါဘဲ။ ဒီကိစ္စမှာ စစ်အစိုးရအတို့ မရှက်သော်လဲ၊ တိုင်းပြည်နဲ့ ပြည်သူတွေအတွက်တော့ ဂုဏ်သိက္ခာအလွန်မဲ့ပြီး အလွန်ရှက်စရာကောင်းပါတယ်။ မနှစ်ကဒီဇင်ဘာလထဲမှာဘဲ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ဗမာပြည်ကို ကမ္ဘာ့အမွဲဆုံးနိုင်ငံစာရင်းသွင်းဘို့ အတည်ပြုလိုက်ပါပြီ။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒီလလွှတ်တော်အစည်းအဝေးကျမှဘဲ စစ်အစိုးရက ပထမ ဆုံးအကြိမ် မရှောင်မလွှဲသာ ထုတ်ဖေါ်ဝန်ခံခဲ့ပါတယ်။ မနှစ်ကအောက်တိုဘာလလွှတ်တော်အစည်းအဝေးမှာတုံးက ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်တဦးက မေးတဲ့အခါမှာ ဒီကိစ္စဟာ ဘတ်ဂျက် ခေါင်းစဉ်ပြောင်းတာလောက်ပါဘဲလို့ အစိုးရပိုင်းက ဖြေကြားခဲ့ဘူးပါသေးတယ်။

စစ်အစိုးရရဲ့နောက်ထပ် " ပြောင်းမြောက်လှတဲ့နည်းနာ " တခုကတော့ ၂၅ ကျပ်တန်၊ ၃၅ကျပ်တန်နဲ့ ၇၅ ကျပ်တန် ငွေစက္ကူ ၃ မျိုးကို မနှစ်က စက်တင်ဘာလမှာ ဗြောင်ဒါးပြတိုက်ပြီး လုယူတဲ့ကိစ္စပါဘဲ။ ပြည်သူတွေလက်ထဲက ငွေစက္ကူတွေကို ဗြောင်ဒါးပြတိုက်လုယူတာဟာ အခုအကြိမ်ဟာ တတိယ အကြိမ်ပါဘဲ။ တကြိမ်ထက်တကြိမ်လုယူတဲ့အတိုင်းအတာဟာ ကြီးသထက်ကြီးလာပါတယ်။ မနှစ်က ဒါးပြတိုက်ယူလိုက်တဲ့ ငွေစက္ကူ ၃ မျိုးဟာ ပြည်သူတွေအတွင်း လှည့်လည်နေတဲ့ငွေစက္ကူရဲ့ ၇၀ ရာခိုင်နှုန်းခန့် ရှိတယ်လို့ဆိုပါတယ်။ တနည်းပြောရရင် ဒီငွေစက္ကူတွေကို တရားမဝင် လုပ်လိုက်ခြင်းအားဖြင့် စစ်အစိုးရဟာ ပြည်သူတွေလက်ထဲက ကျပ် ကုဋေ ၇၀၀ ကျော် ၈၀၀ နီးပါးကို ဗြောင်လုယက်လိုက်တာပါဘဲ။ ဒီတကြိမ်ငွေစက္ကူကိစ္စဟာ ချမ်းသာဆင်းရဲမရွေး လူတန်းစားအသီးသီး၊ လူ့အလွှာအသီးသီးကို ထိခိုက်နစ်နာစေခဲ့တယ်။ ပြည်သူတရပ်လုံးရဲ့ မကြေနပ်မှုကို ဖြစ်ပေါ်စေခဲ့တယ်။ ဒီမကြေနပ်မှုဟာ ဘယ်လောက်အထိ ကျယ်ပြန့်သလဲဆိုရင် စစ်အစိုးရရဲ့ အဓိကဒေါက်တိုင်အခဏ်းကပါဝင်နေတဲ့ စစ်တပ်အတွင်းမှာပင်လျှင် အစိုးရရဲ့စီးပွါးရေးပေါ်လစီတွေကို ဗြောင်အတိအလင်းဝေဖန်ဆန့်ကျင်မှုတွေအထိ ဖြစ်လာခဲ့ပါတယ်။ ရန်ကုန်တိုင်း၊ အနောက်မြောက်တိုင်းနဲ့ ရှေ့ဝတီတိုင်းတွေမှာ ဒီလိုဗြောင်အတိအလင်း ဝေဖန်တဲ့အတွက် ဗိုလ်ကြီး၊ဗိုလ်မှူးအဆင့် လူ ၂၀၀ ကျော်ကို ဖမ်းဆီးခဲ့တယ်ဆိုတာ နိုင်ငံခြားကပင်လျှင် သိနေကြတဲ့အချက် ဖြစ်ပါတယ်။ ရန်ကုန်မှာ ကျောင်းသားဆန္ဒပြပွဲတွေဖြစ်ခဲ့တယ်။ မန္တလေးမှာတော့ တက္ကသိုလ်ကျောင်းသားများသမဂ၊ မြို့နေလူထုနဲ့ သံဃာတော်များပါ ပါဝင်တဲ့လှည့်လည်ဆန္ဒပြပွဲများသဲ ပေါ်ပေါက်ခဲ့တယ်။ ရန်သူက အကြမ်းဘက်ဖိနှိပ်တဲ့အတွက် ရန်သူ့ရဲ့အဆောက်အဦးတချို့ကို မီးရှို့ဖျက်ဆီးတာတွေ၊ ယာဉ်ထိန်းသိမ်းရေး မှတ်တိုင်တွေကို ဖျက်ဆီးပစ်တာတွေလဲ ရှိခဲ့တယ်။

ငွေစက္ကူကိစ္စကို အကြောင်းပြုပြီး ကျောင်းသားနဲ့ မြို့နေလူထုရဲ့ လှုပ်ရှားမှု ပေါ်ပေါက်ပြီးလို့ ၆ လအကြာ မတ်လ ၁၂ ရက်နေ့မှာ စက်မှုတက္ကသိုလ် ကျောင်းသားများရဲ့ အရေးအခင်းပေါ်ခဲ့ပါတယ်။ စစ်အစိုးရရဲ့အကြမ်းဘက်ဖိနှိပ်မှုကြောင့် သေနတ်ဒဏ်ရာနဲ့ ကျောင်းသားတဦးကျဆုံးပြီး၊ ကျောင်းသားအများအပြား ဒဏ်ရာရကာ၊ ဆန္ဒပြသူအမြောက်အများဟာ ဖမ်းဆီးခြင်းခံခဲ့ရတယ်။ ဒီလှုပ်ရှားမှုဟာ တက္ကသိုလ်ကောလိပ်တွေနဲ့ မြို့နေလူထုရဲ့ ဆန္ဒပြကန့်ကွက်မှုများအထိ ပြန့်ပွါးသွားခဲ့တယ်။ ဒီလိုဖြစ်ပေါ်လာတဲ့ကိစ္စတွေရဲ့ အကျိုးဆက်တွေအတွက် စစ်အစိုးရမှာ လုံးဝတာဝန်ရှိပါတယ်။

ဒီလိုတတိုင်းတပြည်လုံး ယိုယွင်းပျက်စီးပြီး ပြည်သူတွေဒုက္ခပင်လယ်ဝေနေရတာရဲ့ အဓိကအကြောင်းရင်းဟာ တိုင်းပြည်ရှိ ပြည်သူလူထုတရပ်လုံးကို ဖိနှိပ်သွေးစုပ်နေတဲ့ စနစ်ဆိုးကြီး ၃ ခုကို ကိုယ်စားပြုနေပြီး မဆလ တပါတီအာဏာရှင်စနစ်ကို ကျင့်သုံးနေတဲ့ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ လမ်းစဉ်ပေါ်လစီတွေကြောင့်သာ ဖြစ်ပါတယ်။ ကနေ့စစ်အစိုးရဟာ ပြည်သူတရပ်လုံးရဲ့ ဘုံရန်သူဖြစ်တယ်ဆိုတာ တနေ့တခြား ထင်ရှားပေါ်လွင်နေပါပြီ။

စစ်အစိုးရရဲ့ အကြမ်းဘက်ဖိနှိပ်မှုကြောင့် အလုပ်သမားတွေ၊ လယ်သမားတွေ၊ ကျောင်းသားတွေ၊ မြို့နေလူလတ်တန်းစားတွေ၊ မြို့နေဆင်းရဲသားတွေနဲ့ လူတန်းစားအလွှာအသီးသီးဟာ အုံကြွပြီး စီတန်းလှည့်လည်ကာ ဆန္ဒပြကန့်ကွက်တာတွေ၊ အခွင့်အရေးတောင်းဆိုတာတွေဟာ ရှေ့အဘို့မှာလဲ မုချဘဲပေါ်ပေါက်လာပါလိမ့်မယ်။ အဲသလိုပေါ်ပေါက်လာတဲ့အခါမှာ၊ စစ်အစိုးရဟာ ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်ကွပ်တဲ့နည်းအပြင် ပြည်သူလူထုအတွင်း အချင်းချင်းသွေးကွဲအောင် နည်းအမျိုးမျိုးနဲ့ ရန်တိုက်ပေးတာတွေ၊ ဥပမာ ကျောင်းသားတွေနဲ့ အရပ်သားတွေအကြား ခိုက်ရန်ဖြစ်ပွါးပြီး အဓိကရုဏ်းဖြစ်ပွါးအောင် လှုံ့ဆော်ပေးတာမျိုးတွေ၊ ပြည်သူလူထုရဲ့ဒေါသကို လမ်းလွှဲပေးတာမျိုး၊ ဟန်ပြကိစ္စတခုနှစ်ခုလုပ်ပြပြီး ပြည်သူလူထုကို ထုံထိုင်းသွားအောင် လုပ်တာမျိုးတွေ၊ လုပ်

လာနိုင်တာကို အသူးသဘိပြုဘို့ လိုပါဘယ်။ ကနေ့အခြေအနေမှာ ပြည်သူလူထုတရပ်လုံးဟာ ပိုမိုသွေးစည်းညီညွတ်ပြီး ဘုံရန်သူစစ်အစိုးရကိုသာ ဦးတည်ဆန့်ကျင်ကြဘို့ လိုအပ်ပါတယ်။

[၄]

အနှစ် ၄၀ တိုင်တိုင် ဖောက်ပြန်တဲ့ ပြည်တွင်းစစ်လမ်းစဉ်ပေါ်လစီ ဇတွေကို ဆက်တိုက်ကျင့်သုံးလာတာကြောင့် တတိုင်းတပြည်လုံး ကမောက်ကမဖြစ်နေပြီး ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေတာကို ထောက်ထားပြီး ကျနော်တို့ ပါတီဟာ လောလောဆယ်အခြေအနေမှာ ဒီအကြပ်အတည်းတွေထဲက ရုန်းထွက်နိုင်ဘို့အတွက် ပြည်သူလူထု အပေါင်းသို့၎င်း၊ မျိုးချစ်စိတ် ဖြည်ချစ်စိတ်ရှိကြတဲ့ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များထံသို့၎င်း၊ လေးနက် တည်ကြည်စွာ အချက် ၃ ချက်ကို တင်ပြပြီးဖြစ်ပါတယ်။

ဒီအချက်တွေရဲ့ ဆိုလိုချက်ကတော့ —

(၁) လက်ရှိမဆလ တပါတီအာဏာရှင်စစ်အစိုးရကို ဖျက်သိမ်းပြီး မဆလ တပါတီအာဏာရှင်စနစ်ကို နည်းမျိုးစုံနဲ့ ဆန့်ကျင်တိုက်ပွဲဝင်နေကြတဲ့ အင်အားစုမျာ:နဲ့ လူပုဂ္ဂိုလ်များကို ကိုယ်စားပြုတဲ့ ယာယီအစိုးရတရပ် ဖွဲ့စည်းရေး။

(၂) ဒီယာယီအစိုးရက လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းပြီး ပြည်သူများရဲ့ ဒီမိုကရေစီ အခွင့်အရေးနဲ့ လိုလားတောင်းဆိုချက်တွေကို အကာအကွယ်ပေးနိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အသစ်တရပ်ကို ရေးဆွဲရေး။

(၃) အဲဒီယာယီအစိုးရဟာ ကနေ့ပြည်သူတရပ်လုံးရဲ့ လိုလားတောင်းဆိုချက်တွေကို ဖြေရှင်းသွားနိုင်ဘို့အတွက်၊ အခြေခံလုပ်ငန်းတာဝန် ၅ ရပ်ကို ဦးတည်ပြီး အကောင်အထည်ဖော်သွားရေး၊ ဆိုလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားပြည်သူများ သွေးစည်းညီညွတ်ရေး၊ အမျိုးသားစီးပွါးရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အမှီခိုကင်းတဲ့ ကြားနေရေး နိုင်ငံခြားဆက်ဆံရေး ပေါ်လစီကို ကျင့်သုံးရေးတို့ဖြစ်ပါတယ်။

အထက်ပါတင်ပြချက်တွေ အောင်မြင်ထမြောက်ဘို့အတွက် ကျနော်တို့ပါတီဟာ တက်ကြွစွာ အပြုသဘောဆောင်တဲ့ အကြံပြုချက်များဖြင့် ပါဝင်ဆောင်ရွက် သွားမည်ဖြစ်ပါတယ်။ တိုင်းပြည်တွင်းရှိ လူမျိုးအသီးသီးပါဝင်တဲ့ ပြည်သူလူထုကြီး တရပ်လုံးအနေနဲ့လဲ ကျရောက်လာတဲ့ တာဝန်တရပ်အနေနဲ့ မိမိတို့စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်သွားကြဘို့ ကျနော်တို့ပါတီက ရိုးသားဖြူစင်စွာ မျှော်လင့်လျှက်ရှိပါတယ်။

[၅]

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထုအပေါင်းတို့

အုပ်စိုးသူလူတန်းစားရဲ့ ဖောက်ပြန်တဲ့ပြည်တွင်းစစ်ကို မိမိကိုယ်ကို ခုခံကာကွယ်တဲ့ တော်လှန်တဲ့ ပြည်သူ့စစ်ပွဲနဲ့ တုန့်ပြန်ဆန့်ကျင်ခဲ့ရတဲ့ အနှစ် ၄၀ ကာလအတွင်းမှာ အမျိုးသားအသီးသီးဟာလဲ အုပ်စိုးသူလူတန်းစားရဲ့ ဖိနှိပ်ချုပ်ချယ်မှုဒဏ်ကို မခံနိုင်တဲ့အတွက် လက်နက်ကိုင်တိုက်ပွဲထဲပါဝင်လာခဲ့ကြတာ နှစ်ဆယ်အချို့ ကြာခဲ့ပါပြီ။

ကျနော်တို့ပါတီဟာ လောလောဆယ်အခြေအနေမှာ တတိုင်းတပြည်လုံးအကြပ်အတည်းဆိုက်ပြီး ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေတာကို ချက်ချင်းတားဆီးနိုင်ဘို့အတွက် အဆိုပြုချက်တွေကို သဘောထားဖြူစင်စွာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကတော့ကျနော်တို့နဲ့ ပြည်သူတွေရဲ့ဆန္ဒသာဖြစ်ပါတယ်။

မဆလ တပါတီအာဏာရှင် စစ်အစိုးရအနေနဲ့ကတော့ ကနေ့ထက်တိုင်အောင် ဖောက်ပြန်တဲ့ ပြည်တွင်းစစ်လမ်းစဉ်ပေါ်လစီအတိုင်း အရှူးအမူး ဆက်လက်ကျင့်သုံးသွားဘို့ အကြိမ်ကြိမ်အော်ဟစ်ကြွေးကြော်လျှက်ရှိပါတယ်။ သူတို့အုပ်စိုးမှုလက်အောက်မှာ တိုင်းပြည်တခုလုံး ဘက်ပေါင်းစုံမှ ဖရိုဖရဲ ပြိုကွဲနေတာကို အဖတ်ဆည်ဘို့အတွက် ကျနော်တို့ပါတီနဲ့ တခြားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေကို စစ်ရေးနည်းဖြင့် ပိုမိုတိုက်ခိုက်ဘို့ ပြင်ဆင်

လျှက်ရှိတာကို သတိပြုရပါမယ်။

ဒီလိုအခြေအနေအောက်မှာ ရန်သူက လက်နက်ကိုင် တိုက်နေသမျှကာလပတ်လုံး ကျနော်တို့ပါတီနဲ့ တပ်မတော်ဟာ မိမိကိုယ်ကို ခုခံကာကွယ်ဘို့အတွက် ပြတ်ပြတ်သားသားဘဲ တုန့်ပြန်တိုက်ခိုက် ရပါလိမ့်မယ်။ နောက်ဆုံးအောင်ပွဲရသည်အထိပဲ တိုက်ခိုက်သွားကြရမှာဖြစ်ပါတယ်။

ကျနော်တို့ပါတီဟာ ရန်သူနဲ့တိုက်ပွဲဝင်တဲ့အခါမှာ၊ ကျနော်တို့နဲ့သဘောတူညီချက် ရရှိထားတဲ့ အမျိုးသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအသီးသီးနဲ့အတူ ပိုမိုပူးပေါင်းပြီး လက်တွဲဆောင်ရွက် သွားမယ်ဆိုတာကို ပြောလိုပါတယ်။

မိမိကိုယ်ကို ခုခံကာကွယ်တဲ့ ပြည်သူ့စစ်ပွဲကို အောင်မြင်စေဘို့အတွက် ကျနော်တို့ဟာ ပါတီ၊ တပ်၊ အခြေခံဒေသ၊ အခြေခံလူထုစည်းရုံးရေးနဲ့ လူထုလူတန်းစား အဖွဲ့အစည်းတွေကို ပိုမိုကြံ့ခိုင်တောင့်တင်းအောင် တည်ဆောက်သွားဘို့လိုပါတယ်။ ဒီအခြေခံပေါ်မှာ မဆလ တပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုတရပ်ကို တိုးချဲ့တည်ဆောက်သွားနိုင်ဘို့ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြဘို့လဲ လိုအပ်ပါတယ်။

ကျနော်တို့ပါတီဝင်ထုတရပ်လုံး၊ တပ်မတော်သားထု တရပ်လုံးဟာ ကျနော်တို့ပါတီရဲ့ ၇၅ ခုနှစ် တတိယ အကြိမ်မြောက် ပါတီကွန်ဂရက်မှာ ချမှတ်ညွှန်ပြခဲ့တဲ့ ရွေလုပ်ငန်းတာဝန် ၉ ချက်ကို စည်းစည်းလုံးလုံး တက်တက်ကြွကြွ၊ လေးလေးနက်နက် ပြတ်ပြတ်သားသား အကောင်အထည်ဖော်သွားရင်း ပိုမိုကြီးမားတဲ့အောင်ပွဲသစ်များကို အရယူကြပါစို့။

— ပါတီ၊ ပြည်သူလူထုနဲ့ တော်လှန်ရေး ရပ်တည်မှု ၃ ခုကို ပိုမိုကြံ့ခိုင်တောင့်တင်းအောင် တည်ဆောက်ကြ။
— ပါတီ၊ ပြည်သူလူထုနဲ့ တော်လှန်ရေးအတွက် အောင်ပွဲရတဲ့အထိ အဆုံးတိုင် ဆင်နွှဲကြ။
— မဆလ တပါတီအာဏာရှင် စစ်အစိုးရကို ဖျက်သိမ်းပြီး ယာယီအစိုးရတရပ်ကို ထူထောင်ကြ။
— မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ။
— ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

အချုပ်ပို

သေနင်္ဂဗျူဟာဆိုတာ အဓိက ထိုးနှက်ချက်ရဲ့ ဦးတည်ချက်ကို ပြောတာဘဲ၊ တနည်းအားဖြင့် တော်လှန်ရေးအဆင့်ကြီးတခုရဲ့ နောက်ဆုံးရည်မှန်းချက်ကိုဆိုလိုတယ်။ တော်လှန်ရေးရဲ့ အဆင့်ကြီးတခုမပြီးမီ၊ ရည်မှန်းချက်မရောက်မီ တော်လှန်ရေးရဲ့ သေနင်္ဂဗျူဟာကို မပြောင်းရဘူး။ နည်းပရိယာယ်ဆိုတာကတော့ သေနင်္ဂဗျူဟာ အောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေမဲ့ ခြေလှမ်းတွေ၊ နည်းနာတွေကို ဆိုလိုတာပါဘဲ။ ဒါကြောင့် သေနင်္ဂဗျူဟာမပြောင်းပေမဲ့ နည်းပရိယာယ်ကိုတော့ ကာလ၊ ဒေသ၊ လက်တွေ့အခြေအနေ လိုအပ်ချက်အရ၊ အခိုင်အမာပြောင်းလဲလာတဲ့ အခြေအနေအရ ကျွမ်းကျွမ်းကျင်ကျင်၊ တက်သာဆုတ်သာ၊ လိမ်မာပါးနပ်စွာ ပြောင်းတတ်ဘို့ လိုတယ်။

၁၉ဂဂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကေဒါများနှင့် တွေ့ဆုံသည့် အစည်းအဝေး၌ ပြောကြားသော ဥက္ကဋ္ဌ သခင်ဗသိန်းတင်၏ မိန့်ခွန်းမှ—

# ဂုဏ်ရောင်ပြောင်သည့် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အနှစ်(၄၀)မြောက်နေ့အစီရင်ခံ

၁။ ၁၉၇၇ ခု မတ်လ ၂၇ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီက ဦးဆောင်ဆင်နွှဲခဲ့သည့် ပြည်သူ့ ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေး အနှစ် (၄၀)တင်းတင်း ပြည့်ပေတော့မည်။ ဤဂုဏ်ရောင် ပြောင်သည့် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေး အနှစ်(၄၀)မြောက်နေ့ကို ဂုဏ်ပြုသည့်အနေနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သော ပြည်သူ့အာဏာ ဂျာနယ် အမှတ်(၂)ကို ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဦးစွာအားဖြင့် နှစ်ပေါင်း (၄၀) လက်နက်ကိုင် တော်လှန်ရေးအတွင်း လူမျိုးပေါင်းစုံ ပြည်သူလူထုဘဝ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရင်း ကျဆုံးသွားကြရှာသည့် ထောင်ပေါင်းများစွာသော ပါတီဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူလူထု များအား အလံနီကို ရှေ့သို့နှိမ့်ကာ အနူးအညွတ် အလေးနီ ပြုအပ်ပါသည်။

၂။ နုအက်တလီစာချုပ်၊ လက်ျာဖရီးမင်းစာချုပ်၊ မြကန္ဓမ်ဘီ စာချုပ် တို့ဖြင့် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့သမားက ဗမာပြည်အား လွတ်လပ်ရေး ပေးခဲ့ပေသည်။ ဤနည်းအားဖြင့် အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းရယူ ခဲ့ကြသည့် ဗြူရိုကရက်အရင်းရှင် အစိုးရ အဆက်ဆက်က ဤလက်နက်ကိုင်တော်လှန်ရေး ဖြစ်ပေါ်လာခဲ့ရမှုနှင့် ပတ်သက်၍ ဗမာပြည်၏ အချုပ်အခြာ အာဏာကို ဖျက်ဆီးလိုကြသော၊ အာဏာရူးနေကြသော၊ အမေကျော်ဒွေးတော်လွမ်းနေကြသော၊ သောင်းကျန်းသူများကြောင့် ဖြစ်ရသည်ဟု ယုတ်မာကောက်ကျစ်စွာ သူတို့၏ ဝါဒဖြန့်ချိရေးယန္တရားအစုံဖြင့် မဟုတ်မမှန် လုပ်ကြံ ဝါဒဖြန့်ခဲ့ကြသည်။ ထို့ကြောင့် ယခုကဲ့သို့အနှစ်(၄၀) ကြာအောင်ဖြစ်ပွါးလာခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးနှင့် ပတ်သက်၍ ဖြစ်ရပ်အမှန်ကို ဖေါ်ထုတ်ဖို့ လိုအပ်လာပေသည်။

၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့သမားက ဗမာပြည်အား လွတ်လပ်ရေးပေးသည့်အချိန်ကပင် ဗမာပြည် ကွန်မြူနစ်ပါတီ အနေနှင့် ဤလွတ်လပ်ရေးမှာ နိုင်ငံရေးအရ လွတ်လပ်သည်ဟု ဆိုစေကာမူ၊ စီးပွားရေးအရ မလွတ်လပ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ လွတ်လပ်သည့် ပြည့်စုံသော လွတ်လပ်ရေး ရရှိရန်အတွက် ဆက်လက်ပြီးတိုက်ပွဲဝင်ဖို့ လိုအပ်ကြောင်းကို တပြည်လုံးရှိ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးအား သတိပေးလှုံ့ဆော်ခဲ့ပေသည်။ မိမိတို့၏ကိုယ်တွေ့ အတွေ့အကြုံဘဝအသိအရ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လှုံ့ဆော်ချက်ကိုလက်ခံကာ နိုင်ငံရေးအရရော စီးပွားရေးအရပါ ပြည့်စုံသည့် လွတ်လပ်ရေး ရရှိရေးအတွက် နည်းမျိုးစုံဖြင့် အုံကြွတိုက်ပွဲဝင် လာခဲ့ကြသည်။ အုပ်စိုးသူ လူတန်းစားဟူသမျှသည် သူတို့၏အုပ်ချုပ်ရေး အာဏာကို ခြိမ်းခြောက်ခြင်း ခံလာရသည့်အခါ အကြမ်းဘက်သည့်နည်းကို သုံးလေ့ရှိသည်ဟု ကမ္ဘာ့ပစ္စည်းမဲ့ ခေါင်းဆောင်ကြီးရဲဘော်လီနင်က ညွှန်ပြခဲ့ဘူးသလို ဗမာပြည်ရှိ ဖောက်ပြန်သော ဗြူရိုကရက်အရင်းရှင် အုပ်စိုးသူ များကလည်း ပြည့်စုံသော လွတ်လပ်ရေးရရှိရန် အုံကြွတိုက်ပွဲဝင်လာသော ပြည်သူလူထုကြီး အပေါ် အကြမ်းဘက်သည့် နည်းကိုသုံးကာ ဖောက်ပြန်သော ပြည်တွင်းစစ်ကို စတင်ဖန်တီးလာတော့သည်။ ဤအခြေအနေအောက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်တကွ အဖိနှိပ်ခံလူမျိုးပေါင်းစုံ ပြည်သူလူထုကြီးမှာ မိမိတို့၏ ဘဝရပ်တည်ရေး အတွက် မလွှဲသာဘဲ ဖောက်ပြန်သော ပြည်တွင်းစစ်ကို တရားသော ပြည်တွင်းစစ်ဖြင့် တုန့်ပြန် တိုက်ခိုက်ခဲ့ရပေသည်။ ဤသည်မှာ ဗမာပြည်တွင် ဖြစ်ပွါးနေဆဲဖြစ်သော လက်နက်ကိုင် တော်လှန်ရေးနှင့် ပတ်သက်၍ မည်သူကမျှ လိမ်ညာဖုံးကွယ်၍ မရနိုင်သော သမိုင်းဖြစ်ရပ်မှန် တခုပင်ဖြစ်ပေသည်။ ဤသည်ကို မကြာသေးမီကမှ မဆလ ထိပ်သီး ဦးနေဝင်းက ဗမာပြည်မှာ နိုင်ငံရေးအရ လွတ်လပ်ပြီး စီးပွားရေးအရ မလွတ်လပ်သေးပါဟု မလွှဲမရှောင်သာ၍ ဝန်ခံသွားခဲ့ ရပေသည်။

၃။ လက်နက်ကိုင် တော်လှန်ရေး စတင်ဖြစ်ပွါးလာသည့်အချိန်မှစ၍ယနေ့တိုင် ဖောက်ပြန်သောဗြူရိုကရက်

အချင်းချင်းအစိုးရ အဆက်ဆက်တို့သည် နယ်ချဲ့ပေါင်းစုံ၏ ထောက်ခံအားပေး ကူညီမှုဖြင့် ၂ နှစ်အတွင်းချေမှုန်းပစ်မည်၊ ၆ လအတွင်းချေမှုန်းပစ်မည် ဟူသောစိတ်ကူးယဉ် ကြွေးကြော်သံများ ထုတ်လွှင့်ကာ တော်လှန်ရေး အင်အားစုများအား အရှုံးအမှုး မီးကုန်ယမ်းကုန် တိုက်ခိုက်ခဲ့ကြ လေသည်။

သဘာဝကျစွာပင်၊ တော်လှန်ရေး တရပ်အဖို့ အကွေ့အကောက်၊ အဘက်အကျ၊ အရှုပ်အထွေး၊ အခက်အခဲ အကြပ်အတည်းများကို ဖြတ်သန်းရပေသည်။ ဤသို့ ခရီးကြမ်းကြီး ထဲတွင် ကွေ့ဘကွေ့ ရောက်တိုင်းတော်လှန်ရေးထဲ ပါဝင်လာခဲ့ကြသည့် သေ့ကြုံစီးသမားများ၊ အချောင်သမားများနှင့် ကိုယ်ကျိုး မစွန့်နိုင်သူများအနေနှင့် တော်လှန်ရေးကို စွန့်ခွာသွားကြသည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ သို့သော် ဗမာပြည် ကွန်မြူနစ်ပါတီ၊ တော်လှန်ရေးနှင့် ပြည်သူလူထုအပေါ် သစ္စာရှိကြသော ပါတီဝင်များ ကေဒါများ တပ်မတော်သားများနှင့်အတူ ပြည်သူလူထု၏ မကုန်ခမ်းနိုင်သော အင်အားအပေါ် အမှီပြုကာ စည်းလုံးညီညွတ် နိုင်သမျှသောအင်အားစုများ၊ လူပုဂ္ဂိုလ်များနှင့် စည်းလုံးညီညွတ်လျက် ယနေ့တိုင် လက်နက်ကိုင် တော်လှန်ရေးကို ကြံ့ကြံ့ခိုင်ခိုင် ဆင်နွှဲလျက် ရှိနေဆဲပင်ဖြစ်သည်။ ဤသည်မှာ သမိုင်းတွင်လောက်သည့် ဂုဏ်ရောင်ပြောင်လှသော ဖြစ်ရပ်တခု ဖြစ်ပေသည်။

၄။ ယနေ့ဗမာပြည်၏ အခြေအနေမှာ ဖောက်ပြန်သောအစိုးရ အဆက်ဆက်၊ အထူးအားဖြင့် မဆလ တပါတီ အာဏာရှင် စစ်အစိုးရတို့၏ ဖောက်ပြန် မှားယွင်းသောပေါ်လစီနှင့် လုပ်ရပ်များကြောင့် နိုင်ငံရေး၊ စီးပွါးရေး လူမှုရေးစသည့် ဘက်အသီးသီးတွင် ကျဆင်းယိုယွင်းပျက်စီး နေပေသည်။

နိုင်ငံရေးနယ်ပါယ်ဘက်တွင် တပြည်လုံးရှိ လူမျိုးပေါင်းစုံ လူတန်းစား အသီးသီး လူ့အလွှာ အသီးသီးတို့မှာ မိမိတို့၏ မွေးရာပါ အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာစည်းရုံးခွင့်၊ ရေးသားဟောပြောခွင့်၊ ဆန္ဒပြခွင့် ဟူသော အနိမ့်ဆုံး ဒီမိုကရေစီ အခွင့်အရေးများကိုပင် ပိတ်ပင်တားမြစ် ထားခြင်းကို ခံနေကြရသည်။ မဆလ တပါတီ အာဏာရှင် စစ်အစိုးရ၏ မြန်မာ့နည်းမြန်မာ့ဟန် ဖြင့် ဖက်ဆစ်ဆန်ဆန် ယုတ်မာရိုင်းပြစွာ ဖိနှိပ်ချုပ်ချယ် ညှင်းပန်းမှု အမျိုးမျိုးကို ပြည်သူလူထု တရပ်လုံး နေ့စဉ်နှင့်အမျှ ခံစားနေကြရသည်။

စီးပွါးရေးနယ်ပါယ်တွင် မဆလ တပါတီ စစ်အာဏာရှင်အစိုးရက မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အတုအယောင် ဆိုရှယ်လစ် စနစ်ကို ထူထောင် နေမှုကြောင့် အဘက်ဘက်တွင် တိုးတက်နေပါသည်ဟု လူကြားကောင်းအောင် ဝါဒဖြန့် နေစဉ်မှာပင် ဗမာပြည်၏ စီးပွါးရေးမှာ တနေ့တခြား ချွတ်ခြုံ့ကျ လာနေပေသည်။ နိုင်ငံခြားမှပုံစံ အမျိုးမျိုးဖြင့် ချေးထားသော အကြွေးများမှာ ခေါင်ခိုက်အောင် တက်နေခြင်း၊ တိုင်းပြည်၏ နိုင်ငံခြားသုံးငွေမှာ လုံးပါးပါးလာခြင်း၊ အလုပ်လက်မဲ့ဦးရေ တိုးတက်များပြား လာနေခြင်း၊ ကုန်ဈေးနှုံးများ အဆမတန် တက်နေခြင်း၊ မှောင်ခိုကုန်ကူးသန်းရေးမှာ တရားဝင် ဖြစ်နေခြင်း၊ ငွေစက္ကူများ ဖောင်းပွနေခြင်း၊ ရိက္ခာဆန်၊ ဆေး၊ လောင်စာဆီ အပါအဝင် လူသုံးကုန် ပစ္စည်းများ ရှားပါးနေခြင်း တို့က ဗမာပြည်၏ စီးပွါးရေး ချွတ်ခြုံကျလာမှုကို ရောင်ပြန်ဟပ်ပြ နေပေသည်။

အထူးအားဖြင့် တိုင်းပြည်၏ လူဦးရေ အများဆုံးနှင့် တိုင်းပြည်အတွက် အဓိကဝင်ငွေ ရရှိစေသည့် စပါးသီးနှံများ စိုက်ပျိုးထုတ်လုပ် နေကြရသော လယ်သမားများ၏ ဘဝမှာ တနေ့တခြား ပို၍ပို၍သာ ဆိုးဝါးလာနေပေသည်၊ လယ်သမားများ အနေနှင့် မိမိတို့စိုက်ပျိုးချင်သည့် စပါးသီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်မရခြင်း၊ စိုက်ပျိုး၍ ထွက်လာသမျှသော စပါးသီးနှံများကို စစ်အစိုးရက ဈေးနိမ့်ပေးပြီး လက်ဝါးကြီးအုပ် အတင်းအဓမ္မ သိမ်းကြုံးဝယ်ယူ လုယက်ခြင်းတို့ကြောင့် ဖေါင်စီးရင်း ရေငတ်နေရသလို အငတ်ဘေးနှင့် ကြုံတွေ့နေကြသည်။ အဆိုးဝါးဆုံးမှာ စစ်အစိုးရက ငွေစက္ကူများကို ရိုက်ချင်သလို ရိုက်နှိပ် ထုတ်ဝေကာ ထိုငွေစက္ကူများဖြင့် လယ်သမားများထံမှ စပါးများကို အတင်းအဓမ္မ ဝယ်ယူပြီးနောက် ယင်းငွေစက္ကူများကိုပင် တရားမဝင် ဟုကြေညာပြီး တိုင်းပြည်နှင့်ချီ၍ လုယက်သည်မှာ ၃ ကြိမ် ၃ ခါပင်ရှိပေပြီး တရားဝင်ငွေစက္ကူများနှင့်ပင် လဲလှယ်ခွင့် မပေးခဲ့ပေ။ ဤသို့ဖြင့် မိမိတို့၏ လုပ်အားဖြင့် ရရှိထားသော ငွေစက္ကူများမှာ အသုံးမဝင်တော့သဖြင့် လယ်သမားများနှင့် တကွ လုပ်သားပြည်သူလူ့အလွှာ အသီးသီးတို့မှာ ဖွတ်ကျောပြာစုဖြစ်ကုန်ကြရသည်။

လူမှုရေးနယ်ပါယ်မှာလည်း ကျန်းမာရေးဘက်တွင် ဆရာဝန်မ လုံလောက်ခြင်း၊ ဆေးရှားပါးခြင်း၊ ဆေးကုသခွင့်မရခြင်း တို့ကြောင့် အတိဒုက္ခ ရောက်နေကြရ

သည်။ ပညာရေးဘက်မှာဆိုလျှင် စာအုပ်ရှားပါးခြင်း၊ ကျောင်းစရိတ် ကြီးမားခြင်း၊ ဆရာမလုံလောက်ခြင်း၊ ကျောင်းအဆောက်အအုံ မလုံလောက်ခြင်း တို့ကြောင့် ကျောင်းသားများနှင့် ကျောင်းသားမိဘတို့မှာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

မဆလ တပါတီစစ်အာဏာရှင် အစိုးရ၏ စစ်တပ်မှ တပ်မှူးကြီးများမှတဆင့် ဖြန့်ဖြူးရောင်းချနေမှုကြောင့် မူးယစ်ဆေးဝါး စွဲကပ်သူဦးရေ တိုးပွါး လာနေခြင်း၊ စာပေလောကတွင် အညှီအဟောက်နှင့် ညစ်ညမ်းစာပေများပျံ့နှံ့နေခြင်း၊ အပြာရောင် ရုပ်ရှင်ကားများနှင့် ဗွီဒီယိုတိပ်ခွေများ ပေါများလာနေခြင်း စသည့်အကြောင်းအချက် များကြောင့် မိဘတို့ဘဝ ရပ်တည်ရေးအတွက် ရုန်းကန်နေကြရသော လူငယ်များနှင့် အမျိုးသမီး၊ ကလေးသူငယ်များ၏ အကျင့်စာရိတ္တ များမှာ ရင်နာစဘွယ် ပျက်စီးယိုယွင်း လာနေပေသည်။

ဤကဲ့သို့ မဆလ တပါတီစစ်အာဏာရှင် အစိုးရအောက်တွင် စားဝတ်နေရေး ခက်ခဲခြင်း ဖိနှိပ်ချုပ်ချယ်ညှင်းပမ်းမှုအမျိုးမျိုးကို ခံစားနေရခြင်းတို့ကြောင့် တပြည်လုံးရှိ လူမျိုးပေါင်းစုံ လူတန်းစားအသီးသီး၊ လူ့အလွှာအသီးသီးတို့မှာ မဆလ တပါတီ စစ်အာဏာရှင် အစိုးရအပေါ် တနေ့တခြား မကျေနပ်မှုများ ကြီးထွားလာနေသည်မှာ မခံနိုင်လောက်သည့် အဆင့်သို့ ရောက်ရှိလာတော့သည်။ သို့ကြောင့်လည်း လူတန်းစားအသီးသီး၊ လူ့အလွှာအသီးသီး တို့အနေနှင့် မဆလ တပါတီ စစ်အာဏာရှင် အစိုးရအား ရသမျှအခွင့်အလမ်းကို ယူကာ ဆန့်ကျင်ကန့်ကွက် လာနေကြသည်။ ပြည်သူလူထု၏ ဘဝနှင့် ခွဲခွာ၍မရသည့် ရဟန်းသံဃာတော်များပင် မနေသာတော့ဘဲ လူထုဆန္ဒပြပွဲများတွင် ပါဝင်လာနေကြသည်ကို တွေ့နေရပေသည်။

ယနေ့တပြည်လုံးရှိ လူမျိုးပေါင်းစုံ လူ့အလွှာအသီးသီး၏ တခုတည်းသောဆန္ဒမှာ တိုင်းပြည်ကို ဖက်ဆစ်ဆန်ဆန် ဓားမိုးအုပ်စိုးနေသော မဆလတပါတီစစ်အာဏာရှင်အစိုးရကို ဖယ်ရှားပြီး ပြည်သူလူထု၏အကျိုးစီးပွါး အတွက် ဆောင်ရွက် နိုင်စွမ်းရှိသည့်၊ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်စွမ်းရှိသည့်၊ ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိရေးကို အကောင်အထည်ဖေါ်နိုင်စွမ်းရှိသည့်၊ အမျိုးသားများ သွေးစည်းညီညွတ်ရေးကို တည်ဆောက် နိုင်စွမ်းရှိသည့်၊ တိုင်းပြည်၏စီးပွါးရေးကို ပြန်လည်ထူထောင်နိုင်စွမ်းရှိသည့် အစိုးရတခုဖြင့် အစားထိုးမည့် အလှည့်အပြောင်း လုပ်ရန်ပင်ဖြစ်သည်။

၅။ မဆလ တပါတီစစ်အာဏာရှင်အစိုးရအဖွဲ့ ပေါက်ကွဲအံ့ဆဲဆဲမီးတောင်ပေါ် ထိုင်နေရသလို သူတို့၏အာဏာ ဆက်လက် တည်မြဲရေးအတွက် စိုးရိမ်ပူပန်ရသည့် အခြေအနေသို့ ရောက်ရှိလာနေတော့သည်။ သို့ကြောင့်လည်း မဆလ ပါတီထိပ်သီးကြီး ဦးနေဝင်း ကိုယ်တိုင် ထွက်လာပြီး ဒေါသထွက်နေသော ပြည်သူလူထုကြီးအား ချွေးသိပ်လိမ်ညာ မှိုင်းတိုက်ရန် ကြိုးစားလာရသည်။ ဦးနေဝင်းအနေနှင့် ယခင်တလျှောက်လုံး ဖုံးကွယ်ငြင်းပယ်နေခဲ့သော အချက်အချို့ကို မလွှဲသာဘဲ ဝန်ခံလာခဲ့ရပေသည်။

သူက ကမ္ဘာကြီးတွင် အပြောင်းအလဲ ရှိသလို ဗမာပြည်မှာလည်း အပြောင်းအလဲ လုပ်ဖို့လိုအပ်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းကိုပင် ပြင်သင့်က ပြင်ရမည့်အကြောင်း ယခုပင်လျှင် အချို့သော အပြောင်းအလဲများ စလုပ်နေပြီ ဖြစ်ကြောင်း တင်ပြသွားခဲ့သည်။

သို့သော် ဦးနေဝင်း ပြောသွားသည့် အပြောင်းအလဲဆိုသည်မှာ တိုင်းပြည်ရှိ လူတန်းစား အသီးသီး၊ လူ့အလွှာအသီးသီးက လိုလားနေသော အလှည့်အပြောင်းနှင့် ဆန့်ကျင်ကာ အောက်ပါ အချက်များကို တွေ့ရပေသည်။

(က) ဗမာပြည်အား ကမ္ဘာတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးတိုင်းပြည် တနည်းအားဖြင့် အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် ကမ္ဘာ့ကုလသမဂ္ဂသို့ လျှောက်လွှာ တင်ခဲ့ခြင်းဖြစ်သည်။ (ဤကိစ္စနှင့်ပတ်သက်၍ ယနေ့တိုင် မဆလ တပါတီစစ်အာဏာရှင်အစိုးရက ပြည်သူလူထုအား တရားဝင်အသိပေးခြင်းမရှိသေး) အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်အဖြစ် အသိအမှတ်ပြုရေးကို ထောက်ခံကြဖို့အတွက် မဆလ ခေါင်းဆောင်များသည် နယ်ချဲ့အရင်းရှင် နိုင်ငံကြီးများထံ သွားပြီး ခြေသလုံးဖက်ကာ ဒူးထောက်ခယ အသနားခံခဲ့ကြပေသည်။

ကမ္ဘာ့ဖွံ့ဖြိုးမှု အနိမ့်ဆုံး တိုင်းပြည်အဖြစ် အသိအမှတ်ပြုခြင်း ခံရခြင်းဖြင့် နိုင်ငံတကာမှ အကူအညီများရရှိ၍၊ တင်ရှိနေသော အကြွေးများကို ထိန်းညှိရန် အခွင့်အလမ်းများ ရရှိရေး၊ မဆလ တပါတီစစ်အာဏာရှင်အစိုးရ၏ ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ ဘဝအခြေအနေ တိုးတက် ကောင်းမွန်လာရေး တိုင်းပြည်၏ စီးပွါးရေးကို ပြန်လည်ထူထောင်ရန် မလပ်ဘဲ သူတို့ ဆင်နွှဲနေသော ဖောက်ပြန်သည့် ပြည်တွင်းစစ်ကို အရှူး

အမှုး ဆက်လက် ဆင်နွဲရေးသာ ဖြစ်ပေသည်။

(ခ) စပါးအပါအဝင် သီးနှံ(၉)မျိုးကို ကန့်သတ်ထားရာမှ ကင်းလွှတ်ခွင့်ပြုကာ တသီးပုဂ္ဂလကုန်သည်များအနေနှင့် လယ်သမားများထံမှ ထိုသီးနှံများကိုဝယ်ယူ သိုလှောင် ကြိတ်ခွဲ ရောင်းချခြင်းများကို လွှတ်လပ်စွာ ပြုလုပ်နိုင်သည်ဟု ထုတ်ပြန်ထားသည်။ သို့သော် ယင်း၏နောက်တွင် စည်းကမ်း အမျိုးမျိုးဖြင့် ချုပ်ချယ်မှုများ တသီဘတန်းကြီး ပါလာသဖြင့် တသီးပုဂ္ဂလ ကုန်သည်များပင်လျှင် ဘယ်သိုလုပ်ရမှန်း မသိဖြစ်နေကြရသည်။

နောက်တခုမှာ လယ်သမားများက မြေခွန်တော်ကို စိမ်ကိန်းသီးနှံဖြင့် ပေးဆောင်ရေးဖြစ်သည်။ သတ်မှတ်ထားသော နှုန်းထားမှာ ယခင့်ယခင်စည်းကြပ်ကောက်ယူခဲ့သော မြေခွန်များထက် အဆပေါင်းများစွာ များနေပေသည်။

နိုင်ငံခြားသတင်းတရပ် အရဆိုလျှင် နှစ်စဉ် လယ်သမားများထံမှ မဖြစ်မနေ ဝယ်ယူရမည့် ဆန်တန်ချိန်နှစ်သန်းခွဲ သတ်မှတ်ချက်ကို ဆက်လက် ထားရှိမည်ဟုဆိုပေသည်။ မြေယာနှင့်ပတ်သက်သော အထက်ဖော်ပြပါအချက်များအရကြည့်လျှင် တကယ့်ဖြစ်ရပ်မှာ သီးစားစနစ်ကို ဖျက်သိမ်းလိုက်ပြီဟု ထုတ်ပြန်ကျေညာထားခဲ့သော မဆလ တပါတီအာဏာရှင် စစ်အစိုးရအနေနှင့် ပုံစံသစ်ဖြင့် လယ်သမားများထံမှ သီးစားခကို ညှစ်ယူလိုက်ခြင်းပင် ဖြစ်သည်။

ဦးနေဝင်းတို့၏ မြေယာနှင့်ပတ်သက်၍ အပြောင်းအလဲလုပ်သည်ဆိုရာမှာ ဝှက်ဖဲရှိနေသည်။ သူတို့လိုချင်သည့် စပါးအရေအတွက်ကို မည်သို့ဝယ်ယူရရှိအောင်လုပ်မည် ဆိုသည့်အချက်ကို အတိအကျ ထုတ်ပြန်ထားခြင်းမရှိသေးချေ။ လယ်သမားထု တရပ်လုံးက ဤအချက်အပေါ် အထူး အာရုံစိုက်နေကြ ပေသည်။

၆။ ဤကဲ့သို့ အခြေအနေမျိုးအောက်တွင် အလုပ်သမား လယ်သမားများ အပါအဝင် လူမျိုးပေါင်းစုံမှ လူတန်းစားအသီးသီး၊ လူ့အလွှာအသီးသီး တို့အနေဖြင့် မိမိတို့၏ လိုအင်ဆန္ဒ ပြည့်ဝရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရပေမည်။

ဘက်ပေါင်းစုံ အခက်အခဲအကြပ်အတည်းမှ လွတ်မြောက်ရေးအတွက် တဦးချင်းထွက်ပေါက်ရှာ၍ မရနိုင်ကြောင်း၊ လူ့တလွှာချင်း ထွက်ပေါက်ရှာ၍ မရနိုင်ကြောင်း၊ စည်းလုံးညီညွတ်နိုင်သမျှသော အင်အားစုများ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ဖို့ လိုအပ်ကြောင်းကို တိုက်ပွဲအတွေ့အကြုံများမှ ညွှန်ပြနေပါသည်။

တချိန်တည်းတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဖက်ဆစ်စနစ်ကို ကျင့်သုံးနေသော မဆလ တပါတီ စစ်အာဏာရှင် စစ်အစိုးရအနေနှင့် တဖက်က ချေးသိပ်ခြင်း၊ လိမ်ညာလှည့်ဖြားခြင်း၊ ပြည်သူလူထုအတွင်း ညီညွတ်ရေးကိုဖြိုခွဲခြင်း၊ တော်လှန်ရေး အင်အားစုများအတွင်း ညီညွတ်ရေးကို ဖြိုခွဲခြင်း နည်းလမ်းများကို သုံးပြီးအခြားတဘက်ကလည်း စစ်အစိုးရ၏ နယ်မြေဒေသတွင် အုံကြွ တိုက်ပွဲဝင်လာသော ပြည်သူလူထုများအား အကြမ်းဖက် နှိမ်နင်းရေးကိုပါ လုပ်ခဲ့ကြသလို ရှေ့မှာလဲ လုပ်လိမ့်မည် ဆိုသည့်အချက်ကိုပါ သတိပြုကြရန် လိုပေသည်။

ထို့ကြောင့် ပြည်တွင်းရှိအဖိနှိပ်ခံ လူ့အလွှာအသီးသီးအနေနှင့် သိပ်သိပ်သည်းသည်း စည်းရုံးကာ အလွှာအချင်းချင်း ညှိနှိုင်းဆွေးနွေး စည်းလုံးနိုင်အောင်ကြိုးစားကြရပေမည်။

မဆလ တပါတီ စစ်အာဏာရှင် အစိုးရ လက်အောက်တွင် ရောက်ရှိနေကြသော လူတန်းစားအသီးသီး၊ လူ့အလွှာအသီးသီးအဖို့ လတ်တလော တောင်းဆိုသင့်သည့် အချက်များနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီမှ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ လူတန်း၊ားအသီးသီး၊ လူ့အလွှာအသီးသီး အနေနှင့်တည်ရှိနေသော ပကတိ အခြေအနေ ပေါ်မူတည်၍ အချင်းချင်းညှိနှိုင်းကာ တိုက်ပွဲကြွေးကြော်သံများကို ဖော်ထုတ်ပြီး တိုက်ပွဲဝင်လျက် ဗမာပြည် ကွန်မြူနစ် ပါတီနှင့် တိုင်းရင်းသား လူမျိုးအသီးသီး ဆင်နွဲနေကြသော လက်နက်ကိုင် တိုက်ပွဲနှင့် ပေါင်းစပ်နိုင်အောင် ကြိုးစားသွားကြဖို့ လိုအပ်ပေသည်။

၇။ ယနေ့ မဆလ တပါတီစစ်အာဏာရှင် အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု အောက်တွင် အလူးအလိမ့် ခံနေကြရ၍ မကြေမနပ်ဖြစ်ကာ မိမိတို့၏ ဘဝလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရန် အုံကြွလာနေကြသော လူမျိုးပေါင်းစုံ လူဘန်းစားအသီးသီး၊ လူ့အလွှာအသီးသီးအား အောင်ပွဲရရှိအောင် ဦးစီးရှေ့ဆောင် လမ်းညွှန်ရေးမှာ ဗမာပြည် ကွန်မြူနစ်ပါတီ အတွက် သမိုင်းပေးတာဝန်ဖြစ်ပေသည်။

မဆလ တပါတီစစ်အာဏာရှင် အစိုးရက ဖောက်ပြန်သော ပြည်တွင်းစစ်ကို ဆက်လုပ်နေသရွေ့ ဗမာပြည် ကွန်မြူနစ်ပါတီနှင့်တကွ တိုင်းရင်းသားလူမျိုး အသီးသီးတို့မှာ လက်နက်ကိုင်တိုက်ပွဲကို အဓိကထားရ

မည်မျှ ရှောင်လွှဲ၍ မရနိုင်ပေ။ သို့သော် ပြည်သူတရပ်လုံး၏ ဆန္ဒနှင့်အညီ ဗမာပြည်ကွန်မြူနစ်ပါတီက —

(က) ပြည်တွင်းငြိမ်းချမ်းရေးအလံ —

(ခ) ဒီမိုကရေစီရေးအလံ —

(ဂ) အမျိုးသားအားလုံး ပြည်သူများ စည်းလုံးညီညွတ်ရေးအလံ ဟူသောအလံ ၃ လက်ကို လွှင့်ထူထားကာ ၎င်းတို့အတွက် တိုက်ပွဲဝင်လိုသော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို လက်တွဲတိုက်ပွဲဝင်သွားရန် အသင့်ရှိကြောင်း တပြည်လုံးသို့ ပန်ကြားထားပြီး ဖြစ်ပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ အနေဖြင့် အထက်ဖေါ်ပြပါ သမိုင်းပေးတာဝန်ကို ကြေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ပါတီကို နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ လုပ်ဟန်အရ သိပ်သည်းခိုင်မာ တောင့်တင်းကြံ့ခိုင်အောင် တည်ဆောက်ရန် အထူးအရေးကြီး လှပေသည်။

ဤသို့ တည်ဆောက်ပြီး ဂုဏ်ရောင်ပြောင်သည့် တော်လှန်ရေး အစဉ်အလာရှိသော ပြည်သူလူထု၏ မကုန်ခမ်းနိုင်သော စွမ်းအားအပေါ် မှီခိုကာ ပြည်သူ့တပ်မတော်ကို ကြီးထွားပြီး စွမ်းရည် ထက်မြက်အောင် တည်ဆောက်ခြင်း၊ စစ်ရေးအောင်ပွဲများ ဆက်တိုက်ရရှိအောင် ကြိုးစားခြင်း၊ အခြေခံဒေသကို ခိုင်မာအောင်လုပ်ခြင်း၊ ပြောက်ကျား ဒေသများကို တတ်နိုင်သမျှ တိုးချဲ့ခြင်း၊ ရန်သူ့ဒေသမှ ပြည်သူတို့၏ တိုက်ပွဲများနှင့် ပေါင်းစပ်နိုင်အောင် ကြိုးစားခြင်းတို့ကို လုပ်ဆောင်သွားကြရပေမည်။

ထို့ကြောင့် ဂုဏ်ရောင်ပြောင်သည့်ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင် တော်လှန်ရေး အနှစ်(၄၀) မြောက်နေ့တွင်ပါတီဝင်ထုတရပ်လုံး၊ ကွန်မြူနစ်လူငယ်ထုတရပ်လုံး၊ ပါတီ၏ အကြွင်းမဲ့ ခေါင်းဆောင်မှုအောက်ရှိ တပ်မတော်သားထု တရပ်လုံးအနေနှင့် ကိုယ်ကျိုးစီးပွါးကို လုံးဝစွန့်ကာ မည်သည့် အခက်အခဲမျိုးကိုမဆို ကျော်လွှားပြီး အောင်ပွဲမရမချင်း တိုက်ပွဲဝင်သွားကြဖို့ ခိုင်မြဲသည့်အဓိဋ္ဌာန်ပြုကာ လက်တွေ့ ဆောင်ရွက်သွားကြရန် အလေးအနက် တောင်းဆိုအပ်ပေသည်။



၄၅ နှစ်မြောက်လက်နက်ကိုင်တော်လှန်ရေးနေ့ လူထုအစည်းအဝေးကို လွတ်မြောက်ဒေသ ကနေရာတွင် ကျင်းပရာ ဥက္ကဋ္ဌ သခင်ဗသိန်းတင် ကက်ရောက်မိန့်ခွန်းပြောကြားစဉ်။

## Journal of Burma Reds to reappear

THE outlawed Burma Communist Party (BCP) has resumed publication of its journal after a 39-year break, the BCP said in a clandestine broadcast monitored in Bangkok.

The BCP's Voice of the People of Burma said the publication, *People's Power Journal*, had been published for the first time since 1948 following the "recent successful completion" of the party's third national congress, in August last year.

A translation of the broadcast monitored on Wednesday by a Western embassy was made available to AFP yesterday.

It quoted party chairman Thakin Ba Thein Tin, 73, as saying in the journal that the re-emergence of the *People's Power* — first published in 1945 — would help propagate the party line and policies.

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက် နေ့ထုတ် ထိုင်းနိုင်ငံမှ ဘန်ကောက် ပို့စ်သတင်းစာတွင် ပြည်သူ့အာဏာ ပြန်လည်ထုတ်ဝေကြောင်း သတင်း ကိုအထက်ပါအတိုင်းဖော်ပြသည်။ ပြည်သူ့အသံမှ ထုတ်လွှင့်ချက်ကိုယူ၍ သတင်း အဖြစ် ဖော်ပြသော ပြင်သစ် သတင်း ဌာနကိုမှတဆင့် ကောက်နုတ် ဖော်ပြခြင်းဖြစ်သည်။


ဤသတင်းကိုတရုတ်ပြည်ရောက်ရှိ ပြည်သူ့ သတင်းစာတွင် လည်းသတင်းကို ဖော်ပြခဲ့သည်။

ဘန်ကောက်ပို့စ်သတင်းတွင် ပြည်သူ့အာဏာမှာ (၃၉) နှစ် ကြာပြီးနောက်ယခုမှ ပြန် ထွက်ပေါ်လာသည်ဟုမှားယွင်းစွာ ဖော်ပြထားသည်။ ယခုမှ ပြ [illegible] တော်လှန်ရေး [illegible] ထုတ်ဝေခဲ့သည် သတိပြုမိစေလိုသည်။

## ပါတီသတင်း












လွတ်မြောက်ဒေသ ပန်ဆန်းတွင် တည်သော ရွှေဟင်္သာ ပြည်လုံးချမ်းသာ စေတီတော်အား ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ထီးတင်နေစဉ်။



၄၀ နှစ်မြောက်လက်နက်ကိုင်တော်လှန်ရေးနေ့ အခမ်းအနားကိုလည်း ၁၉၇၈ ခုနှစ်က လွတ်မြောက်ဒေသ ပန်ဆန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ကိုစဉ်က ဂျပ်ပွဲမှမြင်ကွင်းတခု ။



၃၀ နှစ်ပြည့်ပြီဖြစ်သော "ငြိမ်းမရတဲ့မီးတောက်မီးလျှံ" ရုပ်ရှင်ကားမှမြင်ကွင်း တကွက်။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမဆုံးသော ရုပ်ရှင်ကား ဟုခေါ်ဆိုအပ်သည့်ကားကို ၁၉၅၈ မတ်လ ၂၈ ရက်နေ့တွင် လွတ်မြောက်ဒေသ တွင်း၌ စတင်ပြသခဲ့သည်။



လွမ်းသူ့ပန်းခွေ


သေနတ်ပစ်ပြိုင်ပွဲ


## လွတ်မြောက်ဒေသ မှ
## အနှစ် ၄၀ မြောက် လက်နက်ကိုင် တော်လှန်ရေးနေ့

*အထိမ်းအမှတ်*


အားကစားပြိုင်ပွဲ


လူထုအစည်းအဝေးတက်ရောက်သူအချို့


စစ်ရွမ်းရည်ပြိုင်ပွဲ


လူထုအစည်းအဝေး

မော်စီတုန်းရေး

# နယ်ချဲ့ဝါဒနှင့် ဖောက်ပြန်ရေးသမား အားလုံးသည် ကျားအစစ်ဟုတ် မဟုတ်ဆိုသည့် ပြဿနာ

( ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာ၊ ၁ရက် )

ဤနေရာတွင် ကျွန်တော်သည် နယ်ချဲ့ဝါဒနှင့် ဖောက်ပြန်ရေးသမား အားလုံးသည် ကျားအစစ်ဟုတ်မဟုတ် ဆိုသည့်ပြဿနာကို ဖြေကြားလိုပေသည်။ ကျွန်တော်၏ ဖြေကြားချက်များမှာ အစစ်လည်းဟုတ်၏။ စက္ကူနှင့် လုပ်သည်လည်း ဟုတ်၏။ ဤသည်မှာ အစစ်မှ စက္ကူသို့ ပြောင်းလဲသည့် ဖြစ်စဉ်၏ ပြဿနာဖြစ်သည်။ ပြောင်းလဲခြင်း ဆိုသည်မှာ လှည့်ပြောင်းခြင်းဖြစ်သည်။ ကျားအစစ်မှ စက္ကူကျားသို့ လှည့်ပြောင်းသွားသည်။ ဆန့်ကျင်ဘက်သို့ ရောက်သွားသည်။ လူ့အဖွဲ့အစည်း အချင်းအရာ တခုတည်းသာမက အရာဝတ္ထုတိုင်းသည် ဤအတိုင်းပင်ဖြစ်သည်။ ကျွန်တော်သည် နှစ်အချို့မတိုင်မီ ကတည်းက ဤပြဿနာကို ဖြေကြားခဲ့ပြီ၊ သေနင်္ဂဗျူဟာ အရ ၎င်းကို အထင်သေးရမည်။ နည်းပရိယာယ်အရ ၎င်းကို အလေးထားရမည်။ ကျားအစစ် မဟုတ်ပါက အဘယ်ကြောင့် ၎င်းအား အလေးထားရပါမည်နည်း။ လူအချို့သည် သဘောပေါက်ပုံ မရပေ။ ကျွန်တော်တို့သည် ရှင်းလင်းသည့်အလုပ်ကို လုပ်ရပေလိမ့်ဦးမည်။

ကမ္ဘာပေါ်ရှိ အရာဝတ္ထုအားလုံးသည် လက္ခဏာ ၂ ရပ် (ဆိုလိုသည်မှာ ဆန့်ကျင်ဘက်တို့ ပေါင်းစည်းခြင်းတရား) မဆောင်ခြင်း မရှိသကဲ့သို့ နယ်ချဲ့ဝါဒနှင့် ဖောက်ပြန်ရေး သမား အားလုံးတွင်လည်း လက္ခဏာ ၂ ရပ်ရှိသည်။ ၎င်းမှာ ကျားအစစ် လည်းဖြစ်၍၊ စက္ကူကျားလည်းဖြစ်သည်။ သမိုင်းတွင် ကျေးကျွန်ပိုင် လူတန်းစား၊ ပဒေသရာဇ်မြေရှင် လူတန်းစားနှင့် အရင်းရှင်လူတန်းစား သည် ၎င်းတို့ အုပ်ချုပ်ရေး အာဏာကို မရမီနှင့် အုပ်ချုပ်ရေးအာဏာ ရပြီးနောက် ကာလတခုအတွင်း၌ ၎င်းတို့သည် ရှင်သန် တက်ကြွ နေသည်၊ တော်လှန်သူများ ဖြစ်သည်။ ရှေ့တန်းရောက်သူ ဖြစ်သည်၊ ကျားအစစ်ဖြစ်သည်။ ယင်းနောက်၏ ကာလတခုအတွင်း ၎င်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ကျေးကျွန်လူတန်းစား၊ လယ်သမား၊ လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားက တစတစ ကြီးထွားလာသဖြင့်၊ ၎င်းပြိုင်၎င်းတို့နှင့် တိုက်ပွဲဆင်ခြင်းမှာ ကြာလေပြင်းထန်လေ ဖြစ်သဖြင့် ၎င်းတို့သည် ဆန့်ကျင်ဘက် သို့ တစတစ လှည့်ပြောင်းသွားသည်။ ဖောက်ပြန်ရေးသမား အဖြစ် ပြောင်းသွားသည်။ စက္ကူကျားအဖြစ် ပြောင်းသွားသည်။ နောက်ဆုံး၌ ပြည်သူများ၏ တွန်းလှန်ခြင်းကို ခံရသည်။ သို့မဟုတ် ခံရတော့မည် ဖြစ်သည်။ ဖောက်ပြန်သော၊ ခေတ်နောက် ကျသော၊ ပုပ်သိုးဆွေးမြေ့သော လူတန်းစားသည် ပြည်သူ၏ သက်စွန့် တိုက်ပွဲဝင်ခြင်းနှင့် ရင်ဆိုင်ရသည့်အခါတွင် ဤကဲ့သို့သော လက္ခဏာ ၂ ခုလည်း ရှိသေးသည်။ တဖက်မှာ ကျားအစစ်၊ လူကိုစားသည်။ လူကို သိန်းသောင်းချီ၍ စားသည်။ ပြည်သူ့တိုက်ပွဲ အရေးတော်ပုံသည် ဆင်းရဲခက်ခဲသည့် ကာလ၌ ရောက်နေသည့် အခါတွင် ကွေ့ကောက်သော လမ်းကြောင်း အမြောက်အမြား ပေါ်ထွက်လာသည်။ တရုပ်ပြည် ပြည်သူများသည် နယ်ချဲ့ဝါဒ၊ ပဒေသရာဇ်ဝါဒနှင့် ဗျူရိုကရက် အရင်းရှင်ဝါဒက တရုပ်ပြည် ကို အုပ်စိုးနေခြင်း အား သုတ်သင်ရန် အတွက် နှစ်ပေါင်း ၁၀၀ ကျော် အချိန်ကြာခဲ့သည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်းကုဋေအချို့ သေခဲ့ပြီးမှ ၁၉၄၉ ခုနှစ် အောင်ပွဲကို ရခဲ့ခြင်းဖြစ်သည်။ ကြည့်ပါ၊ ဤသည်မှာ ကျားအရှင်၊ သံမဏိကျား၊ ကျားအစစ် မဟုတ်ပါလား၊ သို့သော်ငြားလည်း ၎င်းတို့သည် နောက်ဆုံး၌ စက္ကူကျား၊ ကျားသေ၊ တို့ဟူးကျားအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီ။ ဤသည်မှာ သမိုင်း၏ အဖြစ်မှန်ဖြစ်သည်။

ဤသည်တို့ကို လူတို့မမြင်ဘူး၊ မကြားဘူး ပါသလော။ အကယ်ပင် အထောင်အသောင်း၊ အထောင်အသောင်း ရှိပါသည်။ သို့ဖြစ်၍ အနှစ်သာရအရ ကြည့်မြင်ပါက၊ ရေရှည် သဘောအရ ကြည့်မြင်ပါက၊ သေနင်္ဂဗျူဟာအရ ကြည့်မြင်ပါက နယ်ချဲ့ဝါဒနှင့် ဖောက်ပြန်ရေး သမား အားလုံးကို အမှန်အတိုင်း စက္ကူကျားချည်း ဖြစ်သည်ဟု ကြည့်မြင်ရမည်။ ဤအချက်မှ ကျွန်တော်တို့၏ သေနင်္ဂဗျူဟာ အတွေးအခေါ်ကို စိုက်ထူရမည်။ အခြားတဖက်တွင်မူ ၎င်းသည်

ဤသည်မှာမော်တုန်းကဝူချန်းတွင် ကျင်းပသော တရုပ်ပြည်ကွန်မြူနစ်ပါတီ၊ ၈ ကြိမ်မြောက်ဗဟိုကော်မတီ၏ ၆ ကြိမ်မြောက်စုံညီအစည်းအဝေးကာလအတွင်း၌ ရေးသားသော ဆောင်းပါးတပုဒ်ဖြစ်သည်။

ရှင်သော၊ သံမဏိဖြစ်သော၊ အစစ်ဖြစ်သောကျား၊ ၎င်းသည် လူကိုစားတတ်သည်။ ဤအချက်မှ ကျွန်တော်တို့၏ နည်းပရိယာယ် အတွေးအခေါ်နှင့် စစ်ပရိယာယ် အတွေးအခေါ်ကို စိုက်ထူသည်။ လူတန်းစားရန်သူကို တိုက်ပွဲဆင်ရာ၌ ဤသို့ဖြစ်သကဲ့သို့ သဘာဝလောကနှင့် တိုက်ပွဲဆင်ရာ၌လည်း ဤသို့ပင်ဖြစ်သည်။ ကျွန်တော်တို့ ၁၉၅၆ ခုနှစ်တွင်ထုတ်ဝေသော "၁၂ နှစ်အတွင်း လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်း အချက် ၄၀"(၁) နှင့် ၁၂ နှစ်အတွင်း ဝိဇ္ဇာပညာ ဖြစ်ပေါ် တိုးပွါးရေးလုပ်ငန်း"(၂) ဤအရာအားလုံးသည် မာ့က်စ်ဝါဒ၏ စကြဝဠာ ဖြစ်ပေါ် တိုးပွါးခြင်းနှင့် ပတ်သက်သည့် လက္ခဏာ ၂ ခု အရာဝတ္ထု ဖြစ်ပေါ် တိုးပွါးခြင်းနှင့် ပတ်သက်သည့် လက္ခဏာ ၂ ခု၊ အရာဝတ္ထုများသည် ဖြစ်စဉ်အဖြစ် အမြဲ ပေါ်ထွက်ခြင်း နှင့်ပတ်သက်ပြီး ဖြစ်စဉ်တိုင်းသည်လည်း လက္ခဏာ ၂ ခုမရှိဟူ၍ မရှိပါဟူသော အခြေခံအမြင်၊ ဆန့်ကျင်ဘက်တို့ ပေါင်းစည်းသည့်အမြင်မှ အစချီသည်။ တဖက်တွင် ၎င်းအားမမှု၊ အလွယ်တကူ အောင်နိုင်သည်။ ထည့်မတွက်၊ အရေးမလုပ် ပြီးမြောက်နိုင်သည်၊ စစ်အောင်နိုင်သည်။ တဖက်တွင် ၎င်းအားမှုသည်။ အလွယ်တကူနှင့် မအောင်မြင်နိုင်၊ ထည့်တွက်သည်၊ အရေးလုပ်သည်၊ မည်သို့မျှ ပေါ့ဆ၍မဖြစ်၊ ဆင်းရဲပင်ပန်းစွာ လုံးပမ်းတိုက်ခိုက်ခြင်း၊ ဒုက္ခခံတိုက်ခြင်း မပြုပါက အောင်ပွဲမရနိုင်။ ကြောက်ခြင်းနှင့် မကြောက်ခြင်း ဆိုသည်မှာ ဆန့်ကျင်ဘက်တို့ ပေါင်းစည်းခြင်း တရားဖြစ်သည်။ အနည်းငယ်မျှ မကြောက်၊ စိုးရိမ်ပူပန်ခြင်းမရှိ တကဲ့ကို မရေမရာဘဲ ပျော်ရွှင်ရေး သက်သက် ဟူ၍ မည်သည့် အချိန်ကမျှ မရှိခဲ့ပေ။ လူတိုင်းသည် မွေးကတည်းက ဒုက္ခဘယနှင့် အတူ မွေးလာခြင်းဖြစ်သည်။ ကျောင်းသားများက စာမေးပွဲဖြေရမှာ ကြောက်ခြင်း၊ ကလေးငယ်များ အနေနဲ့မိမိတို့မိဘများက မောင်နှမတွေထဲမှာ ရွေးပြီး မျက်နှာလိုက်မှာစိုးခြင်း၊ ကပ်သုံးပါး၊ ရန်သူမျိုး ၅ ပါး၊ ၉၆ ပါးသောရောဂါများ၊ ၄၁ ဒီဂရီထိကိုယ်ပူခြင်းစသည့်များနှင့် မခန့်မှန်းနိုင်သော မိုးလေဝသ၊ သုခ၊ဒုက္ခ ပြွမ်းတီးဘည့် လူ့လောက စသည်တို့မှာ မရေမတွက်နိုင်အောင်ပင် များပြားပေသည်။ လူတန်းစားတိုက်ပွဲ၊ သဘာဝလောကနှင့် တိုက်ပွဲတို့တွင် တွေ့ကြုံရသော အခက်အခဲများမှာ ပို၍ပင် များပြားပေသည်။ သို့ရာတွင် အများစုဖြစ်သော လူသားများ၊ ဦးစွာအားဖြင့် ပစ္စည်းမဲ့လူတန်းစား၊ ဦးစွာအားဖြင့် ကွန်မြူနစ် များသည် သေ

မှာကြောက်သူနှင့် အချောင်ဝါဒီများမှအပ ဘာမဆိုမမှုဘဲ အကောင်းမြင် ဝါဒကို ၎င်းတို့၏ ရင်တွင်း၌ ပထမဦးဆုံး နေရာတွင် ထားရှိရမည် ဖြစ်သည်။ ယင်းနောက်တွင်မှ အရာဝတ္ထုများကို အလေးထားခြင်း၊ အလုပ်တိုင်းကို အလေးထားခြင်း၊ ဝိဇ္ဇာနည်းကျ သုတေသနပြုမှုကို အလေးထားခြင်း၊ အရာဝတ္ထု၏ ပဋိပက္ခတိုင်း၏ ဘက်တိုင်းကို ခွဲခြမ်းစိတ်ဖြာပြီး အတွင်းသို့ တိုးဝင်ကာ သဘာဝ လှုပ်ရှားမှု တရားနှင့် အဖွဲ့အစည်း လှုပ်ရှားမှု တရားများကို တစတစ သိနားလည်ရမည်။ ထိုနောက်တွင် ဤတရားများကို ချုပ်ကိုင်နိုင်လိမ့်မည်။ ပို၍ လွတ်လပ်စွာဖြင့် ဤတရားများကို အသုံးပြုနိုင်မည်။ လူတို့ ရင်ဆိုင်နေရသော ပြဿနာများကို တခုပြီးတခု ဖြေရှင်းနိုင်မည်။ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် တာဝန်ကို ပြီးမြောက် အောင်မြင်စေခြင်း၊ အခက်အခဲကို အဆင်ပြေမှုသို့ ပြောင်းလဲသွားစေခြင်း၊ ကျားအစစ်မှ စက္ကူကျားသို့ ပြောင်းလဲ သွားစေခြင်း၊ တော်လှန်ရေးကို အဆင့်နိမ့်မှ အဆင့်မြင့်သို့ ပြောင်းလဲသွားစေခြင်း၊ ဒီမိုကရေစီ တော်လှန်ရေးမှ ဆိုရှယ်လစ်တော်လှန်ရေးသို့ ပြောင်းလဲသွားစေခြင်း၊ ဆိုရှယ်လစ်ဝါဒ၏ စုပေါင်းပိုင်ဆိုင်မှုမှ ဆိုရှယ်လစ်ဝါဒ၏ ပြည်သူတရပ်လုံး ပိုင်ဆိုင်မှုသို့ ပြောင်းလဲသွားစေခြင်း၊ ဆိုရှယ်လစ်ဝါဒ၏ ပြည်သူတရပ်လုံး ပိုင်ဆိုင်မှုမှ ကွန်မြူနစ်ဝါဒ၏ ပြည်သူတရပ်လုံး ပိုင်ဆိုင်မှုသို့ ပြောင်းလဲသွားစေခြင်း နှစ်စဉ် သံမဏိတန်ချိန် သန်းအချို့ ထွက်ခြင်းမှ နှစ်စဉ် သံမဏိတန်ချိန် ကုဋေအချို့ ထို့ထက်မက ကုဋေကုဋာ ထွက်ခြင်းသို့ ပြောင်းလဲသွားစေခြင်း၊ တမိုလျှင် ရိက္ခာကျင်း ၁၀၀ ကျော်၊ သို့မဟုတ် ကျင်းရာအချို့ထွက်ခြင်းမှ ၁ မိုလျှင် အထွက်နှုန်း ကျင်းထောင်အချို့ သို့မဟုတ် ရိက္ခာ ကျင်းသောင်းအချို့ ထွက်ခြင်းသို့ပြောင်းလဲသွားစေခြင်း၊ ရဲဘော်တို့ ကျွန်တော်တို့ဟာ အဲဒီအပြောင်းအလဲ အလုပ်များကို လုပ်နေခြင်းဖြစ်သည်။ ရဲဘော်တို့ ဖြစ်နိုင်မှုနှင့် တကယ်ဖြစ်နေမှုသည် အရာကိစ္စနှစ်ရပ်ဖြစ်သည်။ ပေါင်းစည်းခြင်း၏ ဆန့်ကျင်ဘက်နှစ်ရပ်ဖြစ်သည်၊ အတုအရောင် ဖြစ်နိုင်မှုနှင့် တကယ်ဖြစ်နိုင်သော ဖြစ်နိုင်မှုသည်လည်း အရာကိစ္စ နှစ်ရပ်ဖြစ်သည်။ ပေါင်းစည်းခြင်း၏ ဆန့်ကျင်ဘက် ၂ ရပ်လည်းဖြစ်သည်။ ဦးကျောက်သည် အေးလည်း အေးရမည်၊ ပူလည်းပူရမည် ဆိုသည်မှာလည်း ပေါင်းစည်းခြင်း၏ ဆန့်ကျင်ဘက် ၂ ရပ်ဖြစ်သည်။ မိုးထိဘနန်းတက်ကြွသည့် အားသည် အပူဖြစ်သည်၊ ဝိဇ္ဇာနည်းကျ

ခွဲခြမ်းစိတ်ဖြာမှုသည် အအေးဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် မျက်မှောက်အချိန်၌ လူအချို့သည် သိတ်ပူနေသည်။ သူတို့သည် မိမိတို့၏ ဦးဏှောက်ကို အချိန်တချိန် အေးမနေစေချင်။ ခွဲခြမ်းစိတ်ဖြာမှု မလုပ်ချင်၊ အပူကိုသာ ကြိုက်သည်။ ရဲဘော်တို့၊ ဤကဲ့သို့သော သဘောထားမျိုးသည် ခေါင်းဆောင် လုပ်ငန်း အတွက် အကျိုးမရှိ၊ သူတို့သည် ဂျွမ်းပြန်နိုင်သည်။ ဤသူများသည် မိမိတို့၏ ဦးဏှောက်ကို သတိပေးဘို့ သတိပြုသင့်သည်။ ဒါ့အပြင် လူတချို့ကတော့ အအေးကိုသာ ကြိုက်သည်၊ အပူကိုမကြိုက်၊ သူတို့သည် ကိစ္စတချို့ကို မျက်မှုန်းကျိုးပြီး၊ အမှီမလိုက်နိုင်။ (၃)ဒီလူတွေနှင့် ပါတ်သက်ပြီး သူတို့၏ဦးဏှောက်ကို တဖြေးဖြေးချင်း ပူလာစေသင့်သည်။

## ရှင်းချက်

(၁)" ၁၉၅၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း တနိုင်လုံးရှိ လယ်ယာ ဖြစ်ပေါ်တိုးပွါးရေး လုပ်ငန်းစဉ် (မူကြမ်း)" ကိုဆိုလိုသည်။ ဤမူကြမ်းကို တရုပ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုမှ တင်ပြပြီး၊ ၁၉၅၆ ခုနှစ် ဇန္နဝါရီလတွင်ထုတ်ပြန်သည်။ ၁၉၅၇ ခုနှစ် အောက်တိုဘာလတွင် ပြုပြင်ပြီး မူကြမ်းကို ထုတ်ပြန်သည်။ ၁၉၆၀ ခုနှစ် ဧပြီလတွင် ဒုတိယ အကြိမ် တနိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ် အစည်းအဝေးကြီး၏ ဒုတိယ အကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုသည့်အပြင် အတည်ပြုစာစောင် အဖြစ် ဖြန့်ဝေသည်။ လုပ်ငန်းစဉ် တခုလုံးမှာ အချက် ၄၀ ပါဝင်ပြီး ကျွန်တော်တို့နိုင်ငံ၏ လယ်ယာလုပ်ငန်း၊ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ငါးလုပ်ငန်း၊ အရံလုပ်ငန်းနှင့် ကျေးလက် ကုန်သွယ်ရေး၊ အမတော်ကြေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း၊ အသံလွှင့်လုပ်ငန်း၊ ဝိဇ္ဇာပညာ၊ စာပေယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး စသည့် ဘက်များ၏ ဖြစ်ပေါ် တိုးပွားရေး စီမံချက်များကို တင်ပြထားသည်။

(၂)" ၁၂ နှစ်အတွင်း ဝိဇ္ဇာပညာ ဖြစ်ပေါ်တိုးပွားရေး လုပ်ငန်းစဉ် " မှာ " ၁၉၅၆—၁၉၆၇ ခုနှစ် ဝိဇ္ဇာပညာ၊ အတတ်ပညာ ဖြစ်ပေါ်တိုးပွါးရေး ရှေ့ရေးစီမံချက် လုပ်ငန်းစဉ် (မူကြမ်း) "ကိုဆိုလိုသည်။ ဤမူကြမ်းမှာ နိုင်ငံတော်ဝန်ကြီးရုံးမှ တရုပ်ပြည် ကွန်မြူနစ်ပါတီဗဟို၏ ကျွန်ုပ်တို့နိုင်ငံတော်၏ စီးပွါးရေးနှင့် ဝိဇ္ဇာပညာ စာပေယဉ်ကျေးမှု ခေတ်နောက်ကျခြင်း အခြေအနေအား အလျင်အမြန် ပြုပြင်ပြောင်းလဲရန် ညွှန်ကြားချက်၏ စိတ်ဓာတ်အရ ၁၉၅၆ ခုနှစ်၊ ဧပြီလမှစတင်၍ တရုပ်ဝိဇ္ဇာပညာ အတတ်ပညာသည် ပါရဂူ ၆၀၀ ကို စည်းရုံးဖွဲ့စည်းပြီး ဆိုဗီယက်ပါရဂူ ၂၀ ကျော်အားလည်း ဖိတ်ခေါ်ကာ ၆ လကြာ လေ့လာဆွေးနွေးပြီး ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤစီမံချက်က နိုင်ငံတော် တည်ဆောက်ရေးတွင် အဆောတလျင် လိုအပ်သော အရေးကြီးဝိဇ္ဇာပညာ၊ အတတ်ပညာ တာဝန် ၅၇ ရပ်နှင့် မဏ္ဍိုင်ပြုရမည့် ပြဿနာ ၆၁၆ ခုကို တင်ပြသည်။ ၎င်းပြင် ဝိဇ္ဇာပညာကဏ္ဍ အသီးသီး၏ ဖြစ်ပေါ်တိုးပွါးရေး ဦးတည်ချက်ကို ညွှန်ပြထားသည်။ ယင်းစီမံချက်အား လက်တွေ့ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့နိုင်ငံ ဝိဇ္ဇာပညာနှင့် အတတ်ပညာ လုပ်ငန်းအား အလျင်အမြန် ဖြစ်ပေါ်တိုးပွါးရေးကို တွန်းအားဖြစ်စေသည်။

(၃)မူရင်းစာမူတွင် ဤဝါကျနောက်၌ " အလားအလာကြည့်သည့်ဂိုဏ်း၊ စာရင်းရှင်းသည့် ဂိုဏ်းတို့သည် ဤအမျိုးအစားတွင် ပါသည် " ဟု ပါသေးသည် ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မော်စီတုန်းက ကေဒါ လေ့လာရေး အချက်အလက် စာအုပ်ကို ဖတ်ရှုစစ်ဆေးရာတွင် ကောက်နုတ် ထည့်သွင်းထားသော ယင်းစကားပိုဒ်မှ ဤစာလုံး ၁၁ လုံးကို ပယ်ဖျက်ခဲ့သည်။

( ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ထုတ် ပြည်သူ့နေ့စဉ် သတင်းစာထဲ၌ ပါသည့်အတိုင်း တရုပ်ဘာသာမှ တိုက်ရိုက် ပြန်ဆိုခြင်းဖြစ်သည်။ )

# အခါအမျိုးသားပြည်သူများ-ဝ အမျိုးသားပြည်သူများ သမိုင်းဆိုင်ရာ တော်လှန်ရေး ရုပ်ပုံလွှာ

သမိုင်းဆိုတာ လူတစုံတဦးရဲ့ စိတ်ဆန္ဒနဲ့ မဆိုင်သလို လူတစုံတဦးအကြောင်းရေးဖွဲ့တဲ့ မှတ်တမ်းလဲ မဟုတ်ပါဘူး။ သူ့ဥပဒေသတရားနဲ့သူဖြစ်တည်ပါတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ အတိတ်က ဘိုးဘေးဘီဘင်များဖြစ်ပျက်ခဲ့တဲ့ အကြောင်းချင်းရာများကို ပစ္စုပ္ပန်ကာလမှာ မြေအိုးပဲ့၊ ဆေးတံပဲ့၊ ပေတိုပေစ၊ သချိုင်းဂူ စတာတွေက နေတူးဆွ မွှေနှောက်ကာ နှောင်းလူများက မှတ်တမ်းပြုကြတယ်။ သဘောတရားဆရာတို့က သဘောတရားဖွင့်ဆိုကြတယ်။ သမိုင်းဆရာတို့ကသမိုင်းစာအုပ်ပြုစုကြတယ်။ ထင်ကြေးအမျိုးမျိုး၊ သုံးသပ်ချက်အဖုံဖုံ။ ရှေးလူများရဲ့ အဖြစ်အပျက်များကို နှောင်းလူတို့က သမိုင်းတင်တဲ့အလုပ်ကို မချပြုလုပ်ကြရမှာပါဘဲ။ ပဒေသရာဇ်ခေတ်ကာလက ဘုန်းတော်ဘွဲ့နဲ့ နန်းလုနန်းတက်ခြင်းဆိုင်ရာ ရာဇဝံသတို့ကို သမိုင်းအဖြစ် ပဒေသရာဇ်သမိုင်းဆရာတို့က ပြုစုခဲ့ကြတယ်။ အရင်းရှင်ခေတ်မှာလဲ အရင်းရှင်လူ့အဖွဲ့အစည်းဘက်က ခံယူကာကွယ်ထိန်းသိမ်းတဲ့ အမြင်သဘောတရားများနဲ့ သမိုင်းကို မှတ်တမ်းတင်ကြသလို၊ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ ပုတ်သိုးဆွေးမြေ့မှု၊ ပျက်ဆီးယိုယွင်းမှု၊ နိဂုံးချုပ်မှု၊ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းရဲ့ သစ်လွင်နုပျိုမှု၊ အနာဂတ်ကိုစိုးပိုင်မှုတို့ဘက်က ကြည့်မြင်တဲ့အမြင်သဘောတရားများနဲ့ သမိုင်းကို မှတ်တမ်းတင်ကြတယ်။

ရှုတ်ထွေးပွေလီတဲ့ အမြင်သဘောတရားများနဲ့ ငြင်းခုန်ဆွေးနွေးမှုများ အပါအဝင် ပဋိပက္ခများ၊ တိုက်ပွဲများဟာလဲ အရင်းစစ်သိုက်ယင် သမိုင်းပါဘဲ။ သမိုင်းရှင်သားဟာသူ့ဥပဒေသနဲ့သူ၊ သူ့သဘောသူဆောင်ကာ လည်ပတ်လျက်ပါဘဲ။ ခေတ်သူတို့က ခေတ်ပြိုင်သမိုင်းတချပ်ကို ရေးထိုးနေကြဆဲ၊ ပြည်သူလူထုက သမိုင်းကိုဖန်တီးနေကြဆဲ။

ဗမာပြည်ဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများ တပြေးညီစွာ ဖြစ်ပေါ်တိုးပွားခြင်းမရှိတဲ့ နိုင်ငံတနိုင်ငံဖြစ်တယ်။ ခေတ်နောက်ကျတဲ့၊ ဆင်းရဲမွဲတေတဲ့၊ စက်မှုမထွန်းကားတဲ့ လယ်ယာစိုက်ပျိုးရေး နိုင်ငံ တနိုင်ငံဖြစ်တယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဘက်မှာ ခက်ခဲလှတဲ့နိုင်ငံတနိုင်ငံလဲ ဖြစ်တယ်။ ဗမာပြည် အမျိုးသားပေါင်းစုံ ပြည်သူများရဲ့ သမိုင်းအဆင့်နေရာနဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးမှု ဖြစ်စဉ်များဟာ ရှုပ်ထွေးလှပါတယ်။ စစ်အစိုးရရဲ့ ဖောက်ပြန်တဲ့ ဖိနှိပ်သွေးစုပ်မှု ပေါ်လစီအရပ်ရပ်အောက်မှာ ဗမာပြည်လွှတ်မြောက်ဒေသမှ ပြည်သူများရဲ့ အတိတ်သမိုင်းကို လက်လှမ်းမှီသ၍ တူးဆွဖေါ်ထုတ်ကြည့်ခြင်းဖြင့် သမိုင်းကဏ္ဍတချပ်ကို ဖြည့်ဆည်းကြည့်တို့ဘဲ ဖြစ်တယ်။ အီလက်ထရောနစ်၊ ကွန်ပြူတာ၊ ရုပ်မြင်သံကြားနဲ့ ဒုံးခွင်းဒုံးများပေါ်ထွန်းနေတဲ့ ခေတ်မှာ၊ ဗိုလ်အောင်ဆန်းရုပ်ပုံပါရှိတဲ့ စစ်အစိုးရထုတ်ဝေတဲ့ ငွေစက္ကူများထက် ဗြိတိသျှအင်ပိုင်ယာဟောင်းရဲ့ အရှင်အက်ဒဝပ်ခေါင်း၊ ဂျော့ခေါင်း၊ ဝိတိုရိယ ဘုရင်မကြီးရုပ်ပုံပါရှိတဲ့ ငွေဒင်္ဂါးပြားနဲ့ ကြေးပြားများကို ငွေကြေးအဖြစ် ပိုမိုယုံကြည်ကိုးစားစွာ သုံးစွဲနေကြတဲ့၊ ဗမာပြည်အရှေ့မြောက်နဲ့ အရှေ့ပိုင်းနယ်စပ်ဒေသရှိ ပြည်သူများရဲ့ အနီးခေတ် အတိတ်သမိုင်းကို ကြည့်ကြပါစို့။

## အခါဒေသ

ဗမာ၊ တရုပ်၊ လောနယ်စပ်၊ မဲခေါင်မြစ်အနောက်ဘက်ခြမ်း၊ မဲခေါင်မြစ်နဲ့ နမ့်လွေချောင်းအကြား တောင်တန်းဒေသများမှာ အခါအမျိုးသားအများစုကြီး မှီတင်းနေထိုင်ကြပါတယ်။ တရုပ်လို အိုကနီ လို့ခေါ်တဲ့အခါအမျိုးသားများဟာ ဗမာပြည်ဘက်မှာ အများစုဖြစ်ပြီး တရုပ်ပြည်၊ လောပြည်နဲ့ ထိုင်းပြည်တို့ဘက်မှာလဲ အတော်လေးရှိတယ်။ အခါအပြင် ဂုံရှမ်း၊ လားဟူ၊ လွယ်၊ ပလောင်၊ အခေး၊ တရုပ် အခါစတဲ့လူမျိုးများလဲရှိကြတယ်။

အတိတ်ကာလက ဒီဒေသမှာ လက်နက်ကိုင်တပ်ပေါင်းစုံတို့ သူတလူငါတမင်း ကြီးစိုး မင်းမူခဲ့ကြတယ်။ တရားမရှိ ဒါးမရှိ မင်းမဲ့ဒေသ ပစ္စန္တရာဇ် ဖြစ်ခဲ့တယ်။ ၁၉၃၀ လွန်နှစ်များက အင်္ဂလိပ်တပ် ရောက်ဖူးတယ်၊ ဒီ

နောက် ဂျပန်တပ်၊ လောတပ်၊ ထိုင်းတပ်များလဲ လာဘူးတယ်။၁၉၆၀ နှစ်များမှာတော့ စစ်အစိုးရကြေးစားတပ်၊ ကာကွယ်ရေးတပ်၊ ကူမင်တန်တပ်နဲ့ မရေမတွက်နိုင်အောင်များပြားတဲ့ပဒေသရာဇ်တောခိုတပ်ပေါင်းစုံတို့ ဗိုလ်ကျ ကြီးစိုးရာဒေသ ဖြစ်ခဲ့ပါတယ်။ ကျောက်ဦးဂျန်းတပ်၊ အပေါင်တဲ့တပ်၊ အကယ်ရောင်တပ်၊ ယောပါးဆပ်ကြောင်တပ်၊ အိုက်ဝန်ကျန်းတပ်၊ အမိုက်ပန်းတပ်စသဖြင့် ဖောက်ပြန်ရေး လက်နက်ကိုင်တပ်တွေလဲ များပြားလှတယ်။ ကူမင်တန်တပ်တွေက မုန်စာ၊ အဂျာစလဲ၊ လိုလောင်း၊ ဘူးဝ စတဲ့ရွာများမှာ စခမ်းချထားတယ်။မုန်စာမှာ ကူမင်တန်ရုံးစိုက်ထားပြီး အဂျာစလဲရွာမှာကူမင်တန်တပ်မဟာမှူး လီကိုစုန်းနေထိုင်တယ်။ မန်ကန်းရွာမှာ စစ်အစိုးရကြေးစားတပ်နဲ့ ကူမင်တန် တလှည့်စီ နေထိုင်တယ်။ မန်ကန်း (မန်ဟဲ)၊မုန်ခါး၊ စုပ်နံရွာတို့မှာ နေဝင်းကြေးစားတပ် တပ်စွဲထားတယ်။ကူမင်တန်ဖွဲ့ထားတဲ့ ကာကွယ်ရေးတပ်တွေ၊ ကြေးစားတပ်က ချုပ်ကိုင်ထားတဲ့ ကာကွယ်ရေးတပ်တွေလဲ ရွာအတော်များများမှာရှိတယ်။

ယခင်က ဒီဒေသမှာ “ဘိုး”လို့ ခေါ်တဲ့ တိုက်နယ်အဆင့် နယ်စားအုပ်ချုပ်တဲ့ နယ်ပယ်များအဖြစ်ပိုင်းခြားအုပ်ချုပ်ခဲ့ကြတယ်။ မာလီဘိုးမှ နယ်စား ဆက်ဘယ်၊ မုန်ထားဘိုးမှ နယ်စား ကျောက်ဘိုးအငိန်း၊ မုန်ခါး (မိုင်းခမ်း)ဘိုးမှ ကျောက်ဘော်အောာ၊မန်ကန်း (မန်ဟဲ) ဘိုးမှ ကျောက်ခုန်း၊ မုန်ဦးဘိုး၊ မုန်နံဘိုး၊ နာတွေဘိုးတို့ဖြစ်ကြတယ်။ ဘိုးတနယ်မှာ နယ်စားစော်ဘွား တဦးဟာ ကျေးရွာပေါင်း ၆၀ ကျော် ၇၀ လောက်အထိ ပိုင်ဆိုင်ကြတယ်။ ၎င်းနယ်စားများအောက်မှာ နောက်လိုက်ရွာစား၊ ရွာဆော်၊ ရွာသူကြီးများ ခန့်အပ်ထားရှိပြီး လက်နက်ကိုင် နောက်လိုက်များလဲရှိတယ်။ ၎င်းနယ်စားများအထက်မှာ မုန်းလွေစော်ဘွား ကြိုင်းဆန်တစ်၊ မိုင်းယောင်းစော်ဘွား ကျောက်မုန်လုံပင်မိန်း၊ မိုင်းယန်းစော်ဘွား ကျောက်မိန်း၊ မိုင်းဝစော်ဘွား ကျောက်ပိုင်ကနား စသဖြင့် မြို့စားများဟာ သူ့နယ်နဲ့သူ ချုပ်ကိုင်ထားကြတယ်။ တနယ်လုံးကိုတော့ ကျိုင်းတုံစော်ဘွား စဝ်စိုင်းလုံက ပိုင်တယ်။ အဆင့်ဆင့် ပဒေသရာဇ်စော်ဘွား အုပ်ချုပ်ရေးစနစ်ဟာ မူလကတဲက အခြေခိုင်စွာ တည်ရှိခဲ့ပြီးဖြစ်တယ်။

၁၉၅၈ နေဝင်းစစ်တပ်အိမ်စောင့်အစိုးရလက်ထက်၊ စော်ဘွားများ အာဏာမဲ့သွားတဲ့အခါ ကျိုင်းတုံစော်ဘွားနဲ့ စော်ဘွားရဲ့ ပုလိပ်တပ်မှူး ကျောက်ရှင်းကြိုက်တို့ကို စစ်အစိုးရက ဖမ်းဆီးလိုက်တယ်။ စော်ဘွားရဲ့ဒေသအုပ်ချုပ်ရေးမှူး ကျောက်ယွန်းမိန်းဟာ ထိုင်းသို့ ထွက်ပြေးရတယ်။ လက်အောက်ခံ စော်ဘွားနယ်စား အသီးသီးဟာလဲ စစ်အစိုးရဘက်ကပ်သူကပ်၊ ထိုင်းသို့ တိမ်းရှောင်သူ ရှောင်၊ အချို့လဲ လက်နက်ကိုင် တပ်များဖွဲ့ကာ ပုန်ကန်ခဲ့ကြတယ်။ စော်ဘွားအုပ်ချုပ်ရေး ယိုင်လဲကာ ဖောက်ပြန်တဲ့ လက်နက်ကိုင်တပ်ပေါင်းစုံ သူတလူငါတမင်း စိမ်ခေါ် ခေတ်ထလာချိန်မှာ ပဒေသရာဇ်အာဏာစက်အပြင် စစ်ဘုရင်ကလေးများ၊ ကြေးစားတပ်၊ ကာကွယ်ရေး၊ ကူမင်တန်စတဲ့ အာဏာစက်ပေါင်းစုံဟာ ထောင်းလမောင်းထအောင် ပြင်းထန်လာပါတော့တယ်။ ဒီအာဏာစစ်တလင်းမှာ လူထုဟာမြေစာပင် ဖြစ်ခဲ့ရတယ်။

အခွန်အတုတ်အမျိုးမျိုး၊ လုယက်ရမ်းကားမှု အသွယ်သွယ်၊ ဖိနှိပ်သွေးစုတ်မှုအဖုံဖုံ၊ ခိုင်းသမျှ ခါးကျိုးအောင်လုပ်ပေးရ၊ နှိပ်စက်သတ်ဖြတ် လူမဆန်စွာအစော်ကားခံခဲ့ရတဲ့ ဘဝတွေဟာ ပြန်ပြောင်း ပြောပြရက်စရာ မရှိအောင် မချိတင်ကဲ ခါးသီးလှပါတယ်။

မြို့ပြနဲ့ အဆက်အဆံမရှိတဲ့ ဒီဒေသမှာ ဈေးမရှိဘူး၊ ငွေကြေးလှည့်ပတ်မှု မရှိဘူး၊ ပစ္စည်းချင်း ဖလှယ်မှုသာရှိတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်၊ အိန္ဒိယ ငွေတိုက်မှ ၁၉၃၀-၄၀ လောက်ကထုတ်ဝေခဲ့တဲ့ ဂျော့ခေါင်း၊ အက်ဒဝပ်ခေါင်း၊ ဝိတိုရိယ ဘုရင်မရုပ်ပုံပါရှိတဲ့ ငွေဒင်္ဂါးနဲ့ကြေးပြားများကို ယခုထက်တိုင် ငွေကြေးအဖြစ် သုံးစွဲနေသေးတယ်။ ပြင်သစ် အင်ဒိုချိုင်းနားက ထုတ်ဝေခဲ့တဲ့ ၁၉၀၀ ခုနှစ်လောက်က ငွေဒင်္ဂါးများလဲ အနဲအကျဉ်း သုံးစွဲကြတယ်။ ဒါ့အပြင် တရုပ်ပြည် မလွတ်မြောက်ခင်ကထုတ်ဝေတဲ့ “ပန်းခိုက်” လို့ခေါ်တဲ့ နဂါးတံဆိပ် ငွေဒင်္ဂါးအကြီးအသေး နှစ်မျိုးကိုလဲ သုံးစွဲကြတယ်။ ငွေဒင်္ဂါးနဲ့ ကြေးပြားများကို အလှအပ ပစ္စည်းများအဖြစ် အင်္ကျီမှာ ချိတ်ဆွဲတပ်ဆင်လို့ သော်၎င်း၊ လည်ဆွဲတန်ဆာအဖြစ်၎င်း သုံးစွဲကြသေးတယ်။ ထိုစဉ်က ဒင်္ဂါးတပြား ဗမာငွေ ၂၅ ကျပ်ခန့်တန်တယ်။

ပဒေသရာဇ်စော်ဘွားများ၊ စစ်ဘုရင်ကလေးများနဲ့ လက်နက်ကိုင်တပ်ပေါင်းစုံကို လူခွန်၊ အိမ်ခွန်၊ စစ်တပ်ခွန်၊ လက်နက်ခဲယမ်းခွန်၊ လယ်ခွန်၊ ယာခွန်၊ စပါးခွန်၊ ဘိန်းခွန်၊ သားသတ်ခွန်၊ တောပစ်ခွန်စတဲ့ အခွန်အမျိုးမျိုးကို တောင်းသလောက် ဒင်္ဂါးရာထောင်ချီပြီး ပေးဆောင်ကြရတယ်။ ရိက္ခာသီးနှံ ကြက် ဝက် ကျွဲ နွားတို့ကိုလဲ ပေးဆောင်ရတဲ့အပြင် အိမ်ဆောက်၊ ခြံကာ၊ ထင်း

ခုတ်၊ ဝါးခုတ်၊ ရေခပ်၊ အထမ်းလိုက် စသဖြင့် ခိုင်းသမျှအကုန် လုပ်ပေးကြရတယ်။ လက်နက်ကိုင် တပ်တွေဟာ ရောက်ချင်တဲ့ အချိန် ရောက်လာကာ တောင်းချင်သလောက် တောင်းကြတယ်။ ဝပ်နေတဲ့ ကြက်မကောကြက်ဥကော ချမ်းသာမပေးဘူး၊ အိမ်တွေမှာ တွန်နိုင်တဲ့ ကြက်ဖတောင် မရှိတဲ့အခြေအထိ ဖြစ်ခဲ့ရတယ်။ ဖာလိုရွာဟာ မဲခေါင်မြစ်ဘေးတဝိုက် အိမ်ခြေ ၅၀ လောက်ရှိတဲ့ရွာကြီးတရွာဖြစ်လို့ တလမှာ ၁၅ ကြိမ်အကြိမ် ၂၀ အထိ အခွန်ဆက်ကြေးအမျိုးမျိုး ပေးခဲ့ရတယ်။ လူထုတွေလဲ ရွာထဲမနေရဲကြတော့ဘဲ တောကြိုအုံကြား ပုန်းလျှိုးနေကြရတော့တယ်။

လူကိုဖမ်းသွားပြီး ငွေနဲ့ လိုက်ရွေးခိုင်းတာ၊ အချို့ကို တရပ်တကျေး ခေါ်သွားပြီး ရောင်းစားပစ်တာတွေလဲ မနဲရှိခဲ့တယ်။ သူ့ကိုဟာ တရွာတယောက်ဆိုသလို မယားတွေ အများအပြား ထားရှိတယ်။ အိုက်ဝန်ကျန်းဆိုရင် တရားဝင်မယား ၁၆ ယောက်၊ အမိုက်ပန်းဆိုရင် ၇၆ ယောက်ရှိတယ်။ သူတို့ အမြင်ကပ်သူဆိုယင် သူတို့ကတော်ကျမျှားနဲ့ မသက်ာလို့ စွပ်စွဲပြီး ဒင်္ဂါးအများအပြား ဒါဏ်တပ်လေ့ရှိတယ်။ တသက်လုံး ကျွန်ခံပြီး ဆပ်ယင်ဆပ်၊ မဆပ်နိုင်ယင် ရောင်းစားခံရမယ်၊ အသတ်ခံရမယ်။ အခါအမျိုးသမီးများဟာ ညစဉ်သူတို့ကို နှိပ်နယ်ပေးရတာဟာ ထုံးစံတရပ်လို ဖြစ်တည်လာခဲ့တယ်။ အစော်ကားခံရတဲ့၊ ရောင်းစားခံရတဲ့ အမျိုးသမီးတွေဟာ မရေမတွက်နိုင်လောက်အောင် များခဲ့တယ်။

ဘိန်းကိုတော့ တခုလုံးအနေနဲ့ ကူမင်တန်က လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားတယ်။ ဖေါက်ပြန်တဲ့ လက်နက်ကိုင်တပ်အသီးသီးဟာ ဘိန်းကို ပင်ထောင် ဈေးနှိမ်ဝယ်တယ်။ ဆန်နဲ့ ဈေးနှိမ်ပေးချေတယ်။ လူထုဟာ စပါးတမျိုးမှလွဲရင် ဘိန်းမှအပ ဘာစီးပွားရေးသီးနှံမှ မစိုက်တတ်ရှာဘူး။စိုက်ခဲ့ရင်တောင်မှ ဈေးကွက်မရှိဘူး။ကိုယ့်အိမ် ကိုယ်စားဘို့တောင်မှ အနဲအပါးလောက်သာ စိုက်နိုင်ကြတယ်။ စိုက်ပျိုးထားသမျှလဲ စစ်ဘုရင်ကလေးများကိုဆက်သရတာနဲ့ ကိုယ်စားရတယ်လို့မရှိဘူး။ တောသီးတောရွက်များ တောဥ တောဖုများကို တနေကုန်တနေခမ်းရှာဖွေကာ ရှိတဲ့ဆန်လေးနဲ့ ကြိုချက်စားသောက်ကြရတယ်။

လူထုဟာ ဒါးမတလက်၊ ပေါက်ပြားတလက်နဲ့ တောင်ယာကို တပင်တပန်းစိုက်ပျိုးကြရတယ်။လယ်အနဲအပါးရှိပေမဲ့ စော်ဘွားများ၊ မြေရှင်များကသာ ချုပ်ကိုင်ထားကြတယ်၊၊အခွန်များများဆက်သနိုင်မှလယ်လုပ်ခွင့်ရတယ်။ သီးစားခ တဝက်၊ သို့မဟုတ် သုံးပုံတပုံကို မြေရှင်ကိုပေးရတယ်။ စော်ဘွား၊ ရွာစား၊ မြေရှင်များရဲ့လယ်မြေနဲ့တောင်ယာကို ရွာအလိုက် ဝေပုံကျစနစ်နဲ့ လူထုကစိုက်ပျိုးသည်မှ ရိတ်သိမ်းပြီး ကျီထဲပုတ်ထဲအရောက် အခမဲ့ လုပ်ကိုင်ပေးရတယ်။ စော်ဘွားများ၊ မြေရှင်များဟာ လယ်မြေသာမက တောတောင် ရေညှာ ရေပေါက်များကိုလဲ ချုပ်ကိုင်တယ်။ သူတို့ဟာ လယ်မြေဘယ်လောက်အထိ ပိုင်ဆိုင်မှုရှိတယ်ဆိုတာ အတိအကျမသိရပေမဲ့ မန်ကန်းမြေရှင်ဟာ လယ်မျိုးကျ ၂၅ ပုံး (၁၂ တင်းခွဲ)၊ မုန်စော မြေရှင်ဟာ ၃၅ ပုံး(၁၇ တင်းခွဲ) အပြင် တောင်ယာ အများအပြားကိုလဲ ပိုင်ဆိုင်ကြတယ်။ ဆင်းရဲသားများဟာ ရွာနဲ့ဝေးလံတဲ့ တောကြိုအုံကြားသို့ သွားကာ တောင်ယာကို တပင်တပန်းစိုက်ကြရတယ်။ လွတ်လပ်စွာ စိုက်ပျိုးခွင့်မရှိဘူး။ လောင်ပူရွာမှာ ၃၁ အိမ်ထောင်ရှိတဲ့အနက် မြေရှင်တအိမ်ထောင်က စပါး ၂၄၀၀ ပုံး (၁၂၀၀ တင်း)၊ ၆ အိမ်ထောင်ကစပါး ၁၈၀၀ ပုံး(တအိမ်ထောင်ဖျမ်းမျှ ၁၅၀ တင်း)၊ကျန် ၂၄ အိမ်ထောင်ကစပါးပုံး၈၀၀ (တအိမ်ထောင်ဖျမ်းမျှ ၁၆ တင်းခွဲ) တနှစ်စာဝမ်းစာစပါးရရှိခဲ့တယ်။ အတိုးကြီးစားစနစ်ကလဲ ပြင်းထန်ရက်စက်လှတယ်။ ဟိုရွာဒီရွာ စပါးရှားနေချိန် တပုံးချေးယင် ၅ ပုံးအထိ၊ ငွေဒင်္ဂါးတပြားချေးယင် ၅ ပြားပြန်ဆပ်ကြရတယ်။မဆပ်နိုင်ယင်ကျွန်ခံ၊ဒါမှမဟုတ် သားသမီးကို ဒင်္ဂါး ၄၀၊ ၅၀ မှ ၁၀၀ လောက်အထိနဲ့ ရောင်းစားကြရတယ်။အတိုးကြီးစားမြေရှင်တွေထံမှာ ကျွန်တွေ ၄၊၅၊ ၁၀ ယောက်အမြဲလိုလိုရှိကြတယ်။ သူတို့က တခြားနေရာမှာ တဆင့် ပြန်ချေးတာလဲ ရှိတယ်။ အိမ်မှာ ခိုင်းစေထားတာလဲ ရှိတယ်။ စပါးပေါ်ချိန်မှာ ပင်ထောင်ဝယ်ထားပြီး ရှားချိန်မှာ ဈေးတင်ရောင်းချတာလဲ ရှိတယ်။ ပေါ်ချိန်မှာ စပါးတပုံးဒင်္ဂါးတပြားသာ ပေးရပေမဲ့ ရှားချိန်မှာ ဒင်္ဂါး ၂ ပြားမှ အချို့ရွာတွေဆိုယင် ဒင်္ဂါး ၁၀ ပြားအထိ ပေးခဲ့ရတယ်။ ရှားချိန်မှာ တောင်းတဲ့ဈေးပေးကြရတာပါဘဲ။

အခါဒေသဟာအထက်ပါအခြေအနေများအောက်မှာ ၁၉၆၇ ခုနှစ်ကစပြီး လယ်သမားသူပုန် ထခဲ့တယ်။ ၁၉၇၁ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုနဲ့ လွတ်မြောက်လာခဲ့တယ်။ ဖါလို၊ ဖါလယ်၊ ဘာဆာ၊ မော်တာ၊ နပန်နွဲ၊ နာလိ စတဲ့ရွာများဟာ သူပုန်စထခဲ့တဲ့ရွာများပါဘဲ။ ဖါလိုရွာသား လယ်သမားသူပုန် ခေါင်းဆောင် “ပါဆန်း”ဟာ ၁၉၇၁ ခုနှစ်ထဲမှာဘဲ မုန်စာနဲ့နာတွေရွာအကြား ကူမင်တန် ကာကွယ်ရေးများနဲ့ တိုက်

ခိုက်ယင်း တိုက်ပွဲထဲမှာ ကျဆုံးခဲ့ရရှာတယ်။

အတိတ်ကာလက သူတောင်းစားများ၊ ဘိန်းစားများ၊ ကျွန်များ၊ လောင်းကစား ဝိုင်းနဲ့ အရက်ခန်းများ ပေါများ လှပြီး၊စားရမဲ့ သောက်ရမဲ့ အဝတ်အစား မလုံမခြုံနဲ့ ရှေးရိုးစဉ်လာ အစွဲလန်းများ အောက်မှာအသိဉာဏ် မပွင့်လင်းခဲ့ရတဲ့ အခါဒေသရဲ့ ခါးသည်းဖွယ် အနီးခေတ်သမိုင်း၊ မလွတ် မြောက်မီက အခြေအနေအရပ်ရပ်ဟာ ပုံပေါ်လောက်ပါပြီ။ ဗမာပြည်အရှေ့ဖျား အခါဒေသရဲ့ အဝေးခေတ် သမိုင်းကို စာမတင်နိုင်ခဲ့ပေမဲ့ အနီးခေတ် သမိုင်းဟာ ဂုဏ်ပြောင်လှပါတယ်။ မဲခေါင်မြစ်နဘေးရှိ ကျေးရွာတချို့က စခဲ့တဲ့ အခါလယ်သမား သူပုန်ဟာ ဗမာပြည် ကွန်မြူနစ် ပါတီ ခေါင်းဆောင်မှုနဲ့ အနာဂတ်ရဲ့ လင်းရောင်ခြည်ကို ရှာဖွေတွေ့ရှိလာကြပါပြီ။ အခါအမျိုးသား ပြည်သူများဟာ ရိုးရာ အစွဲအလန်း ဟောင်းများ၊ နတ်စင်များ၊ ဘိန်းပြောင်းများကို ရိုက်ချိုးဖျက်ဆီး ပစ်ကာ လေးလံလှတဲ့ဦးထုပ် ကြီးများကို လွှင့်ပစ်ကြရုံမက၊ နှစ်ပေါင်းများစွာ သူတို့အပေါ် ဖိစီးလာခဲ့တဲ့ နှောင်ကြိုး အထပ်ထပ်ကိုလဲ ဖြတ်တောက် လိုက်ကြပြီ ဖြစ်တယ်။ အနာဂတ်ကို သူတို့ပိုင်ပါတယ်။

**ဝနယ်**

ဝ နယ်ရဲ့အတိတ်ဟာ အလွန်ရှုပ် ထွေး လှပါ တယ်။ ဝ နယ်နဲ့ပတ်သက်လို့ပြည်တွင်းပြည်ပက တစ္စန်းတစ ရေးသားချက်များမှာ နယ်ရိုင်းနယ်ကြမ်းကြီးအဖြစ် သိမြင်ထားကြတယ်။ ဗမာပြည် လွတ်လပ်ရေး မရခင် ၁၉၄၇ ခုနှစ်က အင်္ဂလိပ်အစိုးရ ဖွဲ့စည်းပေးတဲ့ နယ် ခြားဒေသစုံစမ်းရေး ကော်မရှင်ရဲ့ အစီရင်ခံစာမှာဆိုရင် စာပေယဉ်ကျေးမှုမရှိတဲ့၊ ကြမ်းတမ်း လှတဲ့ ဝ နယ်မှ လွှတ်တော် ကိုယ်စားလှယ် တယောက် ရရှိရေးဟာ ဘယ်လိုမှမဖြစ်နိုင်ကြောင်း တင်ပြထားတယ်။ ခရစ်ယန် သာသနာပြုတဦးရဲ့ အတွေ့ အကြုံကို ပြန်လည် ဖောက် သယ်ချထားတဲ့ " အယ်လင် ဝင်နင်တန် " ရေး " အေးမြတဲ့ တောင်များပေါ်က ကျေးကျွန်များ " ဆိုတဲ့ စာအုပ်မှာ **( ALan Winnington " The sLaves of the cooL mountains; East Germany. " )** ဝနယ်ကို အရိုင်းနယ်ကြီးအဖြစ် ဖော်ပြထားတယ်။

ဝ နယ်ဟာ ဗမာပြည်အရှေ့မြောက် အရပ်က နယ်စွန်နယ်ဖျားမှာ တည် ရှိ တယ်။ သံ လွင် မြစ် အ နောက်ခြမ်း၊ သံလွင်မြစ်နဲ့ တရုပ်ပြည်အကြား၊ မြောက်ဘက်မှာ နမ့်တင်း ချောင်း၊ တောင်ဘက်မှာ နမ့်ခချောင်း တို့အကြားမှာ ဝ နယ်တည်ရှိတယ်။ ယခင်ကမြေပုံဟောင်း မှာ ဝ နယ်ကို မိုင်း လွန်း နယ်၊ ဝ နယ် ဆိုပြီး ၂ နယ် ခွဲထားတယ်။ ဝ နယ် ဟာ စ တုရန်း ကီလိုမီတာ တ သောင်း ကျော် ကျယ်ဝန်း ပြီး၊ ဝ နယ် မြောက် ပိုင်း မှာ လူဦးရေ ၂ သိန်းကျော် တောင်ပိုင်းမှာ ၁ သိန်းနီးပါး စုစုပေါင်း လူဦးရေ ၃ သိန်း လောက် ရှိတယ်။ လူဦးရေရဲ့ ၈၀ % ကျော်ဟာ ဝ အမျိုးသားများ ဖြစ်ကြပြီး ကျန် ၂၀ % နီးနီးဟာ လားဟူ၊ ရှမ်း၊ တရုပ်၊ ကချင်၊ လီရှော စတဲ့အမျိုးသားများ ဖြစ်တယ်။

ဝ နယ်မှာ ၁၉၆၉ ခုနှစ်ကစပြီး ဗမာပြည် ကွန်မြူနစ်ပါတီဟာ ဟူဆွမ်၊ စောက်ဖါး၊ ခွန်းမာနဲ့ အိုက်ချင်းဒေသများမှာ အခြေခံစခမ်း ၄ ခုကို ဖွင့်လှစ် ခဲ့တယ်။ ၁၉၇၁ ခု မေလ မှာ ဗမာပြည် ကွန်မြူနစ် ပါတီဟာ မိုင်း မောကို လွတ်မြောက် စေခဲ့တယ်။ အဲဒီတိုက်ပွဲ အရှိန်နဲ့ ဆက်ပြီးဝနယ်မြောက်ပိုင်းရဲ့ ဒေသ အများပိုင်း ကို လွတ်မြောက်စေခဲ့တယ်။ တဆက်ထဲဘဲ ၂ လ အတွင်း ဝ နယ် တောင်ပိုင်းဒေသ အများစုဟာ လွတ်မြောက်လာတယ်။ မ လွတ်မြောက် သေးတဲ့ဒေသ အနဲအပါးမှအပ ဝ နယ် ရဲ့ ၉၅% လောက်ဟာ လွတ်မြောက် ခဲ့ပါပြီ။

ဝ နယ် လွတ် မြောက် ရေး တိုက်ပွဲ အတွင်း မှာ စစ် အစိုးရ ကြေးစား တပ်၊ ကူမင်တန် တပ်နဲ့ ကာကွယ် ရေး တပ် စုစုပေါင်း ၄၀၀၀ ကျော်ကို ချေမှုန်း သုတ်သင် ခဲ့ပြီး၊ သူ တို့ ဆီက လက်နက် ကြီး ငယ်မျိုးစုံ ၂၀၀၀ ကျော် ကို သိမ်းပိုက်ရရှိခဲ့တယ်။ ဒီလို မ လွတ်မြောက် မီက တည် ရှိခဲ့တဲ့ ဝ နယ် ပြည်သူတွေရဲ့ ငရဲခမ်းများနဲ့ ဖြစ်ရပ်အထွေထွေကို အတိတ်သမိုင်း ရုပ်ပုံကား ချပ် တခုသဖွယ် တူးဆွမှတ်တမ်း တင်ကြည့် ကြပါစို့။

မ လွတ် မြောက် ခင်က ဝ နယ် ပြည်သူ တွေရဲ့ လူ့အဖွဲ့အစည်းနဲ့ လူနေမှု အဆင့် ဟာ ဗမာပြည် တိုင်း ရင်းသားပြည်သူများထဲမှာ ခေတ်အနောက်ကျဆုံး၊ အ ဆင်းရဲအမွဲတေဆုံး၊ အဆိုးဝါးဆုံး အဆင့်မှာ တည်ရှိခဲ့တယ်။ ရှေးဘိုးခေတ် ရဲ့ နှောင်းပိုင်း လူမှုစနစ် အကြွင်းအကျန်တွေ၊ ကျေးကျွန် စနစ်ရဲ့ လက္ခဏာတွေနဲ့ ပဒေသရာဇ်သက်ဦးဆံပိုင် စနစ်တို့ ရောပြွမ်း တည်ရှိခဲ့တယ်။ ဝ နယ်ဟာအင်္ဂလိပ် ကိုလိုနီခေတ်က ဗမာပြည်မကြီးနဲ့ အဆက်ဖြတ်ကာ နယ်ချဲ့အစိုးရ သီးသန့် အုပ်ချုပ် တဲ့ တောင်တန်း ဒေ သ တွေထဲမှာ ပါဝင်ခဲ့ ပေမဲ့ နယ်ချဲ့ အုပ်ချုပ်ရေးအာဏာနဲ့ အလှမ်းဝေးလှဘဲ့ ကင်းလွတ်ဒေသအဖြစ် တည်ရှိခဲ့တယ်။ ဗမာဘပြည်လုံး အင်္ဂလိပ် ကိုလိုနီ လက်

အောက် ကျရောက်ခဲ့စဉ်က လက်နက်ကိုင် ခုခံကြတဲ့ နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ် ခေါင်းဆောင်တွေထဲမှာ ဝနယ် လွယ်လင်းဒေသမှ စော်ဘွား နန်းခမ်းဦး(နေခ်ခမ်းဦး) ဟာထင်ရှားခဲ့တယ်။

ဝ အမျိုးသားတွေဟာ အုပ်စုလိုက် နေထိုင်ကြတယ်။ မျိုးရိုးတူ အုပ်စုပေါင်း ၃၆ အုပ်စုကွဲနေခဲ့တယ်။ တအုပ်စုမှာ ရွာပေါင်း ၃၀ မှ ၁၀၀ အထိပါရှိပြီး လူဦးရေ ၅၀၀၀ ကနေ ၁၀၀၀၀ အထိ ရှိတယ်။ ဝ အမျိုးသားဘာသာ စကားဟာ အခြေခံအားဖြင့် တူညီပေမဲ့ တအုပ်စုနဲ့တအုပ်စု အကြား ကူးလူး ဆက်ဆံမှု မရှိသလောက်နဲ့ပါး တာနဲ့အမျှ ဘာသာစကား ကွာဟမှုဟာကြီးမား လာခဲ့တယ်။ အုပ်စုချင်း တိုက်ပွဲများ ဟာ အလွန် ပြင်းထန်တယ်။ တအုပ်စုက အခြားတအုပ်စု ကို တိုက်ခိုက် အနိုင်ရရင် ပစ္စည်းအားလုံးကို သိမ်းယူ၊ တရွာလုံးကိုမီးရှို့၊ လူအားလုံးကိုသတ်၊ အချို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြတယ်။ ခေတ်ဟောင်းတုံးက အုပ်စုတိုက်ပွဲတွေ ပြင်းထန်ခဲ့လို့ မြေဩဇာကောင်းတဲ့၊ စိုက်ပျိုးရေးလွယ်ကူတဲ့ နေရာတွေမှာ မနေရဲကြဘူး။ တိုက်ခိုက်ရေး အသာစီးရတဲ့ တောင်ထိပ်တွေ၊ သွားလာရေး ခက်ခဲတဲ့ နေရာတွေမှာဘဲ နေကြတယ်။ ရေခပ်ဘို့ တောင် ၂ နာရီ ၃ နာရီလောက် ဆင်းခပ်ကြရတယ်။ ဖြန့်ခွဲလဲ မနေရဲကြဘူး။ အုပ်စုအလိုက် ရွာကြီးတွေ ဆောက်ပြီး နေကြရတယ်။

အုပ်စုခေါင်း ဟာ သက်ဦးဆံပိုင်ဘဲ။ နတ်ဆရာ က အုပ်စုခေါင်းကို အခါပေးရတယ်။ နတ်ဆရာရဲ့စကား ကို ဘယ်သူမှ မလွန်ဆန်ရဲကြဘူး။ အယူသီးမှုနဲ့ အစွဲအလန်းလဲ အလွန်ကြီးတယ်။ ဖမ်းဆီးခံရတဲ့ တခြား အုပ်စုကလူတွေဟာ ကျေးကျွန်တွေဘဲ။ အလုပ်မျိုးစုံ ခိုင်းသမျှလုပ်ဖို့ဘဲ။ ကျွန်တွေဟာ တောင်ယာလဲ လုပ်ရတယ်။ အိမ်အလုပ်တွေလဲ လုပ်ရတယ်။ ကလေးတွေကိုတော့ အရွယ် ရောက် အောင် မွေးမြူထားပြီး၊ အရွယ်ရောက်တော့ ခေါင်းဖြတ် နတ်တင်ခြင်း ခံရတယ်။ ကလေးအမှာ မွေးရင်မိခင်ကော ကလေးပါ ရွာပြင် ထုတ်ထားခံရတယ်။ ကလေး အရုပ်ဆိုးရင် ကိုယ်အင်္ဂါချို့တဲ့ရင် သတ်ပစ်တယ်။ အမျိုးသမီးတွေဟာ ယောကျ်ားနဲ့ တန်းတူ အခွင့်အရေး လုံးဝမရဘူး။ မိန်းမတွေရဲ့ကိစ္စကို ယောကျ်ားက ဘာမှ လုပ်ပေးစရာ မလိုပေမဲ့ ယောကျ်ားကိစ္စမှန်သမျှ မိန်းမရဲ့ တာဝန်သာ ဖြစ်တယ်။ ကြိုက်တဲ့မိန်းမကို ဆွဲမယ်၊ မကြိုက်တဲ့မိန်းမကို ပစ်မယ်၊ ဒါဟာအဆန်း မဟုတ်တော့ဘူး၊ ထုံးစံလိုဖြစ်နေခဲ့ဘယ်။

ခေါင်းဖြတ်တဲ့ ရာဇဝင် ဘယ်တုန်းက စတင်ခဲ့သလဲ အတိအကျ မသိရဘူး။ တချို့ပါးစပ်ပြော စကားများအရတော့ လွန်ခဲ့တဲ့ မျိုးဆက် ၁၅ ဆက်လောက် ကထဲ က စတင်ခဲ့တယ် လို့ဆိုတယ်။ အခြေခံ ကတော့ ဝတ်မှတ်ခေါင်းပါးမှုပါဘဲ။ ဝ နယ်အတွင်းပိုင်းဟာ အလွန်အေးပါတယ်။ တချို့နေရာတွေ ရေခဲတယ်။ တောင်တန်းဒေသဖြစ်လို့ ရေခက်ခဲတယ်။ သဘာဝရာသီဥတု အခြေအနေလဲမကောင်းဘူး။ ကပ်ဘေးများလဲ အကြိမ်ကြိမ် ဆိုက်ခဲ့ဘူးတယ်။ ရောဂါဘယလဲ အလွန်ထူပြော ပါတယ်။ ကြောက်စရာ ကောင်းတဲ့ ဦးဏှောက် အမေးရောင် ရောဂါနဲ့ ငှက်ဖျား ရောဂါဆိုးတို့ဒါဏ်ကိုလဲ အလူးအလဲ ခံခဲ့ရတယ်။ ဝ နယ် တနယ်လုံးမှာ ပြန့်ဒေသ အလွန်နဲတယ်။ တောင်ပေါ်ဒေသမှာ စပါး စိုက်လို့မကောင်းဘူး။ အများစု ပြောင်း စိုက်ခဲ့ကြတယ်။ ပေါက်ပြားနဲ့ တူးဆွ စူးထိုး စိုက်တဲ့ ရွှေ့ပြောင်း တောင်ယာများကို ကာယ အား နဲ့ တပင် တ ပန်း စိုက် ပျိုး ကြရ တယ်။ ခေါင်လှတဲ့ ဝ နယ် အတွင်းပိုင်းတွေမှာ ထုတ်လုပ်ရေးကရိယာတွေဟာ သစ်သားချွန်၊ ဝါးချွန်၊ ကျောက်ချွန်တို့သာဖြစ်ခဲ့ကြတယ်။ အဝတ်အစား ဝတ်စရာမရှိဘူး။ အရှက်လုံရုံဘဲ ရှိခဲ့တယ်။ ဝမ်းစာစပါး တ နှစ်လုံးမှ တလစာ နှစ်လစာ ဘဲရှိတယ်။ သစ်ဥ သစ်ဖု များကို ကြိုချက်စားသောက် ကြရတယ်။ အုပ်စုလိုက် အမဲ လိုက်၊ ည အခါ မီးပုံရှို့ကာ မီးပုံနား ပျံလာတဲ့ ပလူကောင်၊ ပိုးမွှားကောင်များကို ဖမ်းစား၊ မြေကြီးခဲအနုတွေ တူးစား၊ ချောင်ကြို ချောင်ကြားမှာ ခရု ယောက်သွားတွေ စုဝေးရှာဖွေ စားသောက်ပီး အသက် တချောင်းကို ခက်ခက်ခဲခဲ မွေးမြူခဲ့ရတယ်။ ပါးစပ် ရာဇဝင်အရ မြေရှင်ကြီးတဦး(တချို့ကကူမင်တန်ဒလျူ လို့လဲပြောကြတယ်) က ပြုတ်ထားတဲ့ စပါးတွေကို လူထုကို မျိုးအဖြစ် ပေးပြီး စပါး မပေါက်တော့ လူခေါင်းဖြတ် ယဇ်ပူဇော်မှ စပါးပေါက်မယ်လို့ ပြောကြောင်း၊ လူခေါင်းဖြတ် နတ်တင်ပြီးတဲ့အခါ စပါးမျိုးမှန်ကို ထုတ်ပေး တော့မှ စပါး ပင်ပေါက်ခဲ့ကြောင်း၊ ထိုစဉ်ကထဲက ခေါင်းဖြတ်ခြင်း ဓလေ့ ထွန်းကား ခဲ့ကြောင်း ဆိုတယ်။

ဝ နယ်ရဲ့ ဘိန်းစိုက်ပျိုးမှု ရာဇဝင် ဘယ်အခါ က စခဲ့တယ် ဆိုတာလဲ အတိအကျ မသိရဘူး။ ဒါပေမဲ့ ဝ နယ် ဘိန်း စိုက်ပျိုးမှုကို ကူမင်တန်တွေက ချုပ် ကိုင်ထားခဲ့တယ်။ ဘိန်း ခင်းတွေ ပင်ထောင် ဝယ်ထားတယ်။ ဘိန်း တပိသာ ဆန် ၃ တင်းနှုံးဘဲ ပေးပြီး ပြန်ရောင်းတော့ ကျပ် ၁၀၀၀၊ ထိုင်းမှာ ကျပ် ၂၀၀၀

၃၀၀၀ အထိ ရခဲ့ကြတယ်။ ဝ ပြည်သူတွေ ဘိန်း စိုက်တာက ဆန် ဆားတို့နဲ့ လဲဘို့ဘဲဖြစ်တယ်။ ဝ နယ်မှာ ယခင် အတိတ် ဟောင်းက စပါးစိုက်လို့ ခက်တယ်။ ဘိန်း စိုက်လိုလွယ်တယ်။ ဝ နယ်ရဲ့ အနိဋ္ဌာရုံတွေ ဖြစ်ခဲ့တဲ့ ကျွန်ပြု ကျွန်ရောင်း ကျွန်ဝယ်မှု၊ လူခေါင်းဖြတ်နတ်တင်မှု၊ ဘိန်းနဲ့ ဆင်းရဲမွဲတေ ခေတ် နောက်ကျမှုတို့ဟာ ရာဇဝင်နဲ့ချီ ဖြစ်တည်လာခဲ့တဲ့ စနစ်ရဲ့ ဒါဏ်ရာဒါဏ်ချက် များပါဘဲ။

၁၉၇၁ လွတ်မြောက်စမှာ မော်လဲ့က ကျွန်ပိုင်ရှင် တဦးထံမှာ မိန်းမ ၆ ယောက်၊ ယောကျ်ား ၇ ယောက် ကျွန် ၁၃ ယောက် တွေ့ရတယ်။ ကျွန် ၃ ယောက် ကို ဝက်တကောင်နဲ့ လဲခဲ့တယ်လို့ သိရတယ်။ ကျွန်တွေကို တိရစ္ဆာန် တွေအတိုင်းဘဲ ထားရှိပြီး ပြင်းပြင်းထန် ထန် ခိုင်း စေတယ်။ ကျွန်ဆိုတာ စကားပြော တတ် တဲ့ တိရစ္ဆာန် ပါဘဲတဲ့။ လူတယောက်ဟာ ဝက်တ ကောင်လောက်မှ တန်ဘိုးမရှိတဲ့ ဘဝပါလား။ ဝက်စာနဲ့ ကျွန်စာ ကွာခြားတာက ဝက်စာကို အချဉ်ဖောက် ကျွေးပြီး ကျွန်စာကို ပြုတ်ကျွေးတာဘဲ ကွာခြားပါတယ်။ ဗ လ ကောင်းကောင်း ကျွန်တယောက်ကို ဒင်္ဂါး ၁၈ ပြား (၄၅၀ ကျပ်) အမျိုးသမီး ပိန်ပိန် တယောက် ဒင်္ဂါး ၆ ပြား (၁၅၀ ကျပ်) လောက်ပေးပြီး ဈေးမှာ ဝယ်လို့ ရတယ်။ စောက်ဖားမှာ အဘိုးကြီးတယောက် ကျွန်တယောက်ကို ဒင်္ဂါး ၁၆ ပြား(၄၀၀ ကျပ်)နဲ့ ဝယ်တယ်။ ၃၁ ပိသာထွက် ဝက် တကောင် ကိုတော့ ဒင်္ဂါး ၃၆ ပြား (၉၀၀ ကျပ်) ပေးရတယ်။ စောက်ဖားမှာဘဲ အဘိုးကြီး တယောက်က ဒင်္ဂါး ၁၅ ပြား (၃၇၅) ကျပ်နဲ့ ဝယ်ထားတဲ့ ကျွန်မကလေး တယောက်ကို စော်ကားလို့ ကိုယ်ဝန်ကြီးနဲ့ တွေ့ရတယ်။ ဒါပေမဲ့ကျွန်ကို ကျွန်လိုဘဲ ထားတယ်။ လွယ်လင်း ကျွန်ပိုင်ရှင် တဦးဟာ သူ့ကျွန် ကျောပေါ်ကနေ မြင်းလိုစီးပြီး ခရီးထွက်တယ်။ လမ်းမှာ သားကောင်တွေ့လို့ ကျွန်ကို စီးလျက် သားတူမီး သေနတ်နဲ့ပစ်တာ မထိဘဲ လွဲချော် သွားတယ်။ ထမ်းထားတဲ့ကျွန် ငြိမ်ငြိမ်မနေဘဲ လှုပ်ရှားလို့လွဲချော်ရတယ်ဆိုပြီး ကျွန်ရဲ့ဦးခေါင်းကို သေနတ်ဒင်နဲ့ ဆောင့်လို့ ထိပ် ဟက်တက် ကွဲသွားရတယ်။

ဝ နယ် လွတ်မြောက်စမှာဘဲ ဝမ်လင်းဒေသ တိန်နန်းရွာရဲ့ ညောင်ပင်ကြီး အောက်မှာ လူဦးခေါင်းတွေ တင်ထားတဲ့ တိုင်ပေါင်း ၇၂ တိုင်တွေ့ရတယ်။ ဒီတိုင်တွေရဲ့ ခြေရင်းမှာ လူခေါင်းခွံတွေ လူရိုးတွေနဲ့ မဆွေးသေးတဲ့ ဆံပင်တွေဟာပုံနေပြီး အပုပ်နံ့တထောင်း ထောင်း ထနေတယ်။ အချို့ရွာတွေမှာ ခေါင်းဖြတ်ပွဲကျင်းပတဲ့အခါမှာ နတ်ဆရာ တီးလေ့ရှိတဲ့ သစ်ခေါင်းထွင်းထားတဲ့ မရဏ သစ်လုံးကြီးတွေ ယခုတိုင်အောင် ရှိပါသေးတယ်။ လွယ်လင်း(နန်းခမ်းဦး) ကနေ ယင်းဖန်ခရီးဟာ ၅ နာရီသာ ကြာပေမဲ့ အရင်က ဒီခရီးဟာ ခေါင်းဖြတ် သမားတွေ ကြီးစိုးတဲ့ မရဏ ခရီး ဖြစ်လို့ ဘယ်သူမှ မသွားရဲကြဘူး။ ခေါင်းဖြတ်ဘို့ ဖမ်းထားဝယ်ထားခံရတဲ့ အရွယ် မရောက်သေးတဲ့ ကလေးတွေ ဝ နယ် တခွင်လုံးမှာ စုစုပေါင်း ၄၀၀၀ ကျော် ရှိ ပြီး၊ ဗမာပြည် ကွန်မြူနစ် ပါတီ ရောက်လာတော့မှ အ သက်ဘေးက လွတ်ခဲ့ရတယ်။ သူတို့လေးတွေကို မိဘမဲ့ကလေးကျောင်းဖွင့်လှစ်ကာ ပညာသင်ပေး ကျွေးမွေးပြုစုထားလို့ ယခုအခါ ပါတီဝင်တွေ တော်လှန်ရေး သမားတွေ ပညာတတ်တွေ ဖြစ်လာကုန်ပါပြီ။

ပါတီက ခေါင်းဖြတ်နတ်တင်တဲ့ စနစ်ကို ပြင်းပြင်းထန်ထန် တားမြစ်ခဲ့ပြီးတဲ့ နောက်ပိုင်း ဝမ်လင်နဲ့ ယင်းဖန်ဒေသတွေမှာ လူကိုအရှင် ခေါင်းမဖြတ်ပေမဲ့ လူသေကိုခေါင်းဖြတ်နတ်တင်မှုတွေ ရှိခဲ့သေးတယ်။ ခေါင်းဖြတ်ခြင်းနဲ့ မဆိုင်သော်လဲ ဝ အမျိုးသား များရဲ့ ဓလေ့ဟောင်း တရပ်က အိမ်သား တဦးတယောက် သေ ဆုံးရင် လနဲ့ နှစ်နဲ့ ချီပြီး မမြှုပ်ဘဲ ထားလေ့ ရှိပါတယ်။ လူကြီး သူကြီး ထဲကဆုံးရင် ပိုကြာတတ်သေးတယ်။ သေသူအတွက် ကျွဲ၊နွား၊ဝက်၊ခွေးစသဖြင့် သတ်ပြီး မပူဇော်နိုင်ယင် သေသူဟာ နောင်ဘဝ အတွက် မကောင်းနိုင်ဘူးလို့ အယူရှိခဲ့တယ်။ ဆင်းရဲတော့ သားသတ်ဘို့ မတတ်နိုင်သေးယင် မသတ်နိုင် မချင်း မမြှုပ်သေးဘူး၊ အခေါင်း သွင်းပြီး အိမ်ပေါ်မှာဘဲ အလောင်းကို ထားတော့ အပုပ်နံ့ တလှိုင်လှိုင် နံ့ပေါ့။ ဒီဓလေ့ဟောင်းဟာလဲ ပါတီက ဖိဖိစီးစီးပညာပေး တားမြစ်လို့ ၈၀ ခုနှစ် ဒီဘက်ပိုင်းမှာ မရှိတော့ သလောက်ကွယ်ပျောက် သွားပါတယ်။

အုပ်စုတိုက်ပွဲများဟာ ကြောက်ခမန်းလိလိ ပြင်းထန်ခဲ့တယ်။ အခါက ကတော့ အုပ်စုခေါင်းချင်း မသင့်မြတ်ကြလို့ တိုက်ကြတာပါ။ လူထုထဲမှာ ဘာ ပြဿနာ မှ ကြီးကြီးမားမား မရှိပါဘူး။ အဂိုးရ အဆက်ဆက်ဟာ အုပ်စုခေါင်းတွေကို ကိုင်ပြီး အုပ်စုချင်း ပဋိပက္ခကို အသုံးချ ခဲ့ကြတယ်။ ဝ နယ်ပြည်သူတွေကို ဝါးအစည်း ပြေသလို အကွဲကွဲအပြားပြား ဖြစ်အောင်လုပ်ပြီး အုပ်စုတိုက်ပွဲများကို ကြီးထွား စေခဲ့တယ်။ ကူခင်တန် တွေကလဲ အုပ်စုခေါင်းတွေကို ကိုင်

ပြီး ဘိန်း ကုန်ကူးကာ စီးပွားရေး အမြတ် ထုတ်ခဲ့ကြတယ်။ အုပ်စုချင်းအကြား ပဋိပက္ခတွေ တိုးပွားလာပြီး မြေယာလု တိုက်ပွဲတွေ ဖြစ်ကြတယ်။ ကြွယ်ဝတဲ့အုပ်စုက မြေယာပိုင်ဆိုင်မှု ပိုများလာတယ်။ အုပ်စုတအုပ်စုရဲ့ နယ်မြေအတွင်းမှာရှိတဲ့ တောင်ယာ စိုက်ခင်းတွေဟာ အဲဒီ အုပ်စုရဲ့ အုပ်စုခေါင်းက ပိုင်တယ်။ သူတဦးတည်းက အုပ်စီးထားတယ်။ သာမန် ဝ ပြည်သူတွေမှာ အငတ်တော် အပြတ်ပြတ် ရှိပေမဲ့ အုပ်စု ခေါင်းရဲ့ စပါးကျီ တွေမှာ ၃—၄ နှစ်စာ စပါးများ သိုလှောင်ထားနိုင်ကြတယ်။ အုပ်စုခေါင်း တွေရဲ့ တောင်ယာကို အုပ်စုဝင်တွေက အရင်လုပ်ကိုင်ပေးပြီးမှ ကိုယ့်ယာကိုယ် လုပ်ကြရတယ်။ ၁၉၇၂ ဧပြီလထဲမှာ ပါတီက အလုပ်အဖွဲ့ ဝ တောင်ကို ရောက်တော့ လူထုတွေ ငတ်ကုန်ပြီး စားစရာ ဆန်မရှိဘူး။ ဒါပေမဲ့ အုပ်စု ခေါင်း အိမ်မှာ လွန်ခဲ့တဲ့ ၃—၄ နှစ်က စပါးကိုတောင် ဝယ်လို့ ရနေသေးတာ တွေ့ရတယ်။

နာမည်ကြီး အုပ်စုကြီး ၂ ခု ဖြစ်တဲ့ မန်တုန် မှ လုံ့ခွာ အုပ်စုနဲ့ လိန်ဟော်မှ မွတ်လေ့ အုပ်စုတို့ တိုက်ကြတာ ၁၉၇၃ ခုနှစ်မှာ ပါတီက ဖြေရှင်းပေးပြီးတဲ့ အထိ နှစ်ပေါင်း ၃၀ ကြာခဲ့တယ်။ လုံ့ခွာရွာ နဲ့ မွတ်လေ့ရွာ အကြား၊ ရှည်လျား ကျဉ်းမြောင်းတဲ့ တောင်တလုံးကို သူပိုင်ငါပိုင် လုနေတာ ကြာလှပြီ၊ အင်္ဂလိပ်ခေတ်က တခြမ်းစီ ခွဲဝေပေးပြီး ဖြေရှင်းခဲ့ပေမဲ့ မပြေလည်ခဲ့ဘူး။ ပါလီမန် အစိုးရ လက်ထက်မှာလဲ ၂ ကြိမ် ဖြေရှင်းခဲ့ ဘူးပေမဲ့ တံစိုး လက်ဆောင်များ လာဘ်ထိုးရတာသာ အဖတ်တင်တယ်၊ မပြေလည်ခဲ့ဘူး။ ၁၉၆၉ ခုနှစ်မှာ ဒီအုပ်စုကြီး ၂ ခုဟာ အပြင်းအထန် တိုက်ကြပြန်ပါတယ်။ အုပ်စုခြင်း တိုက်ကြလို့ ရွာတွေ မီးလောင်ပြာကျ ရတာ အခါခါ၊ သေကြေ ပျက်စီးမှုတွေလဲ မနဲလှတော့ဘူး။ ဒီနယ်ဟာ မိုင်းမောရဲ့ အနောက်ဖက် ၁၄—၅ မိုင်လောက် အကွာမှာ ရှိပါတယ်။ မွတ်လေ့ အုပ်စုကစစ်ရှုံးလို့ တံစိုး လက်ဆောင်များ ပေးပြီး မိုင်းမော မှာရှိတဲ့ စစ်အစိုးရ ကြေးစားတပ်ကို စစ်ကူ တောင်းတယ်။ လုံ့ခွာအုပ်စုကလဲ တံစိုး လက်ဆောင် ပို့ပေးပြီး စစ်ကူ တောင်းပြန်တယ်။ ကြေးစား တပ်က နှစ်ဘက် ခွတုတ်နေပေမဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်း မပေးနိုင်ခဲ့ဘူး။ ဒီလိုနဲ့ အုပ်စု ၂ ခုစလုံး ရွှေချောင်းတွေ၊ ဒင်္ဂါးတွေ၊ ဘိန်းတွေ၊ အစား အသောက်တွေ လာဘ်ထိုးရတာနဲ့ ဖြူကာ ပြာကာ ကျခဲ့ကြရတော့တယ်။ စုစုပေါင်း ဒင်္ဂါး ၃၀၀၀ လောက် ကုန်ကျ ခဲ့ရတယ်။ လွှတ်မြောက် လာပြီးတဲ့နောက် ၁၉၇၃ ခုနှစ်ထဲမှာ ပါတီက ဒီပြဿနာကို ကိုင်တွယ် ဖြေရှင်းခဲ့တယ်။ အုပ်စုခေါင်း ၂ယောက်ကို လူထုရှေ့မှာ လူတန်းစားအံ ရဖွင့်ချကာ လူထုတိုက်ပွဲ ဆင်ခဲ့တယ်။ လူထုကို ပညာ ပေးခဲ့တယ်။ ဒါဟာ လူထုချင်း ပြဿနာ၊ ဘဝတူ အုပ်စုချင်း ပြဿနာ မဟုတ်ဘဲ အဓိက အုပ်စုခေါင်းဆောင် ၂ဦးရဲ့ ပြဿနာ သာဖြစ်လို့ နှစ်ဘက် လူထုရဲ့ ချစ်ခင်သွေး စည်းမှုဟာ ပြန်လည်ဖွံ့ဖြိုး လာခဲ့တယ်။ ပြဿနာလဲ ပြေလည်သွားခဲ့တယ်။

၁၉၇၂ ခုနှစ်ကုန် ပိုင်းမှာ ဗမမာပြည် ကွန်မြူနစ်ပါတီက အမိန့်လေးရပ် ထုတ်ပြန်ပြီး ဝ နယ်ရဲ့ ခေတ်ဟောင်းက အမွေဆိုးများကို ပြင်းပြင်း ထန်ထန် တားမြစ်ပိတ်ပင်ခဲ့တယ်။

၁။ လူခေါင်းဖြတ် နတ်တင်တာ မလုပ်ရ၊ လုပ်သူကို သေဒဏ်။

၂။ အုပ်စု တိုက်ပွဲ မလုပ်ရ၊ စလုပ်သူကိုသေဒဏ်။

၃။ ကျွန်များ မထားရ။ လူအရောင်းအဝယ် မလုပ်ရ။ ရှိဘဲ့ကျွန်တွေကို လွှတ်ပစ် ရမယ်။ ဒါမှမဟုတ် ပါတီသို့ အပ်ရမယ်။

၄။ လုပ်အား အလကား မခိုင်းရ၊ ခိုင်းရင် လုပ်ခပေးရမယ် ဆိုတဲ့အမိန့် လေးရပ် ထုတ်ခဲ့တယ်။

မိုင်းမော မှာ ခေါင်းဖြတ် သူရဲကောင်း ဆိုသူကို ဈေးထဲမှာ သေဒဏ် ပေးလိုက်တယ်။ ဝ နယ်တနယ်လုံးမှာ လူတန်းစားတိုက်ပွဲဆင်ပြီး လူထုအပေါ် သွေးကြွေးချွေးကြွေး ရှိသူများကို အရေးယူ အပြစ်ပေးခဲ့တယ်။ ဝ နယ်မှာ အုပ်စု ၃၆ အုပ်စု ရှိတဲ့အနက် ၃၄ အုပ်စု ကို လွှတ်မြောက် စေခဲ့ပြီး ဒီအထဲက အုပ်စုခေါင်း ၇ ဦးဟာ မိမိတို့အမှားကို လူထုရှေ့မှောက်မှာ ဖွင့်ဟဝန်ခံကာ ပြည်သူ့တပ်မတော်နဲ့ လာရောက်ပူးပေါင်း ခဲ့တယ်။ အနဲစု အုပ်စုခေါင်း တွေက စစ်အစိုးရ အုပ်စိုး ထားတဲ့ ဒေသဖြူသို့ ထွက်ပြေးကြတယ်။ ကျန်အုပ်စုခေါင်း တွေဟာ အမျိုးမျိုး ပညာပေး လို့မရ၊ မိမိတို့ရဲ့ လူထု အပေါ် ဗိုလ်ကျ သွေးစုပ်တဲ့ လုပ်ရပ်များကို မပြုပြင်တဲ့အောက်မှာ ဝ ပြည်သူတွေနဲ့ ပြည်သူ့ တပ်မတော်ရဲ့ ဒဏ်ခတ် အပြစ်ပေးခြင်း ခံကြရတယ်။

နန်ပုံ၊ နားဝေး၊ နမ့်ဖန်၊ မိုင်းမော၊ ဟိုပန်စတဲ့ဒေသတွေမှာ သီးစားခ စနစ်ရှိတယ်။ သီးထွက်ရဲ့ တဝက်ကို လယ်ရှင်ကို ပေးရတယ်။ ပန်ယန်း၊ ပန်ဆန်း ဒေသ တွေမှာတော့ ပဒေသရာဇ်စော်ဘွား၊ ရွာစား ရွာဆော်များ

ရဲ့ သြဇာ အာဏာဟာ ကြွင်းကျန် တည်ရှိ နေ သေး တယ်။ ကြွယ်ဝတဲ့သူ မြေယာ ပိုင်ဆိုင်မှု ပိုများတယ်။ လယ် တွေ ကို ကြေးနဲ့ သိမ်းတာ၊ အာဏာနဲ့ သိမ်းတာ၊ သိမ်းဝယ်တာလုပ်ပြီး ချုပ်ကိုင် လာကြတယ်။ စပါးတိုး၊ ငွေတိုး၊ ပင်ထောင်စနစ် များလဲ ထွန်းကား တယ်။ နှစ်ထပ်တိုးဖြစ်လို့ ပြန် မဆပ်နိုင် ကြ တော့ တာ တွေ များ တယ်။ အခွန် ပဏ္ဏာ ဆက်သရတဲ့ စနစ်၊ ဘိုလယ်မြေကို ချုပ်ကိုင် ခြယ်လှယ် သွေးစုတ်တဲ့ စနစ်များ ရှိခဲ့တယ်။

စစ်အစိုးရ ကြေးစားတပ်၊ ကူမင်တန် တပ် ကြွင်း တပ်ကျန် များနဲ့ ကာကွယ်ရေး လို့ခေါ် တဲ့ စစ်အစိုး ရ ဖွဲ့စည်းထားတဲ့ လက်န က်ကိုင် တပ်ဖွဲ့ များဟာ ယင်း ဖန်၊ မိုင်းမော၊ စောက်ဖါး၊ ပန်ယန်း၊ ပန်ဆန်း တို့မှာ အမြီးချင်း ချိတ်လိမ်ထားတဲ့ ခွေးအ သုံး ကောင် လို တပ်စွဲထားကြတယ်။ လူထုဟာ ဒီဖေါက်ပြန် ရေး တပ်များကို အစဉ်အမြဲ ဆက်ကြေး ပေးနေ ရတယ်။ အထမ်း လိုက်ရတယ်၊ ခိုင်းသမျှ အ ကုန် လုပ်ပေး ရ တယ်။ တနှစ်ကို တအိမ် ငွေဒင်္ဂါး ၇ ပြား၊ ဆန် ၃ ပုံး၊ ဘိန်း တပိဿာ၊ ကြက်၊ဝက်၊ကျွဲ၊နွား၊ ထင်း၊ ဝါး၊ သက်ကယ် အစုံပါဘဲ။ ကြားဖြတ် ဆက်ကြေး များလဲ ရှိသေးတယ်။ လက်နက် ခဲယန်းဘိုး၊ အဝတ် အစား ဘိုး စသဖြင့် ဖြစ်တယ်။

လူမျိုးရေး ပဋိပက္ခလဲ ပြင်းထန်တယ်။ အခုလို အဖိနှိပ် အလုယက် အစော်ကား ခံနေရတဲ့ ဘဝ က လွတ်မြောက်ရေး အတွက်ဆိုပြီး၊ လူမျိုးအလိုက် ပုန်ကန်မှု အဖွဲ့အစည်းတွေ ပေါ်လာတယ်။ ဝ အမျိုးသား ထဲက ဗိုလ်မောင်အဖွဲ့၊ မဟာစန်းအဖွဲ့၊ လားဟူအမျိုး သားထဲက ဗိုလ်ကြာလုအဖွဲ့ စသဖြင့် ဖြစ်တယ်။ ဒါပေမဲ့ ဒီအဖွဲ့တွေဟာ ဝိဇ္ဇာနည်းကျ မှန်ကန်တဲ့ အတွေးအခေါ် လမ်းညွှန်လဲမရှိ၊ မှန်ကန်တဲ့ ခေါင်းဆောင်မှု အဖွဲ့အစည်း လဲမရှိ၊ မှန်ကန်တဲ့ အခြေခံ လမ်းစဉ် လုပ်ငန်းစဉ်များလဲ မရှိလေတော့ တချို့ဟာ ကိုယ့် အမျိုးသား ကိုယ်ပြန်ဖိနှိပ်တဲ့ အဖွဲ့အစည်းတွေ ဖြစ်ခဲ့ရတယ်။ မိမိအမျိုးသား လွတ်မြောက် ရေးအတွက် မဆောင်ကျဉ်းနိုင်ရုံမကလူထုမှာ ဗူးလေးရာဖရုံဆင့်ဆိုသလို ဖြစ်ခဲ့ရတယ်။ ဒီအဖွဲ့အစည်းတွေဟာ ဝ နယ်ပြည်သူတွေ အပေါ် ကူမင်တန် ကာကွယ်ရေးနဲ့ ကြေးစားတပ် နည်းတူ ကြီးလေးတဲ့ ဆက်ကြေးများကို ကောက်ခံရုံတင်မ က မထင်ရင် မထင်သလို သတ်ဖြတ် နှိပ်စက် လုယက်တာ တွေ လုပ်ခဲ့ကြတယ်။ ဝ နယ် ပြည်သူတွေရဲ့ အတိတ်ဘဝမှာ မိမိတို့လုပ်သလောက် အကျိုးမခံစားရပါဘူး။ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း လုပ်ကြရပြီး လုပ်အားရဲ့ အများပိုင်း ၈၀ % လောက်ဟာ သွေးစုတ် လုယက်ခြင်း ခံခဲ့ရတယ်။ အရာအား လုံးကို မျက်စိ သူငယ် နားသူငယ်နဲ့ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်ခဲ့ရပါတယ်။

ခုချိန်မှာတော့ဝ နယ်လွတ်မြောက်လာတာ ၁၆နှစ် ကျော် ၁၇ နှစ်လောက်ရှိလာပါပြီ။တချိန်က ကျေးကျွန်တွေဟာယခုတော့အရှင်သခင်တွေဖြစ်လာပါပြီ။အတိတ်ကဖြစ်ရပ်တွေဟာ ပုံပြင်သဖွယ် ကျန်ခဲ့ပါပြီ။ ဒီလိုအဖြစ်ဆိုးမျိုးတွေကို နှောင်းသူငယ်တွေဟာ သက်ကြီးရွယ်အိုများက လွမ်းဆွတ်ကြေကွဲစွာ ပြန်လည်ပြောပြမှ ကြားသိကြရ တော့တယ်။ လွတ် မြောက် ပြီး တဲ့ နောက် ဝ နယ်ဟာလဲ တဟုန်ထိုး ပြောင်းလဲ လာခဲ့တယ်။ အစဉ်အလာ ဟောင်း ထုံးဓလေ့ ဟောင်းများ တိမ် ကောပျောက်ကွယ် ကုန်သလို သစ်လွင်တဲ့ နိုင်ငံရေး အ တွေးအခေါ်၊ အသိဉာဏ်၊ အသိအမြင် များလဲ ပွင့်လင်းလာ နေပြီ ဖြစ်တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ဝ နယ် ဟာ ယခင်ကနဲ့မတူ တသွေးတမွေးနဲ့ ရှေ့ကို ဖြစ်ပေါ်တိုးပွားနေပြီ ဖြစ်တယ်။ အတိတ်ဖြစ်ရပ်များဟာ အနီးခေတ် သမိုင်း ပုံကား ချပ် တရပ်အဖြစ် ဗမာပြည်ရဲ့ သမိုင်း ကွက်လပ် တခုကို ဂွင်းဆက် ချိတ်ဆက် ကြည့်ခြင်းမျှသာဖြစ်ပါတယ်။

# ပါတီဝင်များထံ့ ဆင်ခြင်ချက်

ဗမာပြည် ကွန်မြူနစ် ပါတီ ၏ အထွေထွေ လုပ်ငန်းစဉ်တွင် ယခုလို ပါရှိသည်။ ဗမာပြည် လက်နက်ကိုင်တိုက်ပွဲ အောင်မြင်ရေး ဂွင်းဆက် အကျဆုံးမှာ ဗမာပြည် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှုပင်ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေး ခေါင်းဆောင် အမြဲတေ ဖြစ်သောပါတီကို ခိုင်မာတောင့်တင်း အောင်တည် ဆောက်ရန်လိုပေသည်။

အရာရာတိုင်း သည်အမြဲပြောင်းလဲ နေသည်။ ထိုပြောင်းလဲမှုနှင့် ကိုက်ညီအောင် မိမိလုပ်ငန်း လမ်းညွှန်တွေကိုချမှတ် လုပ်ဆောင်ကြ ရပေမည်။ ပါတီ သည် တော်လှန်ရေးကို ခေါင်းဆောင် နေသည်။ မိမိခေါင်းဆောင်မှုလုပ်ငန်း အောင်မြင်ရန် မိမိကိုယ်တိုင် ကိုလည်း အခြေအနေနှင့် ကိုက် ညီအောင် မှန်ကန် စွာ တည်ဆောက်ရမည်။ မျက်မှောက်ပါတီ တည်ဆောက် ရေးနှင့်ပတ်သက်၍ ပြဿနာတချို့ကို တင်ပြလိုပါသည်။

## [၁]

### လမ်းညွှန်အတွေးအခေါ် နှင့် ကမ္ဘာ့အမြင်ပြဿနာ

ပါတီဝင်တွေ၊ ကေဒါတွေ အထူးသဖြင့် ခေါင်းဆောင်ကေဒါတွေ အဖို့ ဘယ်အကြောင်းပြချက် နှင့်မျှ မိမိအသိဉာဏ် မြှင့်တင်ရေးကို ပေါ့ဆ လို့မဖြစ်ပါ။ ၎င်းကိုမိမိ၏ နေ့စဉ်လုပ်ငန်း တာဝန် အတွင်းအရေးကြီးသည့် လုပ်ငန်းတာဝန် တရပ်အနေဖြင့်သတ် သတ်မှတ်မှတ်လေ့လာရန်လိုပါသည်။ တနေ့ဘယ်နှစ်နာရီ၊ တပတ်ဘယ် နှစ်နာရီ စသည်ဖြင့်အချိန် သတ်မှတ်၊ စာတမ်းသတ်မှတ်၊ စီမံကိန်းချ ဇွဲနှင့်လုပ်သင့်သည်။ သဘောတရား အခြေခံမူ ရင်းတွေကို ပိုင်နိုင်အသုံးချနိုင်ဘို့လိုသည်။ အသစ်အသစ် ခေတ်နှင့်အညီ အမှီတိုးတက် နေဘို့လိုပါသည်။

မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် ကို ဝိဇ္ဇာနည်းကျ ကြည့်မြင် ရမည်။ ဆည်းပူး လေ့ လာရမည်။ ကြံ့ခိုင်စွဲမြဲရမည်။ လက်ရှိ အခြေအနေ နှင့်ပေါင်းစပ်နိုင်အောင် ကြိုးစားရမည်။ အမှီခိုကင်းကင်း ထိုးထွင်းဖန်တီးမှုရှိစွာ လုပ်ဆောင် နိုင်အောင် အား ထုတ်ရပေမည်။

လက်ငင်းပြဿနာတွေ ဖြေရှင်းရန် တပြုံ တခေါင်းကြီးရှိသည်။ ဝိဇ္ဇာနည်းကျ အတွေးအခေါ် လမ်းညွှန်မှုဖြင့်ရင်းပြဿနာများကို ဖြေရှင်းမှသာ ပြေလည်နိုင်မည်။ ကျနော်တို့သည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းလူ့အဖွဲ့အစည်းဝန်းကျင်တွင်ကျင်လည် နေကြရသည်။ ဓနရှင်၊ ဓနရှင်ပေါက်စ အတွေးအခေါ်၊ အမြင်တွေ့သာမက ပဒေသရာဇ် လူတန်းစား၏ အတွေး အခေါ် အမြင်များ၏ ဂယက်ရိုက် မှုကိုလည်း အနည်းနှင့် အများခံကြ ရသည်။ ပစ္စည်းမဲ့တပ်ဦး ပါတီနှင့်မအပ်စပ်သော ကျနော်တို့ ကိုယ်တိုင်၏ အတွေးအခေါ်၊ အမြင်၊ လုပ်ဟန် များကို မ လှည့်ပြောင်း ၍မဖြစ်ပေ။ အနုပဋိလောမ သမိုင်းရုပ်ဝါဒ ရပ်တည်မှု၊ အမြင်၊နည်းနာ တို့ကိုဆည်းပူး၊စွဲမြဲ၊ ဖန်တီးမှုရှိရှိ ပေါင်းစပ် ကြရပေမည်။ ကိုယ့်ကိုယ်ကို ပြတ်သားစွာလှည့်ပြောင်းတာနှင့် အတူ ပါတီကိုလည်းနက်နက် ရှိုင်းရှိုင်း လှည့်ပြောင်း ကြရမည်သာ ဖြစ်သည်။

## [၂]

### အဆင့်အသီးသီး ခေါင်းဆောင်အဖွဲ့ တည်ဆောက်ရေး ပြဿနာ

ခေါင်းဆောင် အဖွဲ့သည်ဦးစီးညွှန်ကြားသည့် ဌာနဖြစ်သည်။ သူတို့၏ အတွေးအခေါ် လုပ်ဟန်ကသူတို့ခေါင်းဆောင်နေသည့် အဖွဲ့အစည်း၏ အကောင်း အဆိုးကို ဩဇာ သက်သည်။ ထို့ကြောင့် ခေါင်းဆောင် အဖွဲ့ တည်ဆောက်ရေးသည် အချက်အချာ ကိစ္စတရပ် ဖြစ်သည်။

ခေါင်းဆောင်အဖွဲ့ အထူးသဖြင့် တာဝန်ခံ ခေါင်းဆောင် ကေဒါများသည် တော်လှန်ရေး ဆံရမည်။ လုပ်ဟန်လည်း မှန်ရမည်။ တက်ကြွရမည်။ ကွန်မြူနစ်လူ့ကျင့်ဝတ် ရှိရမည်ဖြစ်သည်။ တော်လှန်ရေး အလံကို အဆုံးတိုင် ကိုင်စွဲ ချီတက်နိုင်သူ ဖြစ်ရမည်။ မတက်ကြွသည့် အလံကိုင်အဖွဲ့၏ ရှေ့ဆောင် ချီတက်မှု အောက်တွင်၊ အခက်အခဲမှ လွှဲလ်မြောက် လှည့်ပြောင်း နိုင်လိမ့်မည်ဟု ယူဆလျှင် အလွန် အန္တရာယ်ကြီးသည်။ ဗမာပြည် ကွန်မြူနစ် ပါတီ၊ ဗမာပြည် ပြည်သူလူထု၊ ဗမာပြည် တော်လှန်ရေးကို သက်ဆုံးတိုင် အလုပ်အကျွေးပြု

မည့်သူများ ဖြစ်ကြရ ပေလိမ့်မည်။ ဗမာပြည် ပြည်ချစ်ဝါဒ၊ လူမျိုးစုံ သွေးစည်းရေး ဝါဒနှင့် နိုင်ငံတကာ့ ဝါဒသမားများ ဖြစ်ကြရ ပေလိမ့်မည်။

တော်လှန်ရေးဆိုတာ လူတန်းစားတရပ်က အခြားလူတန်းစား တရပ်ကို အကြမ်းဖက် တွန်းလှန်ဖို့ချခြင်း ဖြစ်သည် ဟု ရဲဘော်မော်က ညွှန်ပြခဲ့သည်။ ခေါင်းဆောင်ကေဒါများအတွင်းလူတန်းစားအမြင်၊လူတန်းစား စိတ်ဓါတ်၊နိုးကြားမှုအသိ မပြတ်မြင့်မားနေရန် လိုသည်။ မဟုတ်လျှင် ခုခံအားနည်းရောဂါ အမြန်ကူးစက်လာနိုင်သည်။ သဘောတရားရေချိန်၊ ပါတီ၏ လုပ်ငန်းစဉ်၊ လမ်းစဉ်ပေါ် လစီကို ကိုင်စွဲလုပ်ဆောင်နိုင်သည့် ရေချိန်မပြတ်မြင့်တင်နေရန် လိုသည်။ အာဏာအလွဲသုံး၊ ကိုယ်ကျိုးစီးပွားရှာ၊ စီးပွားရေး မှောင်ခို၊ နိုင်ငံရေး မှောင်ခိုများ ခေါင်းဆောင် အဖွဲ့ထဲ ရောဝင် မလာနိုင်အောင် လုပ်ရန် လိုသည်။ အဆင့်ဆင့်ခေါင်းဆောင် ကေဒါများအတွင်း

(က) ဗမာပြည် တော်လှန်ရေးသမား၊ သက်ဆိုးတိုင် တော်လှန်ရေးသမားတွေ ဖြစ်အောင် ကြိုးစားရန်။

(ခ) အတွေးအခေါ်၊ နိုင်ငံရေး၊ လူတန်း စား စိတ်ဓါတ်ရေချိန်ကို မပြတ်မြှင့်၊ အမှီခိုကင်းစွာ လုပ်နိုင်စွမ်း တက်လာ အောင် ကြိုးစားရန်။

(ဂ) ခေါင်းဆောင်မှု လုပ်ဟန်နှင့် ခေါင်းဆောင်နည်း အမှား တွေကို ပြင်ပစ်ရန်။

(ဃ) လူထုနှင့် အကျွမ်းတဝင် ဆက်ဆံရေး၊ လူထုကို ချစ်မြတ်နိုးရေး၊ လူထုကို ယုံကြည်လေးစားရေး စသည့် လူထုအမြင်ကို နက်ရှိုင်းစွာ စိုက်ထူရန် အပူတပြင်း လုံးပမ်းကြရမည် ဖြစ်သည်။

ခေါင်းဆောင်အဖွဲ့ တည်ဆောက်ရာတွင် နောက်ပြဿနာ တ ရပ်မှာ၊ လူရွေး နေရာ ချထားသည့် ကိစ္စဖြစ်သည်။ အ ဂတိ လိုက်၊ ဘက်လိုက်၊ မျက်နှာ လိုက်၊ တပည့်မွေး၊ ဆရာမွေး စသည့် လုပ်ဟန်များကို ရှောင်ရှားပြုပြင်ဘို့ လိုသည်။ မြှင့်တင်ရာမှာ အရည် အသွေး (နိုင်ငံရေး) နှင့် အရည်အချင်း (ကျွမ်းကျင်မှု) နှစ်ဖက်စလုံးကို မှန်ကန်စွာ ဆက်စပ်ကြရမည်။ ၎င်းတွင် အရည်အသွေးသည် ပထမ နေရာတွင် ရှိရမည် ဖြစ်သည်။

[၃]

## ပါတီတွင်း ဒီမိုကရေစီဘဝ ရှင်သန်ရေးပြဿနာ

ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှု မူသည် ပါတီ၏ စည်းရုံးရေးမူ ဖြစ်သည်။ ပြည့်ဝ သန်စွမ်းသည့် ဒီမိုကရေစီ အခြေခံပေါ် မှာမှ မှန်ကန်သည့် ဗဟို ချုပ်ကိုင်မှုကို အကောင်အထည် ဖေါ်နိုင်မည်။ မှန်ကန်သည့် လုပ်ငန်းစဉ် လမ်းစဉ် ပေါ် လစီတွေကို ချမှတ် နိုင်မည်။ပါတီစည်းကမ်းတွေကို အသိရှိရှိ စောင့်ထိန်းနိုင်မည်။ ပါတီ သွေးစည်း ညီညွတ် နိုင်မည်။ တဗိုလ်တမင်း၊ တ အာဏာ မထောင်နိုင်အောင် တားနိုင်မည်။ လူထုဂုတ်ပေါ် ခွစီးနေသည့် အရှင် မင်းတရား ကြီးများ ပျောက်ကွယ် သွားမည်ဖြစ်သည်။

ပါတီတွင်း ဒီမိုကရေစီ ဘဝနှင့် ပတ်သက် လျှင် ရဲဘော်မော်စီတုန်းက ဤသို့သွန်သင်ခဲ့ပါသည်။ "ပြည်သူတွင်း မှာဆိုရင် ဒီမိုကရေစီ လို့ ပြော တာ ဗဟို ချုပ်ကိုင်မှုနဲ့ ဒွန်တွဲပြောတာပဲ၊ လွတ်လပ် မှုလို့ ပြော တာ စည်းကမ်းရှိမှုနဲ့ ဒွန်တွဲပြောတာပဲ။ ပြည်သူတွင်းမှာလွတ်လပ်မှုမရှိရင် မဖြစ်သလို၊ စည်းကမ်းမရှိလဲ မဖြစ်ဘူး။ ဒီမိုကရေစီမရှိမဖြစ်သလို ဗဟိုချုပ်ကိုင်မှု မရှိလဲ မဖြစ်ဘူး။ အဲဒီလို ဒီမိုကရေစီနဲ့ ဗဟိုချုပ်ကိုင်မှု ပေါင်းစည်းနေ တာ၊ လွတ်လပ်မှုနဲ့ စည်းကမ်းပေါင်းစည်းနေတာ ကျုပ်တို့ရဲ့ ဒီမိုကရေစီ ဗဟိုချုပ်ကိုင်မှုပဲ။"

ပါတီတွင်း ဒီမိုကရေစီ ရှင်သန်မှုအတိုင်းအတာ နှင့် ပတ်သက်လျှင်လဲ "ပါတီတွင်းမှာ ဗဟိုချုပ်ကိုင်မှုလဲရှိ၊ ဒီမိုကရေစီလဲရှိ၊ စည်းကမ်းလဲရှိ၊ လွတ်လပ်မှုလဲရှိတဲ့၊ ဆန္ဒညီညွတ်မှုလဲရှိ၊ ပုဂ္ဂိုလ်အရ စိတ်ချမ်းမြေ့ ရှင်လန်းမှုလဲရှိတဲ့ အသက်ပါ လှုပ်ရှားတဲ့ ဒီလိုနိုင်ငံရေး အခြေအနေတရပ်ကိုဖန်တီးရမယ်။" လို့ ရဲဘော်မော်စီတုန်းက ညွှန်ပြပါသည်။ ကျနော်တို့ ၎င်း အခြေအနေမျိုး ရအောင်ဦးတည်ကြိုးစား ကြရပါမည်။

ဗဟိုချုပ်ကိုင်မှုနှင့် ဒီမိုကရေစီကို တဖက်သတ် အစွန်းရောက်လုပ်ကြလျှင် နှစ်ဖက်လုံး အကျိုးမဲ့ဖြစ် သွားတတ်သည်။ အဖကြီးစိုးစနစ်၏ တဖက်က သီးခြား ဘုရင့်နိုင်ငံငယ်လေးများ ထူထောင် လာတတ်သည်။ သို့ဖြင့် စည်းကမ်းကတခြား၊ ထင်ရာစိုင်းတာကတဖုံ ဖြစ်လာကြသည်။ ရဲဘော်စိတ်ဆက်ဆံမှုတွေ ခေါင်းပါးပြီး၊ အသပြာဆက်ဆံမှု တွေတိုးပွားလာသည်။ မနေရှင် လူတန်စားတဦးချင်းဝါဒ တန်းဘိုးသဘောတရား တွေထွန်းကား လာတတ်သည်။ ဗျူရိုကရက်ဝါဒ၊ အမိန့်ပေးဝါဒတွေနှင့်

ယှဉ်တွဲပြီး ငါ့လှေငါထိုး ပဲခူးရောက်ရောက် တွေဖြစ်လာလေ့ရှိကြသည်။ ကျနော်တို့သည် ပဒေသရာဇ်ဝါဒ ဂယက်တွေကိုရော၊ ဓနရှင်၊ ဓနရှင်ပေါက်စ အတွေးအခေါ် လုပ်ဟန်ရိုက်ခတ်မှု တွေကိုပါရှင်းပစ် ကြရပါမည်။ ပါတီတွင်း ဒီမိုကရေစီ ထွန်းကားလာအောင် ကြိုးစား လုပ်ဆောင်ကြရပါမည်။

## [၄]

## ပစ္စည်းမဲ့ လူတန်းစားတပ်ဦး တော်လှန်ရေးပါတီပီပီ၊ ပါတီကို တင်းတင်းကြပ်ကြပ်ကုစား တည်ဆောက်ရေး ပြဿနာ

ပါတီသည် လူ့အဖွဲ့အစည်းအတွင်းမှအတိုးတက်ဆုံး လူတန်းစား၊ ရင်းလူတန်းစား၏ တပ်ဦးဖြစ်သည်၊ ဓမ္မတာပင် လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်ဟောင်း၏ မကောင်းသည့် ဂယက်ရိုက်မှုလည်း ခံရသည်။ ပါတီတွင်းတွင် မကောင်းသည့် အစိတ်အပိုင်းများ အဖြစ်ပေါ်ပြလာသည်။ ငါးခုံးမဘ ကောင်ကြောင့်တလှေလုံး မပုပ်အောင် သွေးဆိုးသွေးပုပ်များကို အမြဲဖေါက်ထုတ်၊ သွေးသစ် သွေးကောင်းများ သွန်းလောင်း ဘို့လိုပေသည်။ သွေးဆိုးများသည် အိတ်(စ်)ခေါ် ကိုယ်ခံအားနည်းသည့် ရောဂါလိုပြန့် လာတတ်သည်။ သို့ဖြစ်ရသည်မှာ အကြောင်းရင်း အမျိုးမျိုးရှိသည်။ အရေးကြီး သည့် အကြောင်းရင်းတခုမှာ ကြပ်ကြပ်မတ်မတ် မကု စားခြင်းဖြစ်သည်။ "ပါတီဝင်တွေကို မြှင့်တင်ရေးနှင့် ပါတီထဲသို့ရောထွေး ဝင်လာသူများ ကိုရှင်းပစ်ဖို့ သတိပြုရမည်။ ပါတီဝင်တွေကို နည်းချင်နည်းပါစေ၊ ကောင်းဘို့လိုသည်။ ပါတီဝင် အချက်အလက်များ ပျောက်ဆုံးနေသည့် ထိုသူများကို ကျုပ်တို့က ဘာကြောင့် များပါတီထဲမှာ ထားရအုံးမှာလဲ" ရဲဘော်လီနင်၏ အထက်ပါစကားကို ကျနော်တို့ လက်တွေ့ကျကျ စဉ်းစား ပြတ်ပြတ်သားသား အကောင်အထည် ဖေါ် သင့်ပါသည်။

ပစ္စည်းမဲ့ တပ်ဦးပါတီ၏ မူမှန်တွေ ရှိပါသည်။ ဘောင် နိမိတ်တွေ ရှိပါသည်။ မူကို တင်းတင်းကြပ်ကြပ် မကိုင်၊ ထိန်းထိန်းသိမ်းသိမ်း ထောက်ထောက်ထားထား တွေများလွန်းလျှင် ရော့ရဲကာ ပါတီသာ နစ်နာရ လိမ့်မည်။ မှန်သည်၊ ပညာပေးရေး အဓိကပင်၊ သို့သော် ဘယ်သူက ဘယ်သူ့ကို ပညာပေးနေသလဲ လေကောင်းလေသန့်က အနိုင်ရနေသလား၊ အမှန်က ပညာပေးလျှင်၊ အမှားက ပညာပေးမည်သာ၊ လေကောင်းမတိုက်လျှင်၊ လေပုပ် တိုက်မည်သာ။ ထို့ကြောင့် အနာဂတ် ထွန်းပြောင်သည့် လူတန်းစား တပ်ဦးပါတီပီပီ ပြတ်ပြတ်သားသား ကုစား တည်ဆောက် ရပေမည်။

ထို့ကြောင့်—

(က) ပါတီ ဝင် များ ၏ ရေ ချိန် ကို ဘက်စုံ မြှင့်တင်ပေးရမည်။ ပါတီဝင်များ၏ လူတန်းစား ဇီဇ၊ လက်ရှိ လူတန်းစား ကိုယ်စားပြုမှု တို့ကို စစ်ဆေး၊ ပါတီဝင်များ၏ တွေးခေါ် မှုလုပ်ဟန်ကို စစ်ဆေး၊ မိမိတို့ တာဝန် ထမ်းဆောင်မှုနှင့် တိုက်စိတ် ခိုက်စိတ် တို့ကို စစ်ဆေး၊ ထိုစစ်ဆေးမှု ၃ ရပ်ကို လုပ်ကြရ မည်။

(ခ) ပါတီဝင် အထူးသဖြင့် ပါတီဝင် ကေဒါကြီးများ ပါတီစည်းကမ်းကို ကြီးစွာဖေါက်၊ ကိုယ်ကျိုးကိုယ်စီးပွား ရှာနေသူကို မတူသလို ခြေလှမ်းရှိရှိ၊ အချိန်မှီ အရေးယူ ဖြေရှင်းရမည်။ ထိုသို့ မဖြေရှင်း သည့် ဌာန၊ ယူနစ် ခေါင်းဆောင်များကိုပါ အရေးယူရမည်။

(ဂ) သာမန်စည်းကမ်းဖောက်မှု စည်းရုံးရေးစည်းကမ်း အမြင်မသန့်မှု တို့အတွက် ပါတီစည်းကမ်း ပညာပေးရေး လုပ်ရမည်၊ ချီးကျူးမှု အပြစ်ပေးမှုတို့ကို ထင်ထင်ရှားရှား ကွဲပြားစေရမည်။ အမှန်အမှားကို ခွဲခြားနားလည်အောင် ကြိုးစားကြရမည်။

အဆုံးသတ်အနေဖြင့်—

တော်လှန်စစ် အတွင်း ပါတီ၏ သား ကောင်း သမီး ကောင်း အထောင်အသောင်းတို့သည် စွဲမြဲမှန်ကန် သည့် ယုံကြည်မှုဖြင့် အသက် သွေးရင်းပြီး ကောင်းမှုများ ပြုသွားကြသည်။ သူတို့၏အောင်လံကို ကျနော်တို့ ဆက်ကိုင်ချီတက်နေသည်။ ပါတီဝင်စံချိန် ၉ ချက်ကို ပြည့်မှီအောင် ကြိုးစားနေကြသည်။ ကွန်မြူနစ်များသည် အထူး ပုံသွင်းထားသူများ ဖြစ်သည် (စတာလင်)။ ကျနော်တို့သည် ဗမာပြည် ပြည်သူများကို အကောင်း ဆုံး အလုပ်အကျွေး ပြုနိုင်ဘို့အတွက်ဆိုလျှင်—

(က) ပါတီစိတ်ဓာတ်၊ စည်းရုံးရေးစိတ်ဓာတ်ကြံ့ခိုင်အောင် ကြိုးစားရမည်။ ဒုက္ခခံစရာရှိရင် ရှေ့က သုခခံစရာရှိရင် နောက်က ဖြစ်ရမည်။ ရိုးသားဖြောင့်မတ်စိတ်၊ ရေသာမခို အရာရာ စွန့်လွှတ် ကြိုးစားစိတ်၊ ရာသက်ပန် တော်လှန်ရေး သမား စိတ်ဓာတ်များ မွေးကြရမည်။

(ခ) တော်လှန်ရေး မုချ အောင်ရမည် ဆိုသည်

ကိုင်း၊ မာက်စ် လီနင်ဝါဒ မော်စီတုန်းအတွေး အခေါ်အပေါ်ငင်း ယုံကြည်စိတ် ရှိရမည်။

(ဂ) ကြိုးစားလေ့လာ၊ အပင်ပမ်းခံ ဆည်းပူး၊ အခြေအနေသစ် ပြဿနာသစ်တွေကို နားလည်ပြီး အမှီခိုကင်းကင်း ဖြေရှင်းနိုင်အောင် ဝိရိယစိုက်ရမည်။

(ဃ) အမှန်တရား သိသိ၊ ကိုယ်ကျိုးစွန့် သူရဲကောင်းများ ဖြစ်အောင် လှုံ့လ ထုတ်ရမည်။

(င) ဖြစ်ရပ်ထဲမှ အမှန်ရှာပြီး လုပ်ဆောင်ရာမှာ စံနမူနာကောင်း ဖြစ်အောင် လုပ်ရမည်။

(စ) လူထုနှင့် ဆက်ဆံရေး ကောင်း အောင် ကြိုးစားရမည်။

(ဆ) ကိုယ်ပိုင်အသိ၊ နိုးကြားမှုရှိရှိ စည်းကမ်း ထိန်းသိမ်းရမည်။

(ဇ) ကိုယ့်ကိုယ်ကို မလှည့်စား၊ ယုံကြည်စိတ်ထား၊ ကိုယ့်ကိုယ်ကို လေးစား၊ ဆိတ်ကွယ်ရာ မထား၊ ကိုယ့်ကိုယ်ကိုဆင့်ပွား၊ အရည်အသွေး အရည်အချင်းမြှင့် ကြိုးစားကြဘို့လိုပါသည်။

ထိုသို့သောထုသားတေသားရ ပါတီဝင်သံမဏိအုတ်များဖြင့် ကျနော်တို့ ပါတီကို တည်ဆောက် ကြပါစို့။

## ကွန်မြူနစ်ပါတီ ကျေညာစာတန်း

ကားလ်မာ့က်စ်နှင့် ဖရက်ဒရစ်အိန်ဂယ်တို့ရေးသားခဲ့သော ကွန်မြူနစ်ပါတီ ကျေညာစာတန်းကို ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ ယခုနှစ် ဖေဖော်ဝါရီလထဲတွင် အနှစ် ၁၄၀ တင်းတင်းပြည့်သွားပြီ ဖြစ်သည်။ ကွန်မြူနစ်အသင်းချုပ်ကြီး၏ ဒုတိယ အကြိမ်မြောက်ကွန်ဂရက်မှ တာဝန်ပေးချက်အရ ရေးသားခဲ့သော ဤစာတန်းအား ယခုအခါတွင် ဥရောပတိုက်ရှိ ဘာသာစကားအားလုံးဖြင့် ဘာသာပြန်ဆိုပြီးသားရှိသွားပြီဟု သိရသည်။ မူလက အိုင်ယာလန်နိုင်ငံမှ တိုင်းရင်းဘာသာစကားတခုဖြစ်သည့် ဂေးလစ် ဘာသာစကားဖြင့် ပြန်ဆိုထားသော မူမရှိသေးသဖြင့် ကွက်လပ်ကျန်နေရာမှ ၁၉၈၇ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ဂေးလစ်ဘာသာပြန်စာအုပ်ကို ပုံနှိပ်ထုတ်ဝေလိုက်သဖြင့် ပြည့်စုံသွားခြင်းဖြစ်သည်ဟု အင်္ဂလန်နိုင်ငံထုတ်မောနင်းစတား သတင်းစာကြီးက သတင်းပေးသည်။

အိုင်ယာလန် ကွန်မြူနစ်ပါတီက ထုတ်ဝေသော ကွန်မြူနစ်ပါတီကျေညာစာတန်း ဂေးလစ် ဘာသာပြန်ပထမဆုံး ပုံနှိပ်ခြင်းကို စောင်ရေ ၂၅၀၀ ထုတ်ဝေသည်ဟု သိရသည်။ ယခုအခါ ဤကျမ်းကို ကမ္ဘာပေါ်တွင် ဘာသာစကားအမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ပြန်ဆိုထုတ်ဝေပြီး ဖြစ်သည်။

# လက်ရှိခေတ်ကာလနှင့်ပတ်သက်သော ပြဿနာအချို့

၁

ကျနော်တို့ ပါတီ၏တတိယ အကြိမ်မြောက် ကွန်ဂရက်က ဆုံးဖြတ် အတည်ပြု ခဲ့သည့် နိုင်ငံရေးအစီရင်ခံစာတွင် မျက်မှောက် သမိုင်း ခေတ်ကာလသည် ရဲဘော်လီနင် ညွှန်ပြခဲ့သည့် အတိုင်း နယ်ချဲ့စနစ် နှင့်ပစ္စည်းမဲ့လူတန်းစား ၏ လူမှုတော်လှန်ရေး ခေတ်ကာလ ဖြစ်မြဲဖြစ်နေကြောင်း ကိုရင်း၊ လူမှုတော်လှန်ရေး ဟုဆိုရာ တွင်လည်း ဖွံ့ဖြိုးပြီး တိုင်းပြည်များရှိ လက်ဝါးကြီးအုပ် ခနရှင်လူတန်းစားကို ဆန့်ကျင်သည့် ပစ္စည်းမဲ့ လူတန်းစား၏ပြည်တွင်းစစ်များနှင့် မဖွံ့ဖြိုးသည့်၊ ခေတ်နောက်ကျနေသည့်၊ အဖိနှိပ်ခံ နေရသည့် အမျိုးသား များအတွင်းရှိ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများအပါအဝင် ဒီမိုကရေစီရေးနှင့် တော်လှန်ရေး လှုပ်ရှားမှု တသီတတန်းကြီးနှင့် ပေါင်းစပ်ထားသော ခေတ်ကာလ ဖြစ်မြဲဖြစ်နေကြောင်း ကိုရင်း၊ တင်ပြခဲ့ပြီးဖြစ်ပေသည်။ ကျနော်တို့သည် ဤပြဿနာနှင့် ပတ်သက်ပြီး တဆင့်တိုး၍ ပိုမိုကျယ်ပြန့်စွာ စူးစမ်းလေ့လာရန် လိုအပ်သည်ဟုထင်မြင်မိပေသည်။

အရင်းရှင်စနစ် မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးဆိုသည်မှာ တကမ္ဘာလုံး အတိုင်းအတာ အချဆိုသော် သမိုင်းဆိုင်ရာ ခေတ်ကာလကြီး တခုလုံးကိုကိုယ်စားပြုပေသည်။ တိုင်းပြည်တပြည်၏ အဝန်းအဝိုင်း အတွင်းတွင် ပစ္စည်းမဲ့တော်လှန်ရေး အောင်ပွဲရရှိသာမက၊ တကမ္ဘာလုံး အဝန်းအဝိုင်း အတွင်း၌ ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ကို နောက်ဆုံး အစားထိုးသည့် အထိဆိုပါက ရှည်ကြာသော သမိုင်းဆိုင်ရာ ခေတ်ကာလ ကြီး တခုလုံးကို ဖြတ်သန်းရန် လိုအပ်ပေလိမ့်မည်။ ဤသမိုင်းခေတ်ကာလကြီး တခုလုံး၏ ထူးခြားချက် ကား ကမ္ဘာပေါ်တွင် နယ်ချဲ့အရင်းရှင် စနစ်တခုထဲ တည်ရှိနေခြင်း မဟုတ်ဘဲ ၎င်းနှင့်ဆန့်ကျင်ဘက် ဖြစ်သည့် ဆိုရှယ်လစ်စနစ်သည်လည်း ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ ဤလူ့အဖွဲ့အစည်း စနစ် နှစ်ခုသည် ပြိုင်တူ တည်ရှိနေပြီး ပြင်းထန်စွာ တိုက်ပွဲဆင်နွှဲလျက် ရှိနေပေသည်။ ဆိုရှယ်လစ်စနစ်မှာ အရင်းရှင် စနစ်ထက် သာလွန် မြင့်မားသော လူ့အဖွဲ့အစည်းစနစ် ဖြစ်သဖြင့် အဆုံးသတ်တွင် ဆိုရှယ်လစ်စနစ် က နယ်ချဲ့ အရင်းရှင်စနစ် နေရာတွင် မုချအစားထိုး လိမ့်မည်သာ ဖြစ်သည်။ လူတန်းစားကင်းမဲ့သည့်၊ လူလူချင်း သွေးစုတ်မှုနှင့် ဖိနှိပ်မှု ကင်းမဲ့သည့် ကွန်မြူနစ် လူ့အဖွဲ့အစည်းသို့ ကေန်မလွဲရောက်ရှိလိမ့်မည်သာ ဖြစ်သည်။ သမိုင်းဆိုင်ရာ ခေတ်ကာလကြီးတခုလုံး၏ ဤအထွေထွေ ဦးတည်ချက် ကို မည်သည့်အင်အားကမှ ပြောင်းလဲပစ်နိုင်စွမ်း မရှိပေ။ ဤသည်မှာ မိမိတို့၏ စိတ်ဆန္ဒနှင့် ကင်းကွာပြီး ဖြစ်ပေါ်ပြောင်းလဲနေသည့် သမိုင်းဆိုင်ရာ ခေတ်ကာလကြီး တခုလုံး၏ ပကတိဘာဝ အတွင်းသဘောပင် ဖြစ်ပေသည်။

၂

သမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် ခေတ်ကာလကို သတ်မှတ်ရာ၌ မာ့က်စ်၏ နည်းနာသည် ဦးစွာအခိုင်အမာအချိန်၊ အခိုင်အမာပါတ်ဝန်းကျင်တွင် ရှိနေသည့် သမိုင်းဖြစ်စဉ်နှင့် ပတ်သက်သော ပကတိဘာဝ အတွင်းသဘောကို စဉ်းစား တွက်ချက်ခြင်းပင် ဖြစ်သည်။ ရင်းအခိုင်အမာ ပတ်ဝန်းကျင်တွင် မည်သည့် လူတန်းစား၏ လှုပ်ရှားမှုသည် လူ့အဖွဲ့အစည်း တိုးတက်မှုကို တွန်းဆော်ပေးနိုင်မည့် အဓိက တွန်းအား ဖြစ်သနည်း ဆိုသည်ကို ဦးစွာနားလည်အောင် လုပ်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ယင်းခေတ် ကာလတွင် ဗဟို အချက် အချာအဖြစ် တည်ရှိနေသည့် လူတန်းစား၊ ကင်းခေတ် ကာလကို အဆုံးအဖြတ်ပေးသည့် အဓိက အတွင်းသဘော၊ ရင်းခေတ်ကာလ ဖြစ်ပေါ်တိုးပွားရာ အဓိက ဦးတည်ချက်နှင့် ရင်းခေတ် ကာလ၏ သမိုင်းဆိုင်ရာ နောက်ခံကားများအပေါ်တွင် အခြေပြု၍ သမိုင်းဆိုင်ရာခေတ်ကာလကို သတ်မှတ်ခြင်း ပြုပေသည်။

ဤအခြေခံပေါ်တွင် ဦးစွာအားဖြင့် မတူသည့် ခေတ်ကာလများ၏ အခြေခံထူးခြားချက်များကို ခွဲခြားနိုင်အောင် စဉ်းစား တွက်ချက်မှသာလျှင် ပစ္စည်းမဲ့လူတန်းစား ပါတီများသည် မိမိတို့၏နည်း ပရိယာယ်ကို မှန်ကန်စွာ သတ်မှတ်နိုင် ပေလိမ့်မည်။ သက်ဆိုင်ရာ

ခေတ်ကာလ၏ အခြေခံထူးခြားချက်များကို ရှင်းလင်းစွာ နားလည်မှသာလျှင် ဤတိုင်းပြည် သို့မဟုတ် ထိုတိုင်းပြည်၏ အသေးစိတ် ထူးခြားချက်များကို ၎င်းအပေါ်တွင် အခြေခံပြီး တွက်ချက်နိုင်မည် ဖြစ်သည်။

အထက်ပါ အချက်များ အပေါ်တွင် မူတည်၍ ရဲဘော်လီနင် သည် သမိုင်းဆိုင်ရာ ခေတ်ကာလကို အချိန်ကာလ ၃ မျိုးခွဲခြားပြီး ဤသို့ဖော်ပြခဲ့သည်။ *

(၁) ၁၇၈၉ ခုမှ ၁၈၇၁ ခုနှစ်အထိ ပဌမအချိန်ကာလ သို့မဟုတ် ပဌမ ခေတ်ကာလ။

(၂) ၁၈၇၁ ခုနှစ်မှ ၁၉၁၄ ခုနှစ်အထိ ဒုတိယ အချိန်ကာလ သို့မဟုတ် ဒုတိယခေတ်ကာလ။

(၃) ၁၉၁၄ ခုနှစ်မှ နောက်ပိုင်း တတိယအချိန်ကာလ သို့မဟုတ် တတိယ ခေတ်ကာလ။

ပဌမခေတ်ကာလ ( ၁၇၈၉ – ၁၈၇၁ ခုနှစ် ) သည် ပြင်သစ်တော်လှန်ရေးကြီးမှ ပရပ်ရှား—ပြင်သစ် စစ်ပွဲကာလ အထိ အကျုံးဝင် ပေသည်။ ဤကာလအတွင်းတွင် အရင်းရှင် လူတန်းစားသည် ပဒေသရာဇ်အာဏာရှင်စနစ်နှင့် သူသေငါရှင် တိုက်ပွဲဆင်နေ ခဲ့ရသော ကာလပင်ဖြစ်သည်။ ပြည်သူလူထု၏ လှုပ်ရှားမှုမှာ ယေဘူယျ ဒီမိုကရေစီ လှုပ်ရှားမှု ဖြစ်ပြီး စီးပွါးရေး အတွင်းသဘော အရရင်း၊ လူတန်းစား အတွင်းသဘော အရရင်း၊ အရင်းရှင် လူတန်းစား၏ ဒီမိုကရေစီ လှုပ်ရှားမှုခေတ်ကာလ ပင်ဖြစ်သည်။ အထူးသဖြင့် အရင်းရှင် လူတန်းစား ၏ အမျိုးသား လှုပ်ရှားမှု ခေတ် ကာလ ဖြစ်သည်။ ဤခေတ် ကာလ၏ ယေဘူယျ ထူးခြားချက်မှာ အရင်းရှင် လူတန်းစားသည် တိုးတက် သည့် လက္ခဏာ၊ တော်လှန်သည့် လက္ခဏာရှိပြီး၊ ဤခေတ်ကာလ၏ သမိုင်းတာဝန်မှာ ပကတိ ဘာဝအရဆိုလျှင် တိုးတက်သည့် အရင်းရှင် လူတန်းစားက နိုင်ငံတကာ့ အတိုက်အခံ ဖြစ်မှုများကို အသုံးချ၍ သေသုခမျာပါး ဖြစ်နေသော ပဒေသရာဇ် အာဏာရှင်စနစ်နှင့် ၎င်း၏ အခိက ကိုယ်စားလည်များကို ဆန့်ကျင် ချေမှုန်းပစ် ဘို့ ဖြစ်ပေသည်။ တကမ္ဘာလုံးတွင်ရှိသည့် အရင်းရှင် လူတန်းစား ဒီမိုကရေစီဂိုဏ်းအား အကြီးမားဆုံး အောင်ပွဲရရှိစေဘို့ ဖြစ်ပေသည်။

ဒုတိယခေတ်ကာလ (၁၈၇၁ – ၁၉၁၄ ခုနှစ်) သည် အရင်းရှင် လူတန်းစားက အကြွင်းမဲ့ စိုးမိုးသည့် ခေတ်ကာလဖြစ်သည်။ ဤခေတ်ကာလတွင် အရင်းရှင် လူတန်းစားသည် တိုးတက်သည့် လူတန်းစား အဖြစ်မှ ဖောက်ပြန်သည့် လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းရှင် လူတန်းစားအဖြစ်သို့ ပြောင်းလဲသွားသည့် ခေတ် ကာလ ဖြစ်သည်။ နယ်ချဲ့စနစ် အစပျိုးသည့် ခေတ်ကာလ ဖြစ်သည်။ လူတန်းစားအသစ်၊ သို့တည်းမဟုတ်၊ ခေတ်သစ် ဒီမိုကရေစီဂိုဏ်းသည် မိမိအင်အားကို ပြင်ဆင်သည့်၊ တဖြည်းဖြည်း အင်အားစုဆောင်းသည့် ခေတ်ကာလလည်း ဖြစ်ပေသည်။

တတိယခေတ်ကာလ (၁၉၁၄ ခုနှစ်မှနောက်ပိုင်း ) ဤခေတ်ကာလတွင် အရင်းရှင်လူတန်းစားသည် ပဌမ ခေတ်ကာလတုံးက ပဒေသရာဇ်များ တည်ရှိခဲ့သည့် အဆင့်နေရာသို့ ရောက်ရှိလာပေသည်။ ဤခေတ်ကာလသည် ဖွံ့ဖြိုးပြီးနယ်ချဲ့စနစ် ခေတ်ကာလ ဖြစ်သည်။ နယ်ချဲ့ စနစ်၏ မတည် ငြိမ်မှုနှင့် နယ်ချဲ့ စနစ်က ပေါက်ပွါးစေသည့် မတည်ငြိမ်သော ခေတ်ကာလ ဖြစ်သည်။ အရင်းရှင် လူတန်းစားသည် ဖောက်ပြန်သည့်၊ ခေတ်ကုန်နေသည့် ပုပ်သိုးဆွေးမြေ့သည့် ဘဏ္ဍာ အရင်းရှင်လူတန်းစား ဖြစ်လာခြင်းကြောင့် တိုး တက်သည့်၊ တော်လှန်သည့် လူတန်းစားဖြစ်သော ပစ္စည်းမဲ့ လူတန်းစားနှင့် အလွန်ပြင်းထန် ထက်မြက်သောတိုက်ပွဲများ ဖြစ်လာ ပေသည်။ ပစ္စည်းမဲ့ လူတန်းစား ခေတ်သစ် ဒီမိုကရေစီဂိုဏ်း၏ သမိုင်းဆိုင်ရာ တာဝန်မှာ နိုင်ငံအချို့ရှိ ဘဏ္ဍာအရင်းကို ဆန့်ကျင်ရန်သာ မဟုတ်ဘဲ နိုင်ငံတကာ့ ဘဏ္ဍာအရင်းကို ဆန့်ကျင်ရန် ဖြစ်သည်ဟု ရဲဘော်လီနင် က ညွှန်ပြခဲ့သည်။

ရဲဘော်လီနင် က ၁၉၁၅ ခုနှစ် ဖေဖေါ်ဝါရီ လ နောက်ပိုင်းတွင် ရေးသားခဲ့သော “ အခြားသူများ၏ အလံကိုင်ဆောင်ခြင်း ”ဟူသောဆောင်းပါးတွင် သမိုင်းဆိုင်ရာ ခေတ်ကာလကို အချိန်ကာလ ၃ မျိုး၊ သို့တည်းမဟုတ်၊ ခေတ်ကာလ ၃ မျိုးအဖြစ် ခွဲခြားသုံးသပ်ခဲ့ပြီးနောက် ထိုစဉ်က တတိယ ခေတ်ကာလ အတွင်းသို့ စတင် ဝင်ရောက်ခဲ့ပြီ ဟူ၍လည်း တင်ပြခဲ့သည်။ နယ်ချဲ့စနစ် ခေတ်ကာလ၏ အခိက ထူးခြားချက် များကို ရဲဘော်လီနင်က ၁၉၁၆ ခုနှစ် နွေဦးရာသီတွင် ရေးသားခဲ့သော “ နယ်ချဲ့စနစ်—အရင်းရှင်စနစ်၏ အမြင့်ဆုံး အဆင့် ” ဟူသော ကျမ်းတွင် ရှင်းလင်း ပြည့်စုံစွာ ဖော်ထုတ်ခဲ့ပေသည်။ ပဌမကမ္ဘာ စစ်ကြီးနှင့် အောက်တိုဘာ တော်လှန်ရေး ပေါ်ပေါက် လာပြီးသည့် နောက်တွင် နိုင်ငံတကာ့ အဘိုးအတာအရ ဖြစ်ပေါ် ခဲ့သော ဖြစ်ရပ်များအပေါ် အခြေတည်ပြီး “ နယ်ချဲ့စနစ် သည်

* ပင်ရင်း။ လီနင်ကျမ်းပေါင်းစုံ၊ အတွဲ ၂၁၊ နှာ ၁၂၄၊ ၁၉၅၉ ခုနှစ်ထုတ်၊ ပီကင်း၊ တရုပ်ဘာသာ။

ပစ္စည်းမဲ့လူတန်းစား လူ့မှုတော်လှန်ရေး ၏အကြိုကာလဖြစ်သည်” ဟူသော နိဂုံးချုပ်ချက်ကို ထုတ်ယူ တင်ပြခဲ့သည်။

၃

ရဲဘော်လီနင် တင်ပြခဲ့သည့် တတိယခေတ်ကာလအတွင်းသို့ စတင်ဝင်ရောက် ခဲ့ပြီဟူသော အချိန် ကာလ၊ အထူးသဖြင့် ပဌမကမ္ဘာစစ်ကြီးနှင့် အောက်တိုဘာ တော်လှန်ရေး အောင်ပွဲဆင်ပြီးနောက် အချိန်မှစ၍ ရေတွက်သော် ယခုအချိန်အထိ ဆိုပါက နှစ်ပေါင်း ၇၀ မျှ ကြာမြင့်ခဲ့ပေပြီ။ ဤကာလ အတွင်းတွင် ဒုတိယကမ္ဘာစစ်ကြီး ပေါ်ပေါက်ခဲ့ပြီးနောက် တရုပ်ပြည် အပါအဝင် နိုင်ငံအချို့သည် နယ်ချဲ့အရင်းရှင်စနစ်မှ ခွဲထွက်ခဲ့ကြပေသည်။ ထို့ပြင်အခြား ပြောင်းလဲမှုများလည်း ဖြစ်ပေါ် ခဲ့ပေသည်။ သို့ဖြစ်၍ ဒုတိယ ကပမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းကာလတွင် တတိယခေတ်ကာလနှင့် ခြားနားသော ထူးခြားချက်များ ရှိနေသည်မှာ တကဲ့ဖြစ်ရပ်ပင်ဖြစ်သည်။

မျက်မှောက် ကျနော်တို့ ရောက်ရှိနေသည့် သမိုင်းအဆင့်၊ သို့မဟုတ်၊ ခေတ်ကာလနှင့် ပတ်သက်၍ သမိုင်းပညာရှင် အချို့၏ အမြင်အရဆိုသော် အောက်ပါထူးခြားချက်များ ရှိနေပေသည်။

(၁) နယ်ချဲ့စနစ်တွင် ပုပ်သိုးဆွေးမြေ့မှုနှင့် ရပ်တန့်မှုဟူသော တိမ်းညွတ်မှု ရှိနေသဖြင့် စီးပွါးရေး၊ ကုန်သွယ်ရေး၊ဘဏ္ဍာရေး၊နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအကြပ်အတည်းများ ပေါ်ပေါက်ခြင်း၊ စီးပွါးရေးကို စစ်ရေးဆန်စေခြင်း၊ ဆင်းရဲချမ်းသာ ကွာခြားမှု ကြာလေကြီးမားလေဖြစ်ပြီး လုပ်သားပြည်သူများ၏ ဆင်းရဲမွဲပြာကျမှုမှာ နက်ရှိုင်းလာနေခြင်း စသည့် အကြောင်းအချက်များ ရှိသော်ငြားလည်း အခြား တဘက်တွင် ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော တိမ်းညွတ်မှုလည်း ရှိနေသဖြင့် တခုလုံးခြုံပြောရလျှင် နယ်ချဲ့အရင်းရှင်စနစ်သည် ယခင်ကထက် ပိုမိုလျှင်မြန်စွာ ဖြစ်ပေါ် တိုးပွါးနေပေသည်။ တဆက်ထည်းတွင် ယေဘူယျအားဖြင့် နယ်ချဲ့ အရင်းရှင်စနစ်၏ စီးပွါးရေးအရ နိုင်ငံရေးအရ တပြေးမညီညာသော ဖြစ်ပေါ်တိုးပွါးမှုကို ဖြစ်ပေါ်စေပေသည်။ ဤဖြစ်ပေါ်တိုးပွါးမှု တပြေးမညီညာမှုသည် အထူးသဖြင့် အရင်းအနှီး အကြွယ်ဝဆုံး တိုင်းပြည်များတွင် ပုပ်သိုးဆွေးမြေ့မှု၌ တဖန်လာ၍ဖော်ပြပြန်သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့် နောက်ပိုင်းတွင် အတတ်ပညာ တော်လှန်ရေးများ ပေါက်ကွဲထွက်ပေါ်လာသည့် အခြေခံပေါ်တွင် လူ့အဖွဲ့အစည်းဆိုင်ရာ ထုတ်လုပ်ရေးအင်အားစု ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်တိုးပွါးလာခြင်း၊ ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုနှင့် နိုင်ငံတကာ့ဆန်မှု၊ လက်ဝါးကြီးအုပ်အရင်း ဘက်ပေါင်းစုံတွင် နိုင်တကာ့ဆန်မှု အတိုင်းအတာ ကြီးမားစွာ ပေါ်ပေါက်လာခြင်းတို့၏ အကျိုးသက်ရောက်မှုကြောင့် နိုင်ငံစုံ ကော်ပိုရေးရှင်း များသည် နိုင်ငံတကာ့ လက်ဝါးကြီးအုပ်မှု၏ အဓိက စည်းရုံးရေးသဏ္ဌာန် ဖြစ်လာပြီး နိုင်ငံတကာ့ ကာတယ်နေရာတွင် အစားဝင်ထိုးခဲ့သည်။

ပုဂ္ဂလိက လက်ဝါးကြီးအုပ်မှုနှင့် တချိန်တည်းတွင် ဖြစ်ပေါ်လာသော နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် လျှင်မြန်ကျယ်ပြန့်စွာ ဖြစ်ပေါ် တိုးပွါးလာမှုသည် မျက်မှောက်ခေတ် နယ်ချဲ့စနစ်၏ အရေးကြီးဆုံးနှင့် အပေါ်လွင်ဆုံး စီးပွားရေးထူးခြားချက်ပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့် နောက်ပိုင်းတွင် နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင် စနစ်သည် နိုင်ငံတကာ့ လက်ဝါးကြီးအုပ်မှုနှင့် နယ်ချဲ့နိုင်ငံများ စီးပွါးရေးအရ ကမ္ဘာကြီးကို ခွဲဝေသည့် တိုက်ပွဲအတွင်းတွင် အလွန်ကြီးမားသော အခဏ်းမှ ပါဝင်နေပေသည်။ လက်ရှိအချိန်တွင် နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သည် နယ်ချဲ့နိုင်ငံများ အကြား နိုင်ငံတကာ့ စီးပွါးရေးထိန်းညှိမှုကို တစုံတရာသော အတိုင်းအတာအထိ ဝင်ရောက် ထိန်းညှိပေးသည်သာမက အနောက်ဥရောပ ဘုံဈေးကွက် ကဲ့သို့သော နိုင်ငံတကာ့ လက်ဝါးကြီးအုပ် မဟာမိတ်ဖွဲ့မှု သဏ္ဌာန်မျိုးကိုလည်း ဖြစ်ပေါ်စေပေသည်။ နိုင်ငံတကာ့ စီးပွားရေး အဖွဲ့အစည်း တချို့တွင်လည်း ဝင်ရောက်ပြီး စိုးမိုး ချယ်လှယ်လျက်ရှိသည်။ ဤသို့ဖြင့် မျက်မှောက် ခေတ်ကာလသည် နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို အဓိက ထူးခြားချက်အဖြစ် ထားရှိသည့် ပိုမိုရင့်မှည့်လာသည့် နယ်ချဲ့စနစ်အဆင့်၊ သို့မဟုတ်၊ ခေတ်ကာလ ပင်ဖြစ်သည်။

(၂) ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းနှင့် စစ်ကြီးပြီးသည့်နောက်တွင် နယ်ချဲ့အရင်းရှင်စနစ် အင်အားချိနဲ့သော ၎င်းဆက်များတွင် တော်လှန်ရေးများ ပေါက်ဖွါးလာပြီး ဆိုရှယ်လစ်နိုင်ငံအချို့ ပေါ်ပေါက်လာ ပေသည်။ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်ခဲ့ ‹ › တရုပ်ပြည်သည်လည်း ရေရှည်စစ်ပွဲ ဆင်နွှဲရင်း

ဒုတိယအကမ္ဘာစစ်ကြီးအပြီး နယ်ချဲ့စနစ် အင်အားချိနဲ့လာမှုကိုပါ အသုံးချနိုင်ခဲ့၍ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး လုံးဝအောင်ပွဲခံယူ ရရှိပြီးနောက် ဆိုရှယ်လစ်နိုင်ငံတနိုင်ငံ ဖြစ်လာခဲ့ပေသည်။ ဤသို့ဖြင့် ပေါ်ထွက်လာသော ဆိုရှယ်လစ် နိုင်ငံများသည် ၎င်းတို့၏ ကြီးထွားမှု၊ ဖြစ်ပေါ်တိုးပွားမှုတွင် အခက်အခဲ အကွေ့အကောက်များမည်မျှပင် ရှိနေသည်ဖြစ်စေ၊ ကမ္ဘာ့အနာဂါတ် ဖြစ်ပေါ်တိုးပွားမှု၏ ဦးတည်ချက်နှင့် တိမ်းညွှတ်မှုကိုကိုယ်စားပြုလျက် ရှိပေသည်။ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေး ဇာတ်ခုံပေါ်တွင် လူ့စီးပွားရေး စနစ် ၂ ခု ပြိုင်တူ တည်ရှိနေမှုနှင့် အတိုက်အခံဖြစ်မှုသည် ယနေ့ခေတ်ကာလ၏ထူးခြားချက် တရပ်ပင်ဖြစ်သည်။

(၃) ယနေ့ကမ္ဘာတွင် အမေရိကန် နယ်ချဲ့နှင့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့ ဟူသော အင်အားလွန် နိုင်ငံကြီး ၂ ခု ပေါ်ထွက်လာပေသည်။ ၎င်းတို့သည် ကမ္ဘာ့ဒေသအသီးသီးတွင် ဗိုလ်ကျစိုးမိုးရေးအတွက် ပြင်းထန်စွာ လုယက် တိုက်ပွဲဆင်နေကြသည်။ ၎င်းတို့၏ ဗိုလ်ကျစိုးမိုးရေးအတွက် အပြန်အလှန် တိုက်ပွဲဆင်ခြင်းနှင့် မိမိတို့၏ စစ်ရေး နိုင်ငံရေး အသာစီးရမှုကို မထိပါးစေဘဲ အသက်ရှူပေါက် ရရေးအတွက် အချိုကိစ္စများတွင် အပြန်အလှန် စေ့စပ် လိုက်လျောမှုများ ပြုလုပ်ခြင်းသည် မျက်မှောက်ကမ္ဘာ၏ စီးပွားရေး နိုင်ငံရေး ဖြစ်ပေါ်တိုးပွါးမှုအပေါ်တွင် အကြီးမားဆုံး ဂယက်ရိုက်လျက်ရှိပေသည်။

(၄) နယ်ချဲ့အရင်းရှင် နိုင်ငံများ၏ စီးပွားရေးအရ နိုင်ငံရေးအရ ဖြစ်ပေါ်တိုးပွါးမှု တပြေးမညီညာမှုနှင့် ကိုလိုနီစနစ်ဟောင်း ပြိုကွဲမှုဘို့ကြောင့် ယနေ့ကမ္ဘာကြီးတွင် အပြန်အလှန် ဆက်သွယ်မှုလည်းရှိပြီး အပြန်အလှန် ပဋိပက္ခလည်း ဖြစ်နေသော သုံးကမ္ဘာ ပေါ်ထွက်လာပေသည်။ အမေရိကန်နှင့် ဆိုဗီယက်ယူနီယံ အင်အားလွန်နိုင်ငံကြီး ၂ ခုသည် ကမ္ဘာတွင် စစ်ရေး စီးပွါးရေး အင်အား အကြီးမားဆုံး နိုင်ငံကြီး ၂ နိုင်ငံအဖြစ် သီးခြားအစွန်းတဘက်တွင် ရပ်တည်လျက်ရှိသည်။ ၎င်းတို့သည် ပဌမကမ္ဘာကို ဖွဲ့တည်စေသည်။ ကိုလိုနီ သွေးစုတ်မှုစနစ်အောက်မှ ရုန်းထွက်လာပြီး နိုင်ငံရေးအရ လွတ်လပ်မှုရရှိ၍ စီးပွါးရေးအရ မလွတ်လပ်သေးသော ကျယ်ပြန့်သည့် မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများသည် အခြားတဘက်အစွန်းတွင် တည်ရှိနေသည်။ ၎င်းတို့သည် တတိယကမ္ဘာကို ဖွဲ့တည်စေသည်။ ဤကမ္ဘာ ၂ ခုအကြားတွင် ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများသည် ဒုတိယကမ္ဘာအဖြစ် ရပ်တည်လျက်ရှိသည်။ ဤသို့ သုံးကမ္ဘာဖြစ်ပေါ်လာမှုနှင့် ဖြစ်ပေါ် တိုးပွါးလာမှုသည် အရင်းရှင်ကမ္ဘာ့စနစ်ကြီး၏ တဆင့်တိုး ပြိုကွဲလာမှုကို ဖေါ်ပြပေသည်။ မတူသည့် လူမှုစနစ်များ ဖြစ်ကြသော ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ် အကြား တိုက်ပွဲ၏ ရှုတ်ထွေး ကွေ့ကောက်မှုကိုလည်း ထင်ရှား ပေါ်လွင်စေသည်။ ဤသို့ဖြင့် သုံးကမ္ဘာအကြားရှိ ပဋိပက္ခများနှင့် တိုက်ပွဲများသည် မျက်မှောက်ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေကို အဆုံးအဖြတ်ပေးသည့် အရေးကြီးသော အကြောင်းရင်း ဖြစ်လာပေသည်။

(၅) ဒုတိယကမ္ဘာစစ်ကြီးအပြီး နောက်ပိုင်းတွင် နယ်ချဲ့အရင်းရှင်စနစ်သည် တခုလုံးခြုံကြည့်လျှင် ယခင်ခေတ်ကာလများနှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်ရေး အင်အားစု ဖြစ်ပေါ်တိုးပွားမှု လျှင်မြန်ခြင်းကြောင့်၎င်း၊ စီးပွါးရေးအရ နိုင်ငံရေးအရ ဖြစ်ပေါ်တိုးပွားမှု တပြေးမညီညာမှု ကြီးမား နက်ရှိုင်းခြင်းကြောင့်၎င်း၊ စစ်ပြီးစကာလတွင် အမေရိကန်သည် ကမ္ဘာ့အရင်းရှင် စီးပွားရေး တခုလုံးတွင် လွှမ်းမိုးနေပြီး အရင်းရှင်လောကတွင် အရာရာဗိုလ်ကျ စိုးမိုးနေသည့် အဆင့်နေရာမှာ ရှိခဲ့ရာမှ နောက်ပိုင်းတွင် အနောက်ဥရောပနိုင်ငံများ၊ ဂျပန် စသည့်တိုင်းပြည်များက တဖြည်းဖြည်း စီးပွားရေးအင်အား မြင့်တက်လာပြီး ယခုအချိန်တွင် အရင်းရှင်စနစ် ကမ္ဘာ့စီးပွားရေးတွင် အမေရိကန်၊ အနောက်ဥရောပနှင့် ဂျပန် ဟူသော ဖိုခနောက်ဆိုင် အင်အားစု ၃ ခုသည် အပြန်အလှန် လည်းမှီခို၊ အပြန်အလှန် ပဋိပက္ခလည်း ရှိနေသော အနေအထားသို့ ဆိုက်ရောက်လာခဲ့သည်။ စစ်ပြီးနောက် အနှစ် ၄၀ အကြာတွင် ဂျပန်နှင့် အမေရိကန်အကြား အင်အားချိန်ခွင်လျှာတွင် အရေးကြီးသည့် ပြောင်းလဲမှု တရပ် ဖြစ်ပေါ်လာခဲ့သည်။ ဂျပန်သည် ကမ္ဘာ့အကြီးဆုံး မြီရှင်နိုင်ငံဖြစ်လာပြီး အမေရိကန်မှာ အရင်းရှင်ကမ္ဘာတွင် နှိုင်းယှဉ်ချက်အားဖြင့် အင်အားအကြီးဆုံး ဖြစ်နေသေးစေကာမူ အနှစ် ၇၀ အတွင်း ပဌမဆုံးအကြိမ် မြီစားနိုင်ငံတနိုင်ငံ ဖြစ်လာခဲ့သည်။

(၆) တတိယကမ္ဘာ ဟူသော မဖွံ့ဖြိုးသေးသည့်နိုင်ငံများ ပေါ်ပေါက်လာခြင်းမှာ ယင်းနိုင်ငံများရှိ အဖိနှိပ်ခံပြည်သူများနှင့် အဖိနှိပ်ခံ အမျိုးသားများက နယ်ချဲ့စနစ်၏ ဖိနှိပ်မှုနှင့် သွေးစုပ်မှုကို ကာလရှည်ကြာစွာ ဆန့်ကျင်တိုက်ဖျက်မှု၏ အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ ဤနိုင်ငံများသည် နိုင်ငံရေးအရ လွတ်

လပ်မှု ရရှိခဲ့သော်လည်း စီးပွါးရေးအရ လွတ်လပ်မှု မရှိသေး၊ နယ်ချဲ့နိုင်ငံများ၏ ရက်ရက်စက်စက် သွေးစုတ်မှုကို ခံနေရဆဲပင်ဖြစ်သည်။ ၎င်းတို့၏ ကျေးလက်ဒေသ များတွင် ပဒေသရာဇ် မြေရှင်စနစ်သည် ထင်ရှားသည့်၊ သို့မဟုတ်၊ လွှမ်းမိုးသည့် အစိတ်အပိုင်း အဖြစ်ဖြင့် တည်ရှိနေဆဲ ပင်ဖြစ်သည်။ ဤတိုင်းပြည် များတွင် အုပ်စိုးသည့် ဗျူရိုကရက် ဓနရှင် လူတန်းစား လက်တဆုပ်စာကသာ ဓနဥစ္စာ တိုးများလာနေပြီး လုပ်သားပြည်သူများမှာ တနေ့တခြား ဆင်းရဲမွဲပြာကျ လာနေကြသည်။ ဆင်းရဲချမ်းသာ ကွာခြားမှုနှင့် အစွန်း ၂ ဖက်ဖြစ်ပေါ် တိုးပွားမှုမှာ တနေ့တခြား ကြီးမား လာခဲ့ပေသည်။ သို့ဖြစ်၍ ဤတိုင်းပြည်များရှိ ပစ္စည်းမဲ့ လူတန်းစားနှင့် ပြည်သူများ ၏ သမိုင်းပေး တာဝန်မှာ နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်တို့ကို အကုန်အစင် တိုက်ဖျက်ပြီး စီးပွါးရေးအရ နိုင်ငံရေးအရ လုံးဝ လွတ်လပ်သည့် နိုင်ငံတော်များကို ထူထောင်ရန်သာဖြစ်ပေသည်။

## ၄

အထက်တွင် သမိုင်းဆိုင်ရာ ခေတ်ကာလကြီး တခုလုံးနှင့် ပတ်သက်၍၎င်း၊ ခေတ်ကာလ အသီးသီးနှင့် ပတ်သက်၍၎င်း၊ လက်ရှိ ခေတ်ကာလ နှင့်စပ်လျဉ်း၍၎င်း၊ ကျနော်တို့၏ စူးစမ်းလေ့လာချက်ကို တင်ပြခဲ့ပြီးဖြစ်ပေသည်။ လက်ရှိ ခေတ်ကာလ၏ ထူခြားချက်များ ပေါ်တွင် အခြေခံ၍ ကမ္ဘာ့ စီးပွားရေးတွင် ပေါ်ပေါက်နေသော အခိုင်အမာ အချက်အလက် အချို့ကို ကြည့်ကြပါစို့။ ယနေ့ ကမ္ဘာ့စီးပွါးရေး အင်အားစုများ၏ အနေအထားကို တိုင်းပြည်အားလုံး၏ စုစုပေါင်း အထွက်ပစ္စည်း တန်ဘိုးတွင် ပါဝင်သည့် တန်ဘိုးနှင့် အချိုးအစား အရကြည့်လျှင် ၁၉၇၅ ခုနှစ် အကုန်၌ အောက်ပါအတိုင်း တွေ့ရှိရသည်။ **(ဇယား ၁ ကိုရှု)**

အထက်ပါအချက်များ အရ ကြည့်လျှင် ကမ္ဘာ့စီးပွားရေး တခုလုံးတွင် အမေရိကန်သည် ပဌမအဆင့်နေရာတွင် ရှိမြဲရှိနေသည်။ ဥရောပ အရင်းရှင် တိုင်းပြည်များနှင့် ဆိုဗီယက်ယူနီယံ အရှေ့ဥရောပ နိုင်ငံများက ဒုတိယ အဆင့်နေရာတွင် ရှိနေသည်။ ဂျပန်က တတိယ အဆင့်နေရာတွင် ရှိသည်။ အနောက် ပစိဖိတ် ဒေသတွင် ပါဝင်သော တရုပ်ပြည်၏ တမျိုးသားလုံး စုစုပေါင်း အထွက်ပစ္စည်းတန်ဘိုးသည် ၃၀၊ ၁၂၊ ၇၇၊ ရက်နေ့ထုတ် ချိုင်းနားဒေးလီ သတင်းစာတွင် ဖေါ်ပြသော သတင်း အချက်အလက်အရ ၁၉၇၇ ခု နှစ်ကုန်တွင် ယွင် ဘီလီယံ တထောင် ကျော်မည်ဟု ဖေါ်ပြထားသဖြင့် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရေးနှုန်း အရတွက်လျှင် ၂၇၀ ဘီလီယံဒေါ်လာမျှ ရှိပေမည်။ ကမ္ဘာ့ကျန် ဒေသများမှာ တကွဲတပြား စီဖြစ်နေသော ဒေသများကို စုစည်းဖေါ်ပြ ထားခြင်း ဖြစ်သဖြင့် သြဇာသက်ရောက်မှု ကြီးမားသည့် အင်အားစုတခု အနေနှင့် မိပွါယ်ဖွင့်ဆို၍ မရပေ။ အမေရိကန် ဥရောပ နိုင်ငံများနှင့် ဂျပန်တို့၏ စီးပွားရေးအင်အား ၃ ခုပင်လျှင် ကမ္ဘာ့စီးပွားရေး အင်အား၏ ၅၅ % မျှရှိနေသဖြင့် ယနေ့ကမ္ဘာတွင် အရင်းရှင် လောက က အသာစီး ရနေဆဲ ဖြစ်သည်ကို တွေ့နိုင်ပေသည်။

**ဇယား (၁)**

| တိုင်းပြည်သို့မဟုတ်အင်အားစု | တမျိုးသားလုံး၏စုစုပေါင်းအထွက် ပစ္စည်းတန်ဘိုး | | ရာခိုင်နှုန်းအချိုးအစား |
|---|---|---|---|
| ၁။ အမေရိကန် | ၃၅၇၅ | ဘီလီယံဒေါ်လာ | ၂၈ |
| ၂။ ဥရောပတိုင်းပြည်များ | ၂၁၇၆.၆ | ။ | ၁၇ |
| ၃။ ဂျပန် | ၁၂၈၀ | ။ | ၁၀ |
| ၄။ ဆိုဗီယက်ယူနီယံနှင့်အရှေ့ဥရောပနိုင်ငံများ | ၂၁၇၆.၆ | ။ | ၁၇ |
| ၅။ အနောက်ပစိဖိတ်ဒေသ (တရုပ်ပြည်၊ အေစီအန် နိုင်ငံများ၊ အရှေ့မြောက်အာရှ၊ ဩစထရေးလျ၊ နျူးဇီလန်) | ၇၆၈.၂ | ။ | ၆ |
| ၆။ ကမ္ဘာ့ကျန်ဒေသများ | ၂၈၁၆.၇၈၅၇ | ။ | ၂၂ |

( **ပင်ရင်း။** ဗီကင်းရီဗျူး၊ (အင်္ဂလိပ်ဘာသာ) ၁၁၊ ၈၊ ၇၆ နှာ ၂၃၊ ၂၆ တွင်ဖေါ်ပြသည့် ဆောင်းပါးနှင့် ကမ္ဘာ့စီးပွါးရေးစာစောင် တရုပ်ဘာသာ—၁၉၇၇ ခုနှစ် အမှတ်(၇) နှာ ၂၆—၂၇ ရှိစာရင်းဇယားများအပေါ် အခြေခံပြီး တွက်ချက် ဖေါ်ပြသည်။ )

အခြားတဘက်တွင် စီးပွားရေးအင်အားကြီး ၃ ခု ဖြစ်သော အမေရိကန်၊ ဆိုဗီယက်ယူနီယံနှင့် ဂျပန်တို့၏ တမျိုးသားလုံးစုစုပေါင်း အထွက်ပစ္စည်း တန်ဘိုးများကို နှိုင်းယှဉ်ကြည့်လျှင် ဤသို့တွေ့ရပေသည်။ [ဇယား ၂ ကိုရှု]

၁၉၇၂ ခုနှစ်ရှိ စီးပွါးရေးအင်အား အခြေအနေကိုကြည့်လျှင် ဆိုဗီယက်ယူနီယံ၏ အထွက်ပစ္စည်း တန်ဘိုးသည် အမေရိကန် စုစုပေါင်းအထွက်ပစ္စည်း တန်ဘိုး၏ ၆၆ % မျှရှိပြီး ဂျပန်သည် အမေရိကန်၏ ၃၅% မျှရှိပေသည်။ သက္ကရာဇ် ၂၀၁၀ ခုနှစ်သို့ရောက်ပါက ဆိုဗီယက်ယူနီယံ၏ အထွက်ပစ္စည်း တန်ဘိုးသည် အမေရိကန်၏ စုစုပေါင်းအထွက်ပစ္စည်း တန်ဘိုး၏ ၇၂ %သို့ ရောက်ရှိမည်ဖြစ်ပြီး ဂျပန်သည် အမေရိကန်၏ ၅၉ % နီးပါးမျှ ဖြစ်လာမည်ဟု သုတေသီများက ခန့်မှန်းတွက်ဆကြသည်။ အခြား ဘက်တဘက်မှ ကြည့်လျှင်၊ ကနေ့ကမ္ဘာပေါ်တွင် အရင်းအင်အား အကြီးမားဆုံး ဘဏ်ကြီး ၁၀၃ ခု ရှိရာ၊ ဤဘဏ်ကြီးများရှိဘဏ္ဍာအရင်း၏ ပမာဏအရ ဖွံ့ဖြိုးပြီး အရင်းရှင် နိုင်ငံကြီးများ၏ အနေအထားကို ဤသို့ တွေ့ရပေသည်။ [ဇယား ၃ ကိုရှု]

အထက်ပါ အချက်များအရ ကြည့်လျှင် ကမ္ဘာပေါ်ရှိ ဘဏ်ကြီး ၁၀၃ ခု၏ စုစုပေါင်း ဘဏ္ဍာအရင်းသည် ၁၉၇၆ ခုနှစ်တွင် ၅၉၄၂.၇၁၀ ဘီလီယံဒေါ်လာ ရှိပြီး ဖွံ့ဖြိုးပြီး အရင်းရှင် နိုင်ငံကြီး ၇ နိုင်ငံ၏ ဘဏ္ဍာအရင်းမှာ ဘီလီယံ ဒေါ်လာ ၅၁၀၂.၄၂၆ ရှိသဖြင့် ကမ္ဘာ့ဘဏ်ကြီး ၁၀၃ ခုရှိ ဘဏ္ဍာအရင်း၏ ၈၅.၈၆ရာခိုင်နှုန်း ရှိပေသည်။ ဤနိုင်ငံကြီး ၇ နိုင်ငံရှိ ဘဏ်ကြီးများ၏ အရေအတွက်မှာ ၁၉၇၆ ခုနှစ်တွင် ၇၉ ခု ရှိသဖြင့် ကမ္ဘာ့ဘဏ်ကြီး ၁၀၃ ခု၏ ၇၆.၇ % ဖြစ်ပေသည်။ ကမ္ဘာ့ဘဏ်ကြီး ၁၀၃ ခု၏ ၁၉၇၆ ခုနှစ်ရှိ ဘဏ္ဍာ အရင်းအင်အား အရကြည့်လျှင် အထူးသဖြင့် အမေရိကန်၊ ဂျပန်၊ ပြင်သစ်နှင့် အနောက်ဂျာမဏီနိုင်ငံတို့တွင် အင်အား အတက်အကျ အပြောင်းအလဲများကို တွေ့ရမည်ဖြစ်ပြီး ဂျပန်က ပဌမ၊ အမေရိကန် ဒုတိယ၊ ပြင်သစ် တတိယ၊ အနောက်ဂျာမဏီ စတုတ္ထ၊ အင်္ဂလန် ပဉ္စမ၊ အီတလီ ဆဋ္ဌမနှင့် ကနေဒါ သတ္တမမြောက်နေရာမှာ ရှိနေပေသည်။ ဆိုလိုသည်မှာ ဤဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံကြီး ၇ နိုင်ငံ၏ ဘဏ္ဍာ အရင်းရှင် များက ယနေ့ကမ္ဘာ့ဘဏ္ဍာရေး ဈေးကွက်ကို စိုးမိုး ချယ်လှယ်လျက်ရှိပေသည်။ အရင်းရှင်လောက၏ ဘဝဘက်အသီးသီးတွင် ၎င်းတို့ဩဇာ သက်ရောက်မှုမှာ ကျယ်ပြန့်စွာတည်ရှိနေပေသည်။

ဤသို့ဖြင့် အထက်ဖော်ပြပါ အချက်များ အရကြည့်လျှင် မျက်မှောက် ခေတ်ကာလရှိ နယ်ချဲ့စနစ်ကို ဆန့်ကျင် တိုက်ဖျက်ရာတွင် ကမ္ဘာ့လုပ်သား ပြည်သူအပေါင်းသည် ဘက်ပေါင်းစုံမှ ရေရှည် လုံးပမ်းတိုက်ခိုက်ပြီး အောင်ပွဲအရယူရန် ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

## ၅

ပိုမိုရင့်မှည့်လာသော နယ်ချဲ့စနစ် ခေတ်ကာလတွင် စစ်၊ ငြိမ်းချမ်းရေးနှင့် တော်လှန်ရေး ပြဿနာများတွင် လီနင်ဝါဒ၏ မူသဘောဆောင်သော အယူအဆများသည် မှန်ကန်မြဲ မှန်ကန်လျက် ရှိပေသည်။

နယ်ချဲ့စနစ် တည်ရှိနေလေသမျှ နယ်ချဲ့စစ်များဖြစ်ပွါးရန် အန္တရာယ်သည် တည်ရှိနေကြောင်း ရဲဘော်လီနင်က သင်ကြားခဲ့ပြီးဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် အင်အားလွန် နိုင်ငံကြီး ၂ နိုင်ငံ၏ ကမ္ဘာကိုစိုးမိုးရေးအတွက် စစ်လက်နက်ပြိုင်ဆိုင်မှု အပါအဝင် အင်အားပြိုင်ဆိုင်မှုသည် ကမ္ဘာစစ် ဖြစ်ပွါးမည့် အန္တရာယ်ကို ဖြစ်ပေါ်စေပေသည်။ မျက်မှောက် အချိန်တွင် ဤအန္တရာယ်သည် လျော့နဲသွားပြီလော ဆိုသည်ကို

ဇယား(၂)

တမျိုးသားလုံး၏စုစုပေါင်းအထွက်ပစ္စည်းတန်ဘိုး
(ဘီလီယံဒေါ်လာ)

| တိုင်းပြည် | ၇၂ ခုနှစ် | ၇၅ ခုနှစ် | ၂၀၁၀ ခုနှစ် |
|---|---|---|---|
| ၁။ အမေရိကန် | ၃၀၀၊ | ၃၅၇၅ | ၆၃၄၄ |
| ၂။ ဆိုဗီယက်ယူနီယံ | ၂၀၀၁ | ၂၃၆၆ | ၄၅၇၆ |
| ၃။ ဂျပန် | ၁၀၆၀ | — | ၃၇၄၁ |

(ပင်ရင်း။ ကမ္ဘာ့စီးပွါးရေးစာစောင်—တရုပ်ဘာသာ။ ၇၇ ခုနှစ်အမှတ် ၉—နှာ ၃ မှ ကောက်နှုတ်ဖော်ပြသည်။)

အခိုင်အမာ ကြည့်ကြစို့။ ၆ နှစ်ကြာမျှ စေ့စပ်ဆွေးနွေးရေး လုပ်ကြပြီးသည့် နောက်တွင် အင်အားလွန်နိုင်ငံကြီးများသည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ အစပိုင်းတွင် တာလတ်ပစ် အနုမြူအင်အားများကို ဖျက်သိမ်းရေး သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးမဲ့ကြသည်။ လာမည့် ၁၃ နှစ်ကာလ အတွင်း အနုမြူလက်နက် အမျိုးအစား တခုလုံးကို ဖျက်သိမ်းပစ်ရန် ဂတိပြုကြသည်။ ၁၉၈၈ ခုနှစ်တွင် သေနင်ဗျူဟာ အနုမြူလက်နက်အင်အား တဝက်ကို လျှော့ပစ်ရန် ရည်ရွယ်ချက်ဖြင့် မော်စကိုတွင် စေ့စပ်ဆွေးနွေးကြမည်ဟူ၍လည်း ကျေညာထားကြသည်။

၎င်းတို့ ဤသို့စေ့စပ် သဘောတူကြရသည့် အကြောင်းရင်းမှာ မိမိတို့၏ ပြည်တွင်းရှိ လူမှုရေးနှင့် စီးပွါးရေးအခက်အခဲ အကြပ်အတည်းများကို ဖြေရှင်းရာ၌ အသက်ရှူပေါက်ရရန် အပူတပြင်း လိုအပ်နေသောကြောင့်ပင်ဖြစ်သည်။ ထို့ပြင် ဖျက်သိမ်းပစ်မည့် တာလတ်ပစ်ဒုံးပျံများမှာ ၎င်းတို့လက်ထဲတွင် ရှိနေသော အနုမြူလက်နက် အင်အား၏ ၄ % မျှသာ ရှိသဖြင့် ၎င်းတို့၏ လက်ရှိအနုမြူ လက်နက်အင်အား အနေအထားကို ထိခိုက်ခြင်းမရှိပေ။ ဤသည်နှင့်တဆက်တည်းတွင် အာကာသ၌ ဒုံးပျံများ စမ်းသပ်လုပ်ဆောင်မှု အစီအစဉ်ကို နှစ်ဖက်စလုံးက ဆက်လက်လုပ်ကြဦးမည်ပင်ဖြစ်သည်။ ဓာတုဗေဒ အဆိပ်ပိုးမွှား လက်နက်များကိုလည်း ဆက်လက် ထုတ်ကြဦးမည်ပင်ဖြစ်သည်။ အင်အားကြီးမားသော သမရိုးကျ စစ်လက်နက် များကိုလည်း ထုတ်မြဲ ထုတ်ကြဦးမည်သာ ဖြစ်သည်။ ဆိုခဲ့သော ဖြစ်ရပ်များကြောင့် ကမ္ဘာစစ် အန္တရာယ်မှာ လျှော့နည်းသွားခြင်း မရှိသေးပေ။ အဓိက အားဖြင့် ကမ္ဘာ့လုပ်သား ပြည်သူများ၏ တိုက်ပွဲဝင်မှုကြောင့် ယနေ့အထိ ကမ္ဘာစစ်သစ်တရပ် ဖြစ်ပွါးပေါ်ပေါက်ခြင်း မရှိသေးစေကာမူ ဒေသဆိုင်ရာ စစ်ပွဲများနှင့် အတိုက်အခံ ဖြစ်မှုများမှာ ကမ္ဘာ့နေရာ အနှံ့အပြားတွင် အဆက်မပြတ် ဖြစ်ပွါးခဲ့၊ ဖြစ်ပွါးဆဲ ပင်ဖြစ်သည်။ လွန်ခဲ့သည့် အနှစ် ၄၀ ကျော်အတွင်း ဒေသလက္ခဏာ ဆောင်သော စစ်ပွဲများမှာ အကြိမ် ၁၆၀ ကျော်မျှ ဖြစ်ပွားခဲ့ပေသည်။

သို့ဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိမ်းသိမ်းကာကွယ်နိုင်ရန်အတွက် ကျနော်တို့သည် ကမ္ဘာပေါ်ရှိ ပစ္စည်းမဲ့လူတန်းစား၊ အဖိနှိပ်ခံပြည်သူများ၊ အဖိနှိပ်ခံ အမျိုးသားများနှင့် အတူတကွ တစည်းတလုံးတည်း လုံးပမ်းအားထုတ် ကြရပေလိမ့်မည်။ နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်သစ်နှင့် ဗိုလ်ကျစိုးမိုးရေးဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက် ကြရပေလိမ့်မည်။ ကမ္ဘာ့ပြည်သူများ အနေနှင့် နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်သစ်နှင့် ဗိုလ်ကျစိုးမိုးရေးဝါဒကို တက်ညီလက်ညီ တိုက်ပွဲဝင်ကြမည်ဆိုပါက နယ်ချဲ့စနစ် တည်ရှိနေသည့် အခြေအနေအောက်တွင် ကမ္ဘာစစ်ပွဲတရပ် မပေါ်ပေါက်အောင် လုံးဝမတားဆီးနိုင်သည့်တိုင်အောင် ကမ္ဘာ့ငြိမ်းချမ်းရေးကို တစုံတရာ ထိန်းသိမ်းကာကွယ် ထားနိုင်မည်ဟု ကျနော်တို့ ယုံကြည်ပေသည်။

မျက်မှောက်နိုင်ငံတကာ့ စီးပွါးရေး အခြေအနေ၊ နိုင်ငံရေး အခြေအနေများက ကမ္ဘာမှာရှိသည့် အရင်း

ဇယား(၃)

ဘဏ်ကြီးများအရေအတွက် ဒေါ်လာသန်းပေါင်း

| တိုင်းပြည် | ၇၀ ခုနှစ် | ၈၀ ခုနှစ် | ၈၃ ခုနှစ် | ၈၄ ခုနှစ် | ၈၅ ခုနှစ် | ၈၆ ခုနှစ် | အရင်းပမာဏ |
|---|---|---|---|---|---|---|---|
| ၁။ အမေရိကန် | ၂၄ | ၁၃ | ၁၅ | ၁၈ | ၁၉ | ၁၅ | ၈၉၂၃၂၆ |
| ၂။ ဂျပန် | ၁၈ | ၂၄ | ၂၄ | ၂၄ | ၂၆ | ၂၆ | ၂၀၃၀၂၉၁ |
| ၃။ အနောက်ဂျာမဏီ | ၇ | ၁၁ | ၁၁ | ၁၁ | ၁၀ | ၁၁ | ၅၅၆၂၈၀ |
| ၄။ ပြင်သစ် | ၅ | ၈ | ၈ | ၈ | ၈ | ၉ | ၆၅၀၅၈၉ |
| ၅။ အင်္ဂလန် | ၆ | ၅ | ၅ | ၅ | ၅ | ၅ | ၃၈၇၆၅၉ |
| ၆။ အီတလီ | ၁၀ | ၈ | ၈ | ၈ | ၈ | ၈ | ၃၃၀၉၄၀ |
| ၇။ ကနေဒါ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၂၅၄၃၄၁ |
| စုစုပေါင်းကမ္ဘာပေါ်ရှိဘဏ်ကြီးများ | ၉၄ | ၉၈ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၃ | ၅၉၄၂၇၁၀ |

( ပင်ရင်း ကမ္ဘာ့စီးပွါးရေးစာစောင် (တရုပ်ဘာသာ) ၁၉၈၇ ခုအမှတ် ၂ နှာ ၁၉၄—၉၆ တွင်ဖော်ပြထားသော စာရင်းဇယားများပေါ်တွင် အခြေပြုသည်။ )

ခံ လူမှုပဋိပက္ခ အားလုံးကို သဲသန်ပြင်းထန် စေသည့် အလျောက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲများ၊ တိုင်းပြည်အသီးသီးရှိ ပစ္စည်းမဲ့ လူတန်းစားနှင့် လုပ်သားပြည်သူများ၏ တိုက်ပွဲများနှင့် ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲများသည် အနေ့နှင့် အမြန်ဆိုသလို မရှောင်မလွဲသာ ပိုမိုပြင်းထန် လာမည်သာဖြစ်ပေသည်။ ဤတော်လှန်ရေး လှုပ်ရှားမှုများကို ကျနော်တို့သည် ပြတ်ပြတ်သားသား အားပေးထောက်ခံရမည်သာ ဖြစ်သည်။ ပစ္စည်းမဲ့ လူတန်းစားနှင့် လုပ်သားပြည်သူများ၏ တော်လှန်ရေး လှုပ်ရှားမှုများနှင့် တော်လှန်ရေး စစ်ပွဲများ အောင်ပွဲ ဆင်သည်နှင့်အမျှ နယ်ချဲ့စနစ်ကို အင်အားယုတ်လျော့ စေမည်ဖြစ်သဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သော်၎င်း၊ ဒေသအသီးသီး ငြိမ်းချမ်းရေး အတွက်သော်၎င်း ပိုမိုအကျိုးပြုမည်သာ ဖြစ်ပေသည်။

လက်ရှိပြည်တွင်းပြည်ပ အခြေအနေ အောက်တွင် ကျနော်တို့သည် မာ့က်စ်လီနင်ဝါဒနှင့် ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒမှု အခြေခံပေါ်တွင် မာ့က်စ်လီနင် ပါတီများနှင့် သွေးစည်းညီညွတ်မှုနှင့် အပြန်အလှန် အားပေးထောက်ခံမှုကို ပိုမိုတိုးတက် ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ညီအစ်ကိုပါတီချင်း လက်တွေ့ ဆက်ဆံရေးတွင် လုံးဝတန်းတူရေး၊ အမှီခိုကင်းရေး၊ အပြန်အလှန် လေးစားရေး၊ ပါတီတခု၏ အတွင်းရေးတွင် အခြားပါတီတခုက ဝင်ရောက်မစွက်ဖက်ရေး ဟူသော မူများကိုလည်း လိုက်နာစောင့်ထိန်းသွားကြရန် ဖြစ်ပေသည်။ ဤသည်နှင့် တဆက်တည်းတွင် တတိယ အကြိမ်မြောက် ပါတီကွန်ဂရက်က ချမှတ် အတည်ပြုခဲ့သော လုပ်ငန်းစဉ် လမ်းစဉ် ပေါ်လစီများနှင့် ရှေ့လုပ်ငန်းတာဝန် ၉ ချက်ကို တက်ကြွပြတ်သားစွာ အကောင်အထည် ဖေါ်ခြင်းဖြင့် ပိုမိုကြီးမားသော အောင်ပွဲများကို အရ ယူကြရမည် ဖြစ်ပေသည်။

# တတိယ အကြိမ်ပါတီကွန်ဂရက်ရဲ့ စိတ်ဓါတ်ကို မိမိရရဆုပ်ကိုင်ရေး

တတိယ အကြိမ် ပါတီကွန်ကရက်ကြီးဟာ ဗမာပြည် တော်လှန်ရေး အတွက် လက်တွေ့ အဓိပ္ပာယ်ဆောင်ရုံမက သမိုင်းအဓိပ္ပာယ်လဲ ရှိပါတယ်။ ကွန်ဂက် အစီရင်ခံစာထဲမှာ မျက်မှောက်ခေတ်နဲ့ မျက်မှောက် နိုင်ငံတကာ့ အခြေအနေကို ဘက်စုံက ခွဲခြမ်းစိတ်ဖြာခဲ့ပြီး ကျွန်တော်တို့ တိုင်းပြည်ရဲ့ ရောက်ရှိနေတဲ့ အခြေအနေနဲ့ သမိုင်း သင်ခန်းစာတွေထဲက ပြဿနာများကိုလဲ ရှင်းရှင်းလင်းလင်း သုံးသပ်ခဲ့တယ်။ တချိန်ထဲမှာဘဲ ဒီကွန်ဂရက်က ကျွန်တော်တို့ပါတီနဲ့ ကျွန်တော်တို့ တော်လှန်ရေးက မျက်မှောက်လုပ်ရမဲ့ လုပ်ငန်းကြီးတွေကို ဘက်စုံ က ချမှတ်ခဲ့တယ်။ ဒီအထဲက အဓိက အကျဆုံးဆိုရင် ၃ ခုလောက်ရှိပါတယ်။ဆိုလိုတာက လက်နက်ကိုင်တော်လှန်ရေး အောင်လံကြီးကို ကြံ့ကြံ့ခိုင် စွဲကိုင်ရေး၊ ပါတီ ကြံ့ခိုင်သန့်ရှင်းရေးနဲ့ အမှိုက်ကင်းစွာရပ်တည်— ကိုယ့်ဒူးကိုယ်ချွန် တော်လှန်ရေးလုပ်ဆိုတာတွေ ဖြစ်ပါတယ်။

အခြားတိုက်ပွဲသဏ္ဍာန်မျိုးစုံနဲ့ ပေါင်းစပ်ကာ၊ ရေရှည် လက်နက်ကိုင် တိုက်ပွဲနဲ့ အာဏာသိမ်းရေး လမ်းကြောင်းဟာ ဗမာပြည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အောင်ပွဲခံဖို့ တခုတည်းသော လမ်းကြောင်းဖြစ်ပါတယ်။ ဒါဟာ ဗမာပြည်ရုပ်ဘဝနဲ့ ဗမာပြည် တော်လှန်ရေးရဲ့ ထူးခြားချက်က ဆုံးဖြတ်တာ ဖြစ်ပါတယ်။ "ကျွန်တော်တို့ ဗမာပြည်ဟာ ၁၉၄၈ ခု၊ ဇန္နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပေမဲ့ စီးပွါးရေးအရ နယ်ချဲ့ပေါင်းစုံအပေါ်မှာ မှီခိုနေရတဲ့ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်တယ်"။ "၄၈ ခုနှစ်ကစပြီး အာဏာရခဲ့တဲ့ အုပ်စိုးသူ အဆက်ဆက်ဟာ ဗျူရိုကရက် အရင်းရှင်စနစ်ကို ကိုယ်စားပြုပြီး နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်ကို ဆက်လက် ကာကွယ်ခဲ့ကြတယ်။ ဗျူရိုကရက် အရင်းရှင်စနစ်ကိုလဲ အကြီးအကျယ် ထွန်းကားအောင် လုပ်နေကြတယ်"။ ဗမာပြည်သူတွေဟာ ရန်သူကြီး ၃ ဦးရဲ့ သွေးစုတ်မှု ဖိနှိပ်မှုကြောင့် တနေ့တခြား ဆင်းရဲမွဲတေ ဒီမိုကရေစီမဲ့တဲ့ ဘဝကိုလဲ ခံစားနေကြရတယ်။ "စစ်ဗျူရိုကရက်များ အာဏာရပြီးတဲ့နောက် တိုင်းပြည်ရဲ့ အခြေအနေဟာ ပိုမိုဆိုးဝါးလာတယ်"။ စက်မှုလုပ်ငန်း တစုံတရာ တိုးများလာပေမဲ့ နယ်ချဲ့သမားများအပေါ် တဆင့်တိုး မှီခိုလာရပြီး ကိုလိုနီစနစ်ရဲ့ အရင်းတင်ပို့မှု (အတိုးကြီးစား သွေးစုပ်မှု)နဲ့ ကုန်စည်တင်ပို့မှု (ကုန်စည်သွေးစုတ်မှု)ကို ပိုမိုခံခဲ့ရတယ်။ ဖောက်ပြန်ရေး အစိုးရ အဆက် ဆက်ဟာ နယ်ချဲ့ပေါင်းစုံအပေါ် တနေ့တခြား မှီခိုလာတာကြောင့် နယ်ချဲ့သမားများရဲ့ အရင်းအနှီးတင်ပို့မှုဟာ တနေ့တခြား တိုးများလာခဲ့တယ်။ လွတ်လပ်ရေး ရခါစက နိုင်ငံခြားအရင်း အစုစုဟာ ကျပ် ကုဋေ ၄၅ သာရှိပြီး ဒေါ်လာနဲ့တွက်ရင် ၁၅ ကုဋေ လောက်သာရှိပါတယ်။ ၅၈ ခုနှစ်ရောက်တော့ ကျပ် ကုဋေ ၁၀၀ ကျော် ဖြစ်လာပြီး ၆၈ ခုနှစ်မှာ ကျပ် ကုဋေ ၂၀၀ ကျော်လာတယ်။ ၇၈ ခုနှစ် ကျပ်ကုဋေ ၅၄၇ ဖြစ်လာပြီး၊ ဒီကာလ ဒေါ်လာပေါက်ဈေးနဲ့ ပြောရင် ကုဋေ ၈၀.၄၄ လောက် ဖြစ်လာပါတယ်။ ဒါပေမဲ့ စစ်အစိုးရ လက်ထက် အထူးသဖြင့် ၇၈ ခုနှစ် နောက်ပိုင်းမှာ အရင်းအနှီး တင်ပို့မှု အကြီးအကျယ် လက်ခံ လာတာကြောင့် ၈၇ ခုနှစ် မှာဆိုရင် ဒေါ်လာ ကုဋေ ၄၂၀၀ ကျော်အထိ တဟုန်ထိုး မြင့်မားလာခဲ့တယ်။

စစ်အစိုးရလက်ထက်မှာ ပြည်တွင်းစစ်ကို တဆင့်တိုး နက်ရှိုင်းအောင် လုပ်ပြီး စစ်တပ်ကို တိုးချဲ့တာနဲ့ တပါတည်း ကြွေးထူ ကျွန်တွင်း နစ်သထက်နစ် ဖြစ်လာတာကို တွေ့နိုင်ပါတယ်။ ပြည်ပရဲ့ ကုန်စည်တင်ပို့မှုဟာ ချေးငွေများနဲ့ ဆက်စပ် ထားတာကြောင့် အတိုးနဲ့အမြတ် ၂ လွှန်းတင်စနစ်ရဲ့ ဒဏ်ကို ပြည်သူတွေခံရပြန်တယ်။ မျက်မှောက်ခေတ်ရဲ့ အတိုးနှုံးဟာ ၇% မှ ၁၅% အထိရှိပြီး၊ ကုန်စည်အမြတ်ရဲ့ နှုံးဟာ အနိမ့်ဆုံး ၃၀ % အထက်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်ဟာ နယ်ချဲ့သမားများရဲ့ အဝကြီးစား မြတ်ကြီးစား နှစ်ထပ်ကွမ်းကို ၅၀ % မှ ၁၀၀ % အထက်အထိ သွေးစုပ်ခံနေရတာ ထင်ရှားပါတယ်။

ဗမာပြည်ရဲ့ ကျေးလက်တွေမှာ ဆိုရင်လဲ ပဒေသရာဇ်မြေရှင်စနစ်ဟာ အတော် အင်အား နဲ့သွားပေမဲ့

ဒေသ တော်တော်များများမှာဘဲ သီးစားခ သွေးစုပ်မှုဟာ သဏ္ဍာန်အမျိုးမျိုးနဲ့ တည်ရှိနေသေးတယ်။ အထူးသဖြင့် တောင်တန်းဒေသတွေမှာ အတော်ကျန်နေသေးတယ်။ ရှမ်းပြည်နယ်မှာဆိုရင် စော်ဘွားများ အာဏာ စွန့်ပြီးနောက် ယနေ့အထိ အာဏာ အဆောက်အအုံထဲမှာ ဝတ်ရုံ ပြောင်းခြုံခြင်းနဲ့ စစ်အရာရှိ များနဲ့ ပူးပေါင်းပြီး၊ ဖက်စပ်အာဏာ ဖြစ်လာတာမှအပ မြေယာစနစ်ကို ပြောင်းလဲခြင်း မလုပ်ကြသေးပါ။ သိန္နီ၊ ကျိုင်းတုံ၊ နမ့်ခမ်း၊ ကွတ်ခိုင် စတဲ့ ရန်သူသိမ်းပိုက်ထားတဲ့ ဒေသများမှာ သေသေချာချာ လေ့လာရင် အလွယ်တကူနဲ့ တွေ့နိုင်ပါသေးတယ်။

"ကချင်ပြည်နယ် ထဲမှာလဲ ဒူးဝါးများ၊ ဆလံဝါများ၊ မြေရှင်များထဲမှာ အများစုကြီးဟာ ယနေ့အထိ မဆလ အစိုးရ အဆောက်အဦထဲမှာ အာဏာပိုင်တွေအဖြစ်နဲ့ ပါဝင်နေကြတယ်။ သူတို့ဟာ မြေယာတွေကို ဆက်လက် ကိုင်ထားကြပြီး၊ ပဒေသရာဇ်မြေရှင် သွေးစုပ်မှုစနစ်ကို ဆက်လုပ်နေကြတယ်။ ပြောင်းလဲမှုအချို့ကတော့ ဒေသခံ ပဒေသရာဇ် အကြီးစားများဟာ စစ်ဒဏ်ကို ကြောက်လန့် မြို့ကို တက်ပြေးကြပြီးနောက်မှာ သက်ဦးဆံပိုင်စနစ်နဲ့ တောတောင် ရေမြေအားလုံးကို ပိုင်ဆိုင်တဲ့ စနစ်ကတော့ တစုံတရာ အားနဲ့သွားတာ တွေ့ရပါတယ်။ ဒါ့ပြင် ဗျူရိုကရက် အရင်းရှင် အာဏာဟာ တစတစ ချယ်လှယ်တဲ့နေရာ ရောက်လာတာတွေ့ရပါတယ်"။

နောက်အပြောင်းအလဲ တခုကတော့ တောင်တန်းရော မြေပြန့် ဒေသတွေပါ အစိမ်းရောင်—အစိမ်းဝယ်ဆိုတဲ့၊ ပင်ထောင်ဝယ်တဲ့ အတိုးကြီးစားစနစ်ဟာ ကိုလိုနီခေတ်ကထက် ပိုမိုခေတ်စားလာပြီး မြေရှင်စနစ်နဲ့ အရင်းရှင်စနစ်တို့ရဲ့ ဖက်စပ်မှုပုံစံ လွှမ်းမိုးလာခြင်း တို့ပါဘဲ။ ယခင်အခါက ကျေးလက်မှာ သီးစားခ သွေးစုပ်မှုဟာ အဓိကသွေးစုပ်မှု လို့ပြောရင် အခုအခါမှာ ပင်ထောင် သွေးစုပ်မှုဟာ အဓိက ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒီပင်ထောင် သွေးစုပ်မှု ဟာဆိုရင် လပိုင်းအတွင်း ဆတိုးသွေးစုပ်ရုံမက မဆပ်နိုင်ပြန်ရင်လဲ လို့မ့်တိုးထပ်တိုးလုပ်တာကို တောင်သူ လယ်သမားများ ခံနေရပါတယ်။

ကျေးလက်ဒေသ တွေမှာဆိုရင် ဖောက်ပြန်တဲ့ အစိုးရ အဆက်ဆက်ဟာ ဖောက်ပြန်ရေး လက်နက်ကိုင်တပ်တွေကို နာမည်အမျိုးမျိုးပြောင်းပြီး တည်ထောင်ခဲ့ကြတယ်။ သူတို့ဟာ လူထုအပေါ် ဖိနှိပ်သွေးစုပ်မှု အမျိုးမျိုး လုပ်ကြတယ်။ ဖောက်ပြန်ရေး အစိုးရများက ပြည်တွင်းစစ် ပိုလုပ်လာလေလေ ဒေသခံဖောက်ပြန်ရေး တပ်များလဲ များပြားလာ လေလေဖြစ်ပြီး သူတို့ရဲ့အာဏာဟာလဲ ပိုပြီး ကြီးလာလေလေ ပိုပြီး ရမ်းကားလာလေလေဆိုတာ တွေ့ရပါတယ်။ အဲဒီလို ဖောက်ပြန်ရေး ဒေသခံတပ်တွေဟာ တော်လှန်ရေးဒေသနဲ့ ဆက်စပ်နေတဲ့ နေရာတွေမှာဆိုရင် ပိုပြီးသောင်းကျန်းကြတာ တွေ့ရပါတယ်။ ဒီလို အချင်းအရာဟာ မြေပြန့်မှာ ရော တောင်တန်းဒေသ တွေမှာပါ ယေဘူယျ လက္ခဏာလို့ ပြောနိုင်ပါတယ်။ ဒေသခံ ဖောက်ပြန်ရေး တပ်တွေဟာ ပဒေသရာဇ်မြေရှင် အာဏာများအပြင် စစ်ဗျူရိုကရက် အာဏာ၊ စစ်ကာလ အာဏာတွေပါ ရရှိကြတဲ့အတွက်၊ ကျေးလက်တွေမှာဆိုရင် ရမ်းကားချင်တိုင်း ရမ်းကားနေကြဘယ်။ ဓမ္မတာအတိုင်းဘဲ လူမျိုးစု ဒေသတွေမှာ ပိုပြီးချက်စက် ကြမ်းကြုတ်ကြတယ်။

တောင်တန်းဒေသတွေဟာ ဗမာပြည်မှာ နယ်မြေအရပိုမိုနယ်ကျယ်ပြီး လူဦးရေအရလဲ တဝက်နီးပါး ရှိပါတယ်။ ဒီဒေသတွေဟာ အလွန်အမင်း ခေတ်နောက်ကျပြီး ကိုလိုနီခေတ်မှ လက်ရှိအစိုးရအထိ တရားဥပဒေသက်ရောက်မှု အလွန်အားနဲပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ပါတီ ဦးဆောင်တဲ့ မြေယာတိုက်ပွဲဟာလဲ လုပ်နိုင်တဲ့ အဝန်းအဝိုင်း အလွန်ဘဲ အားနဲပါသေးတယ်။ မဟာမိတ်များ စိုးမိုးထားတဲ့ ဒေသတွေမှာလဲ မြေယာတိုက်ပွဲဟာ ပေါ်လစီအရ လုပ်ခြင်းမရှိသေးပါ။

ပဒေသရာဇ်အကြီးစားများ မြို့များကို တိမ်းရှောင်သွားတာကြောင့် ပဒေသရာဇ်စနစ် အားနဲသွားတာလောက်ဘဲ ရှိပါသေးဘယ်။ ဒါ့ကြောင့် ပဒေသရာဇ်စနစ် သွေးစုပ်မှုဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနှံ့အပြားမှာဘဲ တစုံတရာ ဆက်လက် တည်ရှိ နေသေးကြောင်း ထင်ရှားပါတယ်။

ဗမာပြည်ရဲ့ ဗျူရိုကရက် အရင်းရှင်စနစ်ဟာ ကိုလိုနီတိုင်းပြည် ဖြစ်လာတာနဲ့ တပါတည်း စတင်ပေါ်ပေါက်ခဲ့ပြီး ကိုလိုနီတပိုင်းအဖြစ် ပြောင်းလာတဲ့အခါမှာတော့ အုပ်စိုးတဲ့အဆင့်နေရာကို ရောက်ရှိလာတယ်။ မူလကတဲက တစတစ ဖြစ်ပေါ် တိုးပွါးလာတဲ့ ဗျူရိုကရက်အရင်းရှင်စနစ်ဟာ အာဏာရလာတာနဲ့ တပြိုင်နက် ၎င်းတို့ရဲ့ နိုင်ငံရေး၊ စီးပွါးရေး၊ ယဉ်ကျေးမှု ဘက်ပေါင်းစုံ အင်အားတွေကို အရှိန်မြန်စွာနဲ့ ဖြစ်ပေါ် တိုးပွါးအောင် လုပ်တော့တာဘဲ။ ဒါကြောင့် အခုအခါမှာ ကိုလိုနီခေတ်ကလို နယ်ချဲ့စနစ်ရဲ့ အစွယ်အပွါး လေးသာ

မဟုတ်တော့ဘဲ ဗမာပြည်မှာဆိုပါက စနစ်ဆိုး ၃ ခုအတွင်းမှာဘဲ ခန့်ခွဲသူအဆင့်နေရာကို ရရှိနေပါတယ်။ ဒါ့ကြောင့် ဒီနေ့ဗမာပြည်သူတွေ ခံနေရတဲ့ ဖိနှိပ်သွေးစုပ်မှုရဲ့အဆိုးဝါးဆုံးနဲ့ အဓိက အကျဆုံးဟာ ဗျူရိုကရက်အရင်းရှင်စနစ်ဖြစ်တယ်။ ခြုံလိုက်ရင်တော့ ဗမာပြည်မှာရှိတဲ့ လူမျိုးပေါင်းစုံ ပြည်သူတွေဟာ ဗျူရိုကရက်အရင်းရှင် စနစ်ဆိုးကြီး အောက်မှ စနစ်ဆိုးကြီး ၃ ခုရဲ့ ဖိနှိပ်မှုကို အလူးအလှိမ့် ခံနေကြရပါတယ်။

ကျွန်တော်တို့ ဗမာပြည်ရဲ့ လူ့အဖွဲ့အစည်း ရုပ်ဘဝအရပြောရင် ခေတ်နောက်ကျတဲ့၊ စီးပွါးရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု ဖြစ်ပေါ်တိုးပွါးမှု မညီညာတဲ့ ကိုလိုနီတပိုင်း—ပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်ပါတယ်။ အာဏာရအုပ်စိုးသူ အဆက်ဆက်ဟာလဲ ဗျူရိုကရက် အရင်းရှင်အုပ်စုများသာဖြစ်ပြီး ဒီမိုကရေစီ ဆိတ်သုဉ်းတဲ့လမ်းကိုလိုက်ခဲ့ကြတယ်။ ပြည်တွင်းစစ်ကို နက်သထက် နက်အောင်လဲ လုပ်နေကြတယ်။ ဒီလိုရုပ်ဘဝ အခြေအနေအောက်မှာ "ဗမာပြည် တော်လှန်ရေးဟာ နယ်ချဲ့စနစ်ဆန့်ကျင်တဲ့၊ ပဒေသရာဇ် မြေရှင်စနစ်ကို ဆန့်ကျင်တဲ့၊ ဗျူရိုကရက် အရင်းရှင်စနစ်ကို ဆန့်ကျင်တဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးဘဲ ဖြစ်ပါတယ်။ ဒီတော်လှန်ရေးဟာ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်တဲ့၊ အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုအပေါ် အခြေခံတဲ့၊ တော်လှန်ရေး လူတန်းစား အသီးသီးပါဝင်တဲ့ တော်လှန်ရေးမျိုးဖြစ်ပြီး ကမ္ဘာ့တော်လှန်ရေးရဲ့ အစိတ်အပိုင်းလဲဖြစ်တယ်။" "ဒီတော်လှန်ရေးက ထူထောင်မဲ့နိုင်ငံဟာလဲ ပြည်သူ့ဒီမိုကရေစီ သမ္မတနိုင်ငံ ဖြစ်ပါတယ်။"

အဲဒီလို တိုင်းပြည်ရဲ့ ရုပ်ဘဝနဲ့ တော်လှန်ရေးလက္ခဏာ အောက်မှာ "ဗမာပြည် တော်လှန်ရေးရဲ့ အောင်ပွဲခံရေး လမ်းကြောင်းဟာ လက်နက်ကိုင် တော်လှန်ရေးက လက်နက်ကိုင် တန်ပြန်တော်လှန်ရေး ကိုဆန့်ကျင်ရမှာဖြစ်ပြီး၊ တခုတည်းသော လမ်းဟာ လက်နက်ကိုင်တိုက်ပွဲနဲ့ အာဏာသိမ်းရေးဘဲ ဖြစ်တယ်။ ဒါ့အပြင် တော်လှန်စစ်ရဲ့ သေနင်္ဂဗျူဟာနဲ့ စစ်ပရိယာယ်အရ ပြောရင်၊ ရေရှည် ပြည်သူ့စစ်ပွဲနဲ့ အာဏာသိမ်းရေး လမ်းကြောင်းအတိုင်း ချီတက်ရမှာဖြစ်တယ်။"

ခေတ်နောက်ကျပြီး ဖြစ်ပေါ်တိုးပွါးမှု မညီညာခြင်းနဲ့ လူမျိုးများပြားခြင်း၊ ရန်သူ့အင်အားကြီးပြီး မိမိအင်အားသေးခြင်း၊ "စနစ်ဆိုး ၃ ခုရဲ့ သွေးစုပ်မှုနဲ့အုပ်စိုးသူများက ရက်စက်ကြမ်းကြုတ်ခြင်း"၊ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုအောက်၌ စနစ်ဆိုး ၃ ခုကို တိုက်ဖျက်ခြင်း ဆိုတဲ့ အခိုင်အမာ အကြောင်းအချက်များ အောက်မှာ ဆိုရင် ကျွန်တော်တို့ တော်လှန်ရေးဟာ မလွဲမရှောင်သာဘဲ ကျေးလက်ကိုအခြေခံ၊ ကျေးလက်မှာ အခြေခံစခန်း တည်ဆောက်၊ "မိမိအင်အားများကိုအဆက်မပြတ်တိုးချဲ့"၊ ကျေးလက်မှ မြို့ကိုဝိုင်း၊ မြို့တွေကို တစတစသိမ်းပြီး၊ နောက်ဆုံး တပြည်လုံးကိုသိမ်း၊ ဆိုတဲ့ ရေရှည်ပြည်သူ့စစ်ပွဲ လမ်းကြောင်းကိုလိုက်ရမှာဖြစ်တယ်။

ရေရှည် ပြည်သူ့စစ်ပွဲ အောင်ဘို့ဆိုရင် ကျနော်တို့ဟာ ရဲဘော်မော်စီတုန်း ညွှန်ပြခဲ့သလို ရန်သူကိုအနိုင်တိုက်ပြီး ပြည်သူများကိုစည်းရုံး၊ မိမိရဲ့တော်လှန်ရေးအင်အားတွေကို ကောင်းအောင် တည်ဆောက် ဆိုတဲ့ လုပ်ငန်းဂွင်းဆက် ၃ ခုကို ကောင်းအောင် လုပ်ရမယ်။ ရန်သူကို အနိုင်တိုက်ဘို့ဆိုရင် ကွန်ဂရက်အစီရင်ခံစာထဲမှာ ဖော်ပြသလို ကျွန်တော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲကို မဏ္ဍိုင်ထားပြီး၊ အခြားတိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ မှန်မှန်ကန်ကန် ပေါင်းစပ်ရေးကို တက်တက်ကြွကြွ လုပ်ဆောင်ရမယ်။ ဒီလိုနည်းနဲ့ ရန်သူ့ရဲ့ စီးပွါးရေး၊ နိုင်ငံရေး၊ စစ်ရေး စီမံကိန်းတွေကို တိုက်ဖျက်ရမယ်။ ရန်သူချေမှုန်းရေးကို များများလုပ်ပြီး ရန်သူ့တပ်ဖြိုခွဲရေးကို ကောင်းအောင် လုပ်ရမယ်။ အခြေခံဒေသတွေကို တခုပြီးတခု ခိုင်ခိုင်မာမာနဲ့ တိုးချဲ့သွားရမယ်။ ဒါဟာ လုပ်ငန်းဂွင်းဆက် တခုဖြစ်တယ်။

ရေရှည်ပြည်သူ့စစ်ပွဲ အောင်ပွဲခံဘို့ဆိုရင်၊ ကျွန်တော်တို့ဟာ ကျယ်ပြန့်တဲ့ လူမျိုးစုံပြည်သူတွေကို စည်းရုံးနိုင်ရမယ်။ အခြေခံဒေသ ပြည်သူတွေရဲ့ တော်လှန်ရေးဘက်ကြွမှု အခန်းကို ထွန်းကားစေရမယ်။ ဘုံရန်သူကို ဦးတည် တိုက်ရေးအတွက် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်တဲ့ တော်လှန်ရေး အင်အားစုတွေကို စည်းရုံးရမယ်။ မဟာမိတ် အဖွဲ့များနဲ့ ဘုံရန်သူ ဦးတည်တိုက်ရေး တပ်ပေါင်းစုကို အဆက်မပြတ် တိုးချဲ့သွားရမယ်။ ဒီလိုနည်းနဲ့ ရန်သူကို တကောင်ကြွက် ဖြစ်အောင်လုပ်ပြီး၊ ပြည်သူ့စစ်ပွဲ အင်အားကို ကြီးထွားလာအောင် လုပ်ရမယ်။ ဒါဟာလဲ လုပ်ငန်းဂွင်းဆက် တခုဖြစ်ပါတယ်။

ရေရှည်ပြည်သူ့စစ်ပွဲ အောင်ပွဲခံဘို့ဆိုရင် မိမိတို့ရဲ့ တော်လှန်ရေး တပ်ဖွဲ့တွေ တည်ဆောက်ရေး လုပ်ငန်းကို ကောင်းအောင် လုပ်ရမယ်။ မိမိပါတီ၊ မိမိတပ်၊ မိမိရဲ့တော်လှန်ရေး အဖွဲ့အစည်းများကို အရေအတွက်အရ တိုးများအောင် လုပ်ရမဲ့အပြင်၊ အရည်အချင်း

မြင့်တက်အောင် အဆက်မပြတ် လုပ်ရမယ်၊ ရန်သူ့ရဲ့ ဖရိဖရဲဖြစ်မှုနဲ့ ပြည်သူများက တော်လှန်ရေးကို ထောက်ခံမှုဟာ တော်လှန်ရေး အောင်ပွဲခံဖို့ အရေးကြီးတဲ့ ရုပ်ဘဝ အကြောင်းအချက် များသာဖြစ်တယ်။ အောင်ပွဲခံရန် လိုရင်းအချက်ကတော့ ကျွန်တော်တို့ဟာ အရေအတွက်အရရော အရည်အချင်းအရပါ ရန်သူထက် သာတဲ့အင်အားကို စည်းရုံးနိုင်ရေးဖြစ်တယ်။ ဒါဟာ လုပ်ငန်းဂွင်းဆက် တခုဖြစ်ပါတယ်။

ခြုံလိုက်ရင်တော့ ကျွန်တော်တို့ဟာ ဒီလုပ်ငန်းဂွင်းဆက်ကို ကောင်းအောင်လုပ်ပြီး၊ ရေရှည်ပြည်သူ့စစ်ပွဲနဲ့ အာဏာသိမ်းရေး လမ်းကြောင်းကို ကြံ့ကြံ့ခိုင်ခိုင် စွဲကိုင်သွားကြဖို့ ဖြစ်ပါတယ်။

## ပါတီကြံ့ခိုင်သန့်ရှင်းရေး

တတိယ အကြိမ် ပါတီကွန်ဂရက်က ပါတီတည်ဆောက်ရေးဟာ သော့ချက်ဆိုတဲ့ လမ်းညွှန်ကို မိမိရရ ကိုင်စွဲပြီး ပါတီတည်ဆောက်ရေးဆိုင်ရာ အရေးကြီးတဲ့ သုံးသပ်ချက်များ၊ တောင်းဆိုချက်များနဲ့ အတွင်းသဘောများ၊ အဓိက ကျော်နင်းရမဲ့ အတွေးအခေါ်နဲ့ လုပ်ဟန်များကို ညွှန်ပြခဲ့တယ်။ ဒါ့အပြင် ပါတီတည်ဆောက်တဲ့ နည်းနာများကိုလဲ မှန်ကန်တိကျစွာ ညွှန်ပြခဲ့ပါတယ်။ ကွန်ဂရက် အစီရင်ခံစာ ထဲမှာဆိုရင် မျက်မှောက်ခေတ်ရဲ့ အထွေထွေဦးတည်ချက် ကို မိမိရရ ကိုင်ကြဖို့ ညွှန်ပြခဲ့ပြီး မျက်မှောက် နိုင်ငံတကာ့ အခြေအနေမှာ အရင်းရှင်စနစ် "တည်ငြိမ်မှု" နဲ့ မျက်မှောက်ကမ္ဘာ့ ကွန်မြူနစ် လှုပ်ရှားမှု အတွင်း အတွေးအခေါ် အယူအဆ အမျိုးမျိုး ကွဲလွဲနေမှုကို ဖော်ပြထားတယ်။ "ဒီလိုအခြေအနေ အောက်မှာ မာ့က်စ် လီနင်ဝါဒ အခြေခံမှုများနဲ့ မိမိတိုင်းပြည်ရဲ့ လက်တွေ့ တော်လှန်ရေး အခြေအနေ များကို မှန်ကန်စွာ ပေါင်းစပ်ပြီး ပါတီရဲ့ လမ်းညွှန် ပေါ်လစီများကို ချမှတ် လုပ်ဆောင်သွားဖို့" လဲ ညွှန်ပြထားပါတယ်။ တချိန်ထဲမှာလဲ ဗမာပြည်တော်လှန်ရေးဟာ ဒီရေနိမ့်ကာလ ရောက်ရှိနေမှုနဲ့ မိမိတို့ ပါတီတွင်းမှာလဲ အရည်အသွေး ပျက်ပြားလာမှုတွေကို ဘက်စုံမှ ခွဲခြမ်းစိပ်ဖြာခဲ့တယ်။ အဲဒီလို ပြည်တွင်းပြည်ပ ကွန်မြူနစ် လှုပ်ရှားမှုအတွင်း ရှုတ်ရှုတ်ထွေးထွေး ဖြစ်ပေါ်နေတဲ့ အခြေအနေ အောက်မှာ "တော်လှန်ရေး အောင်ပွဲခံဖို့ဆိုရင် ကျွန်တော်တို့ပါတီကို ပစ္စည်းမဲ့ လူတန်းစားတပ်ဦး ပိုမိုပီသ၊ ရေရှည် လက်နက်ကိုင်တော်လှန်ရေးကို ခေါင်းဆောင် နိုင်စွမ်းရှိတဲ့၊ လူထုချီးစုံ ပြည်သူများအတွင်း ဩဇာတိက္ကမ ကြီးမားတဲ့၊ ပိုမိုကြံ့ခိုင်တောင့်တင်းတဲ့ ကွန်မြူနစ် ပါတီတရပ် ဖြစ်လာအောင် တည်ဆောက်ဖို့" ကိုညွှန်ပြခဲ့တယ်။

အတွင်းသဘောနဲ့ ပတ်သက်ရင်လဲ ပါတီကိုနိုင်ငံရေးအရ လမ်းစဉ် ပေါ်လစီများအရ ပိုမိုပြည့်စုံ မှန်ကန်အောင် လုပ်ရေးနဲ့ အတွေးအခေါ်အရ မာ့က်စ်လီနင်ဝါဒရေချိန်မြှင့်ပြီး ပစ္စည်းမဲ့လူတန်းစားနိုးကြားမှု မြင့်တက်အောင်လုပ်ရေး၊ စည်းရုံးရေးအရ ကေဒါတပ်ဖွဲ့ သန့်မာတောင့်တင်းရေးနဲ့ စည်းရုံးရေး စည်းကမ်းအမြင် ရှင်သန်ရေး၊ လုပ်ဟန် ၃ ရပ် မှန်ကန်ရေး စတဲ့၊ ပါတီကို ဘက် ၄ ဘက်မှ တည်ဆောက်ဖို့ လမ်းညွှန်များ ချပေးခဲ့ပါတယ်။ တချိန်ထဲမှာလဲ မျက်မှောက်အခါ အဓိက ကျော်နင်းရမဲ့ အတွေးအခေါ် အမှားများနဲ့ လုပ်ဟန်အမှားများကိုလဲ ပြည့်ပြည့်စုံစုံ ဖော်ပြထားတယ်။ အထူးသဖြင့် ခေါင်းဆောင်များ ဦးချင်းဝါဒ၊ ဆန္ဒစွဲဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ ဗျူရိုကရေစီဝါဒ၊ လစ်ဘရယ်ဝါဒ စတဲ့ မှားယွင်းတဲ့ အတွေးအခေါ် လုပ်ဟန်များကို ကျော်နင်းဖို့ ဖော်ပြထားတဲ့အပြင်၊ ကိုယ့်ဒူးကိုယ်ချွန် စိတ်ခါတ် အားနဲမှုကိုလဲ ထောက်ပြဝေဖန် ထားပါတယ်။ ဒီမှားယွင်းတဲ့ အတွေးအခေါ်တွေနဲ့ လုပ်ဟန်များဟာ အဓိက အားဖြင့်၊ လကျ်ာတိမ်းစောင်းမှုတွေ ဖြစ်တယ်လို့ ဖော်ပြထားပြီး၊ ကနေ့ ပါတီတည်ဆောက်ရေးရဲ့ အဓိက အန္တရာယ်ဟာ လကျ်ာတိမ်းစောင်းမှု ဖြစ်တယ်။ တချိန်ထဲမှာလဲ လက်ဝဲတိမ်းစောင်းမှုကို သတိပြုဖို့ ညွှန်ပြထားပါတယ်။

ကွန်ဂရက် အစီရင်ခံစာ ထဲမှာဆိုရင် ပါတီတည်ဆောက်ရေးလုပ်ရာမှာ တော်လှန်ရေး လုပ်ငန်းအရပ်ရပ် အောင်မြင်အောင် လုပ်တာနဲ့ ပေါင်းစပ်ပေးဖို့၊ အထူးသဖြင့် လက်နက်ကိုင်တိုက်ပွဲ၊ အခြေခံစခန်း တည်ဆောက်ရေး၊ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုဖွဲ့ရေး စတဲ့အရင်းခံကျတဲ့ လုပ်ငန်းများနဲ့ နီးနီးကပ်ကပ် ပေါင်းစပ်ပြီး ဒီလုပ်ငန်းတွေ အောင်မြင်အောင် လုပ်ခြင်းနဲ့ ပါတီကို ကြီးထွားတိုးတက် လာအောင် လုပ်ဖို့ ညွှန်ပြထားပါတယ်။

ပါတီသမိုင်း အတွေ့အကြုံ အရပြောရင် အဲဒီလို နိုင်ငံရေး လမ်းစဉ်မှာ အရေးကြီးတဲ့ အပိုင်းတွေမှာ လမ်းစဉ်မှန်ပြီး၊ မှန်ကန်စွာ အကောင်အထည် ဖော်နိုင်ရင် ပါတီဟာ တိုးတက်ကြီးထွားလာက၊ ဒီလိုပြဿနာကြီးတွေမှာ ပါတီဟာ မှားနေရင် နစ်နာဆုံးရှုံးမှုတွေနဲ့ ကြုံရတယ်လို့လဲ ဖော်ပြထားပါတယ်။ ဒါကြောင့် ပါတီတည်ဆောက်ရေး လက်တွေ့ လုပ်တဲ့အခါမှာ ကျွန်

တော်တို့ဟာ တံခါးပိတ် တည်ဆောက်တာမျိုး မဟုတ်ဘဲ၊ တော်လှန်ရေးလုပ်ငန်း အရပ်ရပ်ကို လုပ်ဆောင်ရင်းနဲ့ ပါတီကို တည်ဆောက်ဘို့ လိုအပ်ပါတယ်။ ဒါဟာ ပါတီ တည်ဆောက်ရေးရဲ့ အဓိက နည်းနာ ဖြစ်တယ်။

ဒုတိယနည်းနာကတော့ ပါတီကြံ့ခိုင်သန့်ရှင်းရေး လုပ်ရာမှာ ပါတီတည်ဆောက်ရေးရဲ့ ပုံမှန်လုပ်ငန်းတွေကို ကောင်းအောင် လုပ်ရမယ်။ ပုံမှန်လုပ်ငန်းတွေ ဆိုတာ ပါတီဝင်များကို သဏ္ဍာန် အမျိုးမျိုးနဲ့ ပညာပေးခြင်း၊ "လေ့လာရေးများ လုပ်ခြင်း"၊ ပါတီတွင်း မိမိကိုယ်ကို ဝေဖန်ရေးနဲ့ ဝေဖန်ရေးကို ပုံမှန်ဖြစ်အောင် လုပ်ခြင်း၊ "ပါတီတွင်း ဘဝဖြတ်သန်းမှုကို ပုံမှန်ဖြစ်အောင် လုပ်ခြင်း"၊ ပါတီတွင်း အရေးယူမှုနှင့် ချီးမြှင့်မှုကို ပုံမှန်ဖြစ်အောင်လုပ်ခြင်း၊ ပါတီဝင်သစ်များကို တော်လှန်ရေး မီးသက်မှုန်တိုင်းထဲမှာ သိမ်းသွင်းယူခြင်း၊ ပါတီတွင်းအဆင့်ဆင့် ခေါင်းဆောင် အဆောက်အဦ များကို ကောင်းအောင် ဖွဲ့စည်းခြင်း၊ အဆင့်ဆင့် ပါတီအဖွဲ့အစည်းများရဲ့ ကွန်ဂရက်များကို ကောင်းအောင်လုပ်ခြင်း စတဲ့ ပါတီ တည်ဆောက်ရေး ဆိုင်ရာ လုပ်ငန်းအရပ်ရပ်ကို ပုံမှန်ဖြစ်စေရမယ်။

တတိယအားဖြင့် ပါတီကြံ့ခိုင် သန့်ရှင်းရေးနည်းနာကတော့ အဆင့်အသီးသီး ပါတီအဖွဲ့အစည်း များအတွင်း ပစ္စည်းမဲ့ လူတန်းစား အတွေးအခေါ် တည်ဆောက်ရေး လုပ်ဟန်ပြုပြင်ရေး ပစ္စည်းမဲ့ကမ္ဘာ့အမြင် စိုက်ထူရေး "ကျင်ဖုန်း" လှုပ်ရှားမှုအမျိုးမျိုး လုပ်ခြင်း ဖြစ်တယ်။ အထူးသဖြင့် အဆင့်မြင့်ခေါင်းဆောင်မှု အဆောက်အဦ များအတွင်း ပစ္စည်းမဲ့ ကမ္ဘာ့အမြင် စိုက်ထူရေးလှုပ်ရှားမှုများကို အခြေအနေရဲ့ လိုအပ်မှုအလိုက် လုပ်ဆောင်ခြင်း ဖြစ်တယ်။ ခြုံလိုက်ရင်တော့ တတိယအကြိမ် ပါတီကွန်ဂရက် အစီအရင်ခံစာထဲမှာ ပါတီတည်ဆောက်ရေးကို သော့ချက်အဖြစ် ထားပြီး လုပ်သွားကြဘို့ အလေးအနက် ညွှန်ပြထားပါတယ်။

## အမှီခိုကင်းစွာရပ်တည်ပြီးကိုယ့်ဒူးကိုယ်ချွန်တော်လှန်ရေး လုပ်ရေး

တတိယ အကြိမ် ကွန်ဂရက်ကြီးအတွင်း အရေးအကြီးဆုံး ကိစ္စကြီးတရပ်အဖြစ် ဆုံးဖြတ်ခဲ့တာကတော့ အမှီခိုကင်းစွာ ရပ်တည်ပြီး၊ ကိုယ့်ဒူးကိုယ်ချွန် တော်လှန်ရေးလုပ်ဖို့ဖြစ်ပါတယ်။ ဒီအချက်ဟာဆိုရင် တော်လှန်ရေးရဲ့ ဘယ်ကာလမှာမဆို အရေးကြီးပြီး အဆင့်အသီးသီး တော်လှန်ရေးအဖွဲ့အစည်း အားလုံးက ဂရုစိုက်ရမဲ့ ကိစ္စဖြစ်တယ်။ တော်လှန်ရေးတရပ် အောင်ပွဲဆင်ရေး အတွက် နိုင်ငံတကာ၏ ကူညီထောက်ခံ အားပေးမှု၊ အထူးသဖြင့် နိုင်ငံရေးအရ စာနာထောက်ခံမှုဟာ လိုအပ်ပါတယ်။ ဒါပေမဲ့ အဆုံးအဖြတ်ဟာ ပြည်တွင်းအကြောင်းအချက် သာဖြစ်ပါတယ်။ ရုပ်ဝတ္ထုအရ နိုင်ငံတကာ့အကူအညီ မရှိရင် တော်လှန်ရေး မအောင်မြင်ဘူး ဆိုတဲ့အမြင်ကတော့ မှားယွင်းတယ်။ ဘယ်တိုင်းပြည် ဘယ်တော်လှန်ရေး မျိုးမှာမဆို ကိုယ့်ဒူးကိုယ်ချွန် လုပ်မှသာ အောင်မြင်နိုင်တယ်။ နိုင်ငံတကာရဲ့ အကူအညီဆိုတာ အရံသာဖြစ်သင့်တယ်။ ကျနော်တို့ ညီအကိုပါတီများနဲ့ ဆက်ဆံရေး ကောင်းအောင်လဲ အထူးဂရုစိုက် လုပ်သွားရမယ်။ အခြားသော ကျွန်တော်တို့ကို နိုင်ငံရေးအရ စာနာ ထောက်ခံတဲ့ ပါတီ အဖွဲ့အစည်း လူပုဂ္ဂိုလ်များနဲ့လဲ ဆက်ဆံရေး ကောင်းအောင် လုပ်သွားရမယ်။ ဒါပေမဲ့ အဓိကလုပ်ဖို့ကတော့ အမှီခိုကင်းစွာရပ်တည်၊ ကိုယ်ဒူးကိုယ်ချွန် တော်လှန်ရေးလုပ် ဆိုတာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ဘို့ဘဲ ဖြစ်ပါတယ်။

ကိုယ့်ဒူးကိုယ်ချွန်ဆိုတာ နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ ရုပ်ဝတ္ထုအရ ဘက်စုံလုပ်သွားဘို့ဖြစ်ပါတယ်။ ကိုယ့်ဒူးကိုယ်ချွန် လုပ်ရာမှာလဲ မိမိပါတီ၊ မိမိပြည်သူများကို မှီခိုတာနဲ့ မိမိတို့ ရဲဘော်များရဲ့ ဖန်တီးမှုကို အားထားရမှာ ဖြစ်ပါတယ်။ မာ့က်စ်လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ရဲ့ အနှစ်သာရကို မိမိတို့ရဲ့ ပကတိတည်ရှိနေတဲ့ အခြေအနေနဲ့ မှန်ကန်စွာ ပေါင်းစပ်ပေးရမယ်။ နယ်စပ်ဒေသဟာ ခေတ်နောက်ကျလို့ ဗဟိုအခြေခံဒေသ လုပ်လို့မရဘူး ဆိုတာ မမှန်ဘူး။ ကျွန်တော်တို့တိုင်းပြည်လို တောင်တန်းတွေလဲရှိ၊ မြေပြန့်တွေလဲရှိ၊ ရာသီဥတုလဲကောင်း၊ သယံဇာတလဲကြွယ်ဝတဲ့ တိုင်းပြည်မျိုးမှာ ဘယ်ဒေသမှာမဆို လူထုထောက်ခံမှုရရင် အခြေခံစခန်း လုပ်လို့ရပါတယ်။ ပြဿနာရဲ့ ဂွင်းဆက်က အတွေးအခေါ်အရ၊ နိုင်ငံရေးအရ လမ်းစဉ်မှန်ကန်မှုနဲ့၊ စည်းရုံးရေးအရ မိမိတပ်ဖွဲ့ကို ခိုင်မာတောင့်တင်းအောင် လုပ်ဖို့ဖြစ်တယ်။ ကျွန်တော်တို့အားလုံးဟာ ကြံ့ခိုင်တဲ့ ရပ်တည်ချက်နဲ့၊ ဝိဇ္ဇာနည်းကျအမြင်ရှိကြဘို့ဖြစ်တယ်။ ကိုယ့်အားကိုယ်ကိုး၊ အပင်ပမ်းအဆင်းရဲခံ လုံးပမ်းတိုက်ခိုက် ကြဘို့ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ တတိယအကြိမ်မြောက် ကွန်ဂရက်ရဲ့ စိတ်ဓါတ်ကို လေ့လာရေးဟာ အလွန်ဘဲ အရေးကြီးတယ်လို့ မြင်ပါတယ်။ ဒီကွန်ဂရက်ရဲ့ အစီရင်ခံစာ ထဲမှာဆိုရင် ပါတီသမိုင်း အနှစ်

၄၀ ကျော်ခရီးရဲ့ အတွေ့အကြုံ သင်ခန်းစာများကို ပေါင်းရုံးပြီး၊ တိကျတဲ့လမ်းညွှန်ချက်တွေ ချပေးထားပါတယ်။ ဒါကြောင့် အထက်မှာ ဖော်ပြခဲ့တဲ့အချက် ၃ ချက်ဟာ အဓိကစိတ်ဓါတ် ၃ ချက်သာဖြစ်ပြီး ကျန်ကွန်ဂရက်စိတ်ဓါတ် အရပ်ရပ်ကို သေသေချာချာ လေ့လာသွားကြဘို့လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ တတွေဟာ မိမိတို့ရဲ့ တော်လှန်ရေး လက်တွေ့လုပ်ငန်းများ အတွင်း မှန်ကန်တဲ့ လမ်းစဉ်များ ရရှိပါလိမ့်မယ်။ ဓမ္မတာအတိုင်းဘဲ ကွန်ဂရက် အစီရင်ခံစာကို လေ့လာတဲ့အခါမှာ ဖြစ်ပေါ်တိုးပွားတဲ့ အမြင်အရ လေ့လာပြီး၊ မိမိတို့ရဲ့ အခိုင်အမာ အခြေအနေများနဲ့ ပေါင်းစပ်ခြင်း၊ မာ့က်စ်လီနင်ဝါဒ အခြေခံမှုများနဲ့ ဆက်စပ်လေ့လာခြင်း လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အတွေးအခေါ်နဲ့ အသိအမြင်ရေချိန်ကိုလဲ မြှင့်တင်စေနိုင် ပါလိမ့်မယ်။ ခြုံလိုက်ရင်တော့ ကျွန်တော်တို့ဟာ ပါတီကွန်ဂရက်ရဲ့ စိတ်ဓာတ်ကို သေသေချာချာ ကိုင်စွဲပြီး၊ ပါတီဗဟိုရဲ့ ပတ်ပတ်လည်မှာ တက်ညီလက်ညီနဲ့ လုံးပမ်းတိုက်ခိုက်သွားကြရင် အောင်ပွဲတခုပြီးတခု ရမှာ သေချာပါတယ်။

## အများဆုံးဘာသာပြန်ဆိုခြင်းခံရသူ လီနင်

ယူနက်စကိုခေါ် ကုလသမဂ္ဂပညာ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး၏ ထုတ်ပြန်ချက် တစောင်တွင် ဗီအိုင်လီနင်သည် ကမ္ဘာပေါ်တွင် အများဆုံး ဘာသာပြန်ဆိုခြင်း ခံရသော စာရေးသူအဖြစ် ဖော်ပြထားသည်။ ၁၉၇၁ ခုနှစ်အထိထုတ်ဝေပြီးသော စာအုပ်များ၏စာရင်းကို အခြေပြုပြီး ထုတ်ပြန်သော "ဘာသာပြန်အညွှန်းစာတန်း" ထဲတွင် လီနင်၏ရေးသားချက်များကို အကြိမ်ပေါင်း ၃၇၀ ပြန်ဆိုခဲ့သည်ဟု ပါရှိသည်။

ယင်းစာတန်းအရဆိုလျှင် ဒုတိယအများဆုံး ဘာသာပြန်ခံရသူမှာ ဗြိတိသျှစုံထောက်ဝတ္ထုရေးဆရာမ အဂါသာ ခရစ္စတီ ဖြစ်ပြီး အကြိမ် ၂၁၆ ကြိမ် ပြန်ဆိုခြင်း ခံရသည်။ တတိယအများဆုံး ဘာသာပြန်ခံရသူမှာ လူအများအပြားရေးသားသော ဝေါ့ဒစ္စနေ စာအုပ်များဖြစ်ပြီး ၂၀၃ ကြိမ်ပြန်ဆိုခြင်း ခံရသည်။

စာတအုပ်ချင်းအနေနှင့်မူ ခရစ်ယန်သမ္မာကျမ်းစာ စာအုပ်မှာ အများဆုံးဘာသာပြန်ခြင်းခံရပြီး ၂၀၂ မျိုးပြန်ဆိုခြင်းခံရသည်ဟု သိရသည်။

မော်စီတုန်းရေး

# မာ့က်စ်ဝါဒ၏သိနားလည်မှုသဘောတရားနှင့် အနုပဋိလောမနည်းကိုလေ့လာခြင်း *

(၁၉၆၃ ခုနှစ် ဒီဇင်ဘာလမှ ၁၉၆၅ ခုနှစ်)

## မာ့က်စ်ဝါဒ၏ အနုပဋိလောမ ခွဲခြမ်းစိတ်ဖြာနည်းကို အသုံးပြု

### (၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ကိုယ့်ခြေကိုယ်ချုပ်ပြီးမတိုးတက်တော့ဘဲ ကိုယ့်ဘာသာမာနကြီးကျေနပ်နေခြင်း၊ မိမိတာဝန်ရှိသည့်နယ်ပယ်အတွင်းမှ အလုပ်အား မာ့က်စ်ဝါဒ၏ အနုပဋိလောမခွဲခြမ်းစိတ်ဖြာနည်းကို အသုံးမပြု (တစ်ခုကို နှစ်ခုခွဲကြည့်ခြင်း၊ အောင်မြင်မှုလဲရှိ၊ချွတ်ယွင်းချက်နှင့် အမှားလဲရှိ) ဘဲ အောင်မြင်မှု ဘက်တဘက် တည်းကိုသာ သုံးသပ်ပြီး ချွတ်ယွင်းချက်နှင့် အမှားဘက်ကို မသုံးသပ်ချေ။ ချီးမွမ်းသောစကားကိုသာ ကြားလိုပြီး ဝေဖန်သောစကားကိုမကြားလို၊ အခြားပြည်နယ်၊ အခြားမြို့၊ အခြားနယ်၊ အခြားဌာနတို့၏ လုပ်ငန်းများနှင့်ပတ်သက်လျှင် အမြင့်ဆင့် အလယ်ဆင့် ကေဒါများအား ဖွဲ့စည်းပြီး စိတ်ထားနှိမ့်ချ စေ့စပ်စွာ စူးစမ်း လေ့လာခြင်းဖြင့် မိမိပြည်နယ်၊ မိမိမြို့၊ မိမိနယ်၊ မိမိဌာန၏ အခြေအနေနှင့် ပေါင်းစပ်ပြုပြင်ရန် စိတ်ဝင်စားမှု အင်မတန်နဲသည်။ မိမိနယ်၊ မိမိဌာန ဟူသော ကျဉ်းမြောင်းသည့် ကမ္ဘာလေးအတွင်း၌ ထာဝရ ကန့်သတ်နေပြီး မိမိမျက်စေ့ကို ကျယ်ကျယ်ဖွင့်မကြည့်နိုင်၊ အခြားကမ္ဘာသစ်လည်း ရှိနေသည်ကို မသိကြချေ။ ဤသည်ကို အမှောင်ထုထဲမှာ လူငယ်ဟာသူ့ကိုယ်သူ ကြီးလှပြီထင်မှတ်နေခြင်း ဟုခေါ်သည်။ နိုင်ငံခြားသား တနယ်သားနှင့် ဗဟိုမှလွှတ်လိုက်သောသူများကို ကောင်းသော အရာသာပြုပြီး၊ ဆိုးသောအရာကိုမြင်ခွင့်မပြု။ ၎င်းတို့နှင့် အောင်မြင်မှု များသာ ပြောဆိုဆွေးနွေးပြီး ချွတ်ယွင်းချက်နှင့် အမှားများကို ပြောဆိုဆွေးနွေးခြင်းမပြု၊ ပြောခဲ့လျှင်လည်း နက်ရှိုင်းမှုမရှိဘဲ တခွန်းနှစ်ခွန်းမျှ ဖြစ်သလိုပြော၍ ပြီးလိုက်သည်။ ဗဟိုအနေဖြင့် ရဲဘော်တို့အား ယင်းပြဿနာကို အကြိမ်များစွာပြောခဲ့ဘူးသည်။ ကွန်မြူနစ်ပါတီဝင် တယောက်သည် အောင်မြင်မှုနှင့် ချွတ်ယွင်းချက်၊ အမှန်နှင့်အမှားဟူသော နှစ်ခုခွဲခြားခြင်း၏ မာ့က်စ်ဝါဒ အနုပဋိလောမအတွေးအခေါ်နှင့် ပြည့်စုံရမည်ဟု ယူဆခဲ့သည်။ အရာကိစ္စများ (စီးပွားရေး၊ နိုင်ငံရေး၊ အတွေးအခေါ် ယဉ်ကျေးမှု၊ စစ်ရေး ပါတီလုပ်ငန်း စသည် စသည်) အမြဲပင်ဖြစ်စဉ်တခုအနေနှင့် ရှေ့သို့ ဖြစ်ပေါ်တိုးပွါးသွားသည်။ ဖြစ်စဉ်တိုင်းတွင်လည်း ပဋိပက္ခဖြစ်နေသော ဘက်နှစ်ခုမှာ အပြန်အလှန်ဆက်စပ်ပြီး အပြန်အလှန် တိုက်ခိုက်ခြင်းဖြင့် ဖြစ်ပေါ်တိုးပွါး နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ မာ့က်စ်ဝါဒီတို့၏ ယေဘူယျဗဟုသုတ ဖြစ်သင့်သည်။ သို့သော်ဗဟိုနှင့် နယ်အသီးသီးမှ ရဲဘော်များထဲတွင် လူအများအပြားမှာ ယင်းအမြင်ဖြင့် သေချာစွာ တွေးတောလုပ်ကိုင်ခြင်း အင်မတန်နည်းသည်။ သူတို့၏ခေါင်းထဲတွင် တက္ကဗေဒကျသည့် တွေးခေါ်နည်းက ကြာမြင့်စွာတည်ရှိနေပြီး ယင်းမှ လွတ်အောင် ရုန်းမထွက်နိုင်ချေ။ တက္ကဗေဒကျသည် ဆိုခြင်းမှာ အရာကိစ္စများ၏ ဆန့်ကျင်ဘက်တို့ ပေါင်းစည်းမှု၊ ဆန့်ကျင်ဘက်တို့ အတိုက်အခံဖြစ်မှု (နှစ်ခုခွဲသည့်နည်း) ပဋိပက္ခဖြစ်နေသော ဆန့်ကျင်ဘက် ဖြစ်နေသော အရာကိစ္စများသည် တစုံတရာသော အချက်အလက် အောက်မှာ အပြန် အလှန် ပြောင်းလဲ သွားသည်။ ယင်းတို့၏ ဆန့်ကျင်ဘက်သို့ ရောက်သွားသည် ဟူသည့် ဤသို့သောအမှန်တရား တခု ဖြစ်သည်။ လူတို့သည် ကိုယ့်ခြေကိုယ်ချုပ်ပြီး မတိုးတက်တော့ဘဲ ကိုယ့်ဘာသာ မာနကြီး ကျေနပ် နေကြခြင်း အောင်မြင်မှုကိုသာမြင်ပြီး ချွတ်ယွင်းချက်ကို မမြင်ခြင်း စကားကောင်း ကိုသာကြားလိုပြီး ဝေဖန်သောစကားကို မကြားလိုခြင်း များဖြစ်သည်။ မိမိကိုယ်ကို ဝေဖန်ရေး၊ မိမိကိုယ်မိမိ နှစ်ဘက်ခွဲခြမ်းနည်း မလုပ်လို။ တခြားသူက ဝေဖန်မှာကို ပို၍ကြောက်သည်။ ဗဟိုတွင် ဌာနကြီး ဆယ်အချို့ရှိရာ အလုပ်အောင်မြင်မှု၊ အလုပ် လုပ်ဟန် အတော်ကောင်းသည့် ရေနံလုပ်ငန်းဌာနလို ဌာနကြီး အချို့ အထင်အရှား ရှိနေပါလျက်နှင့် ဤဌာနကြီးများသည် ကိုယ့်ရှေ့မှောက်မှာ ရှိနေသည်ကို မမြင်တော့ဘဲ ထိုဌာနကြီးများသို့ သွား၍ စူးစမ်းလေ့လာ၊ တပည့်ခံမည်ဟူ၍ ဘယ်တော့မျှမရှိချေ။ ဌာနကြီးတခု လက်အောက်

ရှိ လုပ်ငန်းဌာနများ ဖြစ်သော စက်ရုံ၊ သတ္တုတွင်း အလုပ်ရုံ၊ ရုံးဌာန၊ လုပ်ငန်းဌာန ဝိဇ္ဇာပညာ သုတေသနဌာနများနှင့် ထိုဌာနများရှိ လုပ်သားများ လုပ်ငန်းလုပ်ရာတွင် ကောင်းမွန်ပါလျက် အထက်က မသိကြချေ။ ထို့ကြောင့်လည်း လူများအား ဘယ်ဌာနများကို အတုယူလေ့လာရမည်ဟု ပြောပြအားပေးခြင်း မပြုနိုင်ပေ။ ရဲဘော်တို့၊ ဗဟိုက တက္ကဗေဒအမှား ကျူးလွန်သည့် ရဲဘော်ဟုဆိုသည်မှာ ဤနေရာတွင် ရဲဘော်အချို့ကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် ရာထူးလည်းရှိ၊ ဆီဦးထော ပတ်လည်းစားပြီး၊ မာနကြီး ကျေနပ်နေကာ ကိုယ့်ခြေကိုယ်ချုပ်ထားပြီး မတိုးတက်လိုသော အရင်းရှင် တက္ကဗေဒကို ကြိုက်နှစ်သက်သော ရဲဘော်များ (ဝါ) ဗျူရိုကရက်များ၏ ဖိနှိပ်ထားမှုကို ရဲဘော်ကောင်း အမြောက်အမြား ခံနေကြရသည်။ ယခု ဤအခြေအနေကို မုချပြောင်းလဲပစ်ရမည်။ နှိမ့်ချစွာ သေချာစွာနှင့် မိမိဒေသ မိမိဌာန မိမိကိုယ်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ တခြားဒေသ တခြားဌာန၊ တခြားလူကို ခွဲခြမ်း စိတ်ဖြာခြင်း မပြုသော၊ မာ့က်စ်ဝါဒ အနုပဋိလောမ ခွဲခြမ်းစိတ်ဖြာနည်းကို ငြင်းပယ်သော ရဲဘော်များအား ရဲဘော်ပီပီ သတိပေးခြင်းနှင့် ဝေဖန်ခြင်းပြု၍ ဤမကောင်းသော အခြေအနေကို ပြောင်းလဲ ပစ်ရမည် ဖြစ်သည်။ တခြားဌာနကြီး တခြားပြည်နယ်၊ တခြားမြို့၊ တခြားဒေသ၊ တခြားဌာနတို့မှ ကောင်းသော အတွေ့အကြုံ၊ ကောင်းသော လုပ်ဟန်၊ ကောင်းသော နည်းနာကို လေ့လာသင်ယူသည့် ဤနည်းနာကို စနစ်အဖြစ် သတ်မှတ်ရမည်။ ဤပြဿနာသည် ပြဿနာကြီးဖြစ်သည်။ ရဲဘော်တို့ဆွေးနွေးစေလိုပါသည်။ နောင်တွင် ဗဟိုလုပ်ငန်း အစည်းအဝေးနှင့် ဗဟိုမျက်နှာစုံညီ အစည်းအဝေးတွင် ဆွေးနွေးရဦးမည်။

## လူထု၏ထံမှလေ့လာ တပည့်ခံ

## (၁၉၆၄ ခုနှစ်စက်တင်ဘာလ ၂၅ ရက်)

ကျနော်တို့ကေဒါများထဲတွင် ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်နေကြသူ မနည်းလှချေ။ ယင်း၏ အကြောင်းရင်းတခုမှာ မာ့က်စ်ဝါဒ၏ သိမြင်မှုသဘောတရားကို နားမလည်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဤသိမြင်မှုသဘောတရားကို မနားမနေ ဝါဒဖြန့်ရန် အထူးလိုအပ်နေပေသည်။ လွယ်လွယ်နှင့် ပြောရလျှင် လူထုထဲမှလာပြီး လူထုထဲသို့ပြန်သွားခြင်း ပင်ဖြစ်သည်။ စိတ်ပိုင်းဖြတ်ချက်နှင့် အောက်ခြေကို ရေရှည်ဆင်းကြည့်လျှင် လူထု၏ လိုလားတောင့်တသံကို ကြားနိုင်မည်။ လက်တွေ့ထဲမှ ပကတိ အမှန်တရားကို တလှမ်းခြင်း သိမြင်လာပြီး အတ္တဆိုင်ရာ အမှန်တရား အဖြစ်သို့ ပြောင်းသွားနိုင်သည်။ ထိုမှတဖန် လက်တွေ့တွင်းသို့ ပြန်သွားကာ ဖြစ်နိုင်၊မဖြစ်နိုင် ဟူသည်ကို စမ်းကြည့်ရပေသည်။ အကယ်၍ မဖြစ်နိုင်ပါက လူထု၏လက်တွေ့ထံ အစမှ ပြန်လေ့လာတပည့်ခံ ရပေမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဘောင်ခတ်ထားခြင်း ဟူသောပြဿနာ၊ ဆိုလိုသည်မှာ တရားသေဝါဒပြဿနာကို ဖြေရှင်း နိုင်မည်။ အယူသီးမှုကိုလဲ မယုံကြည်တော့ပေ။

## အမှားသည်အမှန်၏ရှေ့ပြေးဖြစ်စမြဲပင်

## ၁၉၆၅

မာ့က်စ်ဝါဒဟူသည် အဘယ်နည်း။ ထိုစဉ်က ဗဟိုခေါင်းဆောင်များ အနေဖြင့် ဤသည်ကို နားလည်သူ အမှန်ပင်နည်း၏။ သို့တည်းမဟုတ် ဘာမှန်းမသိဖြစ်ပြီး ရယ်စရာကြီးများ မနည်းပင်ဖြစ်ခဲ့ရသည်။ သို့သော် ဤသည်မှာ မလွဲမရှောင်သာပေ။ လူသားများ သည် အမှားအချို့ ကျူးလွန်ပြီးမှသာ ၎င်းတို့မှန်ကန်ကြောင်းကို ဖေါ်ပြနိုင်မည်။ ပကတိ မုချဖြစ်ရမည့် တရားကို မသိသောကြောင့် ယင်း၏ခြယ်လှယ်မှုကို ခံရပြီး မိမိသည် ပကတိ ပြင်ပလောက၏ ကျေးကျွန် ဖြစ်သွားရသည်။ ယခုသာမက နောင်တွင်လည်း၊ မရေမတွက်နိုင်အောင်များမည်မှာ ရှောင်ကွင်း၍ မရနိုင်ချေ။ သိမြင်မှု၏ မျက်ကန်းဖြစ်မှုနှင့် လွတ်လပ်မှုသည် အဆက်မပြတ် အပြန်အလှန် အစားထိုးခြင်းဖြင့် ယင်း၏နယ်ပယ်ကို ချဲ့ထွင်နေမည်သာဖြစ်သည်။ အမှားနှင့်အမှန်သည် ထာဝစဉ် ယှဉ်တွဲနေမည်သာ ဖြစ်သည်။ ဤသို့မဟုတ်ပါက ဖြစ်ပေါ် တိုးပွါးမှု သည်လည်း ရပ်ဆိုင်း သွားပေမည်။ ဝိဇ္ဇာပညာသည်လည်း ရှိတော့မည်မဟုတ်ချေ။ သိထားရမည်မှာ အမှားသည်အမှန်၏ ရှေ့ပြေးဖြစ်စမြဲပင် ဖြစ်သည်။ မျက်ကန်း မုချဖြစ်ရခြင်းသည် လွတ်လပ်မှု၏ ဘိုးဘွားဖြစ်စမြဲပင်၊ လူသားများသည် တချိန်တည်းတွင်

(၁၉၇၇ ခုနှစ်စက်တင်ဘာလ ၉ ရက်နေ့ထုတ် ပြည်သူ့နေ့စဉ်သတင်းစာထဲ၌ ဖော်ပြသော "အပြန်အလှန်လေ့လာရေးကို အားဖြည့်၊ ကိုယ့်ခြေကိုယ်ချုပ်ပြီး မတိုးတက်ဘဲ ကိုယ့်ဖာသာမာနကြီး ကျေနပ်နေခြင်းကို ကျော်နင်းကြ" ခေါင်းစည်းပါ ဆောင်းပါးအတိုင်း ပြန်လည်ရိုက်နှိပ်၍ တရုပ်ဘာသာမှ တိုက်ရိုက်ပြန်ဆိုခြင်း ဖြစ်သည်။)

သဘာဝလောကနှင့် လူ့အဖွဲ့အစည်း၏ ကျေးကျွန်ဖြစ်သည်။ တဖန်ပြန်၍ ယင်းတို့၏ အရှင်သခင်လည်း ဖြစ်ပြန်သည်။ ဤသည်မှာ လူသားများသည် ပကတိရုပ်ကမ္ဘာ၊ လူသားအဖွဲ့အစည်း၊ လူသားကိုယ်၌ (ဆိုလိုသည်မှာ လူ၏ကိုယ်ခန္ဓာ) တို့အား မည်သည့်အခါမျှ ပြည့်စုံစွာ သိမြင်နိုင်လိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။ အကယ်၍ တနေ့နေ့တွင် ပြည့်စုံစွာ သိမြင်နိုင်ပြီ ဆိုပါက လူ့အဖွဲ့အစည်းသည် သာယာဝပြောပြီး ပြည့်စုံသည့်ဘုံ (ဘာသာရေးထဲမှာ ပြောထားသလို) ဖြစ်သွားမည်။ ဤသို့ဆိုလျှင် အကြွင်းမဲ့ အတ္တစိတ်ဝါဒနှင့် တက္ကဗေဒ ဖြစ်သွားပြီး မာ့က်စ်ဝါဒ၏ ကမ္ဘာ့အမြင် မဟုတ်တော့ချေ။

### အနုပဋိလောမ၏အမြဲတေသည်ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းခြင်းတရားဖြစ်သည် ( ၁၉၆၅ ခုနှစ် )

အနုပဋိလောမ၏ အမြဲတေသည် ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းခြင်း တရားပင်ဖြစ်သည်။ တခြား အသုံးအနှုန်း ဖြစ်သည့် ဥပမာအားဖြင့် အရည်အချင်းနှင့် အရေအတွက် အပြန်အလှန် ပြောင်းလဲခြင်း၊ ချေဖျက်ခြင်း၏ချေဖျက်ခြင်း၊ ဆက်စပ်ခြင်း၊ ဖြစ်ပေါ် တိုးပွါးခြင်း စသည်တို့ကို အမြဲတေတရား အတွင်း၌ပင် ရှင်းပြနိုင်သည်။ ဆက်စပ်ခြင်း ဆိုသည်မှာ ဆန့်ကျင်ဘက် အရာဝတ္ထုအချင်းချင်း အချိန်နှင့်ကွက်လပ် အတွင်းတွင် အပြန်အလှန် ဆက်စပ်ခြင်း ဖြစ်သည်။ ဖြစ်ပေါ် တိုးပွါးခြင်း ဆိုသည်မှာ ဆန့်ကျင်ဘက် အရာဝတ္ထုတို့ တိုက်ပွဲ၏ အကျိုးဆက်ဖြစ်သည်။ အရည်အချင်းနှင့် အရေအတွက် အပြန်အလှန် ပြောင်းလဲခြင်း ချေဖျက်ခြင်း၏ ချေဖျက်ခြင်း တို့ကိုမူ ဖေါ်ပြချက်နှင့် အနှစ်သာရ သဏ္ဌာန်နှင့်အတွင်းသဘော စသည်တို့နှင့်အတူအမြဲတေတရား၏ လမ်းညွှန်မှုအရ ရှင်းပြနိုင်သည်။ အဘိဓမ္မာဟောင်းမှ ဆင်းသက်လာသော တရားတချို့၏ အစီအစဉ်အရ ယှဉ်တွဲသော နည်းနာသည် မသင့်လျော်ပေ။ ဤသည်ကို လီနင် ရှိစဉ်ကစည်းက အခြေခံအရ ဖြေရှင်းခဲ့ပြီးဖြစ်သည်။ ကျွန်တော်တို့၏တာဝန်မှာ ရှင်းပြရန်နှင့် ဖွံ့ဖြိုးစေရန်ပင်ဖြစ်သည်။ အသုံးအနှုန်းအမျိုးမျိုးနှင့်ပတ်သက်ပြီး (ဆယ်မျိုးကျော်ရှိနိုင်သည်) အရာဝတ္ထု၏ပဋိပက္ခ ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းခြင်းအရ ရှင်းပြရမည်။ ဥပမာ၊ ပင်ကိုယ်လက္ခဏာချင်း ဆိုသည်မှာ အဘယ်နည်း၊ ပင်ကိုယ်လက္ခဏာ ဆိုသည်မှာ အရာဝတ္ထု၏ အဓိက ပဋိပက္ခနှင့် အဓိက ပဋိပက္ခဘက် တို့ဖြစ်သည် ဟူ၍သာ ပြောနိုင်သည်။ ဤကဲ့သို့ပင် ဆက်ရှင်းရမည်သာဖြစ်သည်။

*၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း မော်စီတုန်းသည် မာ့က်စ်ဝါဒ၏ သိနားလည်မှု သဘောတရားနှင့် အနုပဋိလောမနည်းကို လေ့လာရန် အထပ်ထပ်အခါခါ တိုက်တွန်းခဲ့သည်။ ဤနေရာတွင် ရွေးချယ် ထားသည်မှာ ယင်းပြဿနာနှင့်ပတ်သက်သော ၎င်း၏စာပိုဒ်ငါးပိုဒ် ဖြစ်သည်။ "မာ့က်စ်ဝါဒ၏ အနုပဋိလောမ ခွဲခြမ်းစိတ်ဖြာ နည်းကို အသုံးပြု" မှာ မော်စီတုန်းက တရုပ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုအတွက် ရေးပေးသော "အပြန်အလှန် လေ့လာခြင်းကို အားဖြည့် ကိုယ့်ခြေကိုယ်ချုပ်ပြီး မတိုးတက်တော့ဘဲ ကိုယ့်ဘာသာ မာနကြီး ကျေနပ်နေခြင်းကိုကျော်နင်း" ဟူသော ပါတီတွင်းညွှန်ကြားချက် မူကြမ်း ၏ အဓိကအပိုင်းဖြစ်သည်။ "လူထု၏ လက်တွေ့ထဲမှ လေ့လာတပည့်ခံ" မှာ မော်စီတုန်းက လျူရှောက်ချီအား ပေးသောစာတစောင်၏ အဓိကအပိုင်းဖြစ်သည်။

"လူသားတို့သည် အတွေ့အကြုံများကို အဆက်မပြတ် ပေါင်းရုံးသုံးသပ် နိဂုံးချုပ်ကြရသည်။" မှာ မော်စီတုန်းက ချူအင်လိုင်း၏ တတိယအကြိမ်မြောက် ပြည်သူ့ကိုယ်စားလှယ် ကွန်ဂရက်ကြီး၏ ပထမအကြိမ် အစည်းအဝေးတွင် ပြောကြားသော အစိုးရလုပ်ငန်းအစီရင်ခံစာ မူကြမ်း ကို ပြင်ရာတွင် ဖြည့်ရေးသော စကားတပိုဒ်ဖြစ်သည်။ "အမှားသည် အမှန်၏ ရှေ့ပြေးဖြစ်မြဲပင်" မှာ မော်စီတုန်းက ၎င်းကိုယ်တိုင် ရေးခဲ့သော စာစောင်ဟောင်းဖြစ်သည့် "ချန်ကန်းဒိုင်နယ် စုံစမ်း စစ်ဆေးခြင်း" ကို ပြန်လည်ဖတ်ရာတွင် ရေးသားသည့် မှတ်ချက် ဖြစ်သည်။ "အနုပဋိလောမ၏ အမြဲတေသည် ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းခြင်း တရားဖြစ်သည်" မှာ မော်စီတုန်းက လီတာ ရေးသားသည့် "မာ့က်စ်ဝါဒ အဘိဓမ္မာ လုပ်ငန်းစဉ်" တွင်ရေးသော မှတ်ချက်တခုဖြစ်သည်။

# မဟာ်ပါတီကျောင်း(၁၉၈၆ခုနှစ်)နိုင်ငံရေးဘောဂဗေဒ ပို့ချချက်(၃)

## ကုန်စည်နှင့်အသပြာ

(ဟောပြောချက် ၁ နှင့် ၂ မှာ ပြည်သူ့အာဏာဂျာနယ် အမှတ် ၁၊၁၉၈၇ တွင်ဖော်ပြပြီးဖြစ်သည်)

အရင်းရှင်စနစ်တွင် လူ့အဖွဲ့အစည်း ဓနဥစ္စာများသည် ကုန်စည်သဏ္ဌာန် လုံးဝဆောင်ကြသည်။ ကုန်စည်သည် အရင်းရှင်စီးပွါးရေး၏ ကလပ်စည်းဖြစ်သည်။ အရင်းရှင်စနစ် ထုတ်လုပ်ရေး နည်းနာတွင် ရှိသမျှ ပဋိပက္ခ၏ အစေ့အညှောင့် များသည် ၎င်းအတွင်း၌ တည်ရှိနေသည်။ အရင်းရှင်စနစ်သည် မည်သို့သောစနစ် ဖြစ်သည်ကိုရင်း၊ ယင်းစနစ် ပေါ်ပေါက်လာမှု၊ ဖွံ့ဖြိုးတိုးပွါးလာမှုနှင့် ဆုံးခန်းတိုင်ချုပ် ငြိမ်းသွားမှု အစရှိသော တရားများကိုရင်း သိနားလည်လိုလျှင် ကုန်စည်ကိုခွဲခြမ်း စိတ်ဖြာရာမှ အစချီရမည်။

### ပြဿနာ(၁)ကုန်စည်၏နှစ်ဘက်လက္ခဏာနှင့် ကုန်စည်ကိုဖန်တည်းသောအလုပ်၏နှစ်ဘက်လက္ခဏာ

**သုံးရည်တန်ဘိုးနှင့်တန်ဘိုး**

ကုန်စည်သည် ဦးစွာအားဖြင့် ရုပ်ဝတ္ထုပစ္စည်းတခုဖြစ်သည်။ လူဘို့၏ တစုံတခုသော လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သည်။ လူတို့၏တစုံတခုသော လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သော ကုန်စည်၏ ယင်းလက္ခဏာသည် ကုန်စည်၏ သုံးရည်တန်ဘိုး ဖြစ်သည်။ ၎င်းတို့၏ သဘာဝ အကြောင်းအချက်များ မတူသောကြောင့် အမျိုးအစားမတူသော ကုန်စည်များ၌ မတူခြားနားသော သုံးရည်တန်ဘိုးများ ရှိကြသည်။ အချို့သောကုန်စည်သည် လူတို့၏ရုပ်ဝတ္ထုဘာဝ လိုအပ်ချက်ကို ဖြည့်တင်းနိုင်သည်။ ဥပမာ ဂွမ်းကပ်အကျႌသည်အအေးဒါဏ်ကို ကာကွယ်ပေးသည်။ အချို့သောကုန်စည်သည် လူတို့၏ စိတ်ပိုင်းဆိုင်ရာဘာဝ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သည်။ ဥပမာ အနုပညာပစ္စည်းသည် ကြည့်ရှုခံစားရန်ဖြစ်သည်။ အချို့သောကုန်စည်သည် နေထိုင်စားသောက်မှုဆိုင်ရာ ပစ္စည်းအဖြစ်အသုံးပြုနိုင်သည်။ တချို့သောကုန်စည်သည် ထုတ်လုပ်ရေးပစ္စည်းအဖြစ် အသုံးချနိုင်သည်။ ကုန်စည်တမျိုးထဲ၌ ဘက်စုံသောသုံးရည်တန်ဘိုးများ ရှိနိုင်ပေသည်။ ဥဖမာ ကျောက်မီးသွေးသည်လောင်စာအဖြစ် အသုံးပြုနိုင်ရုံမက၊ စက်မှုလုပ်ငန်း၏ ကုန်ကြမ်းပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်သည်။ ကုန်စည်တမျိုးထဲတွင် ရှိနေသော ဘက်စုံ သုံးရည်တန်ဘိုးများကို ထုတ်လုပ်ရေး ဖြစ်ထွန်းတိုးပွါး လာသည်နှင့်အမျှ၊ လူတို့၏အတွေ့အကြုံ များပြား လာသည်နှင့်အမျှ ပိုမိုတွေ့လာကြသည်။

မည်သည့် လူ့အဖွဲ့အစည်း၌ မဆို၊ သုံးရည်တန်ဘိုးသည် လူ့အဖွဲ့အစည်း ဥစ္စာဓန ရုပ်ပိုင်းဆိုင်ရာ အတွင်းသဘောကို ဖွဲ့စည်းပေးသည်။ သုံးရည်တန်ဘိုးသည် လူ့အဖွဲ့အစည်း၏ ထုတ်လုပ်ရေး ဆက်ဆံမှုကို မဖော်ပြနိုင်ပေ။ ဥပမာ ဂျုံစပါး၏ အရသာကြောင့် ၎င်းကို ပဒေသရာဇ်စနစ်အတွင်းရှိ လယ်သမားက ထုတ်လုပ်သည် သို့မဟုတ် အရင်းရှင်စနစ် အတွင်းရှိ လယ်ယာအလုပ်သမားက ထုတ်လုပ်သည်ဆိုသည့်အချက်ကို ကျနော်တို့ လုံးဝမသိရှိနိုင်ပေ။ ကုန်စည်သည် ထုတ်လုပ်သူအတွက် သုံးရည်တန်ဘိုး မဟုတ်ပေ။ အခြားသူအတွက်သာ သုံးရည်တန်ဘိုး ဖြစ်ပေသည်။ တဖန် ၎င်းသည် လယ်သမားများက ပဒေသရာဇ်များကို ဝတ္ထုပစ္စည်း သီးစားခ ပေးရသလို အဘိုးအခမယူဘဲ အခြားသူအား အသုံးပြုစေတာမျိုးကို ခွင့်မပြုပေ။ ကုန်စည်ကို ဖလှယ်ပြီးနောက်သာ အခြားသူအား အသုံးခွင့်ပေးသည်။ ကုန်စည်၏ သုံးရည်တန်ဘိုးသည် ဖလှယ်ရေး တန်ဘိုးအတွက်ရုပ်ဝတ္ထုအရ ထမ်းဆောင်သူ ဖြစ်သည်။

ဖလှယ်ရေးတန်ဘိုးသည် ဦးစွာအားဖြင့် သုံးရည်တန်ဘိုးတမျိုးနှင့် အခြားသုံးရည် တန်ဘိုးတမျိုးကို ဖလှယ်သော အရေအတွက်အရ ဆက်ဆံမှု သို့မဟုတ် ဖလှယ်သောအချိုးကို ဖော်ပြသည်။ ဥပမာ ပုဆိန်တလက်နှင့်ဆန်ပိဿာ ၄၀ လဲသည်ဆိုပါစို့။ ဤတွင် ဆန်ပိဿာ ၄၀ သည် ပုဆိန်တလက်၏ ဖလှယ်ရေး တန်ဘိုးပင်ဖြစ်သည်။

မတူသော သုံးရည်တန်ဘိုးများကို တစုံတခုသော အချိုးအစားဖြင့် ဖလှယ်ကြသည်။ ယင်းဖလှယ်သော အချိုးကို မည်သည့်အရာက ဆုံးဖြတ်သနည်း? အချို့ ဓနရှင်ဘောဂဗေဒ ပညာရှင်များက ဖလှယ်သောအချိုးကိုကုန်စည်၏ အသုံးဝင်မှု၊ တနည်းဆိုသော် သုံးရည်တန်ဘိုးက ဆုံးဖြတ်သည်ဟု ယူဆကြသည်။ ယင်းယူဆ

ချက်သည် လုံး၀ မှားယွင်းသည်။ အကြောင်းမှာ ကုန်စည်၏ မတူသော သုံးရည်တန်ဘိုးသည် အနှစ်သာရအရလည်း မတူကြသောကြောင့် ဖြစ်သည်။ အနှစ်သာရအရ မတူသောအရာများကို အရေအတွက်အရ မည်သည့်နည်းနှင့်မျှ နှိုင်းယှဉ်၍မရပေ။ ဥပမာ ရိက္ခာနှင့် အ၀တ်အစားတွင် မည်သည့်အရာက အသုံး၀င်မှု ပိုကြီးမားသည်၊ သို့မဟုတ် မည်သည့်အရာက အသုံး၀င်မှု ပိုနည်းပါးသည် ဆိုသည့်အချက်ကို ကျနော်တို့ ၀ေခွဲ၍ မရနိုင်ပေ။ ထို့ကြောင့် ကုန်စည်၏ အသုံး၀င်မှု၊ သို့မဟုတ် သုံးရည်တန်ဘိုးက ကုန်စည်များ ဖလှယ်သော အချိုးအစားကို သတ်မှတ်မပေးနိုင်ပေ။ ကုန်စည်များ ဖလှယ်သော အချိုးအစားကို ဆုံးဖြတ်သတ်မှတ်သော အရာကို ရှာလိုလျှင် ကုန်စည်၏သုံးရည်ဘန်ဘိုးကို ဘေးဖယ်ထားပြီး ၎င်းတို့အကြားရှိ နှိုင်းယှဉ်နိုင်သော တူညီသည့် အရည်အချင်းကို ရှာဖွေရပေလိမ့်မည်။ ၎င်းတူညီသော အရည်အချင်းမှာ ၎င်းတို့အားလုံးသည် အလုပ်၏ အထွက်ပစ္စည်းများဖြစ်ပေသည်။ ပုဆိန်နှင့် ဆန်ဖလှယ်ရာတွင် ယင်းသို့ ဖလှယ်နိုင်ခြင်းမှာ ပုဆိန်နှင့် ဆန်ကို ထုတ်လုပ်သောအခါ ကုန်ခမ်းသွားသော အလုပ်များကြောင့်ပင် ဖြစ်သည်။ကုန်ခမ်းသွားသော အလုပ်ဆိုသည်မှာ အခိုင်အမာ သဏ္ဍာန်ဆောင်သော အလုပ်ကို ဆိုလိုခြင်း မဟုတ်ချေ။ အကြောင်းမှာ အလုပ်၏ အခိုင်အမာ သဏ္ဍာန်သည် အမျိုးမျိုး ရှိနေသောကြောင့် ဖြစ်သည်။ ပန်းပဲအလုပ်နှင့် လယ်ယာစိုက်ပျိုးသူ၏အလုပ်၊ လယ်ယာစိုက်ပျိုးသူ၏ အလုပ်နှင့် စက်ချုပ်သမား၏ အလုပ်တို့သည် အရေအတွက်အရ မည်သည့်နည်းနှင့်မျှ နှိုင်းယှဉ်၍ မရခြင်းကြောင့် ဖြစ်သည်။ ကုန်စည်ဖလှယ်သောအချိုးအစားကို ယေဘူယျလူသားတို့၏ အလုပ်ကသာဆုံးဖြတ်သည်။ ဆိုလိုသည်မှာ ပန်းပဲဆရာ၏အလုပ်၊ လယ်ယာစိုက်ပျိုးသူ၏ အလုပ်၊ စက်ချုပ်သမား၏ အလုပ် အစရှိသောအလုပ်၏ အခိုင်အမာသဏ္ဍာန်ကို ဖယ်ထုတ်ပြီးသော အကောင်အထည်မဲ့သည့် အလုပ်ကသာ ဆုံးဖြတ်သည်။ ၎င်းယေဘူယျ လူသားတို့၏ အလုပ်များသည် ကုန်စည်၌ စုစည်းခြင်းသည် တန်ဘိုးကို ဖြစ်ပေါ်စေသည်။ တန်ဘိုးသည် ဖလှယ်ရေးတန်ဘိုး၏ အခြေခံဖြစ်သည်။ ဖလှယ်ရေး တန်ဘိုးသည် တန်ဘိုး၏ ဖေါ်ပြရာ သဏ္ဍာန်ဖြစ်သည်။ ပုဆိန်တလက်ကို ဆန်ပိဿာ ၁၀ မဟုတ်ဘဲ၊ ဆန်ပိဿာ ၄၀ နှင့်သာ ဖလှယ်ကြသည်ဟုဆိုလျှင် ယင်းကဲ့သို့ ဖလှယ်နိုင်ခြင်းမှာ ပုဆိန်တလက်နှင့် ဆန်ပိဿာ ၄၀ ထုတ်လုပ်သောအခါ ကုန်ခမ်းသွားသောအလုပ် တူညီသောကြောင့်၊ တနည်းအားဖြင့် တန်ဘိုးတူညီ နေသောကြောင့် ဖြစ်သည်။

မည်သည့်ကုန်စည်၌မဆို သုံးရည်တန်ဘိုးနှင့် တန်ဘိုးဆိုသော နှစ်ဘက်လက္ခဏာ ရှိကြသည်။ သုံးရည်တန်ဘိုးသည် ကုန်စည်၏ သဘာ၀လက္ခဏာဖြစ်ပြီး၊ တန်ဘိုးသည် ကုန်စည်၏ လူမှုလက္ခဏာ ဖြစ်သည်။ မည်မျှများပြားသော အလုပ်ကို စိုက်ထုတ် ကုန်ခမ်းစေခဲ့သော်ငြားလည်း ပစ္စည်းတခု၌ သုံးရည်တန်ဘိုး မရှိပါက တန်ဘိုး မဖြစ်တည် လာနိုင်ပေ။ အလားတူပင် ၎င်းအား ကုန်စည်အဖြစ် ရောင်းရန်လည်း မဖြစ်နိုင်ပေ။ အချို့သောပစ္စည်း(ဥပမာ နေရောင်ခြည်၊ လေ ဆု) ၌ သုံးရည်တန်ဘိုးရှိသော်လည်း ၎င်းတို့သည် အလုပ်က ထုတ်လုပ်ပေးသော အထွက်ပစ္စည်း မဟုတ်သောကြောင့် တန်ဘိုးမရှိ၊ ကုန်စည်လည်း မဖြစ်နိုင်ပေ။ အချို့သောပစ္စည်း၌ သုံးရည်တန်ဘိုးလည်းရှိ၊ အလုပ်က ထုတ်လုပ်လိုက်သော ပစ္စည်းလည်း ဖြစ်သော်ငြားလည်း၊ အကယ်၍ ဖလှယ်ခြင်းမပြုပါက ကုန်စည် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ကုန်စည်သည် ဖလှယ်ရန်အတွက် အလုပ်က ထုတ်လုပ်လိုက်သော ပစ္စည်းပင်ဖြစ်သည်။

### အခိုင်အမာအလုပ်နှင့် အကောင်အထည်မဲ့သောအလုပ်

ကုန်စည်၏ နှစ်ဘက်လက္ခဏာကို ကုန်စည်အတွင်း စုစည်းနေသော အလုပ်၏ နှစ်ဘက်လက္ခဏာက ဆုံးဖြတ်ပြဋ္ဌာန်းသည်။ အလုပ်တွင် နှစ်ဘက်လက္ခဏာရှိသည်ဟူသောအမြင်ကို မာ့က်စ်က စတင်တွေ့ရှိခဲ့သည်။ ဤတွေ့ရှိမှုသည် အလုပ်က တန်ဘိုးကိုဖန်တီးသည် ဟူသော သဘောတရားအတွက် ခိုင်မာသည့် အခြေခံကို ဖန်တီးပေးခဲ့သည်။

ကုန်စည်ထုတ်လုပ်သောအလုပ်ကို ဘက်နှစ်ဘက်မှ ခွဲခြမ်းစိပ်ဖြာနိုင်သည်။ အလုပ်တွင် အခိုင်အမာသဏ္ဍာန် အမျိုးမျိုးရှိသည်။ စားပွဲခုံကို ပြုလုပ်သော အလုပ်နှင့် အင်္ကျီ ချုပ်သော အလုပ်သည် အခိုင်အမာ သဏ္ဍာန်အရ မတူကြပေ။ မတူသော အလုပ်၌ မတူသော ရည်ရွယ်ချက်၊ မတူသော နည်းနာ၊ မတူသော ပစ်မှတ်နှင့် မတူသောရလာဒ် ရှိကြပေသည်။ ထို့ကြောင့် မတူသော သုံးရည်တန်ဘိုး က မတူသော အလုပ်ကို အကောင်အထည်ရှိရှိ ဖေါ်ပြသည်။ စားပွဲခုံသည် စားပွဲခုံကို ပြုလုပ်သော လက်သမား ၏ အလုပ်ကို ဖေါ်ပြနေသည်။ အ၀တ်အစားက စက်ချုပ်သမား၏ အလုပ်ကို ဖေါ်ပြနေသည်။ ယင်းကဲ့သို့အခိုင်အမာ သဏ္ဍာန်ရှိသော အလုပ်ကို အခိုင်အမာ

အလုပ်ဟုခေါ်သည်။ အခိုင်အမာ အလုပ်သည် ကုန်စည်၏သုံးရည်တန်ဘိုး ကို ဖန်တီးသည်။ ဤသည်အလုပ်၏ ပထမ ဘက်တဘက် ဖြစ်သည်။

အခြားသော ဘက်တဘက်မှာ ကုန်စည် အမျိုးမျိုးကို ထုတ်လုပ်ပေးသော အခိုင်အမာ အလုပ် အမျိုးမျိုးသည် ခြားနားမှု ရှိသော်လည်း ၎င်းတို့က ဖန်တီးပေးသော ကုန်စည်အမျိုးမျိုးကို အပြန်အလှန် နှိုင်းယှဉ်၍ ရနိုင်ပေသည်။ ယင်းအချက်က မတူသော အခိုင်အမာအလုပ်များ၏ နောက်ကွယ်တွင် တူညီသော တရားရှိနေကြောင်းညွှန်ပြနေသည်။ ယင်းတူညီသော အရာမှာလူသားတို့၏ လုပ်အားစိုက်ထုတ်မှု ပင်ဖြစ်၏။ အလုပ်၏ဖြစ်စဉ်အတွင်းတွင် လက်သမားဖြစ်စေ၊ စက်ချုပ်သမားဖြစ်စေ မည်သူမဆို လုပ်အားစိုက်ထုတ်ကြရသည်။ မိမိ၏ ကာယအားနှင့် ဉာဏအားများကို စိုက်ထုတ်ကြရသည်။ အကယ်၍ အလုပ်၏အခိုင်အမာ ထူးခြားချက် များကို ဘေးဖယ်ထားလိုက်ပါက ယေဘုယျဖြစ်သော လူသားတို့၏ အလုပ်သာလျှင် ကျန်ရှိပေလိမ့်မည်။ ယင်းယေဘုယျ လူသားတို့၏ အလုပ်ကို အကောင်အထည် မဲ့သော အလုပ်ဟုခေါ်သည်။ အကောင်အထည် မဲ့သောအလုပ်သည် ကုန်စည်၏ တန်ဘိုးကို ဖန်တီးသည်။

မာ့က်စ် က "အလုပ်မှန်သမျှ ဘက်တဘက်ကကြည့်မည်ဆိုလျှင် ခန္ဓာဗေဒ အဓိပ္ပါယ်အရ လူသားတို့၏လုပ်အားစိုက်ထုတ်ရခြင်း ဖြစ်သည်။ တူညီသော သို့မဟုတ် အကောင်အထည် မဲ့သော လူသားတို့၏ အလုပ်က ကုန်စည်၏ တန်ဘိုးကိုဖန်တီးသည်။ အလုပ်မှန်သမျှကို အခြားဘက်တဘက်က ကြည့်မည်ဆိုလျှင် လူသားတို့၏ လုပ်အားကို ထူးခြားသော တစုံတရာ ရည်ရွယ်ချက်ရှိသောသဏ္ဍာန်အရ စိုက်ထုတ်ခြင်းဖြစ်သည်။ အခိုင်အမာ အသုံးဝင်မှုရှိသော အလုပ်က သုံးရည်တန်ဘိုးကို ဖန်တီးသည်"ဟုပြောခဲ့ပေသည်။ အခိုင်အမာ အလုပ်သည် လူသားတို့၏ လူ့အဖွဲ့အစည်း လုပ်ရှားတည်ရှိနိုင်ရန် မရှိမဖြစ်သော အကြောင်းအချက် ဖြစ်သည်။ မည်သည့် လူ့အဖွဲ့အစည်းမဆို အခိုင်အမာအလုပ်ရှိပေမည်။ လူသားနှင့် သဘာဝအကြား ဆက်ဆံမှုကို ၎င်းက ဖေါ်ပြနေသည်။ အကောင်အထည်မဲ့ အလုပ်သည် လူ့အဖွဲ့အစည်း လက္ခဏာဆောင်သည်။ လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ခွဲဝေမှု ဖြစ်ပေါ်တိုးပွါးခြင်း၊ ကုန်စည်ထုတ်လုပ်ရေးနှင့် ကုန်စည်ဖလှယ်ရေး ပေါ်ပေါက်လာခြင်းနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ် ဖြစ်ပေါ်တိုးပွါးလာခြင်းများနှင့် တပါတည်းပင် အလုပ်သည် အကောင်အထည်မဲ့သော အလုပ်အဖြစ်ဖြင့် လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာပေသည်။

**ပုဂ္ဂလိကအလုပ်နှင့် လူ့အဖွဲ့အစည်းအလုပ်**

ထုတ်လုပ်ရေးပစ္စည်း ပုဂ္ဂလိကပိုင်ဆိုင်မှုကို အခြေခံအဖြစ်ထားသော လူ့အဖွဲ့အစည်း၌၊ ကုန်စည်အတွင်း စုစည်းနေသော အလုပ်၏ နှစ်ဘက်လက္ခဏာသည် ကုန်စည် ထုတ်လုပ်ရေး အခြေခံ ပဋိပက္ခဖြစ်သော ပုဂ္ဂလိက အလုပ်နှင့် လူ့အဖွဲ့စည်း အလုပ်၏ ပဋိပက္ခကို ရောင်ပြန်ဟပ်ပြနေသည်။ လူ့အဖွဲ့အစည်း အလုပ်ခွဲဝေမှုကြောင့် ထုတ်လုပ်သူများသည် တဦးနှင့်တဦး အပြန်အလှန်ဆက်စပ်၊ အပြန်အလှန် မှီခိုနေကြရသည်။ ထုတ်လုပ်သူဘဦးချင်း၏ အလုပ်သည် လူ့အဖွဲ့အစည်း တခုလုံးအလုပ်၏ တစိတ်တပိုင်း ဖြစ်သည်။ အလုပ်သည် လူ့အဖွဲ့အစည်း လက္ခာဏာ ဆောင်နေသည်။ ထုတ်လုပ်သူဘိုင်းက ထုတ်လုပ်ရေးပစ္စည်းကို ပုဂ္ဂလိကပိုင်ဆိုင်သောကြောင့်၊ အလုပ်သည် ၎င်းတဦးချင်း၏ အရေးကိစ္စလည်းဖြစ်သည်။ အလုပ်၏ရလာဒ်ကို ၎င်းတဦးချင်းကပင် ပိုင်ဆိုင်သည်။ လူတိုင်း၏အလုပ်သည် ကုန်စည်ဖလှယ်ရေးကို ဖြတ်သန်းပြီးမှသာလျှင် လူ့အဖွဲ့အစည်း အလုပ်အဖြစ်သို့ ပြောင်းလဲနိုင်ပေသည်။ ကုန်စည်ဖလှယ်သော ဖြစ်စဉ်အတွင်းတွင် အနှစ်သာရအရ တူညီသော ယေဘုယျ လူသားအလုပ် အဖြစ်ဖြင့်သာလျှင် အပြန်အလှန် နှိုင်းယှဉ်နိုင်သည်။ ဤသို့ဖြင့် အမျိုးအမည် မတူကြသော အခိုင်အမာ အလုပ်များသည် အကောင်အထည် မဲ့သော အလုပ်များ အဖြစ်သို့ ပြောင်းလဲသွားပေသည်။

သို့သော် ပုဂ္ဂလိကပိုင်ဆိုင်မှု အကြောင်းအချက်အောက်တွင် ကုန်စည်ထုတ်လုပ် သူများသည် မိမိ၏ ခန့်မှန်း တွက်ချက်မှုအရ ကုန်စည်များ ထုတ်လုပ်ကြရသည်။ ယင်းဖြစ်စဉ်သည် ပဋိပက္ခများဖြင့် ပြည့်နှက်နေသည်။ မိမိ၏ကုန်စည်များသည် အခြားသူ၏ လိုအပ်ချက်နှင့် ကိုက်ညီမကိုက်ညီ သည်ကို၎င်း၊ မိမိ၏အလုပ်ကို လူ့အဖွဲ့အစည်းက အသိအမှတ်ပြုမပြု ဆိုသည်ကို၎င်း ဈေးကွက်သို့ ရောက်ရှိပြီး ဖလှယ်ကြသော အခါမှသာ သိနိုင်ပေသည်။ အကယ်၍ ၎င်း၏ကုန်စည်သည် အခြားသူအတွက် သုံးရည်တန်ဘိုး မရှိခဲ့လျှင် ၎င်း၏ပုဂ္ဂလိက အလုပ်သည် လူ့အဖွဲ့အစည်း အလုပ်အဖြစ်သို့ မပြောင်းလဲနိုင်ပေ။ အခိုင်အမာ အလုပ်သည်လည်း အကောင်အထည်မဲ့သော အလုပ်အဖြစ်သို့ မပြောင်းလဲနိုင်ပေ။

ထို့ကြောင့် အခိုင်အမာ အလုပ်နှင့် အကောင်အထည်မဲ့သောအလုပ်၏ ပဋိပက္ခသည် အမှန်စင်စစ် ပုဂ္ဂလိကအလုပ်နှင့် လူ့အဖွဲ့အစည်း အလုပ်အကြားရှိ ပဋိပက္ခ၏ ဖေါ်ပြချက် တမျိုးသာလျှင် ဖြစ်သည်။

## ပြဿနာ (၂) ကုန်စည်၏တန်ဖိုးပမာဏ

**တခုခြင်းအလုပ်ချိန်နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်**

ယေဘူယျ လူသားအလုပ်၏ စုစည်းမှုအဖြစ် ကုန်စည်၏ တန်ဖိုးသည် အနှစ်သာရအရ တူကြသော်လည်း အရေအတွက်အရ ခြားနားမှုရှိကြသည်။ ယင်းအချက်နှင့်ပါတ်သက်ပြီး မာ့က်စ်က "သုံးရည်တန်ဘိုး အတွက်ဆိုလျှင် ကုန်စည်အတွင်း ပါဝင်နေသော အလုပ်သည် အရည်အချင်း အရသာလျှင် အဓိပ္ပါယ်ရှိပေသည်။ တန်ဘိုးအဘို့ဆိုလျှင် ကုန်စည်အတွင်း ပါဝင်နေသော အလုပ်သည် အရေအတွက်အရသာလျှင် အဓိပ္ပါယ်ရှိပေသည်။ သို့သော် ၎င်းအလုပ်သည် လူသားအလုပ်သက်သက် အဖြစ်သို့ ဦးစွာ ပြောင်းလဲပစ်ရပေမည်" ဟု ပြောခဲ့ပေသည်။ ဤသို့ဆိုလျှင်၊ ကုန်စည်၏တန်ဘိုးပမာဏကို မည်သည့်အရာက သတ်မှတ် ပေးသနည်း။ ကုန်စည်အတွင်း ပါဝင်နေသော အလုပ်၏ပမာဏက သတ်မှတ်ပေးပေသည်။ တဖန် အလုပ်၏ ပမာဏကို အလုပ်ချိန်ဖြင့် (တနာရီ၊ တရက်၊ တပါတ်စသဖြင့်) တိုင်းတာရေတွက် နိုင်ပေသည်။ ဤနေရာ၌ လူ့အဖွဲ့အစည်းအတွင်းတွင် ကုန်စည်ထုတ်လုပ်သူ အမြောက်အမြားက ကုန်စည်တမျိုးထဲ ထုတ်လုပ်နေကြပြီး ထုတ်လုပ်သော အချက်အလက် မတူကြ၊ ကျွမ်းကျင်မှုလည်း မတူကြ၊ ထို့ပြင် ကုန်စည်တခုကို ထုတ်လုပ်ဘို့ စိုက်ထုတ်သော အလုပ်ချိန်လည်း မတူကြပါက ယင်းသို့သောအခြေအနေမျိုး၌ ကုန်စည်၏ တန်ဘိုးပမာဏကို မည်သို့သတ်မှတ်မည်နည်း ဆိုသည်ကို မေးစရာရှိပေသည်။ တန်ဘိုးပမာဏကို အလုပ်ချိန်အရ သတ်မှတ်ကြောင်း ကျနော်တို့သိပြီးဖြစ်သည်။ ဤကဲ့သို့ဖြစ်ခဲ့လျှင် အကယ်၍ တယောက်သောသူ၏ ထုတ်လုပ်ရေး အချက်အလက်က ညံ့ဖျင်းပြီး၊ အလပ်ကလည်း မကျွမ်းကျင်၊ အလုပ်ချိန်၌ ပျင်းရိနေပြီး စိုက်ထုတ်ရသော အလုပ်ချိန် ကလည်း များပြားနေမည် ဆိုပါက ၎င်း၏ ကုန်စည်တန်ဘိုးသည် ပို၍ ကြီးမနေဘူးလား ဟု မေးစရာများ ပေါ်လာပေသည်။ အမှန်စင်စစ် ကုန်စည်၏ တန်ဘိုးပမာဏကို တဦးချင်း ထုတ်လုပ်သူက ၎င်းကုန်စည်ကို ထုတ်လုပ်ရာတွင် ကုန်ခန်းသွားသော အလုပ်ချိန်က သတ်မှတ်ခြင်းမဟုတ်ဘဲ ၎င်းကုန်စည်ကို ထုတ်လုပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်ကသာ သတ်မှတ်ပေသည်။

လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန် ဆိုသည်မှာ အဘယ်နည်း။ မာ့က်စ်က "လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန် ဆိုသည်မှာ မည်သည့် သုံးရည် တန်ဘိုးကိုမဆို၊ လူ့အဖွဲ့အစည်း၏ လက်ရှိစံထားသော ထုတ်လုပ်ရေး အချက်အလက်၊ လူ့အဖွဲ့အစည်း၏ ဖျမ်းမျှ အလုပ်ကျွမ်းကျင်မှု ရေချိန်နှင့်အလုပ်ပြင်းထန်မှု ရေချိန်အောက်တွင် ထုတ်လုပ်ရာ၌ လိုအပ်သော အလုပ်ချိန်ကို ဆိုလိုသည်" ဟု ပြောခဲ့ဘူးပေသည်။ လက်ရှိ လူ့အဖွဲ့အစည်းက စံထားသော ထုတ်လုပ်ရေး အချက်အလက် ဆိုသည်မှာ အဓိကအားဖြင့် ယင်းအချိန်ကာလ၌ သက်ဆိုင်ရာ ထုတ်လုပ်ရေးကဏ္ဍ အတွင်းရှိ အများစုထွက်ကုန်ကို ထုတ်လုပ်သော အတတ်ပညာနှင့် စက်ကရိယာ တပ်ဆင်မှုရေချိန်ကိုဆိုလိုသည်။ ဥပမာ ချည်မျှင်နှင့် အထည်ယက်လုပ်ငန်း၌ အချို့သော ထုတ်လုပ်သူ များက စက်ကရိယာဖြင့် ထုတ်လုပ်ကြသည်။ အချို့သောထုတ်လုပ်သူ များကလက်မှုအတတ်ပညာ ဖြင့်ထုတ်လုပ် ကြသည်။ ဓမ္မတာပင် ပိတ်တအုပ်ကို ယက်လုပ်ပါက ၎င်းတို့ကုန်ကျသောအလုပ်ချိန်သည် မတူနိုင်ပေ။ အကယ်၍ အများစုက စက်ကရိယာဖြင့် ယက်လုပ်သည် ဆိုပါကစက်ကရိယာဖြင့် ထုတ်လုပ်ခြင်းသည် ချည်မျှင်နှင့် အထည်ယက်လုပ်ငန်းတွင် လူ့အဖွဲ့အစည်းက စံထားသော ထုတ်လုပ်ရေး အချက်အလက် ပင်ဖြစ်သည်။ တဖန် လူ့အဖွဲ့အစည်းက စံထားသော ထုတ်လုပ်ရေးအချက်အလက်တွင် တူညီသော်လည်း အလုပ်၏ ကျွမ်းကျင်မှု နှင့် အလုပ်ပြင်းထန်မှု မတူညီပါက ပိတ်တအုပ်ကို ယက်လုပ်သော အချိန်သည်လည်း တူနိုင်မည် မဟုတ်ပေ။ ယင်းအခြေအနေ၌ တန်ဘိုး၏ ပမာဏကို လူ့အဖွဲ့အစည်း၏ ဖျမ်းမျှ အလုပ်ကျွမ်းကျင်မှုနှင့် အလုပ်ပြင်းထန်မှုက အဆုံးအဖြတ်ပေးလေသည်။ ဥပမာ လူ့အဖွဲ့အစည်းက စံထားသော တူညီသော ထုတ်လုပ်ရေးအချက်အလက်အောက်တွင် တူညီသော အရွယ်အစား ရှိသည့် ပိတ်တအုပ်ကို ယက်လုပ်ရာ၌ အချို့က ၈ နာရီ၊ အချို့က ၁၀ နာရီ၊ အချို့က ၁၂ နာရီ အချိန်ကုန်သည် ဆိုကြပါစို့။ အကယ်၍ ၁၀ နာရီ အချိန်ကုန်သော သူ၏ အ ဖုပ် ကျွမ်းကျင်မှုနှင့် အလုပ်ပြင်းထန်မှုသည် ယင်းပိတ်အုပ်ကို ယက်လုပ်သော

လူ့အဖွဲ့အစည်း၏ ပျမ်းမျှ အလုပ်ကျွမ်းကျင်မှုနှင့် အလုပ်ပြင်းထန်မှု ဖြစ်ခဲ့သော် ကုန်ခမ်း သွားသော ၁၀ နာရီသည် လူ့အဖွဲ့အစည်း ဆိုင်ရာ လိုအပ်သော အလုပ်ချိန်ပင်ဖြစ်သည်။ ဤသို့ဖြင့် ၈ နာရီ အချိန်ကုန်သော သူသည် ၁၀ နာရီ အချိန်ကုန်သူက ဖန်တီးလိုက်သော တန်ဘိုးကို အချိန် ၈ နာရီဖြင့် ဖန်တီးနိုင်ပေသည်။ ၁၂ နာရီ အချိန်ကုန်သူမှာမူ ၁၀ နာရီအချိန် ကုန်သူက ဖန်တီးသောတန်ဘိုးကို ၁၂ နာရီကြာအောင် အလုပ်လုပ်မှသာလျှင် ဖန်တီးနိုင်ပေသည်။

### ရိုးရိုးအလုပ်နှင့်ရှုတ်ထွေးသောအလုပ်

ကုန်စည်ထုတ်လုပ်သော အလုပ်တွင် ရိုးရိုးအလုပ်ရှိသကဲ့သို့ ရှုတ်ထွေးသော အလုပ်လည်းရှိသည်။ရိုးရိုး အလုပ်ဆိုသည်မှာ လုပ်အားကို သာမန်စိုက်ထုတ် ရခြင်းကိုဆိုလိုသည်။ ယင်းကဲ့သို့သော လုပ်အားမျိုးကို အထူးလေ့ကျင့်ရန် မလိုဘဲ သာမန်လူ၌ရှိပြီး ဖြစ်ပေသည်။ရှုတ်ထွေးသော အလုပ် ဆိုသည်မှာ ပိုမို များပြားသောကျွမ်းကျင်မှုနည်းနာနှင့် အတတ်ပညာကို အသုံးပြုရသော အလုပ်ကို ဆိုလိုသည်။ ယင်းကျွမ်းကျင်မှုနှင့် အတတ်ပညာကိုရရှိဘို့ အတွက်ကြိုးစား မှုရှိရန်နှင့် အချိန်ကို အနည်းနှင့်အများ စိုက်ထုတ်ရန် လိုအပ် ပေလိမ့်မည်။ ထို့ကြောင့် တူညီသောအချိန်၌ ရိုးရိုးအလုပ်က ဖန်တီးသော တန်ဘိုး ပမာဏ နှင့် ရှုတ်ထွေးသော အလုပ်ကဖန်တီးသော တန်ဘိုးပမာဏချင်းမှာ မတူနိုင်ပေ။ တနာရီအတွင်း ရှုတ်ထွေးသော အလုပ်က ထုတ်လုပ်လိုက်သော ပစ္စည်း၏ တန်ဘိုးက တနာရီအတွင်း ရိုးရိုးအလုပ် က ထုတ်လုပ်လိုက်သော ပစ္စည်း၏ တန်ဘိုးထက် ပိုကြီး ပေသည်။ ဥပမာ နာရီထုတ်လုပ်သော အလုပ်သည်ထင်းခွဲသောအလုပ်ထက် ခက်ခဲသည်။ ထို့ကြောင့် နာရီထုတ်လုပ်သူက တနာရီအတွင်း ဖန်တီးလိုက်သောတန်ဘိုးသည် ထင်းခွဲသူကတနာရီအတွင်း ဖန်တီးသော တန်ဘိုးထက်ကြီးသည်။ ကုန်စည်ဖလှယ်သော ဖြစ်စဉ်တွင် ရှုတ်ထွေးခက်ခဲသော အလုပ်ကို ရိုးရိုးအလုပ်အဖြစ် ပြောင်းယူတွက်ချက် နိုင်ပေသည်။ ရှုတ်ထွေးခက်ခဲသောအလုပ်၏ ထွက်ကုန် အနည်းအပါးကို ရိုးရိုးအလုပ်၏ ထွက်ကုန်အများအပြားနှင့် ဖလှယ်နိုင်သည်။

ရှုတ်ထွေး ခက်ခဲသော အလုပ်ကို ရိုးရိုးအလုပ်အဖြစ် ပြောင်းယူ တွက်ချက်ပြီး ဖလှယ်သော ဖြစ်စဉ်သည် မိမိအလိုအလျောက် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ရိုးရိုးအလုပ်နှင့် ရှုတ်ထွေး ခက်ခဲသော အလုပ်တို့၏ အထွက်ပစ္စည်းများ မည်သည့် အရေအတွက် အရ ဖလှယ်မှသာလျှင် ညီမျှ နိုင်ကြောင်းကို ကုန်စည် ထုတ်လုပ်သူများက တိုက်ရိုက် တွက်ချက်၍ မရနိုင်ပေ။ သို့သော် အကြိမ်ပေါင်း ထောင်နှင့်ချီပြီး ကုန်စည်များ ဖလှယ်ပြီးသည့်နောက်တွင် ၎င်းတို့၏ ဖလှယ်ရေး အချိုးအစားမှာ သဘာဝအရ အလိုအလျောက် ဖြစ်တည်လာပေသည်။

### အလုပ်အထွက်နှုန်းနှင့်တန်ဘိုးပမာဏတို့၏ဆက်ဆံမှု

ကုန်စည်တန်ဘိုး၏ ပမာဏကို ယင်းကုန်စည်ကို ထုတ်လုပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်က ဆုံးဖြတ်သည်။ ကုန်စည်ကို ထုတ်လုပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန် မပြောင်းလဲပါက ကုန်စည်တန်ဘိုး၏ ပမာဏသည်လည်း မပြောင်းလဲပေ။ ကုန်စည်ကို ထုတ်လုပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန် ပြောင်းလဲပါက ကုန်စည်တန်ဘိုး၏ ပမာဏသည်လည်း ပြောင်းလဲပေလိမ့်မည်။ တဖန် ကုန်စည်ကို ထုတ်လုပ်သော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန်သည် အလုပ်အထွက်နှုန်း ပြောင်းလဲမှုအရ ပြောင်းလဲပေသည်။ အလုပ်အထွက်နှုန်း ဆိုသည်မှာ တူညီသော အချိန်၌ အမျိုးအစားခြင်း တူညီသောအလုပ်က ထုတ်လုပ်လိုက်သော သုံးရည်တန်ဘိုး၏ ပမာဏကို ဆိုလိုသည်။ ၎င်းပမာဏကို အကြောင်းအချက် အမျိုးမျိုးက သတ်မှတ်ပြဋ္ဌာန်းသည်။ ယင်းအကြောင်း အချက်များမှာ လုပ်သားတို့၏ ပျမ်းမျှ ကျွမ်းကျင်မှု ရေချိန်၊ ထုတ်လုပ်ရေးဖြစ်စဉ်အတွင်းရှိ စည်းရုံးမှုသဏ္ဌာန်၊ ဝိဇ္ဇာပညာနှင့် အတတ်ပညာ ဖြစ်ပေါ်တိုးပွါးမှု ရေချိန်၊ ထုတ်လုပ်ရေးကရိယာ အနည်းအများနှင့် စက်ကရိယာ တတ်ဆင်မှုရေချိန်၊ ကုန်ကြမ်း ပစ္စည်း များ၏ အရည်အချင်း၊ သဘာဝ အချက်အလက် အစရှိသည် တို့ဖြစ်သည်။ ကုန်ချော ထုတ်လုပ်သော စက်မှုလုပ်ငန်းတွင် အလုပ်အထွက်နှုန်းအပေါ် သဘာဝ အချက်အလက်၏ ဂယက်ရိုက်မှုက သေးငယ်သည်။ လယ်ယာနှင့် သတ္တုတူးဖေါ်ရေးလုပ်ငန်းများတွင် အလုပ် အထွက်နှုန်းအပေါ် သဘာဝ အချက်အလက် ဂယက်ရိုက်မှုက ပို၍ ကြီးမားသည်။ အလုပ်အထွက်နှုန်း မြင့်မားပါက တူညီသောအချိန် အတွင်း ထုတ်လုပ်လိုက်သော သုံးရည်တန်ဘိုးလည်း ပို၍ များပြားသည်။ သို့သော် အလုပ်အထွက်နှုန်း မည်မျှပြောင်းလဲသော်လည်း တူညီသောအချိန်၌ ဖန်တီးလိုက်

သော စုစုပေါင်းတန်ဘိုး၏ ပမာဏမှာ မည်သို့မျှ မပြောင်းလဲပေ။ ထို့ကြောင့် အလုပ်အထွက်နှုန်း မြင့်မားပါက ထုတ်လုပ် လိုက်သော ကုန်ပစ္စည်း တယူနစ်အတွင်း ပါဝင်နေသော အလုပ်၏ ပမာဏက ပို၍နည်းလာသောကြောင့် ထုတ်လုပ်လိုက်သော တခုချင်းကုန်ပစ္စည်း၏တန်ဘိုးသည် ပို၍နည်းသွားသည်။ ၎င်းနှင့်ပြောင်းပြန်ပင် အလုပ်အထွက်နှုန်း မမြင့်မားပါက ထုတ်လုပ်လိုက်သော ကုန်ပစ္စည်း တယူနစ်အတွင်း ပါဝင်သောအလုပ်၏ ပမာဏ များလာသောကြောင့် ၎င်းတန်ဘိုးပမာဏ ပို၍ကြီးလာသည်။ ဥပမာ၊ ဘိနပ်တရံကို ထုတ်လုပ်ရာတွင် အချိန် ၁၀ နာရီကုန်သည်ဟုဆိုပါစို့၊ ဤသို့သော အခြေအနေတွင် ဘိနပ်တရံ၏ တန်ဘိုးသည် ၁၀ နာရီ အလုပ်ဖြစ်သည်။ အကယ်၍ ၁၀ နာရီ အလုပ် လုပ်ခြင်းဖြင့် ဘိနပ်နှစ်ရံကို ထုတ်လုပ် နိုင်သည်ဟုဆိုပါက သုံးရည်တန်ဘိုးသည်တ ဆတိုးလာပေသည်။ ထိုသော် တခုလုံး၏တန်ဘိုးသည် ၁၀ နာရီ အလုပ်ဖြစ်မြဲဖြစ်နေ သောကြောင့် ဘိနပ်တရံ၏ တန်ဘိုးသည် နည်းသွားပြီး ၎င်းတန်ဘိုးသည် ၁၀ နာရီအလုပ် မဟုတ်တော့ဘဲ ၅ နာရီအလုပ်သာ ဖြစ်လေတော့သည်။ ကုန်စည်၏ တန်ဘိုးပမာဏသည် ကုန်စည်ကို ထုတ်လုပ်ရာတွင် စိုက်ထုတ် ကုန်ခမ်းသွားသော အလုပ်၏ ပမာဏနှင့်တိုက်ရိုက်အချိုးသို့မဟုတ် အချိုးအစားမှန်ဖြစ်သည်။ အလုပ်အထွက်နှုန်းနှင့်ဆိုသော် အချိုးအစား ပြောင်းပြန်ဖြစ်လေသည်။ ယင်းအချက်က သုံးရည်တန်ဘိုးနှင့် တန်ဘိုး၊ အခိုင်အမာ အလုပ်နှင့် အကောင်အထည် မဲ့သော အလုပ်အကြားရှိ ပဋိပက္ခကို ရောင်ပြန်ဟပ်ပြနေပေသည်။

(နောက်တပါတ် ပြည်သူ့အာဏာ တွင် ကျန်အပိုင်းများ ဆက်လက် ဖေါ်ပြသွားပါမည်)

## စာမူတောင်းခံခြင်း

**ရဲဘော်များ ခင်ဗျား**

ပြည်သူ့အာဏာဂျာနယ်အမှတ်(၃)ကို ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံ အနှစ်(၅၀)မြောက်အထိမ်းအမှတ်အားဂုဏ်ပြုသည့် အနေဖြင့် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေရန်ရည်ရွယ်ထားပါသည်။ ထို့ကြောင့်ရဲဘော်တို့ထံမှ စာမူများကို အောက်တိုဘာလ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ကြရန် တောင်းခံအပ်ပါသည်။

ပြည်သူ့အာဏာဂျာနယ်တွင် ထည့်သွင်းဖော်ပြမည့် စာမူနှင့်ပတ်သက်သော မူဝါဒကို ပြည်သူ့အာဏာဂျာနယ်အမှတ် (၁) စာတည်းအဖွဲ့၏ အမှာတွင် ဖော်ပြထားပါသည်။

စာတည်းအဖွဲ့
ပြည်သူ့အာဏာဂျာနယ်

# မဟာ်ပါတီကျောင်း(၁၉၈၆ခုနှစ်)
# အဘိဓမ္မာပို့ချချက်

(ဟောပြောချက် ၁ ကိုပြည်သူ့အာဏာဂျာနယ်အမှတ် ၁၁၉၈၇ တွင်ဖော်ပြပြီးဖြစ်သည်)

## မာ့က်စ်လီနင်ဝါဒအမြင်ဆိုင်ရာမူတွေရဲ့ လက်တွေ့အဓိပ္ပါယ်

ရဲဘော်တို့—

(ပ) ဟောပြောချက်မှာ မာ့က်စ်ဝါဒအနုပဋ္ဌိလောမ ဆိုင်ရာမူတွေကို သုံးသပ်တင်ပြ ခဲ့ပြီးဖြစ်တယ်။

မာ့က်စ်ဝါဒအဘိဓမ္မာ ဘာသာရပ်ရဲ့ သဘောတရားမူတွေကို သဘောတရားသက်သက် မျှသာလေ့လာမယ်ဆိုရင်၊ အဘိဓမ္မာအမြင် ဆိုင်ရာမှာ အသက်ဝင်လှုပ်ရှားတာတွေ့ရလိမ့်မယ်မဟုတ်ပါ။ ဒါကြောင့် အဘိဓမ္မာအမြင်ကို လက်တွေ့အခိုင်အမာ တွေနဲ့ ပေါင်းစပ် မှသာ ရုပ်ဝတ္ထုအင်အား အဖြစ်ပေါ် ထွက် လာမှာဖြစ်ပါတယ်။ ဒါမှရဲဘော်တို့ရဲ့ လေ့လာရေး ရည်ရွယ်ချက်အောင်မြင်ထမြောက်လာမှာ ဖြစ်ပါတယ်။

ယနေ့ရုပ်ဝါဒ အမြင်ဆိုင်ရာ မူတွေကိုလူ့ အဖွဲ့အစည်းဘဝလူ့ အဖွဲ့အစည်း သမိုင်းလေ့လာရာမှာ တိုးချဲ့လိုက်တာဟာ အင်မတန် အရေးပါတဲ့ ကိစ္စဖြစ်ပါတယ်။ လူ့ အဖွဲ့အစည်း ဘဝအချင်းအရာ တွေဟာ အပြန်အလှန်ဆက်သွယ်နေတယ်။ အပြန်အလှန် မှီခိုနေတယ်။ ဒါဟာ လူ့အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွါးမှုဆိုင်ရာ တရားမျှားဖြစ်တယ်။

ရုပ်ဝါဒအမြင်ကို လူ့ အဖွဲ့အစည်း သမိုင်းလေ့လာရာမှာတိုးချဲ့ လိုက်တာကြောင့်၊ လူ့ အဖွဲ့အစည်း သမိုင်းလေ့လာရေးဟာ ဝိဇ္ဇာပညာတရပ် ဖြစ်လာခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစား ပါတီရဲ့ လက်တွေ့လုပ်ငန်း တွေဟာ လူ့ အဖွဲ့အ ည်း ဖြစ်ပေါ် တိုးပွါးမှုတရား မျှား အပေါ် မှာ အခြေစိုက်ထားရမယ်။ ဒီတရားတွေကို လေ့လာပြီးသမ်းညွှန်အဖြစ် အသုံးချရမယ်။

သဘောတရား နဲ့ လက်တွေ့ပေါင်းစပ် ရမယ်။ ဒါဟာသိပ်ပြီး အရေးကြီးတဲ့ ကိစ္စရပ်ကြီးဘဲ။

အဘိဓမ္မာဆိုင်ရာရဲ့ အခြေခံပြဿနာဖြစ်တဲ့ ရုပ် နဲ့ စိတ် ရဲ့ဆက်ဆံမှုအမြင်ကို လူ့ အဖွဲ့အစည်း ဘဝမှာဆက်စပ်မယ်ဆိုရင် လူမှုရေးဘဝပထမဖြစ်ပြီး၊ (ရုပ်ဘာ) လူမှုရေးအသိဟာ ဒုတိယအရာ ဖြစ်တယ်။ (စိတ်)

လူ့ အဖွဲ့အစည်း လူမှုဘဝက လူ့ အဖွဲ့အစည်း လူမှုရေးအသိကိုပြဋ္ဌာန်းတယ်။ လူမှုရေးအသိက လူမှုရေးဘ ဝကို အပြန်အလှန် ဩဇာ သက်ရောက်တယ်။ လူမှုရေးဘဝဟာ လူ့ အဖွဲ့အစည်းရဲ့ရုပ်ပိုင်း ဆိုင်ရာ ဘဝဖြစ်တယ်။ လူမှုရေးအသိဟာ လူ့ အဖွဲ့အစည်းရဲ့ စိတ်ပိုင်းဆိုင်ရာဖြစ်တယ်။ လူမှုရေးဘဝဟာ လူတွေရဲ့စိတ်ဆန္ဒနဲ့ အမှီခိုကင်းစွာတည်ရှိနေတဲ့ ပကတိဘာဝ တကယ့်ဖြစ် ရပ်ဖြစ်တယ်။ လူမှုရေးအသိဟာ လူမှုရေးဘဝရဲ့ ရောင် ပြန်ဟပ်ချက်ဖြစ်တက်။

လူ့ အဖွဲ့အစည်းဆိုင်ရာ အယူအဆတွေ၊ သဘောတရားတွေဟာ အဲဒီအချိန်ရှိ လူ့ အဖွဲ့အစည်း မှာရှိတဲ့ လူ့ အဖွဲ့အစည်း ရုပ်ပိုင်းဆိုင်ရာဘဝ အချက်အလက် မျှားက ဆုံးဖြတ်ပြဋ္ဌာန်း တာဖြစ်တယ်။ ဥပမာကျေးကျွန်ခေတ်၊ ပဒေသရာဇ်ခေတ်၊အရင်းရှင်ခေတ် တို့မှာလဲ ဒီအတိုင်းဘဲဖြစ်တယ်။

ကျနော်တို့ဟာ ပေါ် လစီအရ အမှားမဖြစ်ရအောင် ကျနော်တို့ရဲ့လုပ်ငန်းတွေကို လူ့ အဖွဲ့အစည်း ရုပ်ပိုင်းဘ ဝ ဆိုင်ရာ အခိုင်အမာ အချက်အလက်တွေပေါ် မှာ အခြေပြုရလိမ့်မယ်။ ဆိုလိုတာက လူ့ အဖွဲ့အစည်းရဲ့ တကယ့်လက်တွေ့ဘဝနဲ့ ဘယ်တော့မှ မကင်းကွာရဘူး။ မိမိစိတ်ဆန္ဒအပေါ် မှာ အခြေမတည်ရဘူး။

စိတ်ဆန္ဒအရ ပြောရရင် မနက်ဖြန် တော်လှန်ရေး အောင်ချင်တာဘဲ။ အဲဒီလို စိတ်ဆန္ဒရှိရုံနဲ့ မရဘူး။ ဒါအပေါ် မှုမတည်ရဘူး။တကယ့်အခြေအနေ ဖြစ်တဲ့စီးပွါးရေး၊ နိုင်ငံရေး၊ လူမှုရေး စသည်တို့ အပေါ် မှာ လမ်းစဉ်ပေါ် လစီတွေကို ချမှတ်မှသာ လုပ်ငန်းအောင်မြင် လိမ့်မယ်။

လူ့ အဖွဲ့အစည်းရုပ်ပိုင်းဘဝ အချက်အလက် တွေပေါ် အခြေစိုက်ရလိမ့်မယ် လို့ဆိုတာကြောင့် လူ့ အဖွဲ့ အစည်းမှာရှိတဲ့ အယူအဆ၊ သဘောတရား၊ နိုင်ငံရေး အဆောက်အဦ မျှားနဲ့သမိုင်းမှာ ၎င်းတို့ပါဝင်တဲ့အခန်း ကို မငြင်းပယ်ရုံသာမက ၎င်းတို့ရဲ့အရေးပါတဲ့ အခန်းကိုလဲအသိအမှတ်ပြုတယ်။ အလေးထားတယ်။ လူ့ အဖွဲ့အ စည်းမှာရှိတဲ့ အယူအဆ သဘောတရား တွေမှာဆိုရင်လဲအမျိုး

မျိုးရှိပါလိမ့်မယ်။ အယူအဆဟောင်း၊ သဘောတရားဟောင်း တွေဟာ ကျေပြုန်းမဲ့အင်အားစု တွေကို အလုပ်အကျွေးပြုတယ်။ အယူအဆသစ်၊ ရှေ့တန်းရောက်တဲ့ သဘောတရားသစ် တွေဟာ တိုးတက်တဲ့တကယ့် အင်အားစုတွေကို အလုပ်အကျွေးပြု နေတယ်။ ဒီလို အယူအဆသစ်၊ သဘောတရားသစ်တွေကို လူထုက ချုပ်ကိုင်လာနိုင်တာနဲ့တပြိုင်နက် အင်မတန်စွမ်းပကားကြီးမားတဲ့ ရုပ်ဝတ္ထုအင်အားကြီး အဖြစ်ပြောင်းလဲလာတယ်။ လူထုဟာ တိုးတက်တဲ့ လက်တွေ့နဲ့ကိုက်ညီတဲ့ သဘောတရားသစ်တွေကို ချုပ်ကိုင်လာနိုင်ပါက ဖောက်ပြန်တဲ့ အင်အားစုတွေကို ဖြိုဖျက်ပစ်ဘို့ အခွင့်သာလာတယ်။ ဒါဟာ ထက်မြက်တဲ့ လက်နက်ကို ရလာတာနဲ့တူပါတယ်။

## လူ့အဖွဲ့အစည်းမှာအရာဝတ္ထုဟောင်းတွေကြေပြုန်းပျက်စီးခြင်းနဲ့အရာဝတ္ထုသစ်တွေပေါ်ပေါက်လာပုံ

လူမှုရေးဘဝဟာ အဆက်မပြတ် လှုပ်ရှားနေပြီး ဖြစ်ပေါ်တိုးပွါးနေပါတယ်။ မပြောင်းလဲဘဲ နေတာရယ်လို့ မရှိပါ။ ဒါဟာ တနေရာမှာ ရပ်နားနေခြင်းမဟုတ်၊ ထာဝစဉ်လှုပ်ရှားနေတယ်။ ဒါဟာ အသစ်အသစ် ဖြစ်ပေါ်တိုးတက်ခြင်းရဲ့ ထာဝရဖြစ်စဉ်ထဲမှာ တည်ရှိနေခြင်းကြောင့် အရာဝတ္ထုသစ်နဲ့ အရာဝတ္ထုဟောင်း၊ ပေါ်ပေါက် တိုးပွါးနေတဲ့အရာနဲ့ ကြေပြုန်းချုပ်ငြိမ်း နေတဲ့အရာ၊ တော်လှန်တဲ့အရာနဲ့ တန်ပြန် တော်လှန်ရေးအရာတို့ဟာ ထာဝစဉ် တည်ရှိနေတာဖြစ်တယ်။

အရာအားလုံးဟာ လှုပ်ရှားပြောင်းလဲ နေတယ်ဆိုရင် ကျနော်တို့ မှီခိုအားထားရမဲ့ လူတန်းစားဟာ ဖြစ်ပေါ်တိုးပွားနေပြီး ရှေ့သို့ဘိုးတက်နေတဲ့ အင်အားဖြစ်သည့် ပစ္စည်းမဲ့လူတန်းစား ဘဲဖြစ်တယ်။ ( အနာဂါတ်ရဲ့ ခေါင်းဆောင် အင်အားသစ်ဟာ ပစ္စည်းမဲ့ လူတန်းစား ဘဲဖြစ်တယ်။)

အထက်ပါ အယူအဆက ပ်သားပြည်သူများကို နက်နဲတဲ့ အကောင်းမြင်ဝါဒ၊ ဆိုလိုတာက အရင်းရှင်ဝါဒကို မုချ တိုက်ဖျက်ဖို့ချ ပနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ရစေပါတယ်။

## တတိယပြဿနာ၊သမိုင်းရုပ်ဝါဒ

ပထမ ပြဿနာက မာ့က်စ်ဝါဒ အဘိဓမ္မာရဲ့ နည်းနာဖြစ်ပြီး ဒုတိယ ပြဿနာက မာ့က်စ်ဝါဒ အဘိဓမ္မာရဲ့ အမြင်ဖြစ်တယ်။

တတိယ ပြဿနာကတော့ သမိုင်းရုပ်ဝါဒဖြစ်တယ်။

အနုပဋ္ဋိလောမ ရုပ်ဝါဒမူတွေကို လူ့အဖွဲ့အစည်းသို့ တိုးချဲ့လိုက်ပြီး သမိုင်းရုပ်ဝါဒအမြင် ဖြစ်ပေါ်လာတယ်။ သမိုင်းရုပ်ဝါဒ အမြင်အရ လူမှုရေးဘဝဟာ လူမှုရေးအသိကိုပြဋ္ဌာန်းတယ်။ တနည်းအားဖြင့် လူ့အဖွဲ့အစည်း ရုပ်ပိုင်းဆိုင်ရာ ဘဝအကြောင်း အချက်တွေက လူ့အဖွဲ့အစည်းရဲ့ စိတ်ပိုင်းဘဝဆိုင်ရာ အကြောင်း အချက်တွေကို ပြဋ္ဌာန်းတယ် ။ ဒါကိုအထက်ပိုင်း မှာလဲပြောပြခဲ့ပြီ။

## လူ့အဖွဲ့အစည်းရုပ်ပိုင်းဘဝဆိုင်ရာအချက်အလက်တွေဟာဘာတွေလဲ

လူ့အဖွဲ့အစည်း ကိုဝိုင်းရံနေတဲ့သဘာဝပထဝီ ပတ်ဝန်းကျင်တို့ဟာ လူ့အဖွဲ့အစည်းရဲ့ ရုပ်ပိုင်းဘဝ အခြေအနေများအနက် မပါမပြီးတဲ့ အချက်အလက် ဖြစ်တယ် ။ ၎င်းသည်ခမ္မတာအတိုင်းဘဲ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးမှုအပေါ် ဩဇာအရှိန် သက်ရောက်မှုရှိတယ်။ ပထဝီပတဝန်းကျင်သည် လူ့အဖွဲ့အစည်းရဲ့ မျက်နှာအသွင်အပြင်၊ လူတို့ရဲ့လူမှုလက္ခဏာ စနစ်တခုမှ တခုသို့ကူးပြောင်းခြင်းကိုပြဋ္ဌာန်းတဲ့ အဓိကအင်အားစုလား။ သမိုင်းရုပ်ဝါဒအမြင်အရ အဓိကအင်အားစု မဟုတ်ပါ။

ပထဝီပတ်ဝန်းကျင်ဟာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးမှုကို မြန်ဆန်စေတဲ့ သို့မဟုတ် နှေးကွေးစေတဲ့ ဩဇာအရှိန် သက်ရောက်ပေမဲ့ အဓိက အကြောင်းအရာ၊ ပြဋ္ဌာန်းတဲ့ အကြောင်းတရားတော့ မဟုတ်ဘူး။အကြောင်းကလူ့အဖွဲ့အစည်း ပြောင်းလဲမှုက ပထဝီ ပါတ်ဝန်းကျင် ပြောင်းလဲမှုထက် ပိုမိုလျှင်မြန်တဲ့ အတွက်ကြောင့် ဖြစ်တယ်။ အနှစ်သုံးထောင်အတွင်း၊ဥရောပမှာ စနစ်သုံးမျိုး ပြောင်းလဲ ကျော်လွှန်ခဲ့ပေမဲ့ ဒီကာလ အတောအတွင်း ပထဝီအခြေအနေ ကတော့ မပြောင်းလဲ သလောက်ဘဲ။

အရေးကြီးတဲ့ ပထဝီပြောင်းလဲမှု မှန်သမျှဟာ နှစ်သန်းပေါင်းများစွာ လိုအပ်တယ်။ အရေးကြီးတဲ့ လူ့အဖွဲ့အစည်းပြောင်းလဲမှု ဆိုတာကတော့ နှစ်ပေါင်းတထောင်နှစ်ထောင် အတွင်းမှာဘဲ ဖြစ်နိုင်တယ်။ သောင်းပေါင်းများစွာသော နှစ်အတွင်းမှာ လုံးဝ မပြောင်းလဲဘဲ နေသလောက်ရှိတဲ့ အရာဟာ နှစ်ရာပေါင်းအနည်းငယ် အတွင်းမှာဘဲ အခြေအမြစ်ကနေပြီး ပြောင်းလဲတတ်တဲ့ အရာရဲ့ ဖြစ်ပေါ်တိုးပွါးရေး အဓိက အကြောင်း တရားတော့ မဟုတ်နိုင်ဘူး။

လူ့အဖွဲ့အစည်းရဲ့ ရုပ်ပိုင်းဘဝ အခြေအနေများမှာ လူဦးရေဟာ အရေးကြီးတဲ့ အင်္ဂါအစိပ်အပိုင်း ဖြစ်တယ်။ အနည်းဆုံးရှိအပ်တဲ့ လူဦးရေ မရှိပါက လူ့အဖွဲ့ အစည်း၏

ရုပ်ပိုင်းဘဝလည်း မရှိနိုင်ဘူး။ လူ့ အဖွဲ့အစည်း စနစ်ရဲ့ လက္ခဏာကို ပြဌာန်းရာမှာ လူဦးရေတိုးပွါးခြင်း၊ လူဦးရေ များပြားခြင်းဟာ အဓိက အင်အားစုလား။ သမိုင်းရုပ်ဝါဒက အဓိကအင်အားစု မဟုတ်လို့မြင်တယ်။

လူဦးရေ တိုးပွါးခြင်းဟာ လူ့ အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွါးရေးကို ဓမ္မတာအတိုင်း မြန်ဆန်စေ၊ သို့မဟုတ်၊ နှေးကွေးစေတဲ့ ဩဇာသက်ရောက်ပေမဲ့ အဓိကအင်အားစု ပြဌာန်းတဲ့ အကြောင်းအချက်တော့ မဖြစ်နိုင်ဘူး။စနစ် တခုနေရာမှာ စနစ်တခုက အစားထိုးခြင်း၊ စနစ်တခုနဲ့ တခုအစဉ်အတိုင်း ဆက်ခံရာမှာ အခြားစနစ်တခုက ဘာ့ကြောင့် မဆက်ခံသလဲ ဆိုတဲ့မေးခွန်းများကို၊လူဦးရေတိုးပွါးခြင်းက အဖြေမပေးနိုင်ပါ။ အမေရိကန်ပြည်ထက် တရုပ်ပြည်က လူဦးထူထပ် ပေါများမှုမှာ ၄ ဆကြီးမားပါတယ်။

ဘယ်လ်ဂျီယံပြည် လူဦးရေထူထပ်ခြင်းမှာ အမေရိကန်ထက် ၁၉ ဆ ဆိုဗီယက်ယူနီယံထက် ၂၆ ဆဖြစ်တယ်။ (ရဲဘော်စတာ လင်ခေတ်စာရင်းအရ ဖြစ်တယ်) လူဦးရေထူထပ်ခြင်းဟာ လူ့ အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွါး ရေးမှာ အဓိကအင်အားစု၊ လူ့ အဖွဲ့အစည်း စနစ်ရဲ့လက္ခဏာ(ဝါ) လူ့ အဖွဲ့အစည်းရဲ့ မျက်နှာသွင်ပြင်ကို ပြဌာန်းတဲ့ အင်အားစုမဖြစ်နိုင်ဘူး။ ဖြစ်လဲမဖြစ်ဘူး။

(က)လူ့ အဖွဲ့အစည်းဖြစ်ပေါ် တိုးပွါး ရေးမှာ အဓိကအင်အားစုက လူ့သတ္တဝါ တည်နေမှုနဲ့ **ၚင်းတို့အသက်ရှင်ရေးအတွက် အသုံးအဆောင်များ ရယူနည်း၊** အသက်ရှင်ရေးနဲ့ လူ့ အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွါးရေးအတွက်မရှိမဖြစ်တဲ့ စားစရာ၊ ဝတ်စရာ ထုတ်လုပ်ရေး ကရိယာများစတာတို့ဖြစ်တယ်။ **ရုပ်ပိုင်းတန်ဘိုး (အသုံးအဆောင်) များထုတ်လုပ် နည်းဖြစ်တယ်။**

လူဘို့ဟာအသက်ရှင်နေနိုင်ဘို့ စားစရာ၊ ဝတ်စရာ တို့ရှိရမယ်။ ရုပ်ပိုင်းအသုံးအဆောင် များကိုရရှိနိုင်ဘို့ လူတို့ဟာ ဒါတွေကို ထုတ်လုပ်ကြရမယ်။ ဒါတွေကိုထုတ်လုပ်ဘို့ဆိုရင် ဒါတွေကိုထုတ်လုပ်တဲ့ ထုတ်လုပ်ရေး ကရိယာများရှိရမယ်။ လူဘို့ကရိယာများကို ထုတ်လုပ်နိုင်ရမယ်၊ သုံးစွဲနိုင်ရမယ်။

ရုပ်ပိုင်းအသုံးအဆောင် များကို **ထုတ်လုပ်တဲ့ထုတ်လုပ်ရေးကရိယာများ၊** ထုတ်လုပ်ရေး ကရိယာများ ကိုကိုင်စွဲပြီး ရုပ်ပိုင်းအသုံးအဆောင် များကိုထုတ်လုပ်သွားမဲ့ **လူများ** ဒါ့အပြင် ဒီလူတွေရဲ့ **ထုတ်လုပ်ရေး အတွေ့အကြုံနဲ့ အလုပ်ကျွမ်းကျင်မှု၊**ဒီအစိတ် အပိုင်းအားလုံး ဟာ လူ့အဖွဲ့အစည်းရဲ့ **ထုတ်လုပ်ရေး အင်အားစု**များ ဖြစ်လာတယ်။ ဒါပေမဲ့ ထုတ်လုပ်ရေး အင်အားစုများဟာ ထုတ်လုပ်ရေး (ထုတ်လုပ်နည်း) ရဲ့ မျက်နှာတဖက် သာဖြစ်တယ်။ ထုတ်လုပ်နည်း(ထုတ်လုပ်ရေး) ရဲ့ အခြားမျက်နှာတဖက်ဟာတော့ ထုတ်လုပ်ရေးဖြစ်စဉ်မှာ လူတဦး နဲ့ တဦး ဆက်ဆံရေး (ထုတ်လုပ်ရေး ဆက်ဆံမှုများ) ဘဲဖြစ်တယ်။

လူ့ အဖွဲ့အစည်း ရုပ်ပိုင်း အသုံးအဆောင် များကို ထုတ်လုပ်ဘို့အတွက် သဘာဝကို အသုံးချရာမှာ တယောက်နဲ့ တယောက် သီးခြား ကင်းကွာပြီး (သီးခြားသောလူပုဂ္ဂိုလ်များတသီးပုဂ္ဂိုလ်များအနေနဲ့)ပြုလုပ်ကြတာမဟုတ်ဘဲ အတူတကွအစုလိုက်၊ အဖွဲ့အစည်းလိုက်ပြုလုပ်ကြရတယ်။ ဒါကြောင့် ထုတ်လုပ်ရေးဟာ ဘယ်အခါကာလနဲ့ ဘယ်အခြေအနေအောက်မှာမဆို **လူ့ အဖွဲ့အစည်းထုတ်လုပ်ရေ ဖြစ်တယ်**။ ဘယ်ထုတ်လုပ်ရေးဆက်ဆံမှုမဆို (သွေးစုတ်ချယ်လှယ်ရေး ကင်းဘဲ့ လူ့ အဖွဲ့အစည်းဝင်အချင်းချင်း ကူညီရေးနဲ့ ပူးပေါင်းဆောင် ရွက်ရေးဆက်ဆံမှု ) (လွှမ်းမိုးအုပ်စိုးပြီး လက်အောက် ခံထားသည့် ဆက်ဆံရေး ) (ထုတ်လုပ်ရေး ဆက်ဆံမှု အသွင်တရပ် မှအခြား အသွင်တရပ် စသည့် ဆက်ဆံရေးများ) အခါကာလတိုင်း၊ စနစ်တခုတိုင်းမှာ၊ လူ့ အဖွဲ့အစည်းရဲ့ ထုတ်လုပ်ရေးအင်အားစုလိုဘဲ ထုတ်လုပ်ရေးမှာ အဓိကကျတဲ့ အစိတ်အပိုင်းအဖြစ် ပါဝင်တယ်။

ထုတ်လုပ်ရေး (ထုတ်လုပ်နည်း) မှာ လူ့ အဖွဲ့အစည်းရဲ့ ထုတ်လုပ်ရေးအင်အားစုနဲ့ လူဘို့ရဲ့ထုတ်လုပ်ရေးဆက်ဆံမှုနှစ်ရပ်စလုံး ပါဝင်ကြတယ်။ ဒီနည်းနဲ့ ထုတ်လုပ်ရေး(ထုတ်လုပ်နည်း)ဟာ ရုပ်ပိုင်းအသုံးအဆောင်များ ထုတ်လုပ်ရေး ဖြစ်စဉ်မှာ ထုတ်လုပ်ရေး အင်အားစုများနဲ့ ထုတ်လုပ်ရေး ဆက်ဆံမှုတို့ရဲ့ တစည်းတလုံးတည်း ပေါင်းစပ်ရာ ဖြစ်လာတော့တယ်။

(ခ) **ထုတ်လုပ်ရေးရဲ့ ပထမ လက္ခဏာ** ကတော့ ဘယ်တော့မှ တနေရာထဲမှာ ကြာရှည်စွာမနေဘဲ၊ အစဉ်သဖြင့် ပြောင်းလဲ ဖြစ်ပေါ်နေခြင်း ဖြစ်တယ်။ ဒါ့အပြင် ထုတ်လုပ်နည်းမှာ ပြောင်းလဲမှုများဟာ လူ့ အဖွဲ့အစည်း စနစ်တခုလုံး လူ့ အဖွဲ့အစည်းရဲ့ စိတ်ကူးများ ( နမ်ပိုင်းဘဝ )၊ လူဘို့ရဲ့ နိုင်ငံရေးအမြင်များနဲ့ နိုင်ငံရေးအဆောက်အဦများနှာပါ မလွဲမရှောင်သာဘဲ ပြောင်းလဲလာစေတယ်။ လူ့ အဖွဲ့အစည်းနဲ့ နိုင်ငံရေးအစီအစဉ်တရပ်လုံးကိုလဲ ပြန်လည်တည်ဆောက်ဖို့ ဖြစ်လာစေတယ်။ ဖြစ်ပေါ်တိုးပွါးမှုရဲ့ မတူဘဲ့အဆင့်များမှာ လူတို့ဟာ မတူတဲ့ထုတ်လုပ်နည်းများကို အသုံးပြုကြတယ်။ မတူတဲ့အသက်မွေး

နေထိုင်ပုံတို့နဲ့ နေကြတယ်။ စနစ်(ခေတ်) တမျိုးမှာ ထုတ်လုပ်နည်း တမျိုးဖြစ်ခဲ့တယ်။ လူတို့အသက်မွေး နေထိုင်ပုံတို့ကိုလိုက်ပြီး လူတို့ရဲ့တွေးခေါ်ပုံ ဖြစ်လာခဲ့တယ်။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးမှု သမိုင်းဆိုတာ စနစ်များထဲမှာ တခုပြီးတခု စဉ်ဆက် ပေါ်ပေါက်ခဲ့တဲ့ ထုတ်လုပ်ရေးနည်းရဲ့ ဖြစ်ပေါ်တိုးပွါးမှု သမိုင်းဘဲဖြစ်တယ်။ ထုတ်လုပ်ရေး အင်အားစုများနဲ့ လူတို့ရဲ့ထုတ်လုပ်ဆက်ဆံမှုများ ဖြစ်ပေါ်တိုးပွါးရေး သမိုင်းဘဲဖြစ်တယ်။ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးရေး သမိုင်းဟာ လူ့အဖွဲ့အစည်းရဲ့ တည်မြဲရေးအတွက် လိုအပ်တဲ့ ရုပ်ပိုင်း အသုံးအဆောင်များကို ထုတ်လုပ်တဲ့ ထုတ်လုပ်ရေးဖြစ်စဉ်မှာ အဓိက အင်အားစုဖြစ်တဲ့ ထုတ်လုပ်သူများ၊ လုပ်သားလူထုများ၊ ပြည်သူများရဲ့ သမိုင်းဘဲဖြစ်တယ်။ ရှင်ဘုရင်များ၊ နန်းတွင်း အကြောင်းအရာများ၊ စစ်ပွဲများ၊ စစ်နိုင်သူ၊ ဖိစီးနှိပ်ကွပ်သူများရဲ့ အကြောင်းအရာ များကိုသာ ဖော်ပြရင် တကယ့်သမိုင်းဝင်၊ လူမှုဝိဇ္ဇာပညာ မဖြစ်နိုင်ဘူး။

သမိုင်းရေးဝိဇ္ဇာပညာရဲ့ အဓိက တာဝန်ကတော့ ထုတ်လုပ်ရေး တရားများ၊ ထုတ်လုပ်ရေး အင်အားစုများနဲ့ ထုတ်လုပ်ရေး ဆက်ဆံမှုတို့ရဲ့ ဖြစ်ပေါ်တိုးပွါးရေး တရားများ၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ် တိုးပွါးမှုတရားများကို လေ့လာဖေါ်ထုတ်ဘို့ဘဲ ဖြစ်တယ်။

ပစ္စည်းမဲ့ လူတန်းစား ပါတီတရပ်ဟာ တကယ့်စစ်မှန်တဲ့ မာ့က်စ်လီနင်ဝါဒ ပါတီတရပ် ဖြစ်လိုရင် ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးပွါးမှု တရားများရဲ့ အသိပညာ၊ လူ့အဖွဲ့အစည်း စီးပွါးရေး ဖြစ်ပေါ်တိုးပွါးမှု တရားများရဲ့ အသိပညာတို့ကို အခြားသော အကြောင်းအရာတို့ထက် သိရှိနားလည်အောင် လေ့လာထားရမယ်။ ပေါ်လစီမှာ မမှားယွင်းလိုရင် မိမိတို့လုပ်ငန်းစဉ်ရေးဆွဲရာနဲ့ မိမိတို့လက်တွေ့ ဆောင်ရွက်မှုများကို လုပ်ကိုင်ရာမှာ ဒီတရားတွေက နေမှုဦးစွာအစပြုရမယ်။

လက်တွေ့လုပ်ဆောင်ရာမှာ၊ ပေါ်လစီများချမှတ်ရာမှာ လုပ်ငန်းစဉ်လမ်းစဉ်များ ချမှတ်ရာမှာ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွါးမှု တရားတွေက အစချီရမယ်။ ဒါနဲ့ပတသက်လို့ အိန်ဂယ်လ် က လူ့အဖွဲ့အစည်းပြောင်းလဲမှုအားလုံးရဲ့ နိုင်ငံရေး တော်လှန်ရေးတွေရဲ့ နောက်ဆုံး အကြောင်းရင်းတွေကို လူတွေရဲ့ ဦးနှောက်ထဲမှာ မရှာပါနဲ့၊ ထာဝရအမှန်တရားနဲ့ တရားမျှတမှုအပေါ် သိမြင် နားလည်မှုထဲမှာ မရှာပါနဲ့၊ လူ့အဖွဲ့အစည်း ထုတ်လုပ်နည်းနဲ့ အထွက်ပစ္စည်း ဖလှယ်နည်းထဲမှာ ရှာပါ။ ခေတ်အိုင်း၊ခေတ်တိုင်းရဲ့ အဘိဓမ္မာထဲမှာ မရှာပါနဲ့၊ ခေတ်တိုင်းခေတ်တိုင်းရဲ့ ဘောဂဗေဒထဲမှာ ရှာပါလို့ပြောခဲ့တယ်။ ဒါ့ကြောင့် လမ်းစဉ်တခု ပေါ်လစီတခု ချတော့မယ်ဆိုရင် ဒီတိုင်းပြည်ရဲ့ စီးပွါးရေးဘဝကို ခွဲခြမ်းစိပ်ဖြာရမယ်။ ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီက လမ်းစဉ်ချမှတ်ရာမှာ ပထမဆုံး ဗမာပြည်လူ့အဖွဲ့အစည်းကို လေ့လာတယ်။ ဗမာပြည်လူ့အဖွဲ့အစည်းဟာ ဘယ်လိုလူ့အဖွဲ့အစည်းလဲ။ ၎င်းရဲ့စီးပွါးရေးဆက်ဆံမှု၊ ထုတ်လုပ်ရေးဆက်ဆံမှု ဘယ်လိုရှိသလဲ။ အဲဒါကို ကြည့်တဲ့အခါ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း ဖြစ်တယ်လို့ တွေ့ရတယ်။ အင်္ဂလိပ်နယ်ချဲ့သမား လက်အောက်မှာ အင်္ဂလိပ်နယ်ချဲ့သမားတဦးထဲက လက်ဝါးကြီးအုပ် သွေးစုတ်ခဲ့တဲ့ ကိုလိုနီတိုင်းပြည် ဖြစ်ခဲ့တယ်။ ဖဆပလ ထဲမှ အမျိုးသားအရင်းရှင် လက်ကိုဏ်းကို အင်္ဂလိပ်နယ်ချဲ့ သမားက အာဏာပေးပြီးတဲ့နောက် နိုင်ငံရေးအရ လွတ်လပ်ပေမဲ့ စီးပွါးရေးအရ မလွတ်လပ်တဲ့ နယ်ချဲ့ပေါင်းစုံ အပေါ်မှာ မှီခိုလာရတဲ့ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း နိုင်ငံ ဖြစ်လာတယ်။ ဒါကြောင့် ကျနော်တို့ ဆင်နွှဲရမဲ့ တော်လှန်ရေးဟာ နယ်ချဲ့ဆန့်ကျင်တဲ့၊ ပဒေသရာဇ်ဆန့်ကျင်တဲ့၊ ဗျူရိုကရက်အရင်းရှင် ဆန့်ကျင်တဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ဖြစ်တယ်။

ဒီလိုသုံးသပ်မှုဟာ သမိုင်းရုပ်ဝါဒ အမြင်နဲ့ကိုက်ညီတဲ့အတွက် မှန်ကန်တဲ့ သုံးသပ်ချက် ဖြစ်ပါတယ်။

# ဗမာပြည်လူမျိုးပေါင်းစုံ ပြည်သူတို့၏ တော်လှန်ရေးတိုက်ပွဲများ

## (၁)

သဘာဝ၏ဖြစ်ပေါ်ပြောင်းလဲခြင်းနှင့် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုသည် တရားအရ၊ ဥပဒေသအရ တူညီမှုရှိသော်လည်း လက္ခဏာနှင့် အဓိပ္ပါယ်အရ မတူညီပေ။ သဘာဝ၏ဖြစ်ပေါ်ပြောင်းလဲမှုများသည် သဘာဝ အလိုအလျောက်သဘောအရဖြစ်ပေါ် ပြောင်းလဲခြင်းဖြစ်၍ လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်ပြောင်းလဲမှုသည် အသိဉာဏ်ရှိသည့် လူသတ္တဝါတို့၏ အတွင်းပိုင်း ပဋိပက္ခများ စုစည်းပြီး တစုံတရာသော အချက်အလက်များ စုစည်းရင့်မှည့်လာပြီးမှ အရည်အချင်း သဘောအရ ခုံပျံပြောင်းလဲကြခြင်းဖြစ်သည်။

မည်သည့်ဟောင်းနွမ်း၊ အိုမင်းဆုတ်ယုတ်နေပြီ ဖြစ်သောအုပ်စိုးသူ လူတန်းစားကမျှ လူ့ရေးစနစ်သစ် မွေးဖွားပေးသည့် တော်လှန်ရေးများကို မတားဆီး နိုင်ခဲ့ပေ။ ၎င်းနှင့်ဆန့်ကျင်စွာပင် လူမှုရေးစနစ် ဟောင်းအတွင်း၌ သန္ဓေရင့်မှည့် နေပြီဖြစ်သော အင်အားစု သစ်များသည် လူမှုရေးစနစ်ဟောင်းကို အကြမ်းဖက် တော်လှန်ဖျက်ဆီးပစ်ပြီး လူမှုရေး စနစ်သစ်ကို မွေးဖွားသန့်စင်လိုက်ရစမြဲဖြစ်သည်။ဤသည်သူတန်းစား လူ့အဖွဲ့အစည်း၏ သမိုင်းလက္ခဏာ တခုပင်ဖြစ်သည်။

သို့သော် အခြားသော သမရိုးကျ လူမှုတော်လှန်ရေးများနှင့် မာ့က်စ်ဝါဒ လက်နက် တပ်ဆင်ထားသည့် ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်သည့် တော်လှန်ရေးများသည် သဏ္ဍာန်အရရော၊ အနှစ်သာရအရပါ ခြားနားသည်။ အဘယ်ကြောင့်ဆိုသော် ကျေးကျွန်စနစ် ပေါ်ပေါက်လာခြင်း၊ မြေရှင်ပဒေရာဇ်စနစ် ပေါ်ပေါက်လာခြင်း၊ အရင်းရှင်နစစ် ပေါ်ပေါက်လာခြင်းတို့သည် ကြိုတင်သိမြင်ခြင်းမရှိဘဲ၊ သမိုင်း၏ အလိုအလျောက် လက္ခဏာဆောင်သည့် တရားအရ ဖြစ်ပေါ်ဖွံ့တည် ပြောင်းလဲ လာခဲ့ခြင်း ဖြစ်သည်။ ၎င်းပြောင်းလဲမှုများသည် လူမှုစနစ်ဟောင်းများထက် ပိုမိုသစ်လွင်တိုးတက်သည့် သဘောရှိသော်လည်း ဖိနှိပ်သွေးစုပ်သည့် လူမှုရေးစနစ်တခုတွင် အခြားဖိနှိပ်သွေးစုပ်သည့် လူမှုရေးစနစ်သစ်တခုက အစားထိုးလိုက်ခြင်းများသာ ဖြစ်သည်။

မာ့က်စ်ဝါဒ လက်နက်တပ်ဆင်ထားသည့် ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်သည့် တော်လှန်ရေးများသည် ဖိနှိပ်သွေးစုတ်မှုရှိသည့် လူမှုရေးစနစ်ဟောင်းတခု၏နေရာတွင် အခြားလက္ခဏာ ပြောင်းထားသည့် ဖိနှိပ်သွေးစုတ်သည့် လူမှုရေးစနစ်သစ် တခုဖြင့် အစားထိုးခြင်းမဟုတ်။ ကမ္ဘာလောကကြီး တခုလုံးနှင့် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု နိယာမတရားများကို ရှာဖွေတွေ့ရှိနားလည်ပြီး အသိရှိစွာ၊ စီမံကိန်းရှိစွာ လုပ်ဆောင်ခြင်းဖြစ်သည်။ လူလူချင်းသွေးစုပ်မှု ကင်းသည့် "လူ့ဘိုင်း စွမ်းအားရှိသလောက် လုပ်ပြီး၊ မိမိလုပ်သလောက် အကျိုးခံစားခွင့်ရှိသည့်ဆိုရှယ်လစ်စနစ်" ကို တည်ဆောက်ပြီး၊ ၎င်းမှတဆင့် "လူဘိုင်းစွမ်းအားရှိသလောက်လုပ်ပြီး၊ လိုအပ်သလောက် အကျိုးခံစားခွင့်ရှိသည့် ကွန်မြူနစ်စနစ်" ကိုတည်ဆောက်ရန် ဖြစ်သည်။

မာ့က်စ်ဝါဒ လက်နက်တပ်ဆင်ထားသည့် ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်သည့် တော်လှန်ရေးများသည် မိမိအုပ်စိုးမှုထာဝစဉ်တည်ရှိရေး အတွက်မဟုတ်။လူတန်းစားအုပ်စိုးမှု၏ အမှတ်အသားများနှင့် ကရိယာများသာဖြစ်သည့် မိမိ၏နိုင်ငံရေးပါတီ အပါအဝင် နိုင်ငံရေးပါတီများ၊ အစိုးရနှင့် နိုင်ငံတော်များအားလုံး ဖျက်သိမ်းရေးအတွက်ဖြစ်သည်။

## (၂)

ဆိုရှယ်လစ်စနစ်မတိုင်မီ ပေါ်ပေါက်ခဲ့သော အခြားသောသွေးစုပ်သည့် လူမှုရေးစနစ်များနှင့် အရင်းရှင်စံနစ်၏ ခြားနားချက်မှာ အခြားသောသွေးစုပ်သည့် လူမှုရေးစနစ်များသည် တစုံတရာသော အမြန်အဟုန် ဂယက်ရိုက်မှုများ ရှိခဲ့ကြသော်လည်း နယ်ပယ်ကန့်သတ်ချက်များ အသီးသီးဖြင့် ပြန့်ကျဲစွာ ဖြစ်ပေါ်တိုးတက်ခဲ့သည်။ အရင်းရှင်စနစ်မှာမူ တကမ္ဘာလုံး လက္ခဏာ ဆောင်၍ ဖြစ်ပေါ်တိုးတက် လာခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ ထုတ်လုပ်ရေး၌ အရင်းအနှီး၏ စု

စည်းမှု၊ ဖြစ်ပေါ်တိုးတက်မှု အရှိန်အဟုန် မြန်ဆန်ခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်း ကြောင့်ဖြစ်သည်။ အရင်းအနှီး၏ လွတ်လပ်စွာ ပြိုင်ဆိုင်မှုသည် ကျဉ်းမြောင်းသည့် ပဒေသရာဇ် ပိုင်ဆိုင်မှုများနှင့် အလုပ်ရှုံပိုင်ဆိုင်မှုကလေးများကို ဝါးမျိုပစ်ကာ — နယ်ပယ်ဒေသနှင့် အမျိုးသားကန့်သတ်ချက်များကို ကျော်လွန်ပြီး တကမ္ဘာလုံးလက္ခဏာ ဆောင်သည့် စက်မှုစီးပွါးရေး လုပ်ငန်းအဖြစ် ပြောင်းလဲပစ်လိုက်တော့သည်။ တဖက်တွင် ပဒေသရာဇ်အုပ်စိုးမှု နေရာတွင် ဓနရှင်အုပ်စိုးမှုဖြင့် အစားထိုးပြီး အမျိုးသားအစိုးရများကို ဓနရှင်လူတန်းစား၏အကျိုးစီးပွါးနှင့် ကိုက်ညီအောင်အတင်း ပြောင်းလဲပစ်လိုက်သည်။ အရင်းရှင်များစုပေါင်း ဖွဲ့စည်းထားသည့် လက်ဝါးကြီးအုပ် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဖြင့်ကမ္ဘာ့ဈေးကွက်ကို လက်ဝါးကြီးအုပ် အပိုင်စီးထား လိုက်ကြသည်။ ဤသို့အားဖြင့် လက်ဝါးကြီးအုပ် ဓနရှင်များ၏ အုပ်စိုးမှုအာဏာနှင့် ကမ္ဘာ့စီးပွါးရေးတွင် ဘဏ္ဍာအရင်းအနန္တတန်ခိုးရှင်များ၏ လက်ဝါးကြီးအုပ်မှုကို တဆက်တစပ်တည်း ပေါင်းစည်းခဲ့သည်။ ဤသည် နယ်ချဲ့စနစ်ပင်ဖြစ်တော့သည်။

ဗမာပြည်သည် ဗြိတိသျှနယ်ချဲ့တို့ မသိမ်းပိုက်မီကာလတွင် လွတ်လပ်သည့် ပဒေသရာဇ် ဘုရင်စနစ်တိုင်းပြည်တခု ဖြစ်ခဲ့သည်။ ဗြိတိသျှ နယ်ချဲ့တို့သည် ၁၈၂၄ မှ ၁၈၈၅ ခုနှစ်အထိ စစ်ပွဲ ၃ ကြိမ်ဖြင့် ကျူးကျော်သိမ်းပိုက် လိုက်ခြင်းကြောင့် ဗမာပြည်သည် ကိုလိုနီ တိုင်းပြည်အဖြစ်သို့ ရောက်ရှိ သွားခဲ့သည်။

နယ်ချဲ့စနစ်သည် တကမ္ဘာလုံး လက္ခဏာ ဆောင်လာသည့်အတွက် ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူများ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်မြောက်ရေး အရေးတော်ပုံများသည် နိုင်ငံတကာ ပစ္စည်းမဲ့တော်လှန်ရေး နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု တိုက်ပွဲများနှင့် တဆက်တစပ်တည်း ဖြစ်သွားတော့သည်။ ဗမာပြည် တော်လှန်ရေးသည် နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှုများ၊ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများ၏ ဂွင်းဆက်တခု ဖြစ်လာပေတော့သည်။

## (၃)

ဗမာပြည်ကွန်မြူနစ်ပါတီ မပေါ်ပေါက်မီ ကိုလိုနီခေတ်တွင်ဗမာပြည်၌ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ၊ တော်လှန်ရေးများကို ပဒေသရာဇ် လူတန်းစားနှင့် သူ့ကျွန် မခံလိုသည့်သူများ ခေါင်းဆောင်သော ခုခံဆန့်ကျင်မှု အရင်းရှင်လူတန်းစား ခေါင်းဆောင်သည့် တော်လှန်လှုပ်ရှားမှု၊ ဓနရှင်ပေါက်စ ပညာတတ်လူတန်းစားခေါင်းဆောင်သည့် တော်လှန်လှုပ်ရှားမှု၊ လယ်သမားတော်လှန် လှုပ်ရှားမှုများနှင့် အလုပ်သမားများ၏ တော်လှန် လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေသည်။

### ၁။ ပဒေသရာဇ်လူတန်းစားနှင့် အချို့သူ့ကျွန်မခံလိုသည့်သူများ ခေါင်းဆောင်သော ခုခံဆန့်ကျင်မှုများ

၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ် မြန်မာ စစ်ပွဲ စတင်ချိန်မှစ၍ ဗမာဘုရင် တပ်မတော်နှင့် ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူတို့သည် နယ်ချဲ့ ကျူးကျော်မှုကို အနိုင်မခံအရှုံးမပေးဘဲ ဇွဲလုံ့လရှိစွာ ခုခံဆန့်ကျင် ခဲ့ကြသည်။ ၁၈၈၆ ခုနှစ်၌ ဗမာပြည်တပြည်လုံး ဗြိတိသျှ နယ်ချဲ့လက်အောက်သို့ ကျရောက်ပြီး နောက်တွင်လည်း ဗမာပြည်အနှံ့အပြားမှ လူမျိုးပေါင်းစုံ ပြည်သူတို့သည် မိမိတို့နယ်ပယ် အသီးသီးတို့တွင် တိုင်းတပါးမှ ကျူးကျော်လာသည့်ရန်သူကို ဒေသဆိုင်ရာ ပဒေသရာဇ်များ၊ စော်ဘွားများ၊ ဒူးဝါးများ အချို့ရိုးရိုးမျိုးချစ်များ၏ ခေါင်းဆောင်မှုဖြင့် အသက်စွန့်ကာ ရွတ်ရွတ်ချွန်ချွန် ခုခံဆန့်ကျင် ခဲ့ကြသည်။

သို့သော် လက်နက်ညံ့ဖျင်းခြင်း၊ စနစ်တကျ ဖွဲ့စည်းထားသည့် စစ်တပ်မရှိခြင်း၊ အချင်းချင်းစည်းလုံးညီညွတ်မှု မရှိခြင်းတို့ကြောင့် ခေတ်မီလက်နက်များနှင့် စနစ်တကျ တည်ဆောက်ထားသည့် နယ်ချဲ့စစ်တပ်နှင့် မယှဉ်နိုင်ဘဲ ရှုံးနိမ့်ခဲ့ရသည်။

နယ်ချဲ့ ဗြိတိသျှတို့သည် ဗမာ ပြည် ပဒေသရာဇ်ဘုရင်စနစ်ကို ဖျက်သိမ်းပစ်ပြီး ပဒေသရာဇ် လူတန်းစား ခေါင်းဆောင်သည့် နယ်ချဲ့ခုခံ ဆန့်ကျင်မှုများကို နှိမ်နင်းခဲ့သည်။ သို့သော်လည်း ပဒေသရာဇ်ဘုရင် အုပ်စိုးမှုနေရာတွင် ဒေသဆိုင်ရာ ပဒေသရာဇ် မြေရှင်စနစ်ကို ဆက်လက် ထိန်းသိမ်းမွေးမြူပြီး သူ့အုပ်ချုပ်ရေး ဒေါက်တိုင်များအဖြစ် ဆက်လက် အသုံးပြုခဲ့သည်။

### ၂။ အရင်းရှင်လူတန်းစား ခေါင်းဆောင်သည့်နိုင်ငံရေးလှုပ်ရှားမှုများ

ဗမာပြည်သည် ပဒေသရာဇ် မြေရှင်စနစ်မှ ကိုယ်ပိုင် အမီအခိုကင်းစွာဖြင့် အရင်းရှင်စနစ်သို့ ကူးပြောင်းခွင့်မရရှိခဲ့ပေ။ နယ်ချဲ့က ကျူးကျော် သိမ်းပိုက်ခြင်းကြောင့် ကိုလိုနီတိုင်းပြည် ဘဝဖြင့် နယ်ချဲ့ အရင်းရှင်

စနစ်၏ ထမ်းပိုးအောက်သို့ ကျရောက်ခဲ့သည်။ ဗြိတိသျှ နယ်ချဲ့တို့သည် ဗမာပြည်ကို အုပ်ချုပ် သွေးစုပ်ရန် အတွက် ပဒေသရာဇ် မြေရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းအသုံးပြုပြီး အုပ်ချုပ်ရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ၎င်း၏စိုးမိုးအုပ်ချုပ်မှုကို အကျိုးပြုသည့် ၎င်း၏အကျိုးစီးပွါးကို နာခံသည့် လက်ဝေခံ အရင်းရှင် လူတန်းစားကို ၎င်းတို့၏ ကိုယ်တိုင်အဖြစ် အသုံးပြုခဲ့သည့်အပြင် အမျိုးသား အရင်းရှင်နှင့် ယင်းလူတန်းစားကို ကိုယ်စားပြုသည့် အရင်းရှင်နိုင်ငံရေး အစိတ်အပိုင်း တချို့ကို ဖန်တီး မွေးထုတ်ခဲ့သည်။ ယင်းအရင်းရှင် လူတန်းစားသည် နယ်ချဲ့နှင့်စေ့စပ်ကာ ဗမာပြည်လွတ်လပ်ရေးကို တောင်းဆိုရယူရန် စိတ်ကူးယဉ်ကြိုးစားခဲ့ကြသည်။ သူတို့စိတ်ကူးယဉ် မျှော်မှန်းသည့် လွတ်လပ်ရေးမှာ ဗမာပြည်ကို လွတ်လပ်သည့် အရင်းရှင်နိုင်ငံ ထူထောင်ရန်ဖြစ်သည်။ နယ်ချဲ့စနစ် ခေတ်သို့ ရောက်ရှိနေပြီ ဖြစ်သော အရင်းရှင်စနစ် ခေတ်တွင် လွတ်လပ်သည့် အရင်းရှင် နိုင်ငံသစ်တခု ပေါ်ပေါက်လာရန်မှာ မဖြစ်နိုင် ကြောင်းကိုမူ မသိခဲ့ကြပေ။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓကလျာဏယုဝအသင်း ပေါ်ပေါက်လာခြင်း၊ ၁၉၂၀ ခုနှစ်တွင် ဗမာပြည်ဝံသာနုအဖွဲ့ ပေါ်ပေါက်လာခြင်းတို့သည် ဗမာပြည်မြို့နေ လူတန်းစားနှင့် ပညာတတ် လူတန်းစားက ဤစိတ်ကူးယဉ် အိပ်မက်ရည်ရွယ်ချက်ဖြင့် ခေါင်းဆောင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဤအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများသည် ဗမာပြည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေး စိတ်ဓါတ်ကို ပျိုးထောင် လေ့ကျင့်ပေးရာတွင် တစုံတရာ ကြီးမားသည့် အကျိုးပြုမှုများရှိခဲ့ပါသည်။ ဗမာပြည်အရင်းရှင် လူတန်းစားများထဲတွင် ဗမာပြည်သူများကို ချစ်မြတ်နိုးသည့် တစုံတရာသော နစ်နာခံ စွန့်လွှတ်မှုရှိသည့် မျိုးချစ်ပုဂ္ဂိုလ်တချို့ ပါရှိခဲ့ပါသည်။ သို့သော် ယင်းလူတန်းစားကိုယ်တိုင်၏ အင်အားချိနဲ့မှု၊ တွေဝေယိမ်းယိုင်မှု၊ တကယ့် ပြည်သူများနှင့် နက်ရှိုင်းသည့် အမြစ်တွယ်မှု မရှိခြင်း တို့ကြောင့်၊ ၎င်းတို့၏ စိတ်ကူးယဉ်ကြိုးစားမှုမှာ မအောင်မြင်ခဲ့ပေ။ နောက်ဆုံးတွင် သူတို့ထဲမှအများစုသည် သဘာဝအတိုင်း နယ်ချဲ့နောက်လိုက် ဖြစ်မြဲဖြစ်ခြင်းဖြင့် အဆုံးသတ်သွားခဲ့ကြသည်။

## ၃။ မြို့နေပေါက်စ ပညာတတ်လူတန်းစား ခေါင်းဆောင်သည့်နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ

၁၉၂၀ ခုနှစ် ဒီဇင်ဘာလတွင် တက္ကသိုလ်ဥပဒေနှင့် ပညာ သင်ကြားရေး စနစ်ကို မကျေနပ်၍ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ သပိတ် မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗမာပြည်လုံးသို့ ပြန့်နှံ့ကာ လူထုထောက်ခံမှု ရရှိခဲ့သည်။ မနည်းလှသည့် ကျောင်းသားများ ပညာတတ်များသည် ကျောင်းဆက်မနေတော့ဘဲ၊ အစိုးရအမှုထမ်းများ ဆက်လုပ်မနေတော့ဘဲ၊ တိုင်းပြည်အနှံ့တွင် အမျိုးသားကျောင်းများကို ထူထောင်ခဲ့ကြသည်။ မိမိ၏လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုများကို သင်ကြား အားပေးကာ မျိုးချစ်စိတ်နှင့် အမျိုးသား ဇာတိမာန်ကို ပျိုးထောင်ပေးခဲ့ကြသည်။

၁၉၃၀ ခုနှစ်တွင် သခင်အသင်း ဟုခေါ်သည့် ဒို့ဗမာ အစည်းအရုံးကို ထူထောင်လိုက်ကြသည်။ ခေတ်ပညာတတ် အများအပြား ပါဝင်ခဲ့သည်။ ဒို့ဗမာ အစည်းအရုံးထဲတွင် အလုပ်သမား လယ်သမားများကို အားကိုးလိုသည့် တိုးတက်သည့်အမြင်ရှိသူများ၊ မြို့နေပေါက်စ အမျိုးသားမြို့နေများ ပါဝင်ခဲ့ကြသည်။ လူငယ်အများစု ဖြစ်သည်။ ယခင် အရင်းရှင် နိုင်ငံရေးသမားများထက် လူထုကို မှီခိုလိုသည့်အမြင် ရှိလာကြပြီး လူထုကို လှုံ့ဆော် စည်းရုံးနိုင်ခြင်း၊ နိုင်ငံရေး အရပိုမို တိုးတက်ခြင်းနှင့် တစုံတရာ ကိုယ်ကျိုးစွန့်လွှတ်မှုများ အမှန်ပင် ရှိခဲ့ပါသည်။

ဒို့ဗမာ အစည်းအရုံး အောက်တွင် လယ်သမားအစည်းအရုံး၊အလုပ်သမားအစည်းအရုံး၊ ဗမာလက်ရုံးတပ်၊ ကျောင်းသား သံမဏိတပ်၊ အပျော်တမ်းရဲတပ်နှင့် သူနာပြုတပ်များကိုလည်း ဖွဲ့စည်းပြီး ခေါင်းဆောင်လှုပ်ရှားခဲ့သည်။

ဒို့ဗမာ အစည်းအရုံး၏ နိုင်ငံရေး တင်ပြချက်များမှာ လွတ်လပ်ရေး၊ အမျိုးသားရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်တိုင်းပြည်နှင့် လူမျိုးကိုချစ်ရေး ဆင်းရဲသားအရေး၊ အလုပ်သမား လယ်သမားအရေး စသည်တို့ဖြစ်သည်။

၁၉၃၆ ခုနှစ် တွင် ပြည်လုံးကျွတ် ကျောင်းသားသပိတ်ကြီး ဖြစ်ခဲ့သည်။ ၁၉၃၈ ခုနှစ် တွင် ရေနံမြေအလုပ်သမား သပိတ်ကြီးနှင့် ကျောင်းသား သပိတ်ကြီး မှောက်ခဲ့ပြန်ပြီး အလုပ်သမား လယ်သမားနှင့် လူတန်းစားအသီးသီး ပါဝင်သည့် သပိတ်များ၊ ဆန္ဒပြမှုများနှင့်

ပေါင်းစပ်ကာ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး ဖြစ်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် နဂါးနီ စာအုပ်အသင်း ပေါ်ပေါက်လာသည်။ နဂါးနီ စာအုပ်တိုက်သည် တိုးတက်သည့်စာပေများကို ပြုစုခြင်း ဘာသာပြန်ခြင်းဖြင့် ဗမာပြည် ကျောင်းသားလူငယ်များ ပညာတတ်များကို တိုးတက်သည့် နိုင်ငံရေးအမြင်များ မျိုးချစ်စိတ်များ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓါတ်များ နှိုးဆော် မျက်စိဖွင့်ပေးခဲ့သည်။ ထို့ပြင် နဂါးနီ စာအုပ်တိုက်သည် မာ့က်စ်လီနင်ဝါဒ တော်လှန်ရေး သဘောတရားကို ဗမာပြည်တွင် စတင်ဖြန့်ဖြူးရာ ဌာနတခုလည်း ဖြစ်ခဲ့သည်။

ဗမာပြည် နယ်ချဲ့ ဆန့်ကျင်ရေး တော်လှန်ရေးသမိုင်းတွင် ခေတ်ပေါက်စ ပညာတတ် လူတန်းစားသည် အတော်အသင့် အရေးပါသည့် အခန်းမှ ပါဝင်ခဲ့သည်။

### ၄။ လယ်သမားလှုပ်ရှားမှုများ

၁၆၂၉ ၂၇ ခုနှစ်များတွင် ဆရာတော် ဦးဝိစာရနှင့် ဆရာတော် ဦးဥတ္တမ တို့သည် လယ်သမားထုအား လူခွန်မဆောင်ရန်အတွက် လှုံ့ဆော်စည်းရုံးခဲ့သည်။

၁၉၃၀ ခုနှစ် ဒီဇင်ဘာလ တွင် ဆရာစံ ခေါင်းဆောင်သည့် လယ်သမားထုကြီးသည် အခွန်တော်မပေးရေး လယ်လုပ်သူလုပ်ပိုင်ရေး၊ ကိုယ့်ဘုရင် ကိုယ့်သခင် ပေါ်ပေါက်ရေး တို့ကို ကြွေးကြော်ကာ လယ်သမား သူပုန်ကြီးကို ဆင်နွဲခဲ့ကြသည်။ သာယာဝတီခရိုင်မှစတင်ခဲ့ကာ ဖျာပုံ၊ ဟင်္သာတ၊ အင်းစိန်၊ ပဲခူး၊ သရက်၊ အထက်ဗမာပြည်အချို့နှင့် ရှမ်းပြည်နယ် အချို့ဒေသအထိ ပြန့်နှံ့ခဲ့သည်။ သို့သော် ဤလယ်သမားပုန်ကန်မှုမှာ ခေတ်မှီ အလုပ်သမား လူတန်းစားပါတီ မရှိသေးခြင်း နိုင်ငံရေး စီးပွါးရေး၊ တင်ပြချက်များ မပြည့်စုံခြင်း၊ စနစ်ကျသည့်စစ်တပ် ဖွဲ့စည်းမှုမရှိခြင်း၊ ကျယ်ပြန့်သည့်လူထုကို မစည်းရုံးနိုင်ခြင်း နယ်ချဲ့သမားနှင့် အင်အားမမျှခြင်း၊ အတွေ့အကြုံမရှိခြင်း တို့ကြောင့် ၁၉၃၁ ခုနှစ် ဩဂုတ်လတွင် ရှုံးနိမ့်ခဲ့ရသည်။

၁၉၃၈ခုနှစ်တွင် ဖြစ်ပွါးခဲ့သော ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးတွင် ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ ပြည်၊ သာယာဝတီ၊ အင်းစိန် စသည့်ခရိုင်များမှ လယ်သမား များသည်၊ ရေနံမြေ အလုပ်သမား များနှင့် ပေါင်းစပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။

### ၅။ အလုပ်သမား လူတန်းစား နိုင်ငံရေး လှုပ်ရှားမှုများ။

ဗြိတိသျှနယ်ချဲ့တို့သည်၊ ဗမာပြည်ကို သိမ်းပိုက်ပြီးနောက် အချိန်တိုအတွင်း အမြတ်များများ ရရှိနိုင်သည့် ရေနံလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်း၊ သတ္တုလုပ်ငန်းတချို့၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းလုပ်ငန်းများနှင့် ကိုလိုနီစီးပွါးရေးနှင့် အုပ်ချုပ်ရေးယန္တယား လည်ပတ်ရေးအတွက် ဖြည့်စွက်မှုဖြစ်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် စက်ရုံများကို ထူထောင်ခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့ အရင်းရှင်တို့သည် ဗမာပြည်ရှိ အလုပ်သမားများကို ဗြိတိန်ရှိ အလုပ်သမားများ ခံစားရသည့် အခွင့်အရေးများကို တန်းတူထား မပေးချေ။ အချိန်ပိုခိုင်းခြင်း၊ ခွင့်ရက်မပေးခြင်း၊ လုပ်ခအလွန်နည်းခြင်း၊ ကျန်းမာရေး လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို လစ်လျူရှု ဂရုမစိုက်ဘဲ ထားခြင်း တို့ဖြင့် အစွမ်းကုန် သွေးစုပ်လုပ်ကိုင် ခဲ့ကြသည်။

ထို့ကြောင့် ၁၉၀၇ ခုနှစ် ရေနံချောင်းစာရေးစာချီများသပိတ်နှင့် ၁၉၂၀ ခုနှစ် သံလျှင်ရေနံချက် အလုပ်သမားသပိတ်များ ပေါ်ပေါက်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဗမာတပြည်လုံးဆိုင်ရာ အလုပ်သမား အစည်းအရုံး ဖွဲ့စည်းခဲ့သည်။ ၎င်းအစည်းအရုံးမှဦးစီးပြီး ၁၉၂၆ ခုနှစ်များတွင် အလုပ်သမားသပိတ်များ ဆက်ဖြစ်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ရေနံမြေလုံးဆိုင်ရာ ဒို့ဗမာအစည်းအရုံးကို ထူထောင်လိုက်သည်။ ၁၉၃၈ ခုနှစ် မေလ(၁) ရက်နေ့တွင် ဗမာပြည်တွင် ပထမ ဆုံး အလုပ်သမားနေ့ကို ရေနံချောင်းတွင် ကျင်းပခဲ့ပါသည်။ တဆက်တည်းတွင် ချောက်၊ ရေနံချောင်း၊ ရေနံချပ်၊ လမ်းရွာစသည့် ရေနံမြေတို့မှ အလုပ်သမား ၂၀၀၀၀ ကျော် သပိတ်မှောက်ခဲ့ကြသည်။ ရေနံမြေမှ ရန်ကုန်မြို့အထိ ခရီးရှည်ချီတက်ခဲ့ကြသည်။ ၎င်းရေနံမြေ အလုပ်သမားသပိတ်ကို သံလျှင် ရေနံချက်စက်ရုံ၊ ရန်ကုန် လျှပ်စစ်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး အလုပ်သမားများကလည်း ထောက်ခံ လှုပ်ရှားခဲ့ကြသည်။ ၁၉၃၈ ခုနှစ် ရေနံမြေအလုပ်သမားသပိတ်မှ စတင်ခဲ့သော လှုပ်ရှားမှုသည် တပြည်လုံးရှိ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ မြို့နေပြည်သူများ ရဟန်းရှင် လူအပေါင်း ပါဝင်သည့် နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်းရေး အုံကြွမှုအဖြစ်သို့ ရောက်ရှိကာ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးအဖြစ်

ထင်ရှားခဲ့သည်။

ဗြိတိသျှ နယ်ချဲ့တို့သည် အထက်ပါလှုပ်ရှားမှုများကိုလက်နက် အင်အားဖြင့် အကြမ်းဖက် နှိပ်ကွပ်ခြင်း၊ ခေါင်းဆောင်များကို ဖမ်းဆီးလုပ်ကြံ သတ်ဖြတ်ခြင်း၊ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများကို ဖန်တီးခြင်းများဖြင့် လူထုအုံကြွမှုကို လမ်းလွှဲခြင်း၊ ခေါင်းဆောင်များကို ဝယ်ယူခြင်း စသည့်နည်းတို့ဖြင့် ဖြိုခွဲနှိမ်နင်းခဲ့သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ မပေါ်ပေါက်မီက ပေါ်ပေါက်ခဲ့သော သမိုင်းအဆင့် အသီးသီးရှိ လူတန်းစားအသီးသီးက ခေါင်းဆောင်သည့် အထက်ပါ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လှုပ်ရှားမှုများတွင် အပြန်အလှန် ဂယက်ရိုက်မှုများ၊ တွန်းဆော်မှုများ၊ ပေါင်းစပ်မှုများရှိခဲ့သည်။

## (၄)

ဗမာပြည် နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ခေတ်မီအလုပ်သမားလူတန်းစား တက်လာခဲ့ခြင်းသည် ဗမာပြည်သမိုင်းနှင့် တော်လှန်ရေး၏ သွင်ပြင်လက္ခဏာကို သစ်လွင်မှုသို့ ပြောင်းလဲစေလိုက်သည်။ သမိုင်းကဏ္ဍသစ်တခုကို ဖွင့်လှစ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ်မှီအလုပ်သမား လူတန်စားသည် အရင်းရှင် နယ်ချဲ့ခေတ်တွင် အတိုးတက်ဆုံး၊ ရှေ့တန်းအရောက်ဆုံး၊ အစည်းလုံးနိုင်ဆုံးနှင့် ကိုယ်ကျိုးအစွန့်လွှတ်နိုင်ဆုံး လူတန်းစားဖြစ်၍ ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီကို ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ထူထောင်လိုက်သည်။ အလုပ်သမားလူတန်းစား တပ်ဦးဖြစ်သည့် ဗမာပြည် ကွန်မြူနစ်ပါတီ ပေါ်ပေါက် လာခြင်းသည် ဤသမိုင်းကဏ္ဍသစ်နှင့် သစ်လွင် ပြောင်းလဲမှုကို ပိုမိုပြည့်စုံ စေလိုက်သည်။ အခြားကွန်မြူနစ်ပါတီများနည်းတူ ဗမာပြည် ကွန်မြူနစ်ပါတီ ပေါ်ပေါက် လာခြင်းသည်လည်း အလုပ်သမားလူတန်းစား လှုပ်ရှားမှုနှင့် မာ့က်စ်ဝါဒ အတွေးအခေါ်တို့၏ ပေါင်းစပ်မှုမှ ပေါ်ထွက်လာသော အသီးအပွင့်ပင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ထူထောင်ပြီးနောက် မကြာမီမှာပင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် အရှေ့တိုင်းမှ ဂျပန်သည် နာဇီဂျာမဏီဘက်မှနေပြီး ကမ္ဘာစစ်ထဲ ဝင်လာခဲ့သည်။ ဖက်ဆစ် ဂျပန်တို့သည် ၁၉၄၂ ခုနှစ် တွင် ဗမာပြည်ကို ဝင်ရောက် သိမ်းပိုက်ခဲ့သည်။

ဗမာပြည်ရှိ အချို့သော ဓနရှင် နိုင်ငံရေး သမားများနှင့် အဖွဲ့အစည်းများသည် ဖက်ဆစ်ဂျပန်နှင့်ပေါင်းပြီး ဗြိတိသျှ နယ်ချဲ့ကို တိုက်ထုတ်ကာ ဖက်ဆစ်ဂျပန်ကပေးသည့် လွတ်လပ်ရေးကို ရယူရန်စိတ် ကူးယဉ်ခြင်း၊ လက်တွေ့လုပ်ခြင်းများ ရှိခဲ့ကြသည်။ ဖက်ဆစ်ဂျာမဏီက ဆိုဗီယက်ယူနီယံကို တိုက်ခိုက်လာသည့် အချိန်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ အနေနှင့် ဆိုဗီယက်ယူနီယံ ခေါင်းဆောင်သည့် ကမ္ဘာ့ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုဘက်မှ ပြတ်ပြတ်သားသား ရပ်တည်ကာ ဗမာပြည် ပြည်သူများကို လှုံ့ဆော် စည်းရုံးခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေး လက်နက်ကိုင် တော်လှန်ရေးအတွက် ဗမာ့ ကာကွယ်ရေး တပ်မတော် အတွင်းသို့ ဝင်ရောက်စည်းရုံးခဲ့သည်။ မြေအောက် စည်းရုံးရေး လုပ်ငန်းကို ကျယ်ပြန့်စွာလုပ်ခဲ့သည်။ ၁၉၄၄ ခုနှစ် တွင် ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များ၊ အမျိုးသားအသီးသီးမှ ခေါင်းဆောင်များ ပါဝင်သည့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်မြောက်ရေး (ဖတပလ) အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ဖတပလ သည် ဖက်ဆစ်ဆန့်ကျင်တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးအတွက် ဗမာပြည် လူတန်းစားပေါင်းစုံ ပါဝင်သည့် တပ်ပေါင်းစု အဖွဲ့အစည်းကြီးဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် စည်းရုံးနိုင်သမျှအင်အားများကို စည်းရုံးကာ ယာယီပင်ဖြစ်စေ မဟာမိတ် ပြုနိုင်သူကို မဟာမိတ် ပြုလုပ်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ တွင် ဖက်ဆစ် တော်လှန်ရေးကို စတင်ခဲ့သည်။ ဗမာပြည်ကို စစ်တိုင်း ၇ တိုင်းအဖြစ်ခွဲပြီး တိုက်ပွဲဆင်ခဲ့ရာ အချို့တိုင်းများတွင် ဗမာပြည် ကွန်မြူနစ်ပါတီဝင် ကေဒါများက ခေါင်းဆောင်ခဲ့ကြပြီး အချို့တိုင်းများမှာ မျိုးချစ်တပ်မှူးများက ခေါင်းဆောင်ခဲ့ကြသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ဗမာပြည် ကွန်မြူနစ် ပါတီဝင်များ၊ ရဲဘော်များသည် ရှေ့ဆုံးစံပြအခန်းမှနေပြီး ပြည်သူများကို ခေါင်းဆောင်တိုက်ပွဲဝင်ကာ အောင်ပွဲဆင်ခဲ့ကြသည်။

ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွင်းတွင် ချေမှုန်းရေးဘိုက်ွဲပေါင်း တထောင်ထက်မနဲဆင်နွှဲခဲ့ပြီး ရန်သူတသောင်းကျော်ကို ချေမှုန်းခဲ့သည်။ ဤတသောင်းကျော်စာရင်းတွင်ရခိုင်၊ ချင်း၊ ကချင်ပြည်နယ်များတွင် ချေမှုန်းခဲ့သည့် စာရင်းမပါသေးပေ။ ဖက်ဆစ် ဂျပန်တို့၏ အမှတ်(၅၄)တပ်မကြီးမှ အရေးကြီးသည့် အရာရှိအားလုံး

နီးပါးကို သုတ်သင်နိုင်ခဲ့သည်။ သေကြေ သွားခဲ့သည့် အရာရှိများထဲတွင် ဒုဗိုလ်ချုပ်ကြီး တယောက်နှင့် ဗိုလ်ချုပ်နှစ်ယောက်တို့ ပါဝင်ခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်ဂျပန် လက်နက်ချ၍ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှနယ်ချဲ့တို့သည် ဗမာပြည်ကို ပြန်လည်သိမ်းပိုက်ကာ စက္ကူဖြူ စီမံကိန်းဖြင့် အုပ်ချုပ်ခဲ့သည်။

ဗမာပြည် ကွန်မြူနစ် ပါတီသည် နယ်ချဲ့ ဆန့်ကျင်ရေး၊ ပဒေသရာဇ် ဆန့်ကျင်ရေးနှင့် လုံးဝ လွတ်လပ်ရေးအတွက် ဗမာပြည်တပြည်လုံးတွင် ခရိုင်နှင့်မြို့နယ်အနှံ့အပြား၌ အလုပ်သမားသမဂ္ဂများ၊ လယ်သမားသမဂ္ဂများ၊ အမျိုးသမီးသမဂ္ဂများကို စည်းရုံးဖွဲ့စည်းခဲ့သည်။ ဖဆပလ နှင့်ကွဲပြီးနောက် တပ်နီတပ်ဖွဲ့များကို စည်းရုံးဖွဲ့စည်းခဲ့သည်။ တချိန်တည်း အချို့ဒေသများတွင် လက်နက်ကိုင်တော်လှန်ရေးအတွက် ပြင်ဆင်ခြင်းအပြင် အလုပ်သမား လယ်သမား မြို့နေဆင်းရဲသား ဓနရှင်ပေါက်စ ပညာတတ်များနှင့် အမျိုးသားဓနရှင်များ စသည့် ကျယ်ပြန့်သည့် တပ်ပေါင်းစု ခိုင်မာရေးအတွက် ဦးဆောင်ကြိုးပမ်း အကောင်အထည် ဖော်ခဲ့သည်။ ၎င်းပြင် အမြော်အမြင်ရှိသည့် လူကုံထံများနှင့်လည်း မဟာမိတ်ဖွဲ့ခဲ့သည်။ အလုပ်သမား လူတန်းစားကို မဏ္ဍိုင်ပြုပြီး အခြားလူတန်းစားပေါင်းစုံပါဝင်သည့် အထွေထွေသပိတ်ကြီးများကို ဦးဆောင်ဆင်နွဲကာ နယ်ချဲ့အုပ်ချုပ်ရေးယန္တယားကို ရပ်တန့်သွားစေခဲ့သည်။ ဤလူထုအုံကြွမှုများကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၄၆ ခုနှစ် စက်တင်ဘာလ တွင် ဖဆပလ အား ဘုရင်ခံအတိုင်ပင်ခံအစိုးရ ဖွဲ့ရန် ပေးအပ်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အပြီးတွင် အမေရိကန်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဘရောက်ဒါ၏ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေး ပြန်လည်ပြင်ဆင်ရေး ဝါဒသည် ဗမာပြည်ထဲသို့ ဝင်လာခဲ့သည်။ ဘရောက်ဒါဝါဒ၏ အနှစ်သာရမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးလျှင် နယ်ချဲ့သမားအားနည်းလာမည်။ ထို့ကြောင့် လက်နက်ကိုင်တိုက်ရန် မလိုဘဲ၊ လူထုဖိအားဖြင့် လွတ်လပ်ရေး ရနိုင်သည် ဆိုသည့်သဘောဖြစ်သည်။

ဖဆပလ မှ လက်ျာဂိုဏ်းသားများသည် နယ်ချဲ့နှင့် စေ့စပ်ရေး ပူးပေါင်းရေးဘက်သို့ဦးတည်သွားခဲ့ကြသည်။ ဤအကြံအစည်နှင့် အလားအလာများကို ဖွင့်ချသည့် အတားအဆီးပြုသည့် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ မှထုတ်ပယ်ခဲ့သည်။ ကိုယ်ကျိုးလောကနှင့် ဂိုဏ်းဂနစိတ်ပြင်းထံသော သခင်စိုးသည် ပါတီကိုဖြိုခွဲပစ်သည့် အနေဖြင့် အလံနီပါတီကို သီးခြားခွဲ၍ ထူထောင်ခဲ့သည်။ ဗမာပြည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေးနှင့် လွတ်လပ်ရေး တိုက်ပွဲတို့တွင် စံပြအခန်းမှ ပါဝင်ခဲ့၊ ခေါင်းဆောင်မှု ပေးခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီသည် ဤသို့သော ပါတီတွင်း ခေါင်းဆောင် အချို့၏ ဖေါက်ပြန်သော လုပ်ရပ်များကြောင့် တစုံတရာဩဇာကျဆင်းခဲ့ရသည်။ ၎င်းအချက်ကောင်းကို စောင့်နေသည့် နယ်ချဲ့နောက်လိုက်များ၌ အမျိုးသားဓနရှင်လူတန်းစား၏ လက်ျာဂိုဏ်းသားများသည် ၎င်းတို့၏ ဩဇာကို တိုးချဲ့နိုင်ခဲ့ကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် နယ်ချဲ့နှင့် ဖဆပလ တို့၏ တိုက်ခိုက်ခြင်းကို အလူးအလဲခံခဲ့ရသည်။ ဖဆပလ အစိုးရက ပါတီဝင်များ၊ ပါတီခေါင်းဆောင်သည့် လူထုလူတန်းစား အဖွဲ့အစည်း ခေါင်းဆောင်များကို လုပ်ကြံ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးထောင်ချခြင်း များပြုလုပ်ခဲ့သည်။

ပါတီအနေဖြင့် ဤသို့သောကြီးမားသည့် အခက်အခဲ အကြပ်အတည်းများနှင့် အန္တရာယ်များ ကြုံနေရသည့်အကြားမှပင် ပါတီဝင်များ၊ ပါတီလိုလားသည့် ရဲဘော်များသည် ဗမာပြည် အလုပ်သမား လယ်သမား မြို့နေဓနရှင်ပေါက်စနှင့် ကျောင်းသားတို့၏ တိုက်ပွဲများကို ခေါင်းဆောင်ကာ၊ လုံးဝလွတ်လပ်ရေးအတွက် ပြတ်သားစွာ တိုက်ပွဲဝင်ခဲ့သည်။

သို့သော် ဗမာပြည် ကွန်မြူနစ်ပါတီသည် နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲများတွင် စံပြအခန်းမှ ခေါင်းဆောင်ပါဝင်ခဲ့သော်လည်း မိမိခေါင်းဆောင်သည့်တပ်ကို ဆက်ထားရန် နားမလည်သေးခြင်း၊ မိမိပါတီက ခေါင်းဆောင်သည့် အခြေခံဒေသ တည်ဆောက်ခြင်းအပေါ် မလေးနက်ခဲ့ခြင်း၊ နယ်ချဲ့နှင့်ရန်သူ လူတန်းစား၏ အင်အားကို လျှော့တွက်ခဲ့ခြင်း၊ အတွေ့အကြုံနုနယ်သေးခြင်း စသည့်အမှားများနှင့် အားနည်းချက်များ ရှိနေသောကြောင့် ဓနရှင်လူတန်းစားသည် တော်လှန်ရေးအောင်သီးအောင်နှံများကို အပိုင်စီးလုယူပြီး ဗမာပြည် ပြည်သူများကို သစ္စာဖောက်ကာ နယ်ချဲ့နှင့် ပူးပေါင်းသွားတော့သည်။

ဤသို့အားဖြင့် ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်ဓနရှင် လူတန်းစားသည် နယ်ချဲ့နှင့်စေ့စပ်ချိတ်ဆက်ကာ၊ နယ်ချဲ့ပေါင်းစုံကို ဆက်ပြီးမှီခိုသည့်

လွတ်လပ်ရေးကို လက်ခံလိုက်ကြသည်။ ထိုအချိန်မှစပြီး ဗမာပြည်သည် နိုင်ငံရေးအရ လွတ်လပ်ပြီး စီးပွားရေးအရ နယ်ချဲ့ပေါင်းစုံကို မှီခိုသည့် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း တိုင်းပြည်အဖြစ် ပြောင်းလဲရောက်ရှိသွားတော့သည်။ သို့ဖြင့် စီးပွါးရေးအရ နယ်ချဲ့ကိုမှီခိုခြင်းကြောင့် နိုင်ငံရေးလွတ်လပ်မှုကိုပါ ထိပါးကာ နယ်ချဲ့အနှောင်အဖွဲ့မှ မလွတ်ကင်းဘဲ ရှိနေခဲ့သည်။

(၅)

ဗမာပြည် ကွန်မြူနစ်ပါတီ၏ အမှားများနှင့် အားနည်းချက်များကြောင့် ဖက်ဆစ်တော်လှန်ရေး အောင်သီးအောင်နှံကို မနရှင်လူတန်းစားက အပိုင်လုယူသွားသောအခါ လက်ဦးမှု မဲ့ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေကာမူ ဗမာပြည် ကွန်မြူနစ်ပါ တီသည် မိမိပါတီ၏အမှားများကို ပြုပြင်ပြီး ရဲဘော်သန်းထွန်း ခေါင်းဆောင်သည့် ဗဟိုကော်မတီသစ်ကို ဖြည့်တင်းဖွဲ့စည်းကာ မိမိ၏သမိုင်းပေးတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ မနရှင်လူတန်းစားက လက်ခံလိုက်သည့်၊ နယ်ချဲ့အပေါ်မှီခိုနေရသည့် လွတ်လပ်ရေးကို ဖွင့်ချကာ၊ အလုပ်သမား၊ လယ်သမားများ၊ မြို့နေ ဆင်းရဲသားနှင့် ကျောင်းသားများအား ပညာပေး လှုံ့ဆော်ပြီး လူထုအုံကြွမှုများကို ဖေါ်ထုတ်ကာ ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။

၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလနှင့်မတ်လတွင် အလုပ်သမားသပိတ်များသည် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာခဲ့သည်။

လယ်သမားများ၏ တိုက်ပွဲများ သည်လည်း တဆင့်တိုး များပြားကြီးထွား လာခဲ့သည်။ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ လယ်ဝေး၊ နတ်မောက်၊ မြင်းခြံ၊ စစ်ကိုင်းစသည့် ဒေသများမှာလည်း လယ်သမားသူပုန်များ ရှိနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်မှာလည်း လယ်သမားတိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ရခိုင်ပြည်နယ်သည် လူနည်းစုအမျိုးသားဒေသ ဖြစ်သော်လည်း လယ်သမား လူတန်းစားတိုက်ပွဲနှင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲ မြင့်မားစွာဖြစ်ပေါ်ခဲ့သော ဒေသဖြစ်ခဲ့သည်။ ဖက်ဆစ်ဂျပန်ကိုလည်း တက်တက်ကြွကြွ တိုက်ခိုက်ခဲ့သည့် အစဉ်အလာရှိသည်။

၁၉၄၈ ခုနှစ် မတ်လလယ်လောက်တွင် ပျဉ်းမနားလယ်သမားကွန်ဂရက်ကြီးကို ကျင်းပရာတွင် လူဆုပေါင်းနှစ်သိန်းခန့်တက် ရောက်ခဲ့ပါသည်။ အချို့နိုင်ငံများမှ လယ်သမားသမဂ္ဂ ကိုယ်စားလှယ်များနှင့် အချို့နိုင်ငံမှ လူငယ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဤလယ်သမား ကွန်ဂရက်ကြီးတွင် "အစိုးရက ပါတီနှင့်သမဂ္ဂများကို တိုက်ခိုက်လာလျှင်၊ ပြန်လည်ခုခံတိုက်ခိုက်ရမည်" ဟု ကျေညာခဲ့ပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် လူထုအုံကြွမှုများကို ကြောက်ဒူးတုန်သည့် ဖဆပလ အစိုးရသည် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီဝင်များ၊ လူထုလူတန်းစား ခေါင်းဆောင်များကို တပြည်လုံးအတိုင်းအတာအရ ရက်ရက်စက်စက် သတ်ဖြတ်၊ ဖမ်းဆီး၊ ထောင်ချခြင်း များကို လုပ်ခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီကို အလစ်ဝင်၍ အကြမ်းဖက် တိုက်ခဲ့သည်။

ထို့ကြောင့် မိမိနှင့်ပြည်သူများ ရပ်တည်ရေးအတွက် ဖောက်ပြန်သည့်အစိုးရကို လက်နက်ကိုင်ခုခံတော်လှန်ရေးမှတပါး အခြားလမ်းမရှိသည့်အလျောက် ဗမာပြည် ကွန်မြူနစ်ပါတီ သည် လက်နက်ကိုင် တန်ပြန်တော်လှန်ရေးကို လက်နက်ကိုင် တော်လှန်ရေးဖြင့် မလွှဲမရှောင်သာ တုန့်ပြန်ဆင်နွှဲ ရတော့သည်။

၁၉၄၈ ခုနှစ် ပြည်တွင်းစစ် စတင်ဖြစ်ချိန်တွင်အစိုးရအနေဖြင့် သေနပ်ကိုင်တပ်ရင်း (၆)ရင်းနှင့် အခြားတပ်ရင်း(၉)ရင်းပါ ဖွဲ့ရှိပြီးဖြစ်၍ အားလုံးပေါင်း (၁၅) ရင်းရှိပါသည်။

အခြားစစ်ရဲတပ်ရင်း အနည်းငယ်နှင့် ရဲ (ပုလိပ်) များ၊ ကာကွယ်ရေး တပ်များလည်း ရှိပါသည်။

အစိုးရသည် (၃)လ အတွင်း အပြုတ်တိုက်ရေး၊ (၆)လအတွင်း အပြုတ်တိုက်ရေး "တနှစ်အတွင်း ငြိမ်းချမ်းရေး" ခေါ် (၁)နှစ်အတွင်း အပြုတ်တိုက်ရေး စီမံကိန်းများချမှတ်ကာ သူ့ကြေးစားတပ်ကို အကုန်လု၊ အကုန်မီးရှို့၊ အကုန်သတ်၊ အကုန်မုဒိမ်းကျင့် လုပ်ရပ်များ ရက်ရက်စက်စက် ကျင့်သုံးစေခဲ့သည်။

၁၉၄၈ ခုနှစ်တွင်၊ ဗမာပြည် ကွန်မြူနစ်ပါတီ တွင် ပါတီဝင် (၄၈၀၀) ခန့်သာရှိပြီး၊ လယ်သမားသမဂ္ဂအဖွဲ့ဝင် သောင်းအချို့ခန့်သာရှိပါသည်။ မိမိမှာ ထိရောက်သည့် ပြင်ဆင်မှုမရှိဘဲ၊ ရန်သူအလစ်တိုက်ခြင်းကို ခံရခြင်းကြောင့် ပြည်တွင်းစစ်အစပိုင်းမှာ အတော်ပင်အင်အားလျော့သွားခဲ့ရသည်။ ပါတီဝင်နှင့် မျိုးချစ်ပုဂ္ဂိုလ်ပေါင်း(၄၀၀၀)ကျော်ဖမ်းဆီးခြင်းခံကြရသည်။ သို့သော် ဗမာပြည် ကွန်မြူနစ်ပါတီ သည် ရန်သူကို ဒူးထောက်အ

ရှုံးမပေးဘဲ မာ့က်စ်လီနင်ဝါဒ တလောကလုံးဆိုင်ရာ အမှန်တရားနှင့် ဗမာပြည် အခိုင်အမာ တော်လှန်ရေး လက်တွေ့တို့ ပေါင်းစပ်ပြီး မှန်ကန်သည့် လမ်းညွှန်ပေါ် လစီများကို ချမှတ်ကာ၊ အင်အားကြီးမားသည့် ရန်သူကို ခုခံတော်လှန်ရေးစစ်ပွဲဖြင့်၊ တုန့်ပြန် တိုက်ခိုက်ခဲ့သည်။ အလုပ်သမား၊ ကျောင်းသား အမှုထမ်းနှင့် မြို့နေဆင်းရဲသားများကို စည်းရုံးပြီး တဖက်တွင် လက်နက်ကိုင် တော်လှန်ရေး၏ လိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် လယ်သမား သူပုန်မှအစ၊ ခေါင်းပြအဖွဲ့အဆုံး ပညာပေး စည်းရုံးယူခဲ့သည်။ ခုခံတော်လှန် စစ်ပွဲကို ရေရှည်ပြည်သူ့စစ်ပွဲအဖြစ် ဆင်နွှဲခဲ့သည်။ ဤသို့ဖြင့် ၁၉၄၉ ခုနှစ် ရောက်သည့်အခါတွင် ပါတီဝင်အင်အား ၃၅၀၀၀ အထိရှိလာခဲ့ပြီး ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် အင်အား ၁၀၀၀၀ ကျော်အထိ တိုးတက်လာခဲ့သည်။ လယ်သမား သမဂ္ဂဝင် တစ်သန်း(၁၀၀၀၀၀၀)ကျော်အထိ တိုးတက်လာခဲ့သည်။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျောင်းသားများနှင့် ပုလိပ်များအပါအဝင် အစိုးရအမှုထမ်းများသပိတ် မှောက်ခဲ့ပြန်သည်။ နောက်တဆက်တည်းလိုပင် ဗမာပြည်မီးရထား အလုပ်သမားသမဂ္ဂနှင့် ဒလသင်္ဘောကျင်း အလုပ်သမားများလည်း သပိတ်မှောက်ကြသည့်အတွက် အထွေထွေသပိတ်အဖြစ်သို့ ရောက်သွားခဲ့သည်။ အလုပ်သမားများသည် ဒလ သင်္ဘောကျင်းတွင် ရှိသည့် ဂါတ်တဲနှင့် ကင်းစခန်းများကို တလနီးပါး သိမ်းပိုက်ထားနိုင်ခဲ့ကြသည်။ သပိတ်မှာ ပါဝင်ခဲ့ကြသည့် အလုပ်သမား၊ ကျောင်းသားများ၊ အမှုထမ်းများ အများအပြားတို့သည် လက်နက်ကိုင် တော်လှန်ရေးထဲသို့ ပါဝင်လာကြသည်။

၁၉၄၇ ခုနှစ် တွင် ပြည်သူ့ရဲဘော် တပ်ဖွဲ့လည်း ဗမာပြည်အစိုးရကို ပုန်ကန်ကြသည်။ ပြည်သူတွေကို ချစ်မြတ်နိုးသည့် ဖဆပလ အစိုးရ တပ်မှတပ်မှူးတချို့ ခေါင်းဆောင်သည့် တပ်တချို့လည်း ပုန်ကန်လာကြသည်။ ၁၉၄၇—၄၉ ခုနှစ် မရှေးမနှောင်း ကာလမှာပင် ကရင်တပ်များနှင့် ကချင်တပ်အချို့ ပုန်ကန်လာကြသည်။ ရခိုင်ပြည်နယ်ဘက်တွင် ၁၉၄၇ ခုနှစ်ကတည်းက မူဂျာဟစ် ခေါ် မူဆလင်ဘာသာဝင်များ တော်လှန်ပုန်ကန်ခဲ့ကြသည်။ အခြားမွန်၊ ကယား၊ ပအို့ စသည့် လူနည်းစု တိုင်းရင်းသား များလည်း၊ တော်လှန် ပုန်ကန်လာကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် တော်လှန်သည့် ဗမာ့တပ်တော်၊ ပြည်သူ့ရဲဘော်တို့နှင့် ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ကရင်၊ ပအို့၊ ချင်းအမျိုးသား စသည့်တို့နှင့်လည်း မဟာမိတ်ဖွဲ့ခဲ့သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့်လက်နက်ကိုင် အင်အားသည် မရှိရာမှ ရှိရာသို့ ဖြစ်ပေါ် တိုးတက်လာခဲ့ရာ ၁၉၅၀ ခုနှစ် တွင် အင်အား ၁၅၀၀၀ အထိ ရှိလာခဲ့သည်။ ဤသို့ဖြင့် ပမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် လက်နက်ကိုင်တော်လှန်ရေးနှင့် ပမာပြည်သူများ၏ တော်လှန်အုံကြွမှုများကြောင့် ၁၉၄၉ ခုနှစ် တွင် ဖဆပလ အစိုးရသည် "ရန်ကုန်အစိုးရ" ဟုနာမည် ခေါ်ခံရသည်အထိ ကျဆင်းခဲ့ပြီးခုခံသူတို့ အနေဖြင့် တော်လှန်ရေး အောင်ပွဲများရခဲ့သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ အနေဖြင့် ဗမာပြည်ကဲ့သို့ကိုလိုနီတပိုင်း ပဒေသရာဇ် တပိုင်းနိုင်ငံတွင် တောင်သူလယ်သမားများ၏ နှစ်ပေါင်း ထောင်နှင့်ချီပြီး လိုလား တောင့်တမှုဖြစ်သည့် မြေယာ အပိုင်ရလိုမှုဆန္ဒကို လက်တွေ့ ပြုလုပ်ပေးနိုင်သောကြောင့် တောင်သူလယ်သမားများထံမှ တန်ဘိုး မဖြတ်နိုင်သော ယုံကြည်ကိုးစားမှုကို တော်လှန်ရေးအတွက် ရရှိခဲ့သည်။

တောင်သူ လယ်သမားများသည်၊ သူတို့ကိုယ်တိုင် အသက်စွန့်ပြီး တော်လှန်ရေး တာဝန်များကို ထမ်းဆောင်ကြသည်။

သူတို့၏ သားသမီးများကို တော်လှန်ရေးတပ်မတော်အတွက် ပေးအပ်ကြသည်။ ထုတ်လုပ်မှုကိုလည်း တိုးတက်အောင် လုပ်ကြသည်။ တော်လှန်ရေးအတွက် ရိက္ခာများပေးအပ်ကြသည်။

ဤသည်တို့မှာ တောင်သူ လယ်သမား များ၏ တော်လှန်ရေးအတွက် တန်ဘိုးမဖြတ်နိုင်သော ကြီးမားသည့်အကျိုးပြုမှု ပင်ဖြစ်သည်။ ရှေ့တော်လှန်ရေး ခရီးတွင်လည်း သူတို့ကို စည်းရုံးနိုင်ပြီး သူတို့၏အကျိုးကို ဆောင်ရွက်နိုင်ပါက တော်လှန်ရေးကို ပိုမိုထောက်ခံပေလိမ့်မည်။ လက်နက်ကိုင် တော်လှန်ရေး စစ်ပွဲကိုလည်း တဆင့်တိုး ဆင်နွှဲသွားနိုင် ပါလိမ့်မည်။

လက်နက်ကိုင်တပ်နှင့် လက်နက်ကိုင်တော်လှန်ရေး မရှိလျှင်မိမိနှင့် ပြည်သူတွေအတွက်မည်သည့် အဆင့်နေရာမှ မရှိနိုင်ကြောင်း သမိုင်းသင်ခန်းစာကို ရခဲ့သည့်ဗမာပြည် ကွန်မြူနစ်ပါတီသည် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကို ခေါင်းဆောင်ရင်း လမ်းခရီးတလျှောက်တွင် အကွေ့အကောက်များ ရှိခဲ့သော်လည်း အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင် ကျော်လွှားကာ ယ

နေ့အထိ ရေရှည်လက်နက်ကိုင် တော်လှန်ရေးကို ကြံ့ကြံ့ခိုင် ဆင်နွဲပြီး မိမိ၏ သမိုင်းပေး တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ ဗမာပြည် ဖောက်ပြန်ရေးအစိုးရ အဆက်ဆက်တို့သည် လွန်ခဲ့သည့် အနှစ် ၄၀ ကာလ တလျှောက်လုံးတွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တော်လှန်ရေးသမားများကို အမြစ်ဖြတ်ချေမှုန်းပစ်ရန် ကြွေးကြော်၍ အကြိမ်ပေါင်းများစွာ အဆက်မပြတ် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သဖြင့် ကြီးမားသော ဆုံးရှုံးမှုများ၊ နစ်နာမှုများကို ကြုံတွေ့ခဲ့ ကြရသော်လည်း ရန်သူ၏ ဆန္ဒနှင့် မျှော်မှန်းချက်များနှင့် ဆန့်ကျင်စွာပင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တော်လှန်ရေး အင်အားစုများ ပို၍ပို၍သာ များပြားကြီးထွား တိုးတက်လာခဲ့သည်။

ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း ဗမာပြည်သမိုင်းတွင်၊ ယခုနေ့ မဆလ စစ်အစိုးရသည် အဖောက်ပြန်ဆုံး၊ အရှက်အကြောက် အကင်းမဲ့ဆုံး၊ ဖိနှိပ်သွေးစုပ်မှုအရက်စက်ဆုံး အစိုးရဖြစ်သည်။ ယနေ့ မဆလ အစိုးရ၏ ပြည်သူတွေကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှု၊ ဒီမိုကရေစီ အခွင့်အရေး ကင်းမဲ့မှု၊ နိုင်ငံတကာနှင့်အဆက်ဖြတ်ပြီး ပြည်သူတွေကို အမှောင်ချထားမှုတို့သည် ဗမာပြည်သမိုင်းရှိ မည်သည့် ဖောက်ပြန်ရေးအစိုးရနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် ကြီးမားနက်ရှိုင်း ဆိုးရွားနေပေသည်။ ဗမာပြည် လူ့အဖွဲ့အစည်းရှိ အဖိနှိပ်အချုပ်အချယ်ခံ အမျိုးသားပေါင်းစုံ လုပ်သားပြည်သူများသည် မဆလ စစ်အစိုးရ၏ သမိုင်းပြစ်မှုကို ဘယ်နည်းနှင့်မျှ ခွင့်လွှတ်နိုင်ကြလိမ့်မည် မဟုတ်ပေ။

စစ်အစိုးရ၏ အုပ်စိုးမှုအောက်၌ ရှိနေသေးသော၊ အလုပ်သမား၊ လယ်သမားများနှင့် မြို့နေဆင်းရဲနှင့်၊ ကျောင်းသားလူငယ်များ၊ အခြားပြည်သူအပေါင်းတို့သည် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး ဆင်းရဲဒုက္ခများ ဖိနှိပ်သွေးစုပ်မှု အမျိုးမျိုးကို ခံစားနေကြရသည်။ ထို့ကြောင့် မြို့နေအလုပ်သမား၊ ကျောင်းသား၊ ရဟန်းသံဃာတော်များနှင့် လူတန်းစားပေါင်းစုံ ပြည်သူတို့၏ အုံကြွမှု၊ တိုက်ခိုက်မှုများသည် စစ်အစိုးရ၏ အမျိုးမျိုးသောရက်စက်သည့် ဖိနှိပ် နှိပ်ကွပ်မှုများ ကြားတွင် တနေ့တခြား ပိုမိုသဲသန်ပြင်းထန် လာလျက်ရှိသည်။ ဗမာပြည် ဖောက်ပြန်ရေး အစိုးရများက ကျင့်သုံးသည့် ဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်သည့် ဗမာပြည်လူနည်းစုအမျိုးသားများ၏ တော်လှန်ရေး အဖွဲ့အစည်းများသည်လည်း တနေ့တခြား တိုးတက်များပြား လာလျက်ရှိသည်။ ယနေ့ မဆလ စစ်အစိုးရကို လက်နက်ကိုင်မှုတော်လှန်သည့် လူနည်းစုအမျိုးသားဟူ၍ မရှိသလောက်ဖြစ်သည်။ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် ပြည်သူ့တပ်မတော်နှင့် အခြားလက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့တို့၏ အင်အားသည် တနေ့တခြား ကြံ့ခိုင်ကြီးမား တိုးဘက်သည့်ဘက်သို့ ဦးတည်လျက်ရှိသည်။ မျက်မှောက်ကာလတွင်၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် လူနည်းစု အမျိုးသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများက ခေါင်းဆောင်မှုပေးထားသည့် ဒေသများ သာမက စစ်အစိုးရ အုပ်စိုးနေသေးသည့် ဒေသများရှိ ပြည်သူများ အားလုံးသည် စစ်အစိုးရကို ဘုံရန်သူအဖြစ် သဘောထား နေကြပေပြီ။

တဘက်တွင်စစ်အစိုးရသည် သူ၏ပင်ကိုယ်ဖောက်ပြန်မှု ရက်စက်မှုနှင့် ပြည်သူဆန့်ကျင်ရေး ဟူသည့် အတွင်းသဘောများအရ ဗမာပြည် ပြည်သူများ၏ ဆန့်ကျင်မှုနှင့် နိုင်ငံတကာ၏ ဝိုင်းပယ်ခြင်းကို ခံရကာ တနေ့တခြား မွဲပြာကျ အကြပ်အတည်း ဆိုက်လျက်ရှိသည်။ ဖုံး၍ဖိ၍မရသည့် အဆုံးတွင် ဗမာပြည်ကို ကမ္ဘာ့အဆင်းရဲဆုံး တိုင်းပြည်တပြည်အဖြစ် ဝန်ခံချက်ပေးကာ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူဆန့်ကျင်ရေး လုပ်ရန်အတွက် ကမ္ဘာ့နယ်ချဲ့ နိုင်ငံများနှင့် ဖောက်ပြန်ရေးသမားများထံ ပိုမိုလက်ဖြန့် တောင်းခံရသည့် အဆင့်သို့ ရောက်သျှက်ရှိသည်။

လူ့သမိုင်းစဉ်တွင် မည်သည့် ဟောင်းနွမ်း ဆွေးမြေ့နေသည့် လူတန်းစားကမှ အသစ် ပေါက်ဖွားလာသည့် လူတန်းစားများနှင့် အင်အားစုများကို ကြည့်ကြည်ဖြူဖြူနှင့် မိမိအာဏာကို ငြိမ်းချမ်းစွာ လွှဲပြောင်းပေးသည်ဟူ၍ မည်သည့်အခါကမျှ မရှိခဲ့ပေ။ အသစ်ပေါက်ဖွားလာသည့် အင်အားစုက ဟောင်းနွမ်းဆွေးမြေ့နေသည့် လူတန်းစားနှင့် အင်အားစုများကို တော်လှန်အုံကြွမ်းဖက်ပြီး အာဏာရယူခြင်းဖြင့်သာ စနစ်သစ်တရပ်ကို ထူထောင်လိုက်ရ စမြဲဖြစ်သည်။

မာ့က်စ်လီနင်ဝါဒ လက်နက်ကိုင်စွဲသည့် ခေတ်မီ အလုပ်သမား လူတန်းစားပါတီ ကသာလျှင် ထိုတော်လှန်ရေးကို ပြီးမြောက်အောင် ခေါင်းဆောင် သွားနိုင်ပေမည်။

မျက်မှောက်ရန်သူ၏ အကြပ်အတည်းများ၊ အတွင်းပိုင်းပဋိပက္ခများ ကြီးထွားလာမှု ဖော်ပြချက်များနှင့် အခြားပြည်တွင်း အခြေအနေများသည်၊ ဗမာပြည် တော်လှန်ရေးအတွက် အလားအလာ ကောင်းမွန်နေကြောင်း ဖော်ပြလျက်ရှိသည်။ ဗမာပြည် ကွန်မြူနစ်ပါ

တီနှင့် တော်လှန်သည့် အင်အားစုများက ပိုမိုသွေးစည်းညီညွတ်ပြီး ပါတီဝင်များက တဘိယ အကြိမ်မြောက် ပါတီကွန်ဂရက်မှ ချမှတ်ထားသော လမ်းစဉ်၊ပေါ်လစီနှင့် တာဝန်များအတိုင်း ချီတက်လုပ်ကိုင် ဆောင်ရွက်နိုင်လျှင် တော်လှန်ရေး လုပ်ငန်းတာဝန်များ တဆင့်တိုးအောင်မြင်မှု ရရှိလာပါလိမ့်မည်။ သို့တည်းမဟုတ်ဤအခြေအနေကို ကောင်းစွာ အသုံးချနိုင်လျှင် ရေရှည် တော်လှန်ရေးစစ်ပွဲကို တစုံတရာ အချိန်ကြုံ့သွားစေနိုင်ပါလိမ့်မည်။

စစ်အစိုးရ၏ အကြပ်အတည်းနှင့် အတွင်းပိုင်းပဋိပက္ခများ မည်မျှပင်ကြီးမားစေကာမူ တော်လှန်ရေးအဖွဲ့အစည်းများ၊ အဓိကအားဖြင့် ပစ္စည်းမဲ့ပါတီ၏ မှန်ကန်သည့် လမ်းစဉ် ပေါ်လစီနှင့် လုပ်ငန်း တာဝန်များအရ လက်တွေ့လုပ်ဆောင်မှု များကသာလျှင် တော်လှန်ရေးအောင်ပွဲကို အဆုံးအဖြတ် ပေးပေလိမ့်မည်။

စစ်အစိုးရဘက်တွင် အကြပ်အတည်း အသွန်ကြီးမားလျက်ရှိသည်။ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တော်လှန်ရေးအင်အားစု များမှာသည်း အခက်အခဲ အကြပ်တည်းများ အမှန်ပင် တည်ရှိပါသည်။ သို့သော် အကြပ်အတည်း အခက်အခဲနှစ်ခု၏ လက္ခဏာနှင့် ဦးတည်ချက်များသည် မတူပေ။ စစ်အစိုးရ၏ အကြပ်အတည်းမှာတစုံတရာဖြေလျှော့ခြင်း၊ကျားကန်ယူခြင်းများရှိနိုင်သော်လည်း ၎င်း၏ပင်ကိုယ် အကြပ်အတည်းများကို မည်သို့မျှကျော်လွှားနိုင်မည် မဟုတ်ချေ။ ရေရှည်အရ မကယ်တင်၊ မလွှတ်မြောက်နိုင်သည့်ပြင် မုချ ကျဆုံးရေးဘက်သို့ ဦးတည်၍ သွားနေပေသည်။

ကွန်မြူနစ်ပါတီနှင့် တော်လှန်ရေး အင်အားစုများ၏ အခက်အခဲသည် ဖြစ်ပေါ်တိုးတက်ရေး လမ်းကြောင်းတွင် မလွှဲမရှောင်သာ တွေ့ဆုံရင်ဆိုင် ကျော်လွှားဖြေရှင်းနိုင်သည့် အခက်အခဲများ ဖြစ်သည်။

သို့သော်ဤအခက်အခဲများသည် အလိုအလျောက်သဘာဝအရ ကျော်လွှား ဖြေရှင်းနိုင်မည် မဟုတ်ဘဲ မိမိတို့ပါတီဝင်များ၊ ကေဒါများ၊ တပ်မတော်သားများ၊ တော်လှန်ရေး သမားများသည် အသိစိတ်ရှိရှိ၊ တာဝန်ယူစိတ်ရှိရှိဖြင့် စည်းလုံးညီညွတ်စွာ လုံးပမ်းတိုက်ခိုက်ကြမှသာလျှင် ကျော်လွှားနိုင်မည်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် မိမိအင်အားကိုကြံ့ခိုင်ကြီးထွားအောင် တည်ဆောက်ဖို့ လိုအပ်ပါသည်။ မိမိပါတီကို ပိုမိုတိုက်ခိုက်နိုင်စွမ်း ထက်မြက်သည့် ပါတီဖြစ်လာအောင် တည်ဆောက်ဖို့လည်း လိုအပ်ပါသည်။ မိမိပါတီက ခေါင်းဆောင်သည့် ပြည်သူ့တပ်မတော်ကို ပိုမိုကျစ်လစ်သိပ်သည်း လာအောင်နှင့်ပိုမိုတိုက်စွမ်းရည် ကောင်းလာအောင် တည်ဆောက်သွားဖို့လည်း လိုပါသည်။ မိမိ၏ အခြေခံဒေသများကိုပို၍ခိုင်မာအောင် တည်ဆောက်ကာ အခြေခံဒေသသစ်များတိုးချဲ့ပြီး ပြည်သူတွေကို ပိုပြီးထိရောက်ကျယ်ပြန့်စွာ စည်းရုံးသွားသင့် ပါသည်။ အခြားသော တော်လှန်သည့် လက်နက်ကိုင် အဖွဲ့အစည်း များနှင့်သာမက ဘုံရန်သူကို ဆန့်ကျင်လိုသည့် ပုဂ္ဂိုလ်များ၊ ရဟန်းသံဃာများနှင့်လည်း ပို၍တဆင့်တိုး စည်းလုံးညီညွတ်လာအောင် ဆောင်ရွက် သင့်ပါသည်။ ပြည်တွင်းသာမဟုတ်ဘဲ ပြည်ပရှိ စည်းလုံးနိုင်သမျှသော အင်အားစုများ၊ ပုဂ္ဂိုလ်များနှင့် ယာယီဖြစ်စေ စည်းလုံးနိုင်သလောက် စည်းလုံးကာ မိမိ၏မျက်မှောက် သမိုင်းပေးတာဝန်ဖြစ်သည့် ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင် တော်လှန်ရေးကို ပြီးဆုံးအောင် ဆင်နွှဲသွားကြရန်ဖြစ်ပါသည်။

# ဗမာပြည်နှင့်ဖွံ့ဖြိုးမှု

## အနိမ့်ဆုံးနိုင်ငံများအဆင့်

ပြီးခဲ့သည့် ၁၉၈၇ ခုနှစ်ဒီဇင်ဘာလထဲတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဗမာပြည်အားဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံများအဆင့်(ရှေ့တွင်ဖွံ့ / နိမ့်ဟု အတိုကောက်သုံးနှုန်းသွားပါမည်) တွင်ထည့်သွင်းသတ်မှတ်အတည်ပြုခဲ့သည်။

ဗမာပြည်မှ စစ်အစိုးရအနေဖြင့်ဖွံ့ / နိမ့် သတ်မှတ်ခြင်းခံရရေးအတွက် ၁၉၈၆ ခုနှစ်အကုန်၊ ၈၇ ခုနှစ် အစပိုင်းလောက်တွင် ကုလသမဂ္ဂသို့ တင်ပြ လျှောက် ထားခဲ့သည်ဟုသိရသည်။ မည်သို့ပင်ဆိုစေ ကုလသမဂ္ဂက မူ စစ်အစိုးရ၏ လျှောက်ထားချက်အား အထွေထွေညီလာခံတခုတည်းနှင့်ပင် အသိအမှတ်ပြုလိုက်သည်။ အချို့နိုင်ငံများဆိုလျှင်ဖွံ့ / နိမ့် ဆင့်အသိအမှတ်ပြုခံရရန် အထွေထွေညီလာခံ ၂ ခု ၃ ခု၊ ကာလအားဖြင့် ၂ နှစ် ၃ နှစ်အထိကြာတတ်ကြောင်းသိရသည်။

ဗမာပြည်က ဖွံ့ / နိမ့်လျှောက်ထားခဲ့သည်မှာယခုဆိုလျှင် တနှစ်ကျော်သွားပေပြီ။ အသိအမှတ်ပြုခံရသည်မှာလည်း ၃ လကျော်သွားပေပြီ။ သို့သော်စစ်အစိုးရကမူ တနေ့မနေ့က ဟန်ပြလွှတ်တော်တွင် မှဝန်ခံ ပြောဆိုလေသည်။ ဗမာပြည် ပြည်သူများ အနေနှင့်လည်း အဘယ်ကြောင့်ဤအဖြစ်ရောက်ရကြောင်းကို ယနေ့အထိ မသိကြရသေးပေ။ အရှေ့ဖျားစီးပွါးရေးဂျာနယ် ကမူ ၁၉၈၇ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ထုတ် စာစောင်တွင် "ကုလသမဂ္ဂအဆင့်လျှော့ချခြင်း "ဟူသောခေါင်းစဉ်ဖြင့် စစ်အစိုးရ၏ ဖွံ့ / နိမ့်လျှောက်ထားမှုကို စတင်သတင်း ပေးသာသည်။ ဗမာပြည်ပြည်သူ့ အသံမှလည်း ဧပြီလအတွင်း၌ပင် "ကိုယ်ဆင်းရဲတာကိုအသိအမှတ်ပြုခိုင်းနေရတဲ့မဆလအစိုးရအဖြစ်" ဟူသောခေါင်းစည်း ပါဆောင်းပါးဖြင့် ဖွင့်ချကာ ပြည်သူလူထုအားအသိပေးခဲ့သည်။ မရှေး မနှောင်းမှာပင် ဘီဘီစီ အသံလွှင့်ဌာနမှလည်း အရှေ့ဖျားစီးပွါးရေးဂျာနယ်ကို ကိုးကားပြီး သတင်းသုံးသပ် ချက်များအသံလွှင့်ခဲ့သည်။

နိုင်ငံတနိုင်ငံအားဖွံ့ / နိမ့်သတ်မှတ်နိုင်ရန် အတွက် ကုလသမဂ္ဂက အဓိကအားဖြင့် စံချိန် ၃ ခုသတ်မှတ်ထားသည်။ (၁)တနှစ်အတွက် တဦးချင်းဝင်ငွေမှာဒေါ်လာ ၂၀၀ ထက်နည်းရမည်။ (၂) စက်မှုလုပ်ငန်း မှ ထုတ်လုပ်မှုတန်ဘိုးမှာ တမျိုးသားလုံးထုတ်လုပ်မှု တန်ဘိုးစုစုပေါင်း၏၁၀ %ထက် မကျော်စေရ။ (၃) တနိုင်ငံလုံးစာတတ်မြောက်မှုနှုန်းမှာ လူဦးရေ၏ ၂၀ % ထက်နည်းရမည်။ ဖွံ့ / နိမ့်သတ်မှတ်မှုမှာ သက်ဆိုင်ရာနိုင်ငံ၏ စီးပွါးရေး အနေအထားအရ သတ်မှတ်ခြင်းဖြစ်ပြီး ယင်းနိုင်ငံကကျင့်သုံးနေသော နိုင်ငံရေး၊ လူမှုရေးစနစ်၊ ပေါ်လစီစသည်တို့နှင့် မသက်ဆိုင်ချေ။

နိုင်ငံတနိုင်ငံက ကမ္ဘာ့ကုလသမဂ္ဂထံသို့ ဖွံ့ / နိမ့် သတ်မှတ်ပေးရန် တောင်းဆိုလာပြီဆိုပါက ယင်းကိစ္စကို ကုလသမဂ္ဂမှ အက်ကိုဆော့ ခေါ် စီးပွါးရေးနှင့် လူမှုရေး ကောင်စီက ကိုင်တွယ်ဆောင်ရွက်ရသည်။ အခိုင်အမာ အနေဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် ကစဉ်းစားသုံးသပ်ပြီး သူ၏အထက်အဖွဲ့အစည်းဖြစ်သော စီးပွါးရေးနှင့် လူမှုရေးကောင်စီထံ တင်ပြရသည်။ တဖန်ယင်းကောင်စီ၏ဆုံးဖြတ်ချက် သဘောထားကို ကုလသမဂ္ဂအထွေထွေညီလာခံက နောက်ဆုံး ဆုံးဖြတ်အတည်ပြုရသည်။

စစ်အစိုးရသည် ဖွံ့ / နိမ့်သတ်မှတ်ပေးရန်လျှောက်ထားရာတွင် ဗမာပြည်၏ တဦးချင်းဝင်ငွေကို ဒေါ်လာ ၁၈၀ ဟူ၍၎င်း၊ စက်မှုထုတ်လုပ်မှုတန်ဘိုးမှာ တမျိုးသားလုံး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဘိုး စုစုပေါင်း၏ ၉.၉% ဟူ၍ ၎င်းတင်ပြခဲ့သည်။ ဤကိန်းဂဏန်း နှစ်ခုစလုံးမှာ ကုလသမဂ္ဂ၏ သတ်မှတ်ချက်တွင် ဘောင်ဝင်ပြီးဖြစ်သည့်အပြင် ဤလိုကိစ္စမျိုး၌ စစ်အစိုးရက ကိန်းဂဏန်းများကိုပို၍ သာပြလေ့ရှိသည့် အစဉ်အလာ၊ ကျပ်ငွေ၏ တန်ဘိုးကို ဒေါ်လာနှင့်ယှဉ်ရာ၌ သဘာဝမကျစွာ ပိုပြီးသတ်မှတ်ထားခြင်းစသည့် အချက်များကြောင့်မည်သူကမျှစောဒကမတက်ခဲ့ကြချေ။ မီးစိမ်းပြပြီဟု နားလည်ရပေသည်။ သို့သော် စာတတ်မြောက်မှုနှုန်းတွင်မူ စစ်အစိုးရကတင်ပြသော ၁၈.၆၅%ဆိုသည်မှာ ဝိဝါဒကွဲစရာဖြစ်နေခဲ့သည်။ ဤသို့ဖြစ်ရသည့် အကြောင်းတချက်မှာ မဆလအစိုးရကိုယ်တိုင်က ၁၉၈၃ ခုနှစ်စာတတ်မြောက်မှုနှုန်းအဖြစ် ၇၈.၆%ဟုတရားဝင် ထုတ်ပြန်ခဲ့ဘူး သောကြောင့်ပင်။

မည်သို့ပင်ဖြစ်စေ ဗမာပြည်၏ တကယ့်လက်တွေ့ စီးပွါးရေးအခြေအနေကြောင့်မှု ဖွံ့ / နိမ့် သတ်မှတ်ခြင်းခံ

ရဘိုမှာ အနေးနှင့်အမြန်ပြဿနာသာဖြစ်သည်ဟု အတွေ့အကြုံရှိသော အကဲခတ်ပုဂ္ဂိုလ်များက စောစွာကတည်းကပင် သုံးသပ်ခဲ့ကြသည်။ အချို့ကဆိုလျှင် ပြီးခဲ့သည့် ၁၉၈၇ ခုနှစ်အကုန်ပိုင်းတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီး၌ ဤကိစ္စကို အတည်ပြုပေးကောင်း ပေးလိမ့်မည်ဟူ၍ပင် ဟောကိန်း ထုတ်ခဲ့ကြသည်။ လက်တွေ့တွင်လည်း ဗမာပြည်အား အလွယ်တကူပင် ဖွံ့ / နိမ့်သတ်မှတ်ပေးခဲ့ပေသည်။

## အကျိုးခံစားရမှု

နိုင်ငံတနိုင်ငံအနေဖြင့် ဖွံ့ / နိမ့်ဆင့် သတ်မှတ်ခြင်းခံရလျှင် ဦးစွာအားဖြင့် ကုလသမဂ္ဂ၏ စနစ်များအရခံစားခွင့်အချို့ကို ရရှိကြမည် ဖြစ်သည်။ ဥပမာ ၁၉၈၁ ခုနှစ်တွင် ချမှတ်ခဲ့သည့် "၁၉၈၀ ခုနှစ်များအတွက်အရေးကြီးသည့် လုပ်ငန်းစီမံကိန်းအသစ်" ဆိုသည်နှင့်အညီ ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ အသွင် အမျိုးမျိုးသော အကူအညီများကို ရရှိနိုင်ပေသည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မရှင်ကဆိုလျှင် ဖွံ့ / နိမ့် တိုင်းပြည်များအပေါ် တင်ရှိနေသော တရားဝင်ဖွံ့ဖြိုးရေးအကူအညီအဖြစ်ပေးထားသည့် အကြွေးများကိုဖြစ်နိုင်သမျှ လျှော်ပစ်ရန် အိုအီးစီဒီခေါ် စီးပွါးရေး ပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းဝင် နိုင်ငံများထံ တင်ပြတောင်းဆိုခဲ့ဘူးသည်။ ထို့ကြောင့်လည်း နယ်သာလန်၊ ဗြိတိန်၊ အနောက်ဂျာဏီနှင့် စကင်ဒီနေဗီယန် တိုင်းပြည်များအပါအဝင်တိုင်းပြည်အချို့က ထိုအကြွေးများကို လျှော်ပေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံတခုချင်း သို့မဟုတ် အဖွဲ့အစည်းတခုချင်းထံမှရော နိုင်ငံတခု အဖွဲ့အစည်း တခုထက်မကပူးပေါင်းထားသော အဖွဲ့အစည်းများ ( ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် ) ထံမှ အကူအညီများကို ဒုနှင့်ဒယ်နှင့် ရရှိလာနိုင်ပေသည်။

အနောက် ဂျာမဏီကဆိုလျှင် မြန်မာနိုင်ငံအားနောင်တွင် အကူအညီပေးရာ၌ ထောက်ပံ့ကူညီမှုပုံစံဖြင့် ပေးသွားမည်ဖြစ်ကြောင်း အရိပ်အမြွက် ပြသခဲ့ပြီးဖြစ်သည်။ လောလောဆယ်အားဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ "နည်းပညာဆိုင်ရာ ထောက်ကူမှု အစီအစဉ်" အရလာမည့် ၅ နှစ်အတွင်း ဒေါ်လာသန်း ၇၀ ကျော်ရနိုင်စရာရှိသည်။ ထို့ပြင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ "ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံများ ရံပုံငွေနှင့်" "ငွေပင်ရင်းဖွံ့ဖြိုးမှုရံပုံငွေ" တို့ထံမှ ထောက်ပံ့ကြေးရရန်လည်း မျှော်ကိုးထားနိုင်ပြီ ဖြစ်သည်။

ဖွံ့ / နိမ့်နိုင်ငံတနိုင်ငံအနေဖြင့် မိမိအပေါ် တင်ရှိနေသော အကြွေးများကို ပုံမှန်ပြန်မဆပ်နိုင်လျှင် ဖွံ့ / နိမ့်ဆိုသော အဆင့်လေးကို လက်ညှိုးထိုးပြကာ အကြွေးများကို ဆိုင်းထားစေခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်းစသည့် ထိန်းညှိမှုများလည်း လုပ်ခွင့် ရတတ်ပေသည်။

ထို့ပြင် နိုင်ငံတကာ့အဖွဲ့အစည်းများ၊ ဥပဒေစည်းကမ်းများ၊ ကွန်ဗင်းရှင်းများ တွင်လည်းအဆင်းရဲဆုံးနိုင်ငံများအတွက် ညှာညှာတာတာ လျှော့ပေါ့ သတ်မှတ်ချက်များ ရှိပေသည်။

## အခြားသောဂယက်များ

မဆလ စစ်အစိုးရ အနေဖြင့် ဖွံ့ / နိမ့်လျှောက်ထားရခြင်းမှာမတတ်သာလွန်းသောကြောင့်ဖြစ်ကြောင်း သံသယ ရှိဖွယ်မလိုချေ။ ထို့ကြောင့်လည်းစတင်လျှောက်ထားလိုက်ကတည်းက ထိုင်နေအကောင်းသား ထသွားမှကျိုးမှန်းသိ ဟူသော အဖြစ်မျိုးများ အများအပြားကြုံခဲ့ရပေသည်။ ဓမ္မတာပင်နိုင်ငံ တနိုင်ငံက ဖွံ့ / နိမ့် လျှောက်ထားလိုက်ပြီ ဆိုသည်နှင့် ထိုနိုင်ငံအား အနိုင်နိုင်ငံအစိုးရများမှရင်း၊ ကမ္ဘာ့အာဘော်ပိုင်း များမှရင်း၊ စီးပွါးရေးအကဲခတ်များမှရင်း မျက်စေ့ ဒေါက်ထောက်ကြည့်၊ သုံးသပ်ကြ၊ ထင်ကြေး ပေးကြ တော့သည်။ ဤတွင် ပထမဆုံးပေါ် လာသော အားလုံးလိုလိုတူညီသည့်အမြင်မှာ မြန်မာနိုင်ငံသည် ပင်ကိုယ်အားဖြင့် ဆင်းရဲသည်မဟုတ်၊ မဆလစစ်အစိုးရ၏ ညံ့ဖျင်းမှားယွင်းမှုများကြောင့်ဤ ဘဝဆိုက်ရသည်ဟူသောအချက်ပင်ဖြစ်သည်။ တပါတည်းတွင် တိုင်းပြည်၏ စီးပွါးရေး မည်မျှကျဆင်းနေကြောင်း၊ ကြွေးမြီ ဝန်ထုပ်ဝန်ပိုး မည်မျှကြီးကြောင်း၊ ဘဏ္ဍာရေးအခြေအနေ မည်မျှဆိုးဝါးနေကြောင်း စသည့်အချက်အလက်နှင့် ကိန်းဂဏန်းများလည်း အလျှိုလျှိုပေါ်ကျ လာတော့သည်။ ထိုအထဲတွင် စစ်အစိုးရက တိုင်းပြည်သို့ အသိမပေးသော အချက်အလက်နှင့်စာရင်းဇယားများလည်း အတော်များများ ပါရှိသည်ကို တွေ့ရသည်။

တဖန်၊ အထက်တွင် ဖော်ပြခဲ့သည့် တနိုင်ငံလုံးစာတတ်မြောက်မှုနှုန်း ပြဿနာမှာလို စစ်အစိုးရသည်ကမ္ဘာသို့ရင်း၊ မိမိတိုင်းပြည်သို့ရင်း မမှန်မကန်သောစာရင်းဇယားများ ထုတ်ပြန်လေ့ရှိကြောင်း ဤသို့စာရင်းလိမ်များ ထုတ်ပြန်ခဲ့သည်မှာလည်း လွန်ခဲ့သည့် ၂၆ နှစ်ကာလတလျှောက်လုံးပင်ဖြစ်ကြောင်းပွင့်ကျလာခဲ့သည်။

စစ်အစိုးရသည် မိမိလိုလားချက် ရရှိအောင် စာရင်းဇယားများအား ရှုံ့ချည်နှပ်ချည်ပြုလုပ်တတ်ရုံမက ထိုလိုလားချက်ရရှိဖို့အတွက် ပညာရေးအခြေအနေကို အနော်ရထာမင်းလက်ထက်ကနေ သမိုင်းချိုးပြီး ပြောလိုပြောနှင့်ပပ်ချဲ၊ နှပ်ချဲ လုပ်တတ်ကြောင်းလည်း ကမ္ဘာကသိမြင်ခဲ့ရလေသည်။ စစ်အုပ်စုအဖို့ အဆင်းရဲဆုံး နိုင်ငံအဖြစ်သတ်မှတ်ခံရရင်ပြီးရော၊ ကျားကျားမီးယပ်လည်း အော်မှာဘဲဟူသော သွေးရူး သွေးတန်း အခြေအနေပင်။

ထို့ပြင် ပြည်ပစာနယ်ဇင်းများတွင် ရေးနိုင်ခွင့်ရကြသောကမ္ဘာ အရပ်ရပ်ရှိ ဗမာပြည်သားများ သည်၎င်း၊ ဗမာပြည်အား သံယောဇဉ်ရှိကြသော နိုင်ငံခြားသားများသည်၎င်း ဤကိစ္စအတွက် စစ်အစိုးရအား ဒေါသတကြီးပြစ်တင် ရှုံ့ချခဲ့ကြ လေသည်။ အချို့ကဆိုလျှင် လူ့အခွင့်အရေးများ ချိုးဖောက်ကာ ဗမာပြည် ပြည်သူများအပေါ် ရက်စက် ယုတ်မာစွာ စစ်ခင်းနေသော ကြေးစားတပ်များအကြောင်း ဖွင့်ချပြောဆိုခဲ့ကြသည်။ ထို့ကြောင့်လည်း စစ်အစိုးရက ဖွံ့ /နိမ့် လျှောက်ထားပြီးသည့်နောက်တွင် နိုင်ငံတကာ လူ့အခွင့်အရေးနှင့်ပတ်သက်သော အဖွဲ့အစည်းများသို့ ဗမာပြည်၏အခြေအနေနှင့်ပတ်သက်ပြီး တိုင်တမ်း၊တင်ပြမှုများပိုမိုများပြားလာခဲ့သည်။ လန်ဒန်တွင် အခြေပြုသော နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်းကြီးက သမတဦးစန်းယုထံသို့ ကြေးစားတပ်များ၏ လုပ်ရပ်များအတွက် စိုးရိမ်မကင်းဖြစ်ကြောင်း စာဖြင့် အကြောင်းကြားသည်ဟုလည်း နိုင်ငံခြားသတင်းတပုဒ် အရသိရသည်။

အနောက် ဩစထရေးလျားမှ ခိုလှုံသူလူမျိုးငယ်များအသင်း၏ ဥက္ကဋ္ဌဆိုသူကမူ ဗမာပြည်အား ဖွံ့ /နိမ့် နိုင်ငံအဖြစ် သတ်မှတ် မပေးသင့်ကြောင်း အရှေ့ဖျားစီးပွါးရေးဂျာနယ်သို့ စာရေးပေးခဲ့သည်။ သူ၏စာတွင် စစ်အစိုးရဟာ အမျိုးသား ထုတ်လုပ်မှု တန်ဘိုးစုစုပေါင်း၏၎၀%ခန့် အသုံးပြုနေကြောင်း၊ မကြာခင်ကဘဲ ဖားအံတွင် ခြေမြန်တပ်မ အသစ်ဖြစ်တဲ့ တမခ (၂၂) ကိုဖွဲ့စည်းလိုက်ကြောင်း၊ ကုလသမဂ္ဂအနေနဲ့ စစ်အစိုးရကို ဖွံ့ /နိမ့် သတ်မှတ်မပေးမီ စစ်ရပ်စဲကြောင်း ကျေညာအောင်၊ အစည်းအဝေးစားပွဲဆီ ရောက်လာအောင်ဖိအားပေးသင့်ကြောင်းများ ဖေါ်ပြထားသည်။

ဖွံ့ /နိမ့်နိုင်ငံများ၏အခြေအနေအချို့

ယနေ့အထိဆိုလျှင် ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအသိအမှတ်ပြုထားသော ဖွံ့ /နိမ့်နိုင်ငံပေါင်းမှာ ၄၃နိုင်ငံရှိသည်။ဗမာနိုင်ငံနှင့်အတူ နောက်ဆုံး အသိအမှတ်ပြုခံရသောနိုင်ငံ ၂ ခုမှာ တောင်ပစိဖိတ်ဒေသမှ ကီရီဘာတီနှင့်လူဗာလု နိုင်ငံတို့ဖြစ်သည်။ သည့်မတိုင်မီက ရှိသော ဖွံ့ /နိမ့်နိုင်ငံများမှာ အာရှတိုက်တွင် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒက်ရှ်၊ ဘူတန်၊ လော၊ မော်လ်ဒိုက်၊ နီပေါ၊ဆာမိုအာ၊ ဗနွာတူ၊ အာဖရိကတိုက်တွင် ဘင်နင်၊ ဘော့စဝါနာ၊ ဘူကီနာဖါဆို၊ ဘူရွန်ဒီ၊ ကိဒ်ဗာ့ဒ်၊ ဗဟိုအာဖရိကသမတနိုင်ငံ၊ ချာ့ဒ်၊ ကိုမိုရော့စ်၊ ဂျီဘူတီ၊ အီကွေတာဂီနီ၊အီသီယိုပီးယား၊ ဂမ်ဘီယာ၊ ဂီနီ၊ ဂီနီဘီဆော၊ လီဆိုသို၊ မာလာဝီ၊ မာလီ၊ နိုက်ဂျာ၊ ရဝမ်ဒါဆော်၊ ဆိုတိုမီနှင့်ပရင်ဆစ်၊ ဆီယာရာလီယွန်၊ ဆိုမာလီယာ၊ ဆူဒန်၊ တိုဂိုယူဂန်ဒါနှင့်တန်ဇန်နီးယား တို့ဖြစ်ပြီး အခြားသော ဒေသများတွင် (၅) နိုင်ငံရှိသည်။ အဆိုပါနိုင်ငံ များနှင့်ပတ်သက်သော အချက်အလက်အချို့ကို ပူးတွဲပါ ဇယားတွင်ဖော်ပြပါသည်။ယင်း ဇယားတွင်ဖေါ်ပြထားသောကိန်းဂဏန်းများကို ကမ္ဘာ့ဘဏ်၏"၁၉၈၈ခုနှစ် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီရင်ခံစာ "၁၉၈၅ခုနှစ်ထုတ် "စစ်ရေးနည်းပညာ"စာစောင် အတွဲ၉၊ အမှတ် ၁၃၊ တရုပ်ပြည်ထုတ် "၁၉၈၂ ခုနှစ် နှစ်ချုပ်"နှင့် လောင်းမင်းခေတ်သစ် အင်္ဂလိပ် အဘိဓာန်တို့မှ ရရှိပါသည်။ ဖွံ့ /နိမ့် နိုင်ငံစုစုပေါင်း ၄၃နိုင်ငံရှိသည့်အနက် ၃၈ နိုင်ငံတို့၏ အချက်အလက် များကိုဖော်ပြထားပါသည်။ ဇယားတွင် ကွက်လပ် ချန်ထားသောနေရာများမှာ ကိန်းဂဏန်းမရရှိ၍ သော်၎င်း၊သည်ကိန်းဂဏန်းမှာ ကြာမြင့်လှပြီဖြစ်၍သော်၎င်း ချန်ထားခြင်းဖြစ်ပါသည်။

စစ်သားဦးရေဆိုသည်တွင် ပုလိပ်၊ ကာကွယ်ရေးစသည့် လက်နက်ကိုင်အဖွဲ့အစည်းများကို ထည့်သွင်းတွက်မထားပါ။ စစ်သုံးစရိတ်မှာလည်း တနိုင်ငံနှင့် တနိုင်ငံတွက်ချက်ပုံချင်း မတူညီကြသည့်အပြင် ဗမာပြည်မှစစ်အစိုးရလိုဟာမျိုးက လိမ်လည် စာရင်းပြသည်မျိုးလည်းရှိတတ်သောကြောင့် မဖေါ်ပြဘဲချန်ထားလိုက်ပါသည်။

ယင်းဇယားအရ ဗမာပြည်နှင့် အခြားဖွံ့ /နိမ့်နိုင်ငံများကို နှိုင်းယှဉ် ကြည့်လိုက်လျှင် အောက်ပါထူးခြားချက်များတွေ့ရှိနိုင်ပါသည်။

(က) ဗမာပြည်သည် နိုင်ငံအကျယ်အဝန်း အနေနှင့်ပြောရလျှင်အာရှတိုက်ရှိ ဖွံ့ /နိမ့်နိုင်ငံများအနက်အ

ကျယ်ဝန်းဆုံးဖြစ်ပြီး အာဖရိကတိုက်၌ ကိုယ့်ထက်ပိုမို ကျယ်ဝန်းတာ ၆ နိုင်ငံမျှသာရှိသည်။

(ခ) လူဦးရေ အားဖြင့်လည်း ဘင်္ဂလားဒက်ရှ်နှင့် အီသီယိုးပီယား နိုင်ငံတို့မှလွဲလျှင် အများဆုံးဖြစ်သည်။

(ဂ) လွတ်လပ်ရေး ဆိုတာကို ရသည့်နှစ်အရ ပြောရလျှင်လည်း အီသီယိုးပီးယား၊ အာဖဂန်နစ္စတန်နှင့် ဘူတန်တို့မှလွဲလျှင် အစောဆုံး ဖြစ်သည်။ ဤနေရာတွင် အီသီယိုးပီယားနှင့် အာဖဂန်နစ္စတန်တို့၏ နိုင်ငံရေးသမိုင်းမှာ သူ့ထူးခြားချက်နှင့် သူရှိသည်ဆိုသော အချက်ကို ဂရုပြုသင့်သည်။ အထက်ဖော်ပြပါ နိုင်ငံများအနက် ၁၉၆၀ ခုနှစ် နောက်ပိုင်းမှာ လွတ်လပ်ရေးရရှိသည့် နိုင်ငံဦးရေမှာ ၇၇.၉ % ရှိပြီး ၁၉၇၀ ခုနှစ် နောက်ပိုင်းမှ လွတ်လပ်ရေး ရရှိသည့် နိုင်ငံ ဦးရေမှာ ၂၆.၃ %ရှိပေသည်။

(ဃ) စစ်သား ဦးရေ အရ ပြောရလျှင် မဆလ စစ်အစိုးရ၏စစ်တပ်သည် အီသီယိုပီးယား စစ်တပ်မှလွဲလျှင် ဖွံ့/နိမ့် နိုင်ငံများထဲတွင် အကြီးဆုံး စစ်တပ်ဖြစ်သည်။ ဤနေရာတွင် အီသီယိုပီးယား နိုင်ငံမှာ ပြည်တွင်းစစ် ဖြစ်နေသည်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း မကြာခဏ စစ်ဖြစ်နေသော နိုင်ငံဖြစ်သည် ဆိုသောအချက် ကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။

(င) စစ်သားဦးရေနှင့် လူဦးရေ အချိုးအစားရာနှုန်းကိုကြည့်လျှင်လည်း လူဦးရေတသန်းကျော် ရှိသည့် နိုင်ငံများအနက် အာဖဂန်နစ္စတန်မှလွဲလျှင် အများဆုံးဖြစ်သည်ဆိုသည့် အချက်များ တွေ့ရသည်။

ထို့ကြောင့် ဤကမ္ဘာ့ အဆင်းရဲဆုံး ဆိုသောနိုင်ငံများစာရင်းတွင် မဆလ အစိုးရ၏ ဗမာပြည် ပါဝင်သွားခြင်းမှာ အရွယ်အစား၊ လူဦးရေ၊ စစ်တပ် ပမာဏ စသည်တို့အရ ပြောလျှင် စာသူငယ်ကြား ငွေးတနားသကဲ့သို့ရှိသည်ကို တွေ့ရပေသည်။ ထို့ပြင် ဗမာပြည်သည် အခြား ဖွံ့/နိမ့် နိုင်ငံများနှင့် မတူသော ထူးခြားချက်များလည်း ရှိနေသေးသည်။ ရှေ့တွင် ဖော်ပြမည့် ယူနိုဒိုခေါ် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့အစည်းကြီးမှ ပုဂ္ဂိုလ်များပြောကြားထားသည့် အဆင်းရဲဆုံး နိုင်ငံများအား ဒုက္ခပေးနေသည့်အချက် ၇ ချက်ဆိုသည်ကိုဘဲကြည့်ပါ။ ယင်း ၇ ချက်တွင်ပါရှိသော အရင်းအမြစ်နည်းပါးမှုနှင့် တည်နေရာချောင်ကျဝေးခေါင်မှုဆိုသည့်အချက်တို့မှာ ဗမာပြည်နှင့်ဘာမျှမဆိုင်ပေ။ ဗမာပြည်သည်သဘာဝအရင်းအမြစ်ကြွယ်ဝလှသည်ဟု ကမ္ဘာတွင်ကျော်ကြား ယုံမကနိုင်ငံတကာနှင့် ဆက်သွယ်ရာ၌လည်း ကုန်းလမ်း၊ ရေလမ်း လေလမ်း၊ အကုန်လုံးပေါက်သော နိုင်ငံဖြစ်သည်။ နီပေါလာအို စသည်တို့ကဲ့သို့ပင်လယ်ကူး သင်္ဘောဆိပ်မရှိသော နိုင်ငံမျိုးမဟုတ်သလို ဘူတန်၊ အာဖဂန်နစ္စတန် စသည်တို့ကဲ့သို့ တောင်ထူထပ်သော နိုင်ငံလည်း မဟုတ်ချေ။ ဖွံ့/နိမ့် နိုင်ငံအများပြားတွင် တွေ့ရသောပင်လယ်ဝန်းရံထားသည့် ကျွန်းပေါက်စလေးဖြစ်နေခြင်း၊ သဲကန္တာရ လွှမ်းသော နယ်မြေဒေသများပြားခြင်း စသည့်သဘာဝ အခက်အခဲများလဲ ဗမာပြည်တွင်မရှိပေ။ ထို့ပြင် ဘင်္ဂလားဒက်ရှ်နိုင်ငံလို မုန်တိုင်းကျခြင်း၊ ရေကြီးခြင်း စသည့် သဘာဝဒဏ်များ မကြာခဏကျရောက်ခြင်း မရှိချေ။ ပထဝီသဘာဝအရရော၊ သယံဇာတ သဘာဝအရပါ အင်မတန် အဆင်ပြေသော နိုင်ငံဖြစ်သည်။

၁၉၈၁ခုနှစ်တွင် အန်းတက်ခေါ် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေး အဖွဲ့အစည်းကြီးက ဖွံ့/နိမ့် နိုင်ငံများတိုးတက်ဖွံ့ဖြိုးရေး အတွက် အခြေခံကျသည့် လက်တွေ့လုပ်ရမည့် အစီအစဉ်သစ် တရပ်ချမှတ်ကာ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ ရေးဆွဲခဲ့သည်။ သို့သော် တကယ်လုပ်ရာတွင်မူ ကမ္ဘာ့စီးပွားရေး ထိုင်းမှိုင်းမှုနှင့်ပါ ကြုံတွေ့ရသဖြင့် ယင်းနိုင်ငံများ၏ နဂိုကမှယိုင်နဲ့နေသောစီးပွားရေးမှာ ပိုမိုအထိနာပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရလေသည်။

ယင်းအစီအစဉ်တွင် ချမ်းသာသော နိုင်ငံများက ၈၀ ခုနှစ်များအတွင်း အာဖရိကတိုက်ရှိ ဖွံ့/နိမ့် တိုင်းပြည်များအား နှစ်စဉ် ဒေါ်လာကုဋေ ၈၆၀ ပေးသွားရန် ဆိုသည့်အချက်လည်း ပါသည်။

၁၉၈၁—၈၂ ကာလတွင် အခြားသော မဖွံ့ဖြိုးသေးသည့်နိုင်ငံများ၏ ပြည်ပတင်ပို့မှုတန်းဘိုးမှာ ၅%၊ ၆%မျှကျဆင်းခဲ့သော်လည်း ဖွံ့/နိမ့်နိုင်ငံများမှာမူပျမ်းမျှ ၁၀ %ကျဆင်းသွားခဲ့သည်။

ယင်းနိုင်ငံများ၏ ပြည်ပကြွေး စုစုပေါင်းမှာ ၁၉၈၀ ခုနှစ်တွင် ဒေါ်လာကုဋေပေါင်း ၂၃၉၀ ရှိခဲ့ရာမှ ၁၉၈၃ ခုနှစ်တွင် ကုဋေပေါင်း ၃၄၉၀ ဖြစ်လာပြီး၊ ၁၉၈၅ ခုနှစ်တွင်မူ ကုဋေပေါင်း ၄၁၇၀ ဖြစ်လာပေသည်။ ၅ နှစ်အတွင်း ၇၂%မျှ တိုးပွါးလာခြင်းပင်။ အန်းတက်အဖွဲ့ကြီး၏ အဆိုအရ ၁၉၈၅ ခုနှစ်တွင် ဖွံ့/နိမ့် တိုင်းပြည်များအပေါ်တင်ရှိနေသော ပြည်ပကြွေးမှာ ထိုနိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှု စုစုပေါင်းတန်ဘိုး (ဂျီဒီပီ၊ ရှေ့တွင် ပ ထ တ ဟု သုံးနှုန်းသွားပါမည်) ရဲ့ ၅၀%မျှပင် ရှိလေသည်။

# ဖွံ့ / နိမ့် နိုင်ငံများ၏ အခြေပြဇယား

| နိုင်ငံအမည် တွက်ချက်ပုံ | အကျယ်အဝန်း စတုရန်းကီလိုမီတာ | လူဦးရေ သန်းပေါင်း | လွတ်လပ်ရေးရချိန် | တဦးချင်းထုတ်လုပ်မှုတန်ဘိုး အမေရိကန်ဒေါ်လာ | စစ်သားဦးရေ | စစ်သား / လူဦးရေ% |
|---|---|---|---|---|---|---|
| **အာရှတိုက်** | | | | | | |
| ၁။ ဗမာပြည် | ၆၇၆၅၈၁ | ၃၈.၁၅ | ၁၉၄၈ | ၁၉၀ / ၈၅ | ၁၈၆၀၀၀ / ၈၅ | ၀.၄၉ |
| ၂။ အာဖဂန်နစ္စတန် | ၆၅၂၃၀၀ | ၁၇.၅ | ၁၉၁၉ | | ၄၇၀၀၀ / ၈၅ | ၀.၆၉ |
| ၃။ ဘူတန် | ၄၆၆၂၀ | ၁.၂၁ | ၁၉၄၇ | ၁၆၀ / ၈၅ | ၁၀၀၀၀ | ၀.၈၃ |
| ၄။ လာအို | ၂၃၇၀၀၀ | ၃.၆ | ၁၉၅၄ | ၁၀၉ / ၇၉ | ၅၃၇၀၀ / ၈၅ | ၁.၅ |
| ၅။ မော်လ်ဒိုက် | ၂၉၈ | .၁၄၃ | ၁၉၆၈ | — | ရာအချို့ | — |
| ၆။ ဘင်္ဂလားဒက်ရှ် | ၁၄၃၉၉၈ | ၁၀၀.၆ | ၁၉၇၂ | ၁၅၀ / ၈၅ | ၉၁၃၀၀ / ၈၅ | ၀.၀၉ |
| ၇။ နီပေါ | ၁၄၅၃၀၅ | ၁၆.၅ | ၁၉၅၁ | ၁၆၀ / ၈၅ | ၂၅၀၀၀ / ၈၅ | ၀.၁၅ |
| **အာဖရိကတိုက်** | | | | | | |
| ၈။ အီသီယိုးပီးယား | ၁၂၂၁၉၀၀ | ၄၂.၃ | ၁၉၄၁ | ၁၁၀ / ၈၅ | ၂၁၇၀၀၀ / ၈၅ | ၀.၅၁ |
| ၉။ ဘင်နင် | ၁၁၂၆၂၂ | ၄.၀ | ၁၉၆၀ | ၂၆၀ / ၈၅ | ၄၅၀၀ / ၈၅ | ၀.၁၁ |
| ၁၀ ။ ဘော့စဝါနာ | ၅၇၀၀၀၀ | ၁.၁ | ၁၉၆၆ | ၃၄၀ / ၈၅ | ၃၀၀၀ / ၈၅ | ၀.၂၇ |
| ၁၁ ။ ဘူရွန်ဒီ | ၂၇၈၃၄ | ၄.၇ | ၁၉၆၂ | ၂၃၀ / ၈၅ | ၅၂၀၀ / ၈၅ | ၀.၁၁ |
| ၁၂ ။ အီကွေတာဂီနီ | ၂၈၀၅၁ | ၀.၃၄၆ | ၁၉၆၈ | — | ၂၂၀၀ | ၀.၆၄ |
| ၁၃ ။ တိုဂို | ၅၆၆၀၀ | ၃.၀ | ၁၉၆၀ | ၂၃၀ / ၈၅ | ၃၆၀၀ / ၈၅ | ၀.၁၂ |
| ၁၄ ။ ကိပ်ဗာ့ဒ် | ၄၀၃၃ | .၂၉၆ | ၁၉၇၄ | ၁၆၀ / ၇၉ | ၃၀၀၀ / | ၁.၀၁ |
| ၁၅ ။ ဂမ်ဘီယာ | ၁၀၃၆၁ | .၆၉၆ | ၁၉၆၅ | ၁၄၂ / ၈၀(စတာလင်ပေါင်) | ပုလိပ်အဖွဲ့သာရှိ | — |
| ၁၆ ။ ဂျီဘူတီ | ၂၃၀၀၀ | .၃၉၄ | ၁၉၇၇ | | ၃၀၀၀ / ၈၃ | ၀.၇၆ |
| ၁၇ ။ ဂီနီ | ၂၄၅၈၅၇ | ၆.၂ | ၁၉၅၈ | ၃၂၀ / ၈၅ | ၉၉၀၀ / ၈၅ | ၀.၁၆ |
| ၁၈ ။ ဂီနီဘစ်ဆော | ၃၆၁၂၅ | .၈၅ | ၁၉၇၄ | ၁၇၅ / ၇၉ | ၈၆၀၀ / ၈၅ | ၁.၀၁ |
| ၁၉ ။ ကော်မိုရိုးစ် | ၂၂၃၅ | ၀.၄ | ၁၉၇၅ | ၂၀၀ | ၈၀၀ | ၀.၂ |
| ၂၀ ။ လီဆိုသို | ၃၀၃၄၄ | ၁.၅ | ၁၉၆၆ | ၄၇၀ | ၁၅၀၀ | ၀.၁ |
| ၂၁ ။ ရဝမ်ဒါ | ၂၆၃၃၈ | ၆.၀ | ၁၉၆၂ | ၂၃၀ | ၅၂၁၀ | ၀.၀၉ |
| ၂၂ ။ မာလာဝီ | ၁၁၈၄၈၅ | ၇.၀ | ၁၉၆၄ | ၁၇၀ | ၅၃၀၀ | ၀.၀၈ |
| ၂၃ ။ မာလီ | ၁၂၄၀၁၅၀ | ၇.၉ | ၁၉၆၀ | ၁၅၀ | ၄၉၀၀ | ၀.၀၆ |
| ၂၄ ။ မော်ရီတေးနီးယား | ၁၀၈၅၀၀၀ | ၁.၇ | ၁၉၆၀ | ၄၂၀ | ၈၅၀၀ | ၀.၅ |
| ၂၅ ။ နိုက်ဂျား | ၁၂၆၇၆၂၇ | ၆.၄ | ၁၉၆၀ | ၂၅၀ | ၂၅၀၀ | ၀.၀၄ |
| ၂၆ ။ ဆီယာရာလီယွန် | ၇၂၃၂၆ | ၃.၇ | ၁၉၆၁ | ၃၅၀ | ၃၁၀၀ | ၀.၀၈ |
| ၂၇ ။ ဘူကီဖာနာဆို | ၂၇၄၂၀၀ | ၇.၉ | ၁၉၆၀ | ၁၅၀ | — | — |
| ၂၈ ။ ဆော်တိုမေ / ရင်းဆပ် | ၉၉၆ | ၀.၀၉၅ | ၁၉၇၅ | ၄၉၀ | ၆၀၀ | ၀.၆၃ |
| ၂၉ ။ ဆူဒန် | ၂၅၀၅၈၀၀ | ၂၁.၉ | ၁၉၅၆ | ၃၀၀ | ၇၁၀၀ | ၀.၀၃ |
| ၃၀ ။ ဆိုမာလီ | ၆၃၇၆၅၇ | ၅.၄ | ၁၉၆၀ | ၂၀၀ | ၆၂၇၀၀ | ၁.၁၆ |
| ၃၁ ။ တန်ဇန်နီးယား | ၉၃၉၇၁၉ | ၂၂.၂ | ၁၉၆၁ | ၂၉၀ | ၄၀၄၀၀ | ၀.၁၈ |
| ၃၂ ။ ယူဂန်ဒါ | ၂၃၆၀၀ | ၁၄.၇ | ၁၉၆၂ | — | ၁၈၀၀၀ | ၀.၁၂ |
| ၃၃ ။ ချာဒ် | ၁၂၈၄၀၀၀ | ၅.၀ | ၁၉၆၀ | ၈၀ | ၁၂၂၀၀ | ၀.၂၄ |
| ၃၄ ။ ဗဟိုအာဖရိက | ၆၂၃၀၀၀ | ၂.၆ | ၁၉၆၀ | ၂၆၀ | ၂၃၀၀ | ၀.၀၉ |
| ၃၅ ။ ကီရီဘာတီ | ၆၈၄ | ၀.၀၅၆ | ၁၉၇၉ | — | — | — |
| ၃၆ ။ ထူဗာလူ | ၂၅.၉ | ၀.၀၁ | ၁၉၇၈ | — | — | — |
| ၃၇ ။ ဗင်နွားတူ | ၁၁၈၀၀ | ၀.၁၁ | ၁၉၈၀ | — | ၃၅၀ | ၀.၃၂ |
| ၃၈ ။ ဆာမိုအာ | ၂၉၄၆.၈ | ၀.၁၅၈ | ၁၉၆၂ | ၀.၀၆၈ | — | — |

၁၉၇၅ ခုနှစ်တွင် ၎င်းတို့၏ ပြည်ပကြွေးရင်းနှင့် အတိုး ဆပ်ရမှုမှာ ဒေါ်လာကုဋေ ၂၃၀ ရှိပြီး ဤသည် ၎င်းတို့၏ပြည်ပပို့ကုန်မှရငွေ စုစုပေါင်း၏ ၂၅ % ဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ပဲရက်ဒီကွေးလား က ကုလသမဂ္ဂအထွေထွေညီလာခံ တခုတွင် မိန့်ခွန်းပြောရာ၌ အကြွေးများ ပြန်လည် ထိန်းညှိခြင်းသည်လည်း ဖွံ့ / နိမ့် နိုင်ငံများ၏ ကြွေး ဝန်ထုပ်ဝန်ပိုး ပြန်လည်လျှော့ချရေးအတွက် ထိရောက်မှု အနည်းငယ်သာ ရှိကြောင်း ပြောကြားသွားသည်။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော "၁၉၇၇—၇၇ ကမ္ဘာ့ကြွေးမြီဇယားများ" ဆိုသည်၌ ဖွံ့ / နိမ့် တိုင်းပြည်များ အများဆုံး စုနေသော အာဖရိကတိုက် ဆဟာရတောင်ပိုင်းဒေသနိုင်ငံများ၏ လူတဦးချင်းဝင်ငွေမှာ ၁၉၇၀ခုနှစ်များအတွင်း ၂၅% ပင် ကျဆင်းသွားသည်ဟု ဆိုထားသည်။

ကမ္ဘာ့ဈေးကွက်တွင် ဤအဆင်းရဲဆုံးနိုင်ငံများက တင်ပို့သော ကုန်စည်များဈေးနှုန်း ကျဆင်းခြင်းနှင့် ၎င်းတို့ကတင်သွင်းယူရသော စက်မှုထွက်ကုန်များ ဈေးတက်ခြင်း၏ဒဏ်ကို အဆိုပါနိုင်ငံများ အလူးအလဲ ခံနေကြရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ယခုနောက်ပိုင်းတွင်မူ ဥရောပနိုင်ငံကြီးများနှင့် ဂျပန်နိုင်ငံတို့၏ငွေကြေးများ တန်ဘိုးမြင့်တက်မှုကြောင့် ဖွံ့ / နိမ့်ဆင့်နိုင်ငံများအဖို့ ထိုနိုင်ငံများနှင့် ကုန်သွယ်ရာတွင်လည်း မညီမျှမှု ဆိုးဆိုးရွားရွားကြုံတွေ့နေကြရပြန်လေသည်။

ပြီးခဲ့သည့် ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ဒုတိယအပါတ်ထဲတွင် ယူနီဒိုခေါ် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေး အဖွဲ့အစည်းကြီး၏ ဒုတိယအကြိမ်မြောက် အထွေထွေ ကွန်ဖရင့်ကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ တက်ရောက်သော နိုင်ငံများက ဖွံ့ / နိမ့် တိုင်းပြည်များ ယနေ့ကြုံတွေ့နေရသော ဆိုးရွားသည့် စီးပွါးရေး အခြေအနေများအကြောင်းအလေးထား ပြောကြားသွားကြသည်။

ယူနီဒို၏ ဒါရိုက်တာချုပ်ဖြစ်သူ ဒိုမင်ဂိုဆီယာဇ့်က ဖွံ့ / နိမ့် နိုင်ငံ အရေအတွက်မှာမပြတ်တိုးများလာနေပြီး လွန်ခဲ့သည့် ၃ နှစ်က ၃၆ နိုင်ငံရှိခဲ့ရာမှ ယခုအခါတွင်နိုင်ငံပေါင်း ၄၀ ဖြစ်လာသည်။ နောက်နှစ်ဆိုလျှင် ၄၃ နိုင်ငံဖြစ်တော့မည်ဟု ပြောကြားသွားသည်။ သူပြောသော နောက်နှစ်မှာ တိုးလာမည့် ၃ နိုင်ငံဆိုသည်တွင် ဗမာနိုင်ငံလည်းပါဝင်သည်။ အထက်တွင် ဆိုခဲ့သော ၁၉၇၁ ခုနှစ်ကွန်ဖရင့်ကာလက အာဖရိကတိုက်ရှိ ဖွံ့ / နိမ့် နိုင်ငံဦးရေမှာ ၂၁ ခုသာရှိပြီး ၁၉၇၇ ခုနှစ် ဧပြီလတွင် ၂၇ နိုင်ငံဖြစ်လာသည်။

အဆိုပါအဖွဲ့အစည်းမှ ပြုစုထားသော စာရင်းများ အရဆိုလျှင် ဖွံ့ / နိမ့် နိုင်ငံများ၏နှစ်စဉ်လူဦးရေတိုးတက်မှုနှုန်းမှာ ၁၉၇၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များအတွင်း ၂.၆% ခန့်ရှိခဲ့သည်။ သို့သော် နှစ်စဉ် ပထတ တိုးတက်မှုနှုန်းမှာမူ ၁၉၇၀ ခုနှစ်များအတွင်း ၃%ရှိခဲ့ပြီး ၁၉၇၀ ခုနှစ်များအတွင်း ၂%နှင့် ၃%အကြားသို့ ကျဆင်းသွားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ထိုနိုင်ငံများတွင် နေထိုင်မှုအဆင့်အတန်းကျဆင်းပြီး လူမှုရေးပြဿနာများ ပိုမိုများပြားလာနေခြင်းနှင့် ကြုံတွေ့နေရသည်။

ကုလသမဂ္ဂက ထုတ်ပြန်သော စာရင်းဇယားများ အရဆိုလျှင် ဖွံ့ / နိမ့် နိုင်ငံများ၏ လူတဦးချင်း ပထတမှာ ၁၉၇၀ ခုနှစ်များအတွင်း ကျဆင်း လာခဲ့ပြီး ၁၉၇၅ ခုနှစ်၌ ဒေါ်လာ ၂၀၀ ပိုပိုလေးသာရှိတော့သည်။ ထို့ကြောင့် ဘောဂဗေဒပညာရှင်အများစုကြီးက ယင်းနိုင်ငံများ၏ ၁၉၈၀ ခုနှစ်များအတွင်းလူတဦးချင်း ပထတမှာ ၁၉၇၀ ခုနှစ်လောက်မှ ရှိပါ့မလား ဆိုသည်ကို သံသယဖြစ်နေကြသည်။

ယူနီဒို အဖွဲ့ကြီး၏ အဆိုအရ အဆိုပါနိုင်ငံများကြုံတွေ့နေရသောအရေးပါသည့် ပြဿနာများတွင် ပြည်ပမှအရင်းအနှီးရရှိမှု နည်းပါးနေခြင်းလည်း ပါသည်ဟုသိရသည်။ တနည်းဆိုရလျှင် ဤနိုင်ငံများ၏ရှေ့အလားအလာ မရေရာမှုကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုစိတ် နည်းပါးနေခြင်းပင်ဖြစ်သည်။

ယူနီဒိုအဖွဲ့မှ ပုဂ္ဂိုလ်များက ဖွံ့ / နိမ့် နိုင်ငံများ၏ စက်မှုတပ်ဆင်မှုရှေ့အလားအလာမှာ မှုံမှုံမှိုင်းမှိုင်း သာဖြစ်မြဲဖြစ်နေပြီး ပြည်တွင်းပြည်ပအရ လေးနက်အရေးပါသည့်ခြေလှမ်းများ လှမ်းဖို့လိုအပ်သည်ဟု ပြောပြကြသည်။ ဤနိုင်ငံများ၏ ပထတ တွင်လယ်ယာထွက်ကုန်ပစ္စည်း၏တန်းဘိုးမှာ သုံးပုံနှစ်ပုံခန့် ပါဝင်နေပြီး ရာသီဥတုပါအဝင် ကပ်ဘေးဒဏ် အမျိုးမျိုးကိုလည်း မတွန်းလှန်နိုင်ဘဲ ဖြစ်နေရသည်ဟု ကမ္ဘာ့ အာဘော်ပိုင်းများက ထောက်ပြကြသည်။

ယူနီဒိုအဖွဲ့၏အဆိုအရမူ ဖွံ့ / နိမ့် နိုင်ငံများယခုကဲ့သို့ပြဿနာဖြစ်နေရခြင်း၏ အဓိကအကြောင်းရင်းများမှာအရင်းအမြစ်နည်းပါးမှု နှင့် တည်နေရာချောင်ကျမှု တို့အပြင်လူဦးရေအမြန်အဆန်တိုးပွါးလာမှု ( ဗမာနိုင်ငံတွင် လူဦးရေကန့်သတ်ရန် ယနေ့အထိမည်သည့် စီမံကိန်းမျှမရှိသေးချေ)၊ ကုန်သွယ်ရေးမညီမျှမှု (စစ်အစိုးရသက်တမ်းတလျှောက်လုံး ကုန်သွယ်ရေးပို့ငွေပြဘူးသည်မှာ ၅ နှစ်

နှစ်ခန့်သာရှိသည် )၊ရင်းနှီးမြှုတ်နှံမှု နှုန်းနိမ့်ကျမှု ( ဗမာပြည်မှာလည်း ဤပြဿနာရှိကြောင်းစစ်အစိုးရကအကြိမ်ကြိမ်ဝန်ခံပြီးဖြစ်သည် )၊လယ်ယာကဏ္ဍကျဆင်းမှုနှင့်စက်မှုကဏ္ဍပျက်ပြားမှု ( ပြီးခဲ့သည့် ဖေဖော်ရီလ ၁၀ ရက်နေ့ ဦးစိန်လွင်၏မိန့်ခွန်းတွင်လည်း ဗမာပြည်ရှိ အလားတူ အခြေအနေမျိုးကြားသိရသည် ) ဖြစ်သည်။

၁၉၈၇ ခုနှစ် ဧပြီလ ဒုတိယပါတ်အတွင်းတွင် အီသီယိုပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့တွင် အာဖရိကတိုက် ဖွံ့ / နိမ့် နိုင်ငံများမှကျွမ်းကျင်သူများ၏ ၆ ကြိမ်မြောက် အစည်းအဝေးကိုကျင်းပခဲ့သည်။ ယင်းအစည်းအဝေး ပြီးသည့်နောက် ထိုမြို့၌ပင် အာဖရိကတိုက် ဖွံ့ / နိမ့် နိုင်ငံများမှဝန်ကြီးများ၏ ၇ ကြိမ်မြောက် ကွန်ဖရင့်ကို ဆက်လက်ကျင်းပခဲ့သည်။

ကျွမ်းကျင်သူများ၏ အစည်းအဝေးတွင် ဖွံ့ / နိမ့် နိုင်ငံများကို ငွေကြေးအားဖြင့် ဒုနှင့်ဒေးနှင့် ပေးကြရန်နှင့် တရားဝင်ဖွံ့ဖြိုးရေး အကူအညီများ တိုးမြှင့်ပေးကြရန်ကူညီထောက်ပံ့သူ အလှူရှင်နိုင်ငံများကို မေတ္တာရပ်ခံလိုက်သည်။

သုံးရက်ကြာ ကျင်းပသော ဝန်ကြီးများ ကွန်ဖရင့်တွင်မူ ကုလသမဂ္ဂ၏ "အာဖရိကတိုက် စီးပွါးရေး နလံထူမှုနှင့်ဖွံ့ဖြိုးရေးအစီအစဉ် (၁၉၈၆—၁၉၉၀) " အားအကောင်အထည်ဖော်မှု အခြေအနေကို သုံးသပ် ဆွေးနွေးကြသည်။အဆိုပါအစီအစဉ်နှင့်အညီ ထိုငါးနှစ် အတွင်း ဒေါ်လာကုဋေ ၂၈၈၀ ဘိုးရင်းနှီးမြှုပ်နှံဖို့ ဆိုလျှင် အာဖရိကထိုက် ဖွံ့ / နိမ့် နိုင်ငံများ အနေဖြင့် ဒေါ်လာကုဋေ ၁၂၃၀ မျှလိုမည်ဟုအီးစီအေခေါ် အာဖရိကတိုက် စီးပါးရေးကော်မရှင်၏ အတွင်းရေးမှူး အဒီဗြိုအဒီဒီဂျီ က ကွန်ဖရင့်တွင်ပြောပြသွားသည်။

အိုအေယူခေါ် အာဖရိကတိုက်ညီညွတ်ရေးအဖွဲ့ အစည်းကြီး၏ အထွေထွေအတွင်းရေးမှူး အူမာရိုး ကမူအာဖရိကတိုက် ဖွံ့ / နိမ့် နိုင်ငံများအနေဖြင့် အသက်ရှင်ရပ်တည်လိုလျှင် အချင်းချင်းသွေးစည်းကြရမည်ဟု အဆိုပါ အစည်းအဝေးတွင် ပြောကြားသွားသည်။

အထက်ဖော်ပြပါ အခြေအနေများကြောင့် ပြီးခဲ့သည့်ဒီဇင်ဘာလ အတွင်းက ကျင်းပပြုလုပ်ခဲ့သောကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် ၁၉၉၀ ခုနှစ်၊စက်တင်ဘာလ၌ ဖွံ့ / နိမ့် နိုင်ငံများအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂမှကြီးမှူးသော ကွန်ဖရင့်တရပ်ခေါ် ဆိုကျင်းပရန်တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ ထိုကွန်ဖရင့်တွင် ၁၉၈၀ ခုနှစ်များအတွင်း ဖွံ့ / နိမ့် နိုင်ငံများ၏အခြေအနေကိုဆွေးနွေးကြမည်ဟု သိရပေသည်။

အထက်တွင်ဆိုခဲ့သည့်အချက်အလက်များကိုကြည့်ခြင်းအားဖြင့် တိုင်းပြည်တပြည်အားဖွံ့ / နိမ့် သတ်မှတ်ပေးလိုက်ခြင်းကြောင့်—

(က) ယင်းနိုင်ငံ၏ အခြေခံ စီးပွါးရေး စနစ်လက္ခဏာကိုရော လူတန်းစားပါဝင်ဖွဲ့စည်းမှု ပုံစံနှင့် အချိုးအစားကိုပါ ပြောင်းလဲပစ်နိုင်ခြင်း မရှိ။

(ခ) မိမိတို့အပေါ် တင်ရှိနေသော ပြည်ပကြွေးမြီများနှင့် ပတ်သက်ပြီး ထိန်းညှိခြင်း၊ ကုန်သွယ်ရေးမညီမျှမှုသက်သာစေရန် အခွန်အကောက် အချို့လျှော့ချပေးခြင်း စသည်များရှိသော်လည်း အဆိုပါ ဝဋ်များကမကင်းလွတ်နိုင်။

(ဂ) ပြည်တွင်းစီးပွါးရေးကို အခြေခံကျကျ မြှင့်တင်ပေးနိုင်သည့် ဖွံ့ / နိမ့်နိုင်ငံဟူ၍ တနိုင်ငံမျှမရှိသေးဟူသော အချက်များတွေ့ရပေသည်။

ထို့ပြင်—

(က) စီးပွါးရေး နလံထူရေးအတွက် ချမ်းသာသည့် နိုင်ငံကြီးများ၏ ပေးကမ်းမှုကိုသာ မျှော်ကိုးနေရသည်။ ဤရေစီးကြောင်းကို ရှေ့တွင်လည်း လွယ်လွယ်နှင့် မြန်မြန် ပြောင်းပစ်နိုင်ဘွယ်မရှိ။

(ခ) ပြည်ပကြွေး ဝန်ထုပ်ဝန်ပိုးများ ပိမြဲ ပိနေသည်။ ရှေ့တွင်လည်း ဆက်လက်ချေးငှားနေရဦးမည်။

(ဂ) အရင်းမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ နည်းပညာ စသည့် ကဏ္ဍများတွင်လည်း နိုင်ငံကြီးများသနားမှ ချမ်းသာရာရမည့်ကိန်း ဆိုက်မြဲ ဆိုက်နေရသည်။

(ဃ) ငွေကြေးကဏ္ဍအနေဖြင့် ပြောရလျှင် နိုင်ငံတကာ ငွေကြေးဈေးကွက်၌ လှုပ်ရှားမှုမှန်သမျှ၏ ဒဏ်များကို ခံနေရသည် ဆိုသည့် အချက်များကိုလည်း အထင်အရှား တွေ့ရပေသည်။

## ဗမာပြည်ဘယ်လိုလဲ

ဗမာပြည်တွင်စစ်အုပ်စုကနေ မဆလ လမ်းစဉ်ကြီးကိုအကောင်အထည်ဖော်ရင်း တိုင်းပြည်၏ စီးပွါးရေးမှာတစတစကျဆင်းလာပြီး သူတို့အာဏာသက် ၂၅ နှစ်ခန့်ရှိသောအခါ၌ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများစာရင်းပေးသွင်းလျှောက်ထားရတော့သည်။ စစ်အစိုးရက ဤခြေလှမ်းကို လှမ်းခြင်းနှင့် ၁၉၈၇ ခုနှစ်၊ဩဂုတ်လ ၁၀ ရက်နေ့တွင် ဦးနေဝင်း က "အပြောင်းအလဲ" လုပ်ဖို့ လိုအပ်ပြီဟုမိန့်ခွန်းပြောလာခြင်းတို့မှာ သာမန် တိုက်ဆိုင်မှုမဟုတ်ပေ။နယ်ချဲ့ အရင်းရှင် နိုင်ငံကြီးများ၏ ဖိအား

ပေးနှုအောက်တွင် ကြိုတင်ညှိနှိုင်းထားသော အစီအစဉ် တခုတည်းအောက်မှ ပေါ်ထွက်လာသော ခြေလှမ်းများ သာဖြစ်လေသည်။

ဤသို့သောခြေလှမ်းမျိုးကို စစ်အစိုးရအယင် အထက်တွင် ဖော်ပြခဲ့သော နိုင်ငံပေါင်း ၄၀ တို့လှမ်းဘူးခဲ့ ကြလေပြီ။သူတို့၏ အခြေအနေနှင့် ကံကြမ္မာကိုလည်းအလွယ်တကူပင် မြင်နေကြရသည်။ ယခုသူတို့နှင့် တလှေထဲ စီးတခရီးထဲသွားရန် ဆုံးဖြတ်ခဲ့သော မဆလ စစ်အစိုးရသည် ဤကံကြမ္မာမျိုးကို ရှောင်ကွင်း နိုင်ပါမည်လော ဗမာပြည်သို ကြွယ်ဝသော နိုင်ငံတနိုင်ငံကို အမွဲဆုံး အဆင့်သို့ ပို့ပေးခဲ့သော အစိုးရတရပ်သည် ကျန် နိုင်ငံ ၄၀ ထက် ပိုမိုစွမ်းဆောင်နိုင်ပါမည်လော။ အထူးသဖြင့်ဗမာပြည်၏ ခေတ်သစ်သမိုင်းကြောင်းကို သိသူများအဖို့ စစ်အစိုးရ လုပ်ခဲ့သော စီးပွါးရေး အပြောင်းအလဲအမျိုးမျိုး ကိုကြုံဘူးထားသဖြင့် ဗမာပြည်၏ရှေ့ရေးကိုရင်လေးမိကြမည်သာဖြစ်ပေသည်။

ဗမာပြည်၏ အခြေအနေ ဤမျှဆိုးရွားလာခြင်းမှာ သာမာန်အကြောင်းရင်းများကြောင့် မဟုတ်ဘဲ ဖောက်ပြန်သောအစိုးရ အဆက်ဆက်၊ အထူးသဖြင့် အကောက်ကျစ် အဆိုးဝါးဆုံးဖြစ်သော မဆလ တပါတီ အာဏာရှင် စစ်အစိုးရ၏ ဖောက်ပြန်သော လမ်းစဉ် ပေါ်လစီများ ကြောင့်သာလျှင်ဖြစ်ပေသည်။ “လွတ်လပ်ရေး” ရပြီး သည့်နောက် လွန်ခဲ့သည့် အနှစ် ၄၀ အတွင်း ဗမာပြည်ရှိ အမျိုးသားပေါင်းစုံ ပြည်သူလူထုကြီး တရပ်လုံးအား ဖိနှိပ်သွေးစုပ်နေသော နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်၊ ဗျူရိုကရက်အရင်းရှင် စနစ်တို့ တည်ရှိပြန့်ပွါးနေခြင်း ကြောင့်ပင်ဖြစ်ပေသည်။

ဤအရင်းခံ အကြောင်းရင်းဇစ်မြစ်များကို ထိပါးခြင်းအလျှင်းမရှိဘဲ ဖွံ့/နိမ့် ကိုလက်ခဲ့ပြီး နယ်ချဲ့ နိုင်ငံပေါင်းစုံအပေါ် ပိုမိုမှီခိုသည့် နည်းနာသည်၎င်း၊ ကုန်သွယ်ရေးပေါ်လစီအချို့ အပြောင်းအလဲလုပ်သည့် နည်းနာသည်၎င်း တကယ်တမ်း ထိရောက်မှုမရှိနိုင်သည့် “အပြောင်းအလဲ”အတုအယောင်များသာလျှင်ဖြစ်ပေသည်။ စစ်အစိုးရသည် “အပြောင်းအလဲ”ဟူသော စကား ကို သုံးနေသော်ငြားလည်း ၎င်းတို့တွင်တကယ်တမ်းပြောင်းလဲလိုစိတ်လည်းမရှိ၊ ပြောင်းလဲနိုင်စွမ်းလည်း မရှိသည်မှာ တနေ့တခြားသိသာထင်ရှားနေပေသည်။

တိုင်းပြည်တပြည်လုံး ကြပ်တည်းမှုကပ်ဆိုက်နေခြင်း ကိုတကယ်တမ်း ကယ်တင်ရန်မှာ အရင်းခံ ပြဿနာများကိုဖြေရှင်းနိုင်စွမ်းရှိမရှိ ဆိုသည့်အပေါ်တွင် တည်ပေသည်။

လောလောဆယ်အခြေအနေတွင်မူ ပြည်သူတရပ်လုံး ဒုက္ခပင်လယ်ဝေနေသည်ကို ချက်ခြင်း တားဆီးနိုင်ရန်အတွက် လက်ရှိမဆလ တပါတီအာဏာရှင် စစ်အစိုးရကို၎င်း၊ ၎င်းအားကျောထောက်နောက်ခံပြုပေးနေသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို၎င်း ဖျက်သိမ်းပစ်ရပေမည်။၎င်းတို့နေရာတွင် မဆလ တပါတီ အာဏာရှင်စနစ်ကိုနည်းနာမျိုးစုံဖြင့်ဆန့်ကျင်နေကြသော အင်အားစုများနှင့် ပြည်ချစ်ပုဂ္ဂိုလ်များကို ကိုယ်စားပြုသည့် ယာယီအစိုးရ တရပ်နှင့် ယင်းအစိုးရက ရေးဆွဲသောဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တရပ်တို့ဖြင့် အစားထိုးရပေမည်။

ဤသို့သော ယာယီအစိုးရသည် ယနေ့ပြည်သူလူထုကြီးတရပ်လုံးက လိုလားတောင့်တနေသော ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားများသွေးစည်းညီညွတ်ရေး၊ အမျိုးသားစီးပွါးရေး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြား ဆက်ဆံရေးတွင် အမှီအခို ကင်းသော ကြားနေရေးပေါ်လစီကျင့်သုံးရေး ဟူသောအခြေခံလုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ခြင်းဖြင့်သာလျှင် တိုင်းပြည်အား ကယ်တင်နိုင်သည့်အပြောင်းအလဲလုပ်ခြင်း၏ အစပြုချက်တရပ်ကို စတင်လုပ်ဆောင်ခြင်းဖြစ်သင့်သည်ဟု ထင်မြင်ယူဆမိပေသည်။

# စစ်အစိုးရရဲ့ အပြောင်းအလဲတရပ်

၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့၌ မဆလ ပါတီဥက္ကဋ္ဌ ဦးနေဝင်း က ရန်ကုန်မြို့တွင် ကျင်းပသော "ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ နိုင်ငံတော်ကောင်စီ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပါတီအဖွဲ့အစည်းများ ညှိနှိုင်း ဆွေးနွေးပွဲ" တွင် အဖွင့်မိန့်ခွန်းတရပ် ပြောကြားခဲ့သည်။ ယင်းအစည်းအဝေးကို သူ့မိန့်ခွန်းတနေရာ၌ "အထူးအစည်းဝေး" ဟု ခေါ်ဝေါ် သုံးစွဲခဲ့သည်။ စစ်အစိုးရသက်တမ်းတလျှောက်တွင် တခါမျှ မရှိဘူးသေးသောအစည်းအဝေးမျိုးပင်ဖြစ်သည်။ ဦးနေဝင်း၏မိန့်ခွန်းတွင် ထူးထူးခြားခြား သတိပြုမိလိုက်ကြသည့်အချက်မှာ "အပြောင်းအလဲများ" လုပ်မည်ဟူသောကိစ္စပင်ဖြစ်သည်။

တဖန် အထက်ဖော်ပြပါ အစည်းအဝေး၏ အဆက်ဖြစ်သော ဩဂုတ်လ ၂၂ ရက်နေ့ အစည်းအဝေးတွင်လည်း ဦးနေဝင်းကမိန့်ခွန်းထပ်ပြောခဲ့ပြန်သည်။ ယင်းမိန့်ခွန်းကို အပြင်သို့မထုတ်ပြန်ခဲ့ချေ။ ၎င်းမိန့်ခွန်းတွင် ဦးနေဝင်းက သူ့လူများကို အတော်ကြိမ်းမောင်းခဲ့သည်ဟူ၍သာ သတင်းထွက်လာခဲ့သည်။

စက်တင်ဘာလ ၁ ရက်နေ့တွင် "ပြည်ထောင်စုဆိုရှယ်လစ် သမတ မြန်မာနိုင်ငံတော်၊ ဝန်ကြီးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၆/၇၇" ဆိုသည်ကို ထုတ်ပြန်ကျေညာခဲ့သည်။ ယင်းကြော်ငြာစာ၏ **အနှစ်သာရမှာ** (က) "ကုန်သွယ်ရေး ဝန်ကြီးဌာနက ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၀) နှင့် (၁၁) တို့အရ ကန့်သတ် ထားသော စပါး၊ ပြောင်းဖူးစေ့၊ မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲစင်းငုံ၊ ပဲယင်းတို့ကို ကန့်သတ်သီးနှံအဖြစ်မှ ပယ်ဖျက်လိုက်" ကြောင်း။ (ခ) "စီမံကိန်းသီးနှံအလိုက် စိုက်မျိုး ထုတ်လုပ်သူ တောင်သူ လယ်သမားများသည် မြေခွန်ကို ငွေကြေးဖြင့် မဟုတ်ဘဲ စီမံကိန်း သီးနှံများအလိုက် သတ်မှတ်ထားသည့် နှုန်းထားများဖြင့် ပေးဆောင်ရမည်။" (ဂ) "စီမံကိန်းသီးနှံမဟုတ်သောသီးနှံ စိုက်ပျိုးသည့် တောင်သူ လယ်သမားများသည် မြေခွန်ကို စီမံကိန်း သီးနှံများဖြင့် ပေးရမည်။" ဟူ၍ ဖြစ်၏။

စက်တင်ဘာလ ၅ ရက်နေ့တွင်မူ နိုင်ငံတော်ကောင်စီဆိုသည်က "ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁) ၁၉၇၇" ဆိုသည်ကိုထုတ်ပြန်ပြီး ၂၅ ကျပ်၊ ၃၅ ကျပ်နှင့် ၇၅ ကျပ်တန် ငွေစက္ကူများကို တရားမဝင်တော့ကြောင်း ကျေညာခဲ့သည်။

ထို့နောက် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၉/၇၇ ဆိုသည်ကို ထုတ်ပြန်ပြီး မြေခွန်ကို သီးနှံဖြင့် ပေးဆပ်ရမည့် နှုန်းများကို ဇယားများဖြင့် ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသော မဆလ ဗဟိုကော်မတီ သတ္တမ အကြိမ် အစည်းအဝေး နိဂုံးချုပ် မိန့်ခွန်းအဖြစ် ဦးနေဝင်းက မိန့်ခွန်းတခု ထပ်ပြောခဲ့ပြန်သည်။ တလခွဲမျှ ကာလအတွင်း တတိယ အကြိမ်ဖြစ်သည်။ တိုင်းပြည်သို့ ထုတ်ပြန်ကျေညာခဲ့သည့် ယင်းမိန့်ခွန်းတွင် သူတို့ခွင့်ပြုချက်အရ လုပ်ကိုင်ကြမည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား သတိပေးခြိမ်းခြောက်ထားကာ ထိုတလော ဆောင်ရွက်ခဲ့သော ခြေလှမ်းများနှင့်ပတ်သက်ပြီး "ရေတိုလုပ်ငန်းကတော့ ကျနော်တို့စခဲ့ပြီးပါပြီ" ဟုပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၉ ရက်နေ့၌ ဝန်ကြီးအဖွဲ့ အမိန့်ကြော်ငြာစာ ၁၀/၇၇ ဆိုသည်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမှာ လက်ကား ရောင်းဝယ်သည့် ပုဂ္ဂလိက လုပ်ငန်းရှင် များအား အခွန်ပေးဆောင် ရေးနှင့်ပတ်သက်သည်။ အနှစ်သာရမှာ အစိုးရထံတွင် လက်ကား မှတ်ပုံတင်ပြီး ကင်းလွတ်သီးနှံများကို ကြိတ်ခွဲ၊ မှမ်းမံ၊ ရောင်းဝယ်သိုလှောင်၊ လွှဲပြောင်းရာတို့တွင် အခွန်များကို သတ်မှတ်သည့် သီးနှံနှင့်ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ပေးဆောင်ရမည်။ ဆန်စပါးဝယ်ယူ ရောင်းချရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ဝယ်ယူသော ပမာဏ၏ ၁၀%နှင့်ညီမျှသော စပါးနှင့်ဆန်ကို အခွန်အဖြစ် ပေးဆောင်ရမည် စသည်တို့ဖြစ်သည်။

၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်မူ စစ်အစိုးရ၏ "မြန်မာ့အသံ" က ဆန်စပါး ပြင်ပတင်ပို့မှု

ကို သမဝါယမများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့် ပြုမည်ဖြစ်ကြောင်း မထင်မရှား အသံလွှင့် သတင်းပေးသွားသည်။

မဆလ စစ်အစိုးရ၏" အပြောင်းအလဲ" ဆိုသည့် ခြေလှမ်းများထဲတွင် အထက် ဖော်ပြပါတို့ အထဲမှ ဝန်ကြီးအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၆/၇၇၊ ၉/၇၇၊ ၁၀/၇၇ တို့မှာ စစ်အစိုးရ၏ မြေယာပေါ်လစီဆိုင်ရာတွင်ငှင်း၊ သီးနှံကုန်သွယ်မှု ဆိုင်ရာတွင်ငှင်း၊ ၎င်းတို့၏ အနှစ်သာရကို သိရှိနားလည် နိုင်ရန်အတွက် အရေးပါသည်ဟု ထင်မြင်မိပေသည်။

သို့ဖြစ်၍ ယင်းကြော်ငြာစာများ၏ အကျိုးသက်ရောက်မှုများနှင့် စစ်အစိုးရက ပြုလုပ်မည့် "အပြောင်းအလဲများ" မည်သို့ ဆက်သွယ်မှု ရှိသည်ကို စစ်ဆေးစောကြော သင့်လှပေသည်။

ရှေးဦးစွာ အဓိကသီးနှံဖြစ်သည့် စပါးသီးနှံအတွက် ယခု ပေါ်ပေါက်လာသည့် ကြေငြာချက်များ၊ အမိန့်ကြော်ငြာစာများအရ စစ်အစိုးရက လူသုထံမှ ကောက်ခံမည့်မြေခွန်၊ ဆည်မြောင်းတာတမံခွန်၊ လက္ကားခွန်တို့ကို ခန့်မှန်းတွက်ချက် ဖော်ပြသွားပါမည်။ ကိန်းဂဏန်းအများစုကို စစ်အစိုးရက တရားဝင် ထုတ်ပြန် ထားသည့် စာအုပ်စာတမ်းများ၊ အစီရင်ခံစာများမှ ရယူပါသည်။

စပါးစိုက်ကေကို ၁၉၇၃—၇၄ ဘဏ္ဍာ နှစ်မှ ၁၉၇၆—၇၇ ဘဏ္ဍာနှစ်(ရည်မှန်းချက်)အထိ စစ်အစိုးရ ထုတ်ပြန်ကြေငြာ ထားသည့်အတိုင်း ပူးတွဲပါဇယား ၁ တွင် ဖော်ပြထားပါသည်။ ထို့ကြောင့် စပါးစိုက်ကေကို နောက်ဆုံး ကိန်းဂဏန်းဖြစ်သော ၁၉၇၆—၇၇ ကိန်းဂဏန်းအတိုင်း ၁၂.၀၁ ကေသန်း ဟုယူဆပြီး တွက်ချက် ဖော်ပြသွားပါမည်။

၁၉၇၇ ခုနှစ် စက်တင်ဘာလ ၃၀ ရက်စွဲပါ ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၉/၇၇၊ နောက်ဆက်တွဲဇယား၊ ဇယား ၁ အရ တိုင်းနှင့်ပြည်နယ် အလိုက် သတ်မှတ်ဖော်ပြထားပါသည်။ ထိုဇယားအရ မိုးရေဖြင့် စိုက်ပျိုးသော လယ်များအတွက် စိုက်ပျိုးသော ကေ အနည်းအများအလိုက် တ ကေ ပေးဆောင်ရမည့် နှုန်းကို အနိမ့်ဆုံး ၂ တင်းမှ အများဆုံး ၄ တင်းအထိ ပေးဆောင်ရမည်ဟု ဖော်ပြထားပါသည်။ ၁၉၇၃—၇၄ ၌ ထိုတိုင်းနှင့်ပြည်နယ် ၆ ခု ( ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ရခိုင်၊ တနင်္သာရီ )တို့၏ စပါးအထွက်မှာ တပြည်လုံးအထွက်၏ ၇၆.၄၆ ရာခိုင်နှုန်းရှိပါသည်။ စိုက်ကေအရလည်း တပြည်လုံး စပါးစိုက်ကေ၏ ၆၇.၂၆ ရာခိုင်နှုန်းရှိပါသည်။ ၁၉၇၃—၇၄ ရွှေပြေးအမှန် စာရင်းအရ ၅ ကေမှ ၁၀ ကေအထိ လုပ်ကိုင်သော လယ်သမား မိသားစု အိမ်ထောင်ဦးစီး ဦးရေမှာ တပြည်လုံး၏ ၂၄.၅၁ ရာခိုင်နှုန်းရှိပြီး၊ ကေ ရာခိုင်နှုန်းမှာ တပြည်လုံး စပါးစိုက်ကေ ၏ ၃၁.၂၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ ထို့ကြောင့် စပါးစိုက် ကေများအနက် အများစုမှာ မိုးရေဖြင့်စိုက်သော လယ်မြေများသာဖြစ်ခြင်း၊ ပြည်နယ်နှင့်တိုင်းအလိုက်လည်း ထိုတိုင်းနှင့် ပြည်နယ် ၆ ခုတို့မှာ စိုက်ကေ အချိုးအစားအရ အများဆုံးဖြစ်ခြင်းနှင့် လုပ်ကွက်အရလည်း ၄.၅ ကေမှ ၁၀ ကေအထိ လုပ်ကိုင်သူ လယ်သမားအိမ်ထောင်များမှာ အများစု ဖြစ်သည် ဟု ခန့်မှန်းယူဆ၍ စပါးစိုက်ကေ အားလုံးအတွက် (ဆည်ရေသောက်၊ တောင်ယာ လှေခါးထစ်စိုက် ကို မချန်လှပ်ဘဲ) ပျမ်းမျှ တကေ ၃ တင်းနှုန်းဖြင့် တွက်ချက်လျှင် မြေခွန်အဖြစ် စပါးတင်းသန်းပေါင်း ၃၆.၀၃ သန်းကို ရရှိသွားမည် ဖြစ်ပါသည်။ ထိုပမာဏမှာ **ပျမ်းမျှနှစ်စဉ် စပါးအထွက်ကို တင်းသန်းပေါင်း ၆၇၀ ဟု** ထားရှိလျှင် ရာခိုင်နှုန်းအားဖြင့် အထွက်၏ ၅.၃ %ဖြစ်ပါသည်။ နှစ်စဉ် အထွက်များကို အထက်ပါဇယားတွင် ဖော်ပြထားပါသည်။ တဖန် ထိုပမာဏမှာ နှစ်စဉ် စစ်အစိုးရ အမှန်ဝယ်ယူရရှိသော ပျမ်းမျှပမာဏ၏ ၂၀.၀၂ % ဖြစ်ပါသည်။ (**နှစ်စဉ်အမှန် ဝယ်ယူရရှိသော ပျမ်းမျှပမာဏကို** ၁၉၇၇—၇၈ ဘဏ္ဍာနှစ်မှ ၁၉၇၃—၇၄ ထိ ဘဏ္ဍာနှစ် ၇ နှစ်စာ ကိန်းဂဏန်းများမှ အခြေပြုတွက်ချက်၍ **တင်းသန်း ၁၈၀** ဟု ယူဆတွက်ချက်ပါသည်။)

မြေခွန်စနစ် နှင့်ပတ်သက်၍ လယ်လုပ်သူ၏ ဝင်ငွေအပေါ် အခြေမခံခြင်း၊ မြေယာပိုင်ဆိုင်မှု၊ အငှားလုပ်ကိုင်မှု၊ လယ်ယာ လုပ်သား၏ခနှ၊ လုပ်သားအင်အား၊ လူမှုရေး လိုအပ်ချက်များအပေါ် အခြေမခံခြင်း ဈေးနှုန်းအတက်အကျ သီးနှံထွက်ရှိမှု ထုတ်လုပ်မှုစရိတ် ပြောင်းလဲမှု စသည်တို့ကို အခြေမခံခြင်း၊ တသမတ်တည်းများပြားနေခြင်း တို့အတွက် ယခင်ကိုလိုနီခေတ် ကတဲကပင် အင်္ဂလိပ်အစိုးရ အရာရှိကြီးများနှင့် ဘဏ်လုပ်ငန်းရှင် အချို့တို့က ပြစ်တင် ထောက်ပြမှုများ ရှိခဲ့ဘူးပါသည်။ ဤသည်နှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ ဘဏ်လုပ်ငန်းရှင် တဦးဖြစ်သူ လောရင့်စ်ဒေါ်ဆင် ဆိုသူက ဒုတိယကမ္ဘာစစ်အပြီးတွင် ရေးသောသူ၏မှတ်တမ်း တစောင်တွင် ဗြိတိသျှအင်ပါယာ ထဲ၌ ဝင်ငွေအပေါ် မူမတည်ဘဲ တသမတ်တည်း ကောက်ခံ

# ဇယား(၁)

## စပါး

### မြေခွန်နှင့် လက္ကားရောင်းဝယ်ခွန်များမှ ရရှိမည့် စပါးခန့်မှန်းချက်နှင့် တန်ဘိုးခန့်မှန်းချက်

| စဉ် | ခုနှစ် | စိုက်ဧက | အောင်ဧက | အထွက်တန်ရှည်ထောင် | မြေခွန် | ဆည်မြောင်းခွန် | တာတမံခွန် | လက္ကားဈေးကွက်ခန့်မှန်းချက် | လက္ကားခွန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | (သန်း) | (သန်း) | (တင်းသိန်း) | (တင်းသန်း) | (တင်းသန်း) | (တင်းသန်း) | (တင်းသန်း) | (တင်းသန်း) | (တင်းသန်း) |
| ၁။ | ၇၃—၇၄ (ရွှေပြေးအမှန်) | ၁၁.၉၄ | ၁၁.၅၁၃ | ၁၄၀၆၂ (၆၇၄၇) | | | | | | |
| ၂။ | ၇၄—၇၅ (ယာယီ) | ၁၂.၁၄ | ၁၁.၅၄၅ | ၁၄၃၅၇ (၆၉၉၁) | | | | | | |
| ၃။ | ၇၅—၇၆ | မသိ | မသိ | ၁၄၁၅၃ (၆၇၉၂) | | | | | | |
| ၄။ | ၇၆—၇၇ (ရည်မှန်းချက်) | ၁၂.၀၁ | မသိ | ၁၄၁၁၄ (၆၇၇၃) | ၃၆.၀၃ | ၇.၁၆ | ၉.၀၉ | ၃၄၀ | ၃၄ | ၇၇.၂၇ |
| | | | | | | | | တန်ဘိုး—ကျပ်သန်းပေါင်း | | ၁၆၅၇.၃၂ |

**မှတ်ချက်များ**

၁။ မြေခွန်ကိုပျမ်းမျှတဧကာတင်းနှုန်းထား၍စိုက်ဧကပေါ်မူတည်တွက်ချက်ပါသည်။

၂။ ဆည်မြောင်းခွန်ကို၇၄—၇၅စာရင်းအရဆည်ရေသောက်ဧက၂.၇၂သန်းဟုယူဆပြီးတဧကပျမ်းမျှ၃တင်းနှုန်းဖြင့်တွက်ချက်ပါသည်။

၃။ တာတမံခွန်ကို ၇၄—၇၅စာရင်း ၃.၀၃ ဧကသန်းပေါ်မူတည်၍တဧကပျမ်းမျှ၃တင်းနှုန်းဟုဆည်မြောင်းခွန်အတိုင်းတွက်ချက်သည်။

၄။ လက္ကားဈေးကွက်၇၆—၇၇ စာရင်းများအရလယ်သမားအသုံးလိုအပ်ချက်နှုတ်ပြီးလက်ကျန်ကိုအထွက်၏ ၅၄%ဟုထားတွက်သည်။၎င်းမှ လယ်သမားကိုယ်တိုင်ရောင်း (ကင်းလွတ်ခွင့်ရ)ကို၄%ထားတွက်လျှင် အထွက်၏ ၅၀%အသားတင်ဈေးကွက်ရောက်မည်ဟုခန့်မှန်းတွက်ချက်သည်။

၅။ လက္ကားခွန်ကိုလက္ကားကုန်သည်မှ စားသုံးသူသို့တဆင့်တည်းဖြင့်ရောက်ရှိသည်ဟုယူဆကာတကြိမ်သာအခွန်ကျသင့်သည်ဟုခန့်မှန်းတွက်ချက်သည်။သတ်မှတ်နှုန်းထား အရဝယ်ယူသောပမာဏ (ဈေးကွက်ရောက်ပမာဏ ) ၏ ၁၀% ဖြစ်သည်။

၆။ တန်ဘိုး။တန်ဘိုးတွက်ချက်ရာတွင်လက်ရှိပေါက်ဈေးညှိမထတပြီ ၃ကျပ် / ၅ဝါးပေါ်မူတည်တွက်ချက်ပါသည်။ဆန်အထွက်နှုန်းသတ်မှတ်ချက်စပါးတင်း၁၀၀လျှင်ဆန်၃၅တင်းနှုန်းဖြစ်ပါသည်။ထို့ကြောင့်စပါးတတင်းလျှင် ၁၉.၆၀ ကျပ်ကျသင့်ပြီးစက်ကြိတ်ခနှင့်အခြားအထွေထွေစရိတ်စကများနှုတ်လျှင်၁၉ကျပ်ဟုယူဆတွက်ချက်ပါသည်။

၇။ အခြားသီးနှံများ(ကြုံ၊ငှက်ပျော)တို့လယ်ယာမြေတွင်စိုက်ပျိုးခြင်းအကွက်စပါးဖြင့်ပေးဆောင်ရမည့်မြေခွန်ကိုချန်လှပ်ထားသည်။

## ဇယား(၃)

### မြေပဲ၊နှမ်း၊ဝါ၊ပဲမျိုးစုံ

### မြေခွန်နှင့်လက္ကားခွန်မှရရှိမည့်အခွန်ခန့်မှန်းချက်နှင့်တန်ဘိုးခန့်မှန်းချက်

| စဉ် | အမျိုးအမည် | ခုနှစ် | စိုက်ကေ (သန်း) | ခန့်မှန်း အောင်ကေ (သန်း) | အထွက် (တင်းသန်း) | အထွက် (တန်ရှည်ထောင်ပေါင်း) | ခန့်မှန်း မြေခွန် (တင်းသန်း) တကေ ၅တင်းနှုန်း | ခန့်မှန်း လက္ကားခွန် (တင်းသန်း) အထွက်၏၂% | စုစုပေါင်း အခွန် (တင်းသန်း) | ပြည်တွင်း ဝယ်ဈေး (တတင်း၊ကျပ်) | ပြည်တွင်း ဈေးသင့်ငွေ (ကျပ်သန်း) | ပြည်ပဈေး ဒေါ်လာ တန်ရှည်တတန် (တတင်းနှုန်း) | ပြည် သ ဒေါ် (သ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | မတ်ပဲ | ၈၃—၈၄ | ၀.၂၃ | ၀.၂၀ | ၂.၃၆၄ | ၇၆ | ၀.၁၁၅ | ၀.၀၄၇၂၈ | ၀.၁၆၂၂၈ | ၅၀ | ၈.၁၁၄ | ၄၇၄.၀၆ (၁၅.၂၄) | ၂. |
| ၂။ | ပဲတီစိမ်း | ၈၃—၈၄ | ၀.၁၂ | ၀.၀၉ | ၀.၆၅၃ | ၂၀ | ၀.၀၆ | ၀.၀၁၃၀၆ | ၀.၀၇၃၀၆ | ၄၀ | ၂.၉၂၂၄ | ၂၉၃.၂၆ (၉.၄၃) | ၀. |
| ၃။ | ပဲစင်းငုံ | ၈၃—၈၄ | ၀.၁၆ | ၀.၀၃၈ | ၁.၁၅၀ | ၃၇ | ၀.၀၈ | ၀.၀၂၃၀၂ | ၀.၁၀၃၀၂ | ၃၅ | ၃.၆၀၅၇ | ၄၅၂.၄၉ (၁၄.၅၄) | ၁. |
| ၄။ | ကုလားပဲ | ၈၃—၈၄ | ၀.၅၄ | မသိ | ၅.၃၂ | ၁၇၀ | ၀.၂၇ | ၀.၁၀၆၄ | ၀.၃၇၆၄ | မသိ | | တင်ပို့ခြင်းမရှိ | |
| ၅။ | မြေပဲ | ၈၃—၈၄ | ၁.၃၉ | ၁.၂၉၄ | ၁၆.၂၇၀ | ၅၂၃ | ၀.၆၉၅ | ၀.၃၂၅၄၂ | ၁.၀၂၀၄၂ | မသိ | - | တင်ပို့ခြင်းမရှိ | |
| ၆။ | ဝါ | ၈၃—၈၄ | ၀.၅၆ | မသိ | | ၁၀၂ (၆၃.၄၇ပိဿာသန်း) | ၀.၈၄ (ပိဿာသန်း) တကော ၅ပိဿာနှုန်း | နှုန်းထားမကြေငြာ | ၀.၈၄ | ၆ (တပိဿာ) | ၅.၀၄ | | |
| ၇။ | နှမ်း | ၈၃—၈၄ | ၃.၃၀ | ၁.၉၀၂ | ၇.၁၀၅ | ၂၈၈.၃၇၅ | ၀.၈၂၇၅ တကေ ၂၅တင်းနှုန်း | ၀.၁၄၂၀ | ၀.၉၆၉၆ | မသိ | | | |

မှတ်ချက်

၁။ ပဲမျိုးစုံလက္ကားဈေးကွက်သို့ရောက်ရှိမှုကိုအထွက်၏၄၀%ဟုခန့်မှန်းတွက်ချက်သည်။ထို့ကြောင့်လက္ကားခွန်မှာဝယ်ယူသောပမာဏ၏၅%ဖြစ်၍အထွက်၏၂%ဖြစ်မည်။

၂။ နှမ်းမှာတတင်းလျှင်၇၂ပေါင်ဟုတွက်ချက်သည်။

၃။ ထောပတ်ပဲ၊စွန်တာနီပြာမပါ၊ကျန်ပဲမျိုးစုံကိုတတင်းလျှင်၇၂ပေါင်ဖြင့်တွက်ချက်သည်။

၄။ ဈေးနှုန်းများမှာဥင်း၏တရားဝင်ထုတ်ပြန်ကြေငြာချက်များအရအစိုးရဈေးနှုန်းများဖြစ်ပါသည်။ကာလပေါက်ဈေးများမဟုတ်ပါ။

၅။ မြေပဲကိုမိုးမြေပဲအဖြစ်သာတကေလျှင် ၀.၅ တင်းနှုန်းဖြင့်တွက်ချက်ထားပါသည်။

၆။ ဝါဝယ်ဈေးကိုမလိုင် ၅ / ၆ ဝါအကြမ်ပိဿာ ၁၀၀ လျှင် ၆၀၀ကျပ်ဈေးဖြင့်တွက်ချက်ပါသည်။

လုပ်ခ၊ အလေအလွင့် စသော အသုံးစပါးများ နှုတ်ပြီး လက်ကျန်မှာ အထွက်၏ ၅၄ % ဟု ခန့်မှန်းပါသည်။

၂။ ၎င်းပိုလျှံစပါး အနက်မှ လယ်သမားက ၎င်း ကိုယ်တိုင် ထုတ်လုပ်သည့် သီးနှံရောင်းဝယ်ခြင်း အတွက် မှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုထားသည်။ ၁၉၊၁၀၊၈၇ နေ့စွဲပါ ဝန်ကြီးအဖွဲ့ အမိန့် ကြော်ငြာစာ အမှတ် ၁၁/၈၇ " ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် စည်းမျဉ်းများ ပြင်ဆင်ခြင်း " အပိုဒ် ၄ ချွင်း ချက်အရ ၎င်းပမာဏကို အထွက်၏ ၄ % ဟုယူဆပါ သည်။

၃။ အထက်အပိုဒ် ၂ ပါ ချွင်းချက်ကို နှုတ်၍ **ကျန်အထွက်၏ ၅၀ % သည် ဈေးကွက်သို့ အားလုံး ရောက်ရှိပြီး** ၁၉၊၁၀၊၈၇ နေ့စွဲပါ ဝန်ကြီးအဖွဲ့အမိန့်ကြော် ငြာစာအမှတ် ၁၀/၈၇ နှင့် အကျုံးဝင်သည်။

၄။ အထက်အပိုဒ် ၃ ပါ အမိန့်ကြော်ငြာစာအရ စပါးအတိုင်းရောင်းဝယ်ခြင်း၊ စပါးမှဆန်အဖြစ် ကြိတ်ခွဲ ပြီး ရောင်းဝယ်ခြင်း စသည်တို့ကို ခွဲခြားတွက်ချက်ခြင်း မပြုဘဲ အားလုံးကို စပါးအတိုင်းသာ ရောင်းဝယ်ပြီး စ ပါးကိုသာ အခွန်အဖြစ်ရရှိသည်။

၅။ ထုတ်လုပ်သူမှ စားသုံးသူအကြား လက္ကား

ထို့ကြောင့် အထက်တွင် တင်ပြခဲ့သော မြေခွန်၊ ဆည်မြောင်းတာတမံခွန်၊ လက္ကားခွန် တို့၏ စုစုပေါင်း ပမာဏမှာ စပါးတင်းသန်းပေါင်း ၈၇.၂၈ ဖြစ်၍ ၎င်းမှာ တပြည်လုံးအထွက်၏ ၁၂.၈၄ % ဖြစ်ပြီး၊ နှစ်စဉ်ပျမ်းမျှ အမှန်တကယ် ဝယ်ယူရရှိသော အရေအတွက်၏ ၄၈.၄၉ % ဖြစ်ပါသည်။

အထက်ပါ အခွန်များအနက်မှ လက္ကားခွန်မှအပ ကျန်အခွန်များမှာ ကိန်းသေသပိတ်ဝင်အိတ်ဝင် ရရှိမည့် အခွန်များ ဖြစ်ပါသည်။ လယ်ယာကို စိုက်ပျိုးသည်ဖြစ် စေ၊ မစိုက်ပျိုးသည်ဖြစ်စေ၊ အောင်သည်ဖြစ်စေ၊ ဖျင်း သည်ဖြစ်စေ ရရှိမည့်အခွန်များ ဖြစ်ပါသည်။ အဆိုပါ အခွန်များကို အထက်မြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် အက်ဥပဒေများအရ အခွန်ပေးဆောင် ခြင်းမပြုလျှင် မြေခွန်မပြေ ကျန်ငွေကောက်ခံခြင်းနည်း လမ်းများအရ လယ်များအားဝါရမ်းကပ် သိမ်းယူခြင်း၊ လေလံတင် ရောင်းချခြင်း မြေယာမှ နှင်ထုတ်ခြင်း ခံ ကြရမည်ဖြစ်ပါသည်။

အဆိုပါအခွန် ၃ ရပ်၏ ယခင်နှုန်းထား များနှင့် ယခုနှုန်းထားများ ကွာခြားချက်ကို အောက်ပါဇယား တွင် တင်ပြပါသည်။

ဇယား (၂)

| စဉ် | အခွန်အမျိုးအစား | ယခင်နှုန်းထား (ကျပ်) | ယခုနှုန်းထား (စပါးတင်း) | ယခုနှုန်းထား (ကျပ်) | ကွာခြားမှု (ကျပ်) | % အားဖြင့် |
|---|---|---|---|---|---|---|
| ၁။ | မြေခွန် | ၅ | ၃ | ၅၇ | +၅၂ | +၁၀၄၀ (အဆ ၁၀.၄ ဆ) |
| ၂။ | ဆည်မြောင်းခွန် | ၁၀ | ၃ | ၅၇ | +၄၇ | +၄၇၀ (အဆ ၄.၇ ဆ) |
| ၃။ | တာဘမ်ခွန် | ၁၀ | ၃ | ၅၇ | +၄၇ | +၄၇၀ (အဆ ၄.၇ ဆ) |

ရောင်းဝယ်မှု တကြိမ်တည်းသာ ဖြစ်မြောက်ခဲ့သည်။ အဆင့်ဆင့် ရောင်းဝယ်ခြင်းမရှိ။ ထို့ကြောင့် လက္ကားခွန် ကို တကြိမ်တည်းသာ ရရှိခဲ့သည်။

အထက်ပါ ယူဆချက်များအရ တွက်ချက်လျှင် **လက္ကားဈေးကွက်ရောက် ပမာဏမှာ စပါးတင်း သန်း ပေါင်း ၃၄၀** ဖြစ်၍ လက္ကားခွန်မှာ ၎င်း၏ ၁၀ % ဖြစ် သော စပါးတင်း သန်းပေါင်း ၃၄ ဖြစ်မည်။ ၎င်းမှာ **တပြည်လုံးအထွက် ( တင်း ၆၈၀ သန်း )** ၏ ၅.၀ % ဖြစ်ပြီး၊ နှစ်စဉ် ပျမ်းမျှ အမှန် ဝယ်ယူရရှိ ပမာဏ (တင်းသန်း ၁၈၀ ) ၏ ၁၈.၈၉ % ဖြစ်ပါသည်။

စစ်အစိုးရကမူ ယခုသီးနှံဖြင့် သတ်မှတ်ထား သော အခွန်နှုန်းထားများမှာ လယ်သမားများ မနစ် နာရအောင် သေချာစွာတွက်ချက် သတ်မှတ်ထားခြင်း ဖြစ်သည်ဟု အစည်းအဝေးများတွင် အခွင့်သာတိုင်း ပြောဆိုနေလေ့ ရှိပါသေးသည်။

၎င်းပမာဏမှာ စစ်အစိုးရ၏ နှစ်စဉ်ပြည်ပပို့ရန် လျာထားသတ်မှတ်ချက် ဆန်တန် ၁.၀၀၃ သန်း (စပါး တင်း ၈၀.၀၂၅ သန်း)နှင့် ကြေးစားတပ်နှင့် စီမံကိန်း လုပ်ငန်းများအတွက် လျာထားချက် စပါးတင်း ၉.၈၅ သန်း၊ နှစ်ရပ်ပေါင်း၏ စပါးတင်း ၉၀.၁ သန်း၏

၉၆.၇၇ % ရှိပါသည်။ စစ်အစိုးရ၏ ပြည်ပအမှန်တကယ်တင်ပို့နိုင်မှုမှာ ၎င်းထုတ်ပြန်သော စာရင်းဇယားများ၊ လွှတ်တော်တွင် ပြောကြားချက်များအရ တန်ချိန် ၆ သိန်း အောက်တွင်သာ ရှိနေသဖြင့် ပြည်ပပို့ခြင်း၊ ကြေးစားတပ် ကျွေးမွေးခြင်းတို့အတွက် လုံလောက်ရုံမက ပိုလျှံနေသည်ဟုပင် ဆိုနိုင်ပါသည်။

ကြေးစားတပ် အတွက် ထောက်ပံ့မှု အနေနှင့် ပြောရလျှင်လည်း စပါးပြတ်လပ်ချိန်၊ သယ်ယူပို့ဆောင်ရေး ခက်ခဲချိန်တို့၌ စစ်အစိုးရသည် သူ့ရှေ့တန်းတပ်များကို မထောက်ပံ့တော့ဘဲ လူထုထံမှ လုယူစားသောက်ရန် ညွှန်ကြားလေ့ရှိသည်ကိုလည်း သတိပြုအပ်သည်။ ထို့ကြောင့်လည်း စစ်အစိုးရသည် ၁၉၇၇ ခုနှစ်အကုန်ပိုင်းတွင် နှစ်စဉ်ကျေညာလေ့ရှိသကဲ့သို့ တောင်သူလယ်သမားများထံမှ စပါးဝယ်ယူမည့် နှုန်းထားများ မကျေညာတော့ချေ။

**မှတ်ချက်။**

( စပါးအခွန် နှုန်းထားများ၏ သင့်ငွေကို တွက်ချက်ရာတွင် လက်ရှိ ပေါက်ဈေး ညှိမထ ဆန်တပြီလျှင် ၃ကျပ်၅၀ပြားနှုန်းပေါ် မူတည်တွက်ချက်ပါသည်။ ဆန်အထွက်နှုန်း သတ်မှတ်ချက်မှာ စပါးတင်း၁၀၀လျှင် ဆန် ၃၅ တင်းနှုန်းဖြစ်ပါသည်။ ထို့ကြောင့် စပါးတတင်းလျှင် ၁၉.၆၀ ကျပ်ကျသင့်ပြီး စက်ကြိတ်ခနှင့် အခြားအထွေထွေ စရိတ်စကများနှုတ်ပြီး စပါးတတင်းလျှင် ၁၉ ကျပ်နှုန်းဖြင့် တွက်ချက်ပါသည်။)

အထက်ပါဇယား ၂ ပါကိန်းသေရရှိ မည့်အခွန် ၃ မျိုး၏ စုစုပေါင်းပမာဏမှာ စပါးတင်း သန်းပေါင်း ၅၂.၃၈ ဖြစ်၍ ၎င်းပမာဏမှာ တပြည်လုံးအထွက် (တင်းသန်း ၆၇၀) ၏ ၇.၈၄ % ဖြစ်ပြီး၊ ပျမ်းမျှနှစ်စဉ် ဝယ်ယူရရှိသော ပမာဏ (တင်းသန်း ၁၈၀)၏ ၂၉.၁ %ဖြစ်ပါသည်။ ငွေတန်ဘိုးအားဖြင့် တွက်ချက်လျှင် လက်ရှိပေါက်ဈေး (တတင်း ၁၉ ကျပ်နှုန်း) အရ ကျပ်သန်းပေါင်း ၉၉၅.၂၂ ရှိမည်ဖြစ်ပြီး၊ ယခင်အစိုးရဝယ်ဈေး (တတင်း ၉.၅၀ ကျပ်နှုန်း)အရ ကျပ်သန်းပေါင်း ၄၉၇.၆၁ ရှိပါသည်။

လက္ကားခွန်ပါ ထည့်သွင်းတွက် ချက်လျှင် ရရှိမည့် အခွန်ပမာဏမှာ စပါးတင်း သန်းပေါင်း ၈၇.၂၈ (တပြည်လုံးစပါးထွက်၏ ၁၂.၈ %) ရှိ၍ တန်ဘိုးအားဖြင့် ကာလပေါက်ဈေးအရ ကျပ်သန်းပေါင်း ၁၆၅၈.၃၂ ရှိမည်ဖြစ်ပါသည်။

ဤတန်ဘိုးပမာဏမှာ လက်ရှိစနစ်သစ်များ၊ အမိန့်ကြော်ငြာစာများအရ စစ်အစိုးရက တိုက်ရိုက်ရရှိမည့် အခွန်အခများသာရှိပါသေးသည်။ စစ်အစိုးရဗျူရိုကရက် ယန္တရား ကြိုးနီစနစ်ကြောင့် လူထုက ထပ်မံကုန်ကျရမည့် မှတ်ပုံတင်ခ၊ ဘဏ်စရိတ်၊ စာရင်းစစ်ဆေးခ၊ အထွေထွေဝန်ဆောင်စရိတ်များ မပါရှိသေးပါ။ ထို့ပြင် ဤအခွန်များ၌ လယ်ယာမြေပေါ်တွင်အခြားသီးနှံများ(ငှက်ပျော၊ ကြံစသည်) တို့ စိုက်ပျိုးခြင်း အတွက် စပါးဖြင့်ပေးရမည့် အခွန်များလည်း ပါဝင်ခြင်းမရှိသေး ပါ။

ထို့ပြင် အရေးကြီးစက်မှုကုန်ကြမ်း သီးနှံတရပ်ဖြစ်သော ဂုံလျှော်မှရရှိမည့် ဂုံလျှော်ပမာဏမှာလည်း မနည်းလှပါ။

**ပဲမျိုးစုံ**

ပဲမျိုးစုံစိုက်ပျိုးခြင်းအတွက် လူထုထံမှ စစ်အစိုးရရရှိမည့် အခွန်သီးနှံပမာဏကို ဇယား ၃ တွင် တင်ပြပါသည်။ ဤဇယားတွင် ဆည်မြောင်းခွန်နှင့် တာတမံခွန်တို့ကို စပါးသီးနှံ၌ တပြည်လုံးအတွက် စပါးဖြင့်ပေးချေသည်ဟု ယူဆတွက်ချက် ခဲ့သည့်အတွက် ယခုထပ်မံဖော်ပြခြင်း မပြုတော့ပါ။

အဆိုပါဇယားအရ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ၃ မျိုးအတွက် အခွန်သီးနှံများ ပြည်တွင်းအစိုးရဝယ်ဈေးဖြင့် သင့်ငွေမှာ ကျပ်သန်းပေါင်း ၁၄.၆၄၂၁ ဖြစ်ပြီး ပြည်ပရောင်းဈေးဖြင့် သင့်ငွေမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄.၆၆၂ ဖြစ်ပါသည်။

၎င်းထဲမှ အထက်ပါပဲ ၃ မျိုးအတွက် ကိန်းသေရရှိမည့် လက္ကားခွန်မပါ မြေခွန်သက်သက်အတွက် ပြည်တွင်းဝယ်ဈေးဖြင့် သင့်ငွေမှာ ကျပ်သန်းပေါင်း ၁၀.၉၅ ဖြစ်ပြီး ပြည်ပရောင်းဈေး ဖြင့်တွက်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃.၄၇၁၆ ရှိပါမည်။

ဝါအတွက်မှာမူ ဝါကြီး၊ ဝါကလေး၊ ချည်မျှင်ရှည်၊ ပလိုင် ၅/၆ တို့အတွက် ဈေးနှုန်းအနိမ့်ဆုံးပိဿာ ၁၀၀ လျှင် ၄၀၀ ကျပ်မှ အမြင့်ဆုံး ၇၆၀ ကျပ်ထိရှိသည့်အနက် ယခုမြေခွန်ဝါကို ပလိုင် ၅/၆ ဝါဈေးနှုန်းပိဿာ ၁၀၀ လျှင် ကျပ် ၆၀၀ ဈေးဖြင့် တွက်ချက်ဖော်ပြထားပါသည်။ ပဲ ၃ မျိုးနှင့်အတူ ဝါကိုပါထည့်တွက်လျှင် ပြည်တွင်း အစိုးရဝယ်ဈေးဖြင့် မြေခွန်သက်သက်အတွက် စစ်အစိုးရ ရရှိမည့်ငွေမှာ ကျပ်သန်းပေါင်း ၁၉.၆၇၂၀ ရှိပါမည်။

အခြား

ယခင်တင်ပြခဲ့သည်မှာ စပါး၊ ပဲမျိုးစုံ မြေပဲ နှမ်းနှင့် ဝါတို့အတွက်သာ ဖြစ်ပါသေးသည်။ ဤဥပဒေများနှင့်ပင် အကြိုးဝင်သော စက်မှုကုန်ကြမ်းဟု ဆိုသည့်ကြံနှင့် လယ်ယာမြေတွင်စိုက်ပျိုးသည့် ငှက်ပျော၊ ကြံစသည်တို့နှင့် ပတ်သက်၍ရင်း၊ အခြားဥယာဉ်ခြံမြေ လုပ်ငန်းများမှ အခွန်အဖြစ်ရရှိမည့်စပါး၊ ကြံစသည်တို့၏ပမာဏနှင့် တန်ဘိုးများကိုရင်း ထည့်သွင်းမထား သေးပါ။ စစ်အစိုးရ၏ ဤအကြိမ်သွေးစုပ်မှု အဝန်းအဝိုင်းသည် ကျယ်ပြန့်လှပါသည်။ ဂုံလျှော်ဆိုလျှင် လုံးဝလွှတ်မပေးဘဲ ချုပ်ကိုင်မြဲ ချုပ်ကိုင်ထားပါသည်။

အထက်၌လက္ကားခွန်ကို တွက်ချက်ရာတွင်လည်း ထုတ်လုပ်သူနှင့် စားသုံးသူအကြား၊ ရောင်းဝယ်မှု တဆင့်ထဲ၊ လက္ကားခွန်တကြိမ်ထဲသာ ရှိသည်ဟူသော ယူဆချက်ဖြင့် အနိမ့်ဆုံး သတ်မှတ်တွက်ချက်ခဲ့ခြင်း ဖြစ်ပါသည်။ လက်တွေ့တွင်မူ သည့်ထက် ပိုစရာသာ ရှိပါသည်။

ကုန်သည်ပွဲစား များအပေါ်မှ ကောက်ယူမည့် လက္ကားခွန်ဆိုသည်မှာလည်း သေချာစဉ်းစားကြည့်လျှင် ဗမာပြည်မှာသာမက အနိုင်နိုင်ငံမှာ လက်ရှိတည့်ရှိနေသောဝင်ငွေခွန် (အမြတ်ခွန်) ရောင်းဝယ်ခွန်တို့ထက် အဆပေါင်းများစွာ ပိုပါသည်။

စစ်အစိုးရ၏ လက်ရှိ ပြုပြင် ပြောင်းလဲရေး စနစ်သစ်၏ ပထမ ခြေလှမ်းများ လှမ်းနေစဉ် ကာလ၌ပင် လူထု၏ ဆန့်ကျင့်အုံကြွမှုများ၊ အနိုင်ကျင့် ခံရမှုများ ပေါ်ပေါက်နေပါသည်။ ကယားပြည်နယ်အတွင်း မြေခွန်ကို အစိုးရသတ်မှတ်သည်ထက် ရင်းတို့ခန့်ထားသော ကျေးလက် အာဏာပိုင်များက ပိုမိုကောက်ခံနေကြောင်း သတင်းများ ရရှိနေပါသည်။ ပဲခူးတိုင်း၊ ဖဒိုတွင်လည်း လယ်သမားများက မြေခွန် စပါးများကို ပေးသွင်းခြင်းမပြုဘဲ ဆန့်ကျင်မှုများ ကြုံတွေ့ခနရပါသည်။ ဤအလားအလာ များကိုကြည့်လျှင် လယ်ယာကဏ္ဍမှာ ရှေ့အဘို့ ပြဿနာများ ပိုမိုကြီးထွားလာမည်မှာ သေချာသလောက် ဖြစ်နေပါသည်။

ယခုတင်ပြခဲ့သော အချက်များကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရ၏ "အပြောင်းအလဲ" ဆိုသည်ကို အတော်ကြီး ရှင်းရှင်းလင်းလင်း မြင်နိုင်ပေပြီ။ သူတို့လုပ်သော အပြောင်းအလဲသည် ...

(က) လောလော ဆယ်ဆယ် ဆန်စပါးရရှိရေးအတွက် အကြီးအကျယ် အခက်အခဲ တွေ့နေရခြင်းမှ ယာယီထွက်ပေါက်ရရန်၊ တနည်းအားဖြင့် သူတို့စားသုံးဖို့နဲ့ နိုင်ငံခြားရောင်းစားဖို့ စပါးရရှိရေးအတွက် အာမခံချက်ရှိရန် နည်းနာသဏ္ဌာန်ပြောင်းရန်၍ ဖန်တီးခြင်းဖြစ်သည်။

( ခ ) လူထုစားသုံးမှု အတွက်ကိုတော့ လုံးဝတာဝန် မယူဘဲပြည်သူအချင်းချင်း ရန်တိုက်ပေးသည့် နည်းဖြင့် ပေလာယျက် ပြုထားလိုက်သည်။

( ဂ ) သူတို့အထွက် စပါးရရှိရန်စီမံချက်တွင် ကိုလိုနီခေတ် အရာရှိအချို့ပင် မနှစ်မြို့သော အခွန်ကောက်ခံနည်းများ တို့ပြင် ကိုလိုနီခေတ်ကထက် ဆိုးသော အခွန်နှုန်းများဖြင့် လယ်သမားလူထုထဲမှ လုယူရန်လုံးဝမ်းလာသည်။

(ဃ) ဤဆောင်းပါးတွင် လယ်သမားများထံမှ သဏ္ဌာန် အမျိုးမျိုးဖြင့် ဝမ်းစာပါမကျန် စပါး အတင်းလုဝယ်ခြင်းများ မပါရှိသေးပေ။

( င ) အနှစ်သာရအရ ပြောရလျှင် မဆလ စစ်အစိုးရ၏ မြေယာစနစ် အောက်တွင် အစိုးရက မြေယာကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ပြီး လယ်သမားများအား ထုတ်လုပ်ခွင့်ပြုသည့် အခြေအနေအောက်တွင် လယ်သမားများထံမှ သွေးစုတ်လုယူသော အစွန်းထွက်တန်ဖိုးကို ဖော်ပြသည့် သဏ္ဌာန်သည် ရိုးရိုးသဏ္ဌာန်အနေနှင့် ဖော်ပြခြင်းမဟုတ်ဘဲ ရောယှက်နေသည့်သဏ္ဌာန်၊ ဖုံးကွယ်ထားသည့် သဏ္ဌာန်အနေနှင့် ဖော်ပြပေသည်။ သီးခြားခ သဏ္ဌာန်သည် အခွန်၊ အတိုး၊ ကုန်သွယ်ရေးအမြတ်များဖြင့် ပူးပေါင်းထားသည့် သဏ္ဌာန်အနေနှင့် ဖော်ပြနေကြောင်း သတိပြုသင့်ပေသည်။ သို့ဖြစ်၍ သဏ္ဌာန် အပြောင်းအလဲ မည်သို့ပင် ရှိသည်ဖြစ်စေ၊ လယ်သမားများအား သွေးစုပ်သည့် အနှစ်သာရမှာ ပြောင်းလဲခြင်း မရှိဘဲ၊ ပဒေသရာဇ် လက္ခဏာ ပါဝင်မြဲပါဝင်လျက်ရှိသဖြင့် ပိုမိုရက်စက် ကောက်ကျစ်ပြီး ပိုမိုဆိုးရွား လာနေသည်ကို မြင်တွေ့ နေရပေသည်။

( စ ) ဤအခြေခံပေါ်တွင် စစ်အစိုးရနှင့် လယ်သမားထုအကြား ပဋိပက္ခများမှာ မည်သို့မျှရှောင်လွှဲနိုင်မည်မဟုတ်ဘဲ၊ တနည်းမဟုတ် တနည်းဖြင့် ပိုမိုအုံကြွ ပေါက်ကွဲလာဘွယ်ရာသာ ရှိပေသည်။

# အမှားပြင်ဆင်ချက်

| နှာအမည် | ဆောင်းပါးအမည် | နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|---|
| အချုပ်ပို | တင်ပြချက် | ၂ | ၇—၈ | ကရင်၊ကချင် | ကရင်အမျိုးသား ကချင်အမျိုးသား |
| 〃 | 〃 | ၃ | ၃၁ | စေ၀ိကား | စော်ကား |
| 〃 | 〃 | ၄ | ဆုံး | ၁၉၄၉ | ၁၃၄၉ |
| 〃 | မိန့်ခွန်း | ၁ | ၂၀ | နေ၀င်နဲ့သရဲ | နေ၀င်းနဲ့သူ့ရဲ့ |
| 〃 | 〃 | ၃ | ၁ | ည် | ရည် |
| 〃 | 〃 | 〃 | ၁၁ | ယရေစီ | ကရေစီ |
| 〃 | 〃 | 〃 | ၂၀ | ဇင်တွန်း—ဇွန်းတင် | ဇပ်တွန်း—ဇွန်းတပ် |
| 〃 | 〃 | ၄ | ၃၈ | စားရင်း | စာရင်း |

| စာမျက်နှာ | ကော်လံ | စာပိုဒ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|---|
| ဃ | ၁ | ခ | ၂ | ပုဂ္ဂုလ | ပုဂ္ဂလ |
| ၄ | ၁ | ၁ | ၁၁ | သမိုင်းတင်တ | သမိုင်းတင်တဲ့ |
| ၈ | ၁ | ၃ | ၁၂ | သသ်ပစ်တယ် | သတ်ပစ်တယ် |
| ၉ | ၁ | ၁ | ၄ | ဘိန်းစိုက်လိ | ဘိန်းစိုက်လို့ |
| ၁၁ | ၂ | ၃ | ၄ | ချွေးကြွး | ချွေးကြေး |
| ၁၂ | ၂ | ၃ | ၁၃ | လွှလ်မြောက် | လွှတ်မြောက် |
| ၁၄ | ၁ | ၂ | ၂၇ | အမှန်ကပညာပေးလျှင် | အမှန်ကပညာမပေးလျှင် |
| ၁၆ | ၂ | ၂ | ၁၁ | ကင်းခေတ်ကာလ | ယင်းခေတ်ကာလ |
| ၁၇ | ၂ | ၃ | ၃ | အလံကိုင်ဆောင်ခြင်း | အလံကိုကိုင်ဆောင်ခြင်း |
| ၂၁ ဇယား | ၂ | | | အရေိကန် ၃၀၀ | အမေရိကန် ၃၀၀၉ |
| ၃၃ | ၂ | ၂ | ၁၅ | အသုံးခွင့် | အသုံးပြုခွင့် |
| ၃၉ | ၂ | ၁ | ၉ | ဖြစ်တက် | ဖြစ်တယ် |
| ၄၃ | ၁ | ၃ | ၇ | နစစ် | စနစ် |
| ၄၄ | ၂ | ၂ | ၅ | ၁၈၇၉ | ၁၈၈၆ |
| ၄၅ | ၁ | ၁ | ၁၉ | ဗုဒ္ဒ | ဗုဒ္ဓ |
| ၄၅ | ၂ | ၁ | ၄ | ပြည်လုံး | တပြည်လုံး |
| ၄၆ | ၁ | ၃ | ၁ | ၁၆၂၉ | ၁၉၂၆ |
| ၄၇ | ၂ | ၃ | ၇ | နှစ်ပါတီ | နစ်ပါတီ |
| ၄၉ | ၁ | ၃ | ၁ | ကာမ | ကာမူ |
| ၅၀ | ၁ | ၃ | ၁၂ | တပ်တော် | တပ်မတော် |
| ၅၅ | ၂ | ၁ | ၅ | လူဗာလု | ထူဗာလူ |
| ၅၅ | ၂ | ၁ | ၁၂ | ရဝမ်ဒါဆော် | ရဝမ်ဒါ |
| ဇယား | ၁ | | ၁ | နိုင်ငံ | နိုင်ငံ |
| 〃 | ၁ | | ၂၇ | ဘူကီဖာနာဆို | ဘူကီနာဖာဆို |
| 〃 | ၁ | | ၂၈ | ဆော်တိုမေ / ရင်းဆပ် | ဆော်တိုမေနှင့်ပရင်းဆစ် |
| 〃 | ၁ | | ၃၆ | ထူတလူ | ထူဗာလူ |
| ၅၉ | ၁ | ၄ | ၂ | လက်ခဲ့ | လက်ခံ |
| ၆၀ | ၂ | ၅ | ၄ | ဆောင်ရေး | ဆောင်စေရေး |
| ၆၂ | ၂ | ၃ | ၂ | ၁၆၈၅ | ၁၉၈၅ |
| ၆၂ | ၂ | ၃ | ၈ | ပမာဏ | ပမာဏ၏ |
| ၆၃ | ၂ | ၅ | ၅ | နှစ်ရပ်ပေါင်း၏ | နှစ်ရပ်ပေါင်း |
| ၆၄ | ၂ | ၆ | ၂ | ပလှိုင် | မလှိုင် |
| ၆၅ | ၂ | ၁ | ၅ | ပြောင်းရန်၍ | ပြောင်း၍ |

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


၁။ လက်နက်ကိုင်တော်လှန်ရေးအနှစ် ၄၁ မြောက်နေ့တွင်ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုင်းပြည်သို့တင်ပြချက် ....အချပ်ပို

၂။ အနှစ် ၄၀ မြောက် လက်နက်ကိုင်တော်လှန်ရေးနေ့တွင် ပြောကြားသည့် ပါတီဥက္ကဌ၏ မိန့်ခွန်း ...................... ။

၃။ စာတည်းအဖွဲ့အာဘော်—ဂုဏ်ရောင်ပြောင်သည့် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအနှစ် ၄၀ မြောက်နေ့အမှတ်တရ....က

၄။ မော်စီတုန်း—နယ်ချဲ့ဝါဒနှင့် ဓောက်ပြန်ရေးသမားအားလုံးသည် ကျားအစစ်ဟုတ်မဟုတ် ဆိုသည့်ပြဿနာ..........၁

၅။ အခါအမျိုးသားပြည်သူများ၊ ဝ အမျိုးသားပြည်သူများရဲ့ သမိုင်းဆိုင်ရာ တော်လှန်ရေးရုပ်ပုံလွှာ ......................၄

၆။ ပါတီဝင်များထံမှ ထင်မြင်ချက် ........................................................................................ ၁၂

၇။ လက်ရှိခေတ်ကာလနှင့် ပဘ်သက်သောပြဿနာအချို့ ........................................................................၁၆

၈။ တဘိယအကြိမ် ပါတီကွန်ဂရက်ရဲ့ စိဘ်ခဘ်ကို မိမိရရ ဆုပ်ကိုင်ရေး .........................................................၂၄

၉။ မော်စီတုန်း—မာ့က်စ်ဝါဒ၏ သိနားလည်မှုသဘောတရားနှင့် အနုပဋိလောမနည်းကို လေ့လာခြင်း ......................၃၀

၁၀။ ဗဟိုပါတီကျောင်း (၁၉၇၆ ခုနှစ်) နိုင်ငံရေးဘောဂ ဗေဒပို့ချချက် ....................................................၃၃

၁၁။ ဗဟိုပါတီကျောင်း (၁၉၇၆) အဘိဓမ္မာပို့ချချက် ........................................................................ ၃၉

၁၂။ ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူ့တို့၏ တိုက်ပွဲများ ........................................................................ ၄၃

၁၃။ ဗမာပြည်နှင့်ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများအဆင့် ....................................................................................၅၃

၁၄။ စစ်အစိုးရရဲ့ အပြောင်းအလဲဘချပ် ........................................................................................ ၆၀